


ခင်ဦးခင်ခင်
ဘေးတာဂျူသိုလ်
သခွတ်ပွင့်ချိန်

## ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

# သဍ္ဍပ်ပွင့်ချိန်

စာမူခွင့်ပြုချက်အမှတ် - ၈၁၇/၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၃၂/၂၀၀၂ (၁၀)
၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ ၃၀၀/-

ထုတ်ဝေသူ... ဒေါ်မိုးကောနိုင် (ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊
ပုံနှိပ်သူ ... ဦးကျော်လှိုင် (စေတနာ OFFSET) ၅၅၃၃
အမှတ်(၅၉)၊ (၁၉)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့

ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)



## ဒို့တာဝန်အရေးသုံးပါး

- ☐ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☐ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☐ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

## ပြည်သူ့သဘောထား

- ☐ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☐ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ☐ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☐ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☐ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
- ☐ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

---

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ☐ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ☐ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ☐ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ☐ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

---

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ☐ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- ☐ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☐ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- ☐ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.foreverspace.com.mm

ခြံဝမှာထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်နှင့် လိုက်နှင့် ဂနာမငြိမ်ဖြစ်သော ဂင်္ဂါက ကိုယ့်ဘဝကိုယ် အတော်ပဲ စိတ်နာနေမိလေသည်။

ဒီအစ်မတစ်ယောက်ကို ချစ်ပင်ချစ်ငြားသော်လည်း အခုအချိန်မှာတော့ တော်တော့်ကိုပဲ မကျေမနပ်ဖြစ်မိပြီ။

ကြည့်လေ…၊ ရည်းစားနဲ့ချိန်းတွေ့မည့်ကိစ္စမှာ အဖေ ပြန်လာလျှင် မသိဘဲ အမိခံလိုက်ရမှာစိုးလို့ မောင်ဖြစ်သူကို အစောင့်ထားသတဲ့။ ကြားလို့မှ ကောင်းကြသေးရဲ့လား။

ရှေးလူကြီးတွေကတော့ ဆိုရိုးစကားထားခဲ့ပါရဲ့။ နှမလင်နေ မောင်ဖင်ကျိုးတဲ့။ အခုတော့ သူ့မှာ ဖင်ကျိုးဖို့တောင် အချိန်မရပါ။ လမ်းမထိပ်ဘက်ကို မျက်လုံးကြီးပြူးနေအောင် ကြည့်ကာ ဖေဖေ့အလာကို စောင့်ပေးရသည့် ဒရဝမ်ကြီးလုံးလုံးကို ဖြစ်လို့။

အစ်မနဲ့ပတ်သက်ပြီး တော်ရတာဖြစ်သော်လည်း ယောက်ဖလောင်းကို ဂင်္ဂါက ခင်ပါသည်။ ယောက်ဖလောင်းကြီး နေ့သစ်ဟာ စိတ်သဘောထား ဖြူစင်ရုံမက ပြောတတ် ဆိုတတ်၊ ပေါင်းတတ် သင်းတတ်မို့ ကိုယ့်အစ်မနဲ့ ပတ်သက်မလာဘူးဆိုရင်တောင် သူငယ်ချင်းတစ်ယောက်လို တော့ ခင်မိမှာပင်။

သို့သော်လည်း ခင်တာက ခင်တာ တစ်ပိုင်း၊ ကိုယ့်အစ်မကို သုတ်သွားသည့် ယောက်ဖလောင်းမို့ မျက်နှာ မူမူနှင့် သိပ်မကြည်လင်ချင်တာကလည်း တစ်ပိုင်းပင်။ နောက်ပြီး ဘယ်လောက်ပဲ စိတ်ထဲ ကသိကအောင့် ဖြစ်နေပါစေ သူတို့စုံတွဲ ချိန်းတွေ့ကြတိုင်း ကြားထဲက အစောင့်အရှောက်ကြီး ဖြစ်နေရတာသည်လည်း အတော်တော့ ခံပြင်းဖို့ကောင်းသည့်ကိစ္စပင်။

ချိန်းတွေ့တာဆိုပေမယ့် သူတို့တွေ့ကြပုံက လူမြင် မတင့်တယ်တာတော့ မဟုတ်ပါ။ မမရှိရာသို့ နေ့သစ်က လာလည်ပြီး ခြံထဲမှာပဲ ဆင်းထိုင်စကားပြောနေကြတာပင်။

အိမ်မှာ ဖေဖေမရှိလျှင် ကျန်သည့်သူတွေ အားလုံးက သူတို့မောင်နှမ ဘာလုပ်လုပ် မပြောကြမည့်သူတွေချည်း။ သူတို့မောင်နှမ ခပ်ငယ်ငယ် မေမေ ဆုံးသွားပြီးကတည်းက သူတို့ကို သားသမီးအရင်းနဲ့မခြား စောင့်ရှောက်လာခဲ့သော ဒေါ်ကြီးဆုံဟာ သူတို့မောင်နှမ စိတ်ချမ်းသာဖို့ အတွက် အသက်ပေးရပေးရဆိုသည့် လူစားမျိုးပင်။ ပညာလည်း မတတ်ဘဲ၊ အမျိုပေါက် အရွယ်လောက်ကတည်းက



မေမေ့တို့အိမ်မှာ အလုပ်ဝင်ခဲ့ရသော ဒေါ်ခင်ဆုံဟာ ကောင်း၏ မကောင်း၏ ဆိုတာတွေကို ဆင်ခြင်တိုင်းထွာတတ်သော ဉာဏ်မျိုးတော့ သိပ်မရှိရှာပါ။ သူမသိတာက အိမ်ရှင်တွေ ဘယ်သူ ဘာကြိုက်သလဲဆိုတာနှင့် ဂင်္ဂါနဲ့ ယမုံနာ မောင်နှမကို ဘယ်လိုအစွမ်းကုန် အလိုလိုက်ရမလဲဆိုတာပင်။

ဒေါ်ကြီးဆုံဟာ ဒီအိမ်က အလုပ်သမားတွေထဲမှာ အသက်အကြီးဆုံး၊ သြဇာအရှိဆုံး။ ဒေါ်ကြီးဆုံတောင်မှ သူတို့စိတ်၊ သူတို့သဘော ဖြစ်လေရာ ကျန်သည့်နောက်ပေါက် အလုပ်သမားငယ်တွေအတွက်ကား ပြောစရာမလိုတော့ပြီ။

ဒေါ်ကြီးဆုံကို လက်တိုလက်တောင်း ကူလုပ်ပေးဖို့ ခေါ်ထားသည့် အရွှေဆိုတဲ့ ကောင်မလေးက ကျပ်သိပ်မပြည့်သော ပေါချာချာကလေး။ ဂင်္ဂါကို တုန်နေအောင်ကြောက်ကာ၊ ဂင်္ဂါ မျက်လုံးတစ်ချက် ပြူးကြည့်လိုက်လျှင်ပင် သေတော့မတတ် ဖြစ်နေသူလေး။ အရွှေလောက်တော့ စကားပင် ပြောနေစရာမလိုဘဲ လက်ညှိုးတစ်ချောင်းထောင်ပြလိုက်ယုံနဲ့ပြီးသည်။

နောက်ပြီး ခြံစောင့် မြက်နုတ်ကုလားလေးနဲ့ အိမ်မှာ အဝတ်လျှော်၊ မီးပူတိုက်၊ တံမြက်လှည်းလုပ်သည့် အမီနာတို့လင်မယား။ သူတို့လင်မယားဟာ မြန်မာစကားတောင်မှ ပီပီပြင်ပြင် မပြောတတ်ပေရာ လူရေးလူမှုလည်း မသိတတ်ပါ။ သူများကိစ္စလည်း စိတ်မဝင်စားလှဘဲ ကိုယ့်အလုပ်သာ အာရုံစိုက်ကြသူတွေမို့ သူတို့ကိုလည်း ဂရုစိုက်စရာ မလိုပါ။

www.foreverspace.com.mm

ပေါက်က ဖြတ်ကာ တစ်ဘက်ခြံထဲ ကူးပြေးပြီး ဘာမှမသိ သလို နေလိုက်ကြယုံပင်။

ခြံဝက ဖေဖေ့ကားကို စောင့်ကြည့်ပေးနေသော ဂင်္ဂါမှာ သူများကိုသာ အချက်ပေးနိုင်လျက် ကိုယ်တိုင်ကျတော့ ဖေဖေ့ကား ရောက်မလာခင်မှာ ခြံထိပ်ကနေ အိမ်ထဲပြေးဝင်ဖို့ မဖြစ်နိုင်တော့ပါ။

ဒီတော့ ရောက်ရာပေါက်ရာ ပိန်းပန်းအိုးတွေနား ပြေးကပ်လျက်သူ့ဖာသာ သစ်သားစင်ကလေးနှင့် ညီညီညာညာဖြစ်နေနှင့်ပြီးသား ပန်းအိုးတွေကို တောင်ကအိုး မြောက်ရွှေ့၊ မြောက်ကအိုး တောင်ရွှေ့နှင့် ဟန်ရေးပြနေရလေသည်။

“ဟ… သား… ဖိုးဂါး ဘာတွေလုပ်နေတာလဲကွ…”

“ပန်းအိုးတွေ နေရာရွှေ့နေတာ ဖေဖေ…ဟိုဘက်က အိုးတွေက နေရောင်သိပ်မရဘဲ…ဒီနားက အိုးတွေက နေရောင်စွတ်ထိုး ခံနေရတော့ ဒီမှာ ကြည့်…အပွင့်တောင် အရောင်ဖျော့နေပြီ…အဲဒါကြောင့် နေရာရွှေ့ပေးတာ…”

ပါးစပ်ထဲ တွေ့ရာကောက်ပေးလိုက်သော ဂင်္ဂါရဲ့ ဆင်ခြင်က အစပ်အဟပ်တည့်သွားလျှင် ဦးမြင့်မြတ်က သားတော်မောင်ကို သနားသွားကာ …

“သားရယ်…နေက စောင်းသေးတာ မဟုတ်ဘူး… အပူရှပ်နေပါဦးမယ်…ဒါ…ဟိုကောင် ဘာဘူ မမြင်တတ်လို့ ငါ့သားက ဝင်လုပ်နေရတာ…ခေါ်လိုက်စမ်း ဘာဘူ…ဘယ်မှာလဲ”

www.foreverspace.com.mm



“ဟာ…မဟုတ်ပါဘူး ဖေဖေ…သူ့မခေါ်ပါနဲ့တော့… ဘာဘူလည်း သူ့အလုပ်နဲ့သူ ရှုပ်နေတာပဲ…သားက ကြုံလို့ဝင်လုပ်ပေးတာပါ…”

“မလိုဘူးကွာ…ဖေဖေ့သားက ဒါမျိုးလုပ်ရမယ့်အစား မဟုတ်ဘူး…နောက်ကို မှတ်ထား…ဒီအိမ်က အလုပ်သမားတွေလုပ်ရမယ့်ကိစ္စ ငါ့သား ဘာမှဝင်လုပ်စရာ မလိုဘူး…အိမ်မှာဒီလောက် ထောင့်စေ့အောင် အလုပ်သမားတွေ ငှားထားတာ ဖေဖေ့သားနဲ့ သမီးကို ဘာမှ မပင်ပန်းစေချင်လို့ … သားတို့ဖာသာ ကိုယ့်ကိစ္စပဲ အာရုံစိုက်လုပ်စမ်းပါကွာ …”

ဖေဖေက ကားပေါ်ကဆင်းပြီး ဂင်္ဂါကိုဆွဲခေါ်လာလျက် တစ်လမ်းလုံး တဖွဖွဆုံးမနေသည်မှာ အိမ်ပေါက်ဝရောက်သည်အထိ။ အပေါက်ဝမှာ အခုမှအိမ်ထဲက ထွက်လာသလို ရပ်စောင့်ကြိုနေသော ယမုံနာက ဖေဖေမမြင်အောင် ဂင်္ဂါကို မချိုမချဉ်လေး ပြုံးကြည့်လိုက်ပါသည်။

ဖေဖေကတော့ အဲဒီလောက်ပင်။ သူ့ရဲ့သားသမီးတွေအပေါ် သူ့လောက်ချစ်နိုင်သူမရှိ၊ အလိုလိုက်နိုင်သူမရှိ။ ဒီသားနဲ့သမီး လိုရာရဖို့၊ သက်သောင့်သက်သာနေနိုင်ဖို့၊ အစစပြည့်စုံဖို့ အမြဲခေါင်းထဲထည့်ထားသလို သူ့သားသမီးတွေ ထိခိုက်နစ်နာမှာမျိုးကိုလည်း အလွန်တရာ စိုးရိမ်တတ်တာ။

ဖေဖေ့ရဲ့ အစွမ်းကုန် အလိုလိုက်အကြိုက်ဆောင်မှုတွေကြောင့် ဂင်္ဂါနဲ့ ယမုံနာတို့မောင်နှမဟာ တစ်ခါတလေမှာ လူရေးလူမှုကို မသိတတ်သော ခပ်ညံ့ညံ့ကလေးတွေ ဖြစ်လာရတာပင်။

www.foreverspace.com.mm



သူတို့သားအဖတွေ ထမင်းစားပြီး တီဗွီကြည့်နေကြချိန်မှာ ဖုန်းသံစူးစူးရှရှက မြည်လာပါသည်။

ဖုန်းသံကြားလိုက်လျှင် ဂင်္ဂါနဲ့ ယမုံနာတို့မောင်နှမနှစ်ယောက် တွန့်ခနဲဖြစ်သွားလျက် တစ်ယောက်ကိုတစ်ယောက် မသိမသာ စွေစွေစောင်းစောင်း ကြည့်လိုက်ကြပါသည်။ သူများ ထ,ကိုင်လေမလားဆိုသည့်အကြည့်။

ဖုန်းသံ မြည်လာပြီဆိုလျှင် သူတို့ မောင်နှမနှစ်ယောက်ရဲ့ တစ်ယောက်ကိုတစ်ယောက် တွက်ကတ်သည့်ဇာတ်လမ်းက စပါပြီ။

ဒီနှစ်ယောက်ဟာ အသက်ချင်းလည်း တစ်နှစ်ကျော်လောက်သာ ကွာခြားလျက် အပြိုင်းအရိုင်းလူဖြစ် ကြီးပြင်းလာကြတာမို့ အထက်အောက် မောင်နှမနဲ့မတူဘဲ ကစားဖော်၊ ရန်ဖြစ်ဖော် သူငယ်ချင်းတွေနဲ့ပဲ တူသည်။ တိုင်ပင်စရာရှိလျှင် သူတို့ပဲ ခေါင်းချင်းဆိုင်ကာ တကျိတ်ကျိတ်တိုင်ပင်လျက် ပေါက်ကရလုပ်ငန်း ဟူသမျှ ညီညီညွတ်ညွတ်လုပ်

တတ်သလို ရန်ဖြစ်ပြီဆိုလည်း သူတို့လောက် လက်ပေါက်ကတ်တာ မရှိတော့ချေ။

အထူးသဖြင့်တော့ ဘယ်သူလုပ်လုပ်ရသော အလုပ်တစ်ခုကို ကိုယ်က သွားလုပ်လိုက်ဖို့ ဝန်လေးတတ်ခြင်းပင်။ ဖုန်းလာလျှင် သွားကိုင်ဖို့ မိုးရွာလို့ တံခါးပိတ်ဖို့၊ နှစ်ယောက်အတူ အပြင်သွားလျှင် ကားမောင်းဖို့၊ ဖေဖေရေခပ်ခိုင်းလျှင် ခပ်ပေးဖို့၊ တီဗွီအစီအစဉ် ပြီးသွားလျှင် မီးခလုတ်ထပိတ်ဖို့ စသဖြင့် အသေးအဖွဲ အလုပ်လေးတွေမှာ တစ်ယောက်နဲ့တစ်ယောက် တွက်ကပ်နေတတ်ကြတာ။

ယမုံနာက အခုမှ နေကြာစေ့ထုပ်ထဲက ရွှေလက်စွပ်တစ်ကွင်းများ ကံစမ်းမဲပါလေမလားဆိုသည့် ပုံစံမျိုးနဲ့ ငုံ့ရှာဖွေနေသလို ဂင်္ဂါကလည်း တီဗွီထဲက ဂေါ်ဇီလာကြီးအပြင်များ ထွက်လာလေမလား ဆိုသည့် ပုံစံမျိုးနဲ့ ပြူးပြဲကြည့်နေတော့သည်။

သူ့ရဲ့ သားလိမ္မာ သမီးလိမ္မာလေးတွေဟာ အခုလိုပဲ ဆက်လက်တွယ်ကပ်နေကြမည်ဆိုတာ အကြောင်းသိဖြစ်နေသော ဦးမြင့်မြတ်မှာ ဖုန်းကို သူကိုယ်တိုင်ပဲ သွားကိုင်လိုက်ရပါသည်။

"ဟုတ်ကဲ့ ... ပြောပါ ..."

"... ..."

"ရှိပါတယ် ... ဘယ်သူလို့ ပြောလိုက်ရမလဲ..."

"... ..."

www.foreverspace.com.mm



"သြော်...ဟုတ်ပြီ...ခဏကိုင်ထားနော်...သားရေ ဖုန်းလာတယ်...မောင်နွေသစ်တဲ့..."

နွေသစ်ဖုန်းဆိုတာနှင့် ယမုံနာက ဖုန်းကိုပြေးကိုင်တော့မလို ဆတ်ခနဲလှုပ်သွားရပါသည်။ ပြီးမှ 'ဖေဖေ့ရှေ့မှာ' ဆိုသည့် သတိလေးဝင်လာကာ အသာပြန်ငြိမ်နေလိုက်ရသည်။

ဂင်္ဂါကတော့ တမင်တကာ ကတ်ဖဲ့လုပ်ပြီး ဖုန်းမကိုင်ချင်သည့် အစ်မဖြစ်သူကို ဝမ်းသာအားရကြည့်ကာ ဖုန်းကို သွားကိုင်လိုက်ပါသည်။

အမှန်တော့ နွေသစ် တကယ်ခေါ်လိုသူမှာ ယမုံနာ့ကိုသာ ဖြစ်ပါသည်။ သို့သော်လည်း အသက်ကြီးကြီး ယောကျ်ားသံဖြင့် ဖုန်းလာကိုင်လိုက်တာကို ကြားသည့်အခါ ဒါဟာ ဦးမြင့်မြတ်မဲလို့ သိလိုက်တာမို့ ယမုံနာ့နာမည်ကို မမေးရဲဘဲ ဂင်္ဂါသူငယ်ချင်းလိုလို ဘာလိုလိုနှင့် ဂင်္ဂါကိုသာ ခေါ်လိုက်ရတာ။

"ဘယ်လိုလဲ ကိုနွေသစ်...ကျွန်တော့်ကို ဘာကိစ္စတွေ့ချင်တာလဲ..."

"ဟာ...ဖွတ်...ဘယ်သူက မင်းကိုတွေ့ချင်မှာလဲ... ခုနက လာကိုင်တာ...မင်းဖားသားကြီး မဟုတ်လား... သူ့ရှေ့မှာ မုံမုံ့ကို ခေါ်လို့ မဖြစ်လို့ မင်းကို ခေါ်လိုက်ရတာပေါ့ကွာ..."

"ဒီလောက်လည်း အကျယ်တဝင့် ရှင်းစရာ မလိုပါဘူး

ဗျာ…ကျွန်တော် သိပြီးသားပါ…တမင်တကာ အမြင်ကတ်လို့မေးတာ…”

“ငါ့ကို ဘာများ အမြင်ကတ်စရာရှိလို့လဲ…”

“ခင်ဗျားကို အမြင်ကတ်တာ မဟုတ်ဘူးဗျ…မုံမုံ့ကို အမြင်ကတ်တာ…”

“မုံမုံက ဘာတွေလုပ်ထားလို့လဲ…”

“ဖုန်းလာတာကို ထကိုင်ဖို့တွက်ကပ် အမျှင်းခိုနေတယ်လေ…အဲဒါနဲ့ပဲ ဖေဖေကထကိုင်လိုက်ရတော့…ကျွန်တော့်နာမည်ခေါ်ခိုင်းလိုက်ရတဲ့အဖြစ်ရောက်တာပေါ့”

နေ့သစ်ထံမှ ခပ်မဲ့မဲ့ရယ်သံထွက်လာပါသည်။ သူ့ယောက်ဖဂင်္ဂါမှာ စိတ်သဘောဖြူစင်ကာ ပေါင်းလို့ သင်းလို့ ကောင်းတာမှန်သော်လည်း သမီးယောက်ဖတို့ရဲ့ ထုံးစံအတိုင်း ကိုယ့်အစ်မကို သုတ်သွားသည့် နေ့သစ်ကို တစ်ခါတစ်ရံမှာ ခပ်ညစ်ညစ်၊ ကတ်တတ်တတ် ဆက်ဆံတတ်တာမျိုးတော့ရှိသည်။

ဘာပဲဖြစ်ဖြစ် ဂင်္ဂါဟာ အတော်အားကိုးရသောယောက်ဖစာရင်းထဲမှာ ပါဝင်ပါသည်…။ သူငယ်ချင်းတစ်ယောက် ပြောတာကတော့ ယောက်ဖဆိုတာ သုံးမျိုးသုံးစားရှိသတဲ့။ ကိုယ်နဲ့သူ့နှမကိစ္စကို မကျေမနပ်၊ ဖျက်လိုဖျက်ဆီး ပြဿနာလိုက်ရှာတတ်သည့် ယောက်ဖ၊ အဲဒါကရန်သူယောက်ဖတဲ့။ နောက်တစ်မျိုးက ကိုယ်နဲ့သူ့နှမကိစ္စနှောင့်လည်း မနှောင့်ယှက်၊ အားလည်းမပေး၊ ဖာသိဖာသာ

www.foreverspace.com.mm



ပစ်ထားတတ်တာမျိုး၊ အဲဒါက သူစိမ်းယောက်ဖတဲ့။ တတိယအမျိုးအစားကတော့ ကိုယ့်ကိစ္စကို သာတယ်၊ နာတယ် မတွက်ဘဲ အားတက်သရော ကူညီပေးတဲ့ အောင်သွယ်ယောက်ဖတဲ့။ ဒါပေမယ့် အဲဒီတတိယအမျိုးအစား ယောက်ဖမျိုးဟာ အတော်တော့ ရှားသည်ဆိုပဲ။

ဂင်္ဂါဟာ ထိုတတိယအမျိုးအစားထဲမှာ ပါဝင်ပါသည်။ သူနဲ့ယမုံနာကိစ္စကို မကန့်ကွက် မတားဆီးတဲ့အပြင်ကြားထဲက အချိန်းအချက်လုပ်ပေးခြင်း၊ သူတို့ချိန်းတွေ့ရာမှာကင်းစောင့်ပေးခြင်း၊ အခုလို ယမုံနာ့အဖေကြီးနဲ့ တိုးသည့်အခါ ဝင်ရောက်နာမည်ခံပေးခြင်း စသည့် အကူအညီမျိုး ဂင်္ဂါဆီက အများကြီးရပါသည်။

ဒါကြောင့်ပဲ…ရှားရှားပါးပါး တစ်ခါတစ်ရံ မျက်နှာပူပူနှင့် ဂျစ်တိုက် ရန်လိုတတ်တာလေးကို နေ့သစ်က အပြစ်မတင်ရက်တာဖြစ်သည်။

“မနက်ဖြန် မင်းတို့ ဘယ်သွားစရာရှိသေးလဲ မေးမလို့”

“မင်းတို့ဆိုတော့ ကျွန်တော်ပါ ပါတယ်ပေါ့…”

သူတို့စကားပြောနေချိန်မှာ ယမုံနာက ဘာလိုလို ညာလိုလိုနှင့် အိမ်ပေါ်တက်သွားပါသည်။ ဂင်္ဂါက တီဗွီထဲ သည်းကြီးမည်းကြီး အာရုံရောက်နေသော ဖေဖေ့အခြေအနေကို တစ်ချက်လှမ်းအကဲခတ်ကာ ကော့ဒ်လက်(စ်)ဖုန်းကို ကိုင်လျက် အပေါ်ထပ်တက်လာခဲ့လိုက်ပါသည်။

“မင်းပါ ပါပါတယ်ကွာ…မင်းတို့မောင်နှမကို ဘယ်

တုန်းက ခွဲထုတ်လို့ရဖူးလို့လဲ…ဒီတစ်ခါ ငါ့သူငယ်ချင်းက ဖိနပ်ဆိုင်တစ်ဆိုင် ဖွင့်မလို့ကွ…နိုင်ငံခြားဖြစ် ဖိနပ်အစုံပဲ…ဝေ့ါကင်းရှူးစ်တွေ…ကြိုးသိုင်း…လေဒီရှူးစ်ဒေါက်ဖိနပ်ရော…စလစ်ပါရော…အားကစားဖိနပ်ရော အစုံရမှာ…အဲဒါဆိုင်ဖွင့်ပွဲ ဒစ်(စ်)ကောင့်နဲ့ပေးမှာဆိုတော့ မင်းတို့မောင်နှမ စိတ်ဝင်စားမယ်ထင်လို့"

"အာ…ဝင်စားတာပေါ့…ဒါပေမယ့် ကျွန်တော် စိတ်ဝင်စားတာက ဝယ်ဖို့မဟုတ်ဘူးနော်…လက်ဆောင်တောင်းဖို့…"

"သဘောပေါက်ပါတယ်ကွာ…မင်းကို ကြိုက်တဲ့ ဝေ့ါကင်းရှူးစ်တစ်ရံဝယ်ပေးဖို့ ငါ စဉ်းစားထားပြီးသားပါ"

"အိုကေ…ဒါဆို လာခဲ့မယ်လေ…ဒါပဲမို့လား‥"

"ဟာ…ဟေ့…ဂင်္ဂါ…ဖုန်းမချပစ်လိုက်နဲ့ဦးလေ…မင်းအစ်မနဲ့မှ စကားမပြောရသေးတာ…"

"ခင်ဗျားပဲ ကျွန်တော့်ကိုခေါ်ပြီးတော့…"

"ဟာ…ဖိုးဂါ…မညစ်ပါနဲ့ကွာ…"

"အလကားပြောတာပါ…ဒီမှာ မမက အပေါ်ထပ်ရောက်သွားလို့ သူ့ကိုဖုန်းသွားပေးတော့မှာပါ…ခင်ဗျားတို့က အဖြစ်ကိုသည်းတယ်…"


ဂင်္ဂါက တမင်ဆူဆူအောင့်အောင့်ပုံစံဖြစ်အောင် တမင်လုပ်လျက် ဖုန်းကို အသင့်စောင့်နေသော ယမုံနာ့ထံ ကမ်းပေးလိုက်ပါသည်။ မျက်နှာကိုလည်း မကြည်မလင် ခပ်

www.foreverspace.com.mm



ပုတ်ပုတ် ပုံစံပေါက်အောင် လုပ်ထားလိုက်ပါသည်။

သူတို့နှစ်ယောက် ဘာတွေ အလွမ်းသယ် ချဲ့ဦးမလဲ မသိပေမယ့် သေချာတာတစ်ခုကတော့ ယမုံနာ ဖုန်းပြောလို့ အပြီးမချင်း ဂင်္ဂါသည်လည်း အပေါ်ထပ်က ပြန်ဆင်းခွင့် မရဘဲ ခိုအောင်းနေရဦးမှာဆိုတာပင်။



www.foreverspace.com.mm



နေ့သစ်ရဲ့ သူငယ်ချင်းဖွင့်ထားသော Amazing Zone အမည်ရှိ ဖိနပ်ဆိုင်သည် တကယ်ပဲပြောစမှတ်ပြု လောက်အောင်ကို ဖိနပ်အမျိုးအစား စုံလင်လှပါသည်။ ဘယ်လောက်အထိများ ရယ်စရာကောင်းလောက်အောင် ဖိနပ်အမျိုးအစားစုံသလဲဆိုလျှင် နိုင်ငံခြားဖြစ် ယောကျ်ားစီး၊ မိန်းမစီး၊ ကလေးဖိနပ်စုံရုံသာမက မြန်မာဖြစ် ဖိနပ်တွေလည်း အစုံရှိသေးသည်။ အိမ်နေရင်းစီးသည့် ဖော့ဖိနပ်ကလေးတွေက အစ နောက်ဆုံး ရေချိုးခန်းစီး ဂွပ်ဂွပ်ကော်ဖိနပ်တွေနှင့် ခုံဖိနပ်ကအစ ရအောင်စီစဉ်းထားလေသည်။

သူတို့ရဲ့ ဆောင်ပုဒ်က ဖိနပ်တစ်ခုခုဝယ်ဖို့ ဆိုင်ထဲဝင်လာသူတစ်ယောက်ဟာ သူဝယ်လိုသည့်ပစ္စည်း ဆိုင်ထဲမှာမတွေ့လို့၊ ကြိုက်နှစ်သက်စရာမရှိလို့ ပြန်ထွက်သွားရတာမျိုး လုံးဝမဖြစ်စေရရယ်လို့ပင်။

ဒီလောက်ဆောင်ပုဒ်ကောင်းကောင်းပိုင်ထားမှတော့ သူတို့ရဲ့ဆိုင် ကြီးကျယ်ခမ်းနားမည်ဆိုတာ အထူး

တလည်ပြောစရာမကို မလိုတော့ချေ။

ဒီလောက်အမျိုးအမည် စုံလင်လှသည့် ဆိုင်ထဲ ရောက်သွားပြီဆိုမှတော့ ဂင်္ဂါနဲ့ ယမုံနာမှာ အချင်းချင်း လည်းသတိမရ၊ နေ့သစ်ကိုလည်း သတိမရနိုင်တော့ဘဲ ဖိနပ် ကောင်တာတွေရှေ့မှာသာ မြူးတဲပြဲတဲ့၊ သူရဲစီးနေကြလေ တော့သည်။

ယမုံနာနဲ့ နေ့သစ်တို့ ဘာတွေပြောဆိုနေကြ သလဲဆိုတာ ဂင်္ဂါက မတွေးအားပါ။ ယောက်ဖလောင်းက (လာဘ်ထိုးသည့်သဘောမျိုးနှင့်) ဝယ်ပေးမည်ဆိုသော ဖိနပ် တစ်ရံစာကို ဘာအမျိုးအစားထဲက ယူရမလဲလို့ တွေးမဆုံး နိုင်အောင် ဖြစ်နေသည်။

“ဒုတ်…”

“အား…ဟား…”

သစ်သားစင်တွေ အကန့်ကန့်နှင့် တင်ထား သော ဟပ်ဖိရှူးတွေထဲကများ ယူရကောင်းမလားလို့ ဆောင့် ကြောင့်ထိုင်ကြည့်နေစဉ်မှာ အလွန်တရာ လေးလံနာကျင်ဖွယ် ကောင်းသော ဝတ္ထုပစ္စည်းတစ်ခု ခေါင်းပေါ်တည့်တည့်ကျပြီး အဲဒီကမှတစ်ဆင့် ကျောကုန်းပေါ် ဖြတ်သန်းရိုက်ခတ်သွား တာမို့ ဂင်္ဂါမှာ မဆုံးနိုင်သော အာမေဋိတ်သံရှည်ကြီးကိုပြု လိုက်မိလေသည်။

ကိုယ့်ဘေးနား ခွပ်ခနဲအသံနှင့် ပြုတ်ကျသွား သော ပစ္စည်းကို ‘ဘာကြီးများလဲ’ လို့ အလန့်တကြားကြည့် လိုက်မိလျှင် ဖိနပ်စင်ရဲ့အပေါ်ဆုံးမှာ နမူနာအဖြစ် အလှ

www.foreverspace.com.mm



ထောင်ပြထားသော ဇရာမဖိနပ်ကြီးတစ်ဖက် ဖြစ်နေလေ သည်။

ခပ်မွမွသစ်သားနဲ့ လုပ်ထားသော ထိုဖိနပ်ကြီး ဟာ ကြီးမားလှတာနဲ့အမျှ အလေးချိန်ကလည်း မသေးပါ။ အချွန်အတက်တွေမပါတာမို့ ထိပ်ပေါက်ခေါင်းကွဲ၊ သွေး ထွက်သံယို မဖြစ်သော်ငြား ချက်ကောင်းထိသွားတာမို့ ခေါင်း ထဲ ကြယ်တွေလတွေ တမွင့်မွင့်နှင့် မူးနောက်ရီဝေကာ အတော်ပဲ အီစလံဝေသွားရလေသည်။

“ဘယ်သူလဲ…ဘာလုပ်လိုက်တာလဲ…”

စင်ရဲ့တစ်ဘက်အကွယ်မှ… ခေါင်းလေး တစ်ခေါင်းထွက်လာပါသည်။ မခုံးလောက်မှာ တိုစစ ရှည် တစ်စ မညီမညာညှပ်ထားသော ဆံပင်လေးကို နီညိုရောင် ဖျော့ဖျော့ လှပစွာဆိုးထားလျက် ကလစ်ပေါက်စနလေးတွေ ရောင်စုံကို ညီညီညာညာလည်းမဟုတ်ဘဲ နေရာအနှံ့လျှောက် ထိုးထားသော ကောင်မလေးတစ်ယောက်ရဲ့ မျက်နှာတစ်ဝိုင်း လေးပဲဖြစ်သည်။

ကောင်မလေးဟာ မျက်နှာဝိုင်း၊ မျက်လုံး ဝိုင်းဝိုင်း၊ နှုတ်ခမ်းသေးသေးစုစုကလေးကလည်း ဝိုင်းဝိုင်း နောက်ဆုံး နှာသီးဖျားကလေးကပါ လုံးဝိုင်းဝိုင်းကလေးနှင့် မျက်နှာတစ်ခုလုံး အဝိုင်းကလေးတွေနဲ့ချည်း ဖွဲ့စည်းထားတာ မင်။

ထိုအဝိုင်းမျက်နှာလေးဟာ ကိုယ့်ကြောင့် သူ များ ဒုက္ခရောက်သွားတာကို မြင်နေသည့်တိုင် အားနာ

ကြောက်ရွံ့ပုံမရဘဲ သဘောကျသလို ဖြဲတီဖြဲစပ်ကလေး ဖြစ်နေလေသည်။

ကဲ…သူကိုယ်တိုင်ကရော ဒီလိုမျက်နှာလေးမျိုးနဲ့ ကောင်မလေးကို စိတ်ဆိုးမိပါဦးမလား။ လုံးဝစိတ်မဆိုးပါ။ ဒီကောင်မလေး မဟုတ်ဘဲ တခြားတစ်ယောက်ယောက်ဆိုလျှင်လည်း ထိုလူရဲ့ မတော်တဆနိုင်မှုအတွက် အပြစ်တင်မိမှာ ဖြစ်ပေမယ့် ကိုယ့်ကို ထိခိုက်အနာတရဖြစ်စေသည့်အတွက်တော့ စိတ်ဆိုးမိမှာ မဟုတ်ချေ။

ဒီလိုအခြေအနေရှိရသည့်ကြားထဲ ကိုယ့်ခေါင်းပေါ်ဖိနပ်ကြီးဖြုတ်ချလိုက်သည့်သူဟာ ချစ်စရာကောင်မလေးတစ်ယောက် ဖြစ်နေသောအခါ ပိုလို့တောင် စိတ်ဆိုးချင်စိတ်ကင်းစင်သွားရသေးသည်။

သို့သော်လည်း တစ်ခုခုဆိုဘယ်တော့မှအလွယ်တကူ မပြီးဆုံးစေရအောင် ဟန်ဆောင်တတ်သည့် အကျင့်အတိုင်း မျက်နှာကို မှပ်သိုးသိုး လုပ်လားလိုက်ပါသည်။

“အဟဲ…ဒီက အစ်ကိုကြီး…ဘယ်နား နာသွားလဲ”

ပြောနေပုံကိုက ကြည့်ဦး…၊ ဖိနပ်နှစ်ဘက်ကြားထဲကနေ ပြောင်စပ်စပ် မျက်နှာကို ကွက်ကွက်ကလေးဖော်လျက် ညှောင်နှာနှာအသံလေးနဲ့ သတင်းလှမ်းမေးနေတာ။ တကယ့်ကလေးအတိုင်းပဲ။

ကောင်မလေးမျက်နှာကို ကြည့်လျက် ဂင်္ဂါက ခပ်ညစ်ညစ်နဲ့ နောက်ပြောင်ချင်စိတ်လေးပေါက်လာကာ

“အား…နာတာပေါ့ဗျ…ခေါင်းထဲ မူးနောက်ပြီး မေ့

www.foreverspace.com.mm



တောင်လဲချင်နေပြီ…မနည်းကြီး အားတင်းထားရတာ…”

“တကယ်လည်း မဟုတ်ဘဲနဲ့…”

ကောင်မလေးကလည်း အပါးစားပင်။ ဂင်္ဂါဟန်ဆောင်နေမှန်း ချက်ချင်းသိကာ နည်းနည်းမှ မဖြုံသည့်ပုံကလေးနှင့် ပြုံးကျဲကျဲလုပ်နေသည်။

အဲဒီပုံစံလေးကို အသည်းယားလာကာ…နဂိုတည်းက အိုက်တင်များတတ်သော ထုံးစံအတိုင်း ဂင်္ဂါက

“နေပါဦး…ကျွန်တော် ဘယ်ကိုရောက်နေတာလဲ”

“ကမ္ဘာဂြိုလ်ကို ရောက်နေတာလေ…”

“ဟာ…မနောက်စမ်းပါနဲ့…ခေါင်းတွေမူးပြီး ရှုပ်ထွေးနေလွန်းလို့…ဘာမှ စဉ်းစားလို့မရတော့လို့ပါ…”

ဂင်္ဂါက ရုပ်ရှင်ထဲမှာ မြင်ဖူးနေသော မင်းသားတွေရဲ့ အိုက်တင်အတိုင်း ခေါင်းကို လက်ဝါးနဲ့အုပ်ကာ မျက်တောင် ပုတ်ခတ်ပုတ်ခတ် မျက်လုံးကလယ်ကလယ်နဲ့ ယောင်ချာချာပုံစံမျိုးရအောင် ဟန်ဆောင်ပစ်လိုက်ပါသည်။

“ဘာလဲ…ရှင်တကယ်ပဲ ခေါင်းမူးသွားတာလား…ဘာမှ စဉ်းစားလို့မရတာရော တကယ်ပဲလား…”

ကောင်မလေးက ယုံသလိုလို ဟန်အမူအရာပေါ်လာလျှင် ဂင်္ဂါက အရဲကိုးလွန်းအားကြီးသွားကာ

“ဟုတ်တယ်…ကိုယ့်နာမည်တောင် ကိုယ်စဉ်းစားလို့မရဘူး … ကျွန်တော်တော့ အတိတ်မေ့သွားပြီထင်တယ်…”

သူ့ဘာသာ ဒီအတိုင်းဆက်ပြောနေလျှင်... တစ်ချိန်မှာ ယုံချင်ယုံသွားဦးမှာ ဖြစ်သော်လည်း နည်းနည်း လက်လွန်ပြီး ရှေ့ပြေးနိမိတ်စကားမျိုးတွေ ပြောလိုက်မိသောအခါ ကောင်မလေးက လုံးဝအယုံအကြည်မရှိတော့ချေ။

"မဖြစ်နိုင်ပါဘူး...လူတစ်ယောက်က အတိတ်မေ့သွားဖို့ဆိုတာ သိပ်လွယ်တဲ့ကိစ္စဖြင့် မဟုတ်ဘဲနဲ့...နောက်ပြီး ဘယ်သူကမှ ကိုယ့်ကိုယ်ကို အတိတ်မေ့တယ်လို့ ချက်ချင်းကြီး မစဉ်းစားမိတတ်ပါဘူး..."

"ဒါတော့ အတိအကျပြောလို့ ဘယ်ရမလဲ...လောကကြီးမှာ ဘာမဆို ဖြစ်နိုင်တယ်...ကိုယ့်ဘာသာ မဟုတ်မှန်းသိလို့ ဘာဖြစ်သလဲ လိုက်စဉ်းစားရင်း အတိတ်မေ့သွားတာလို့ သိလာတာမျိုးလည်း ဖြစ်နိုင်တာပဲ"

"ဒါပေမယ့် ရှင့်ကိစ္စက ဟုတ်မှမဟုတ်ဘဲ...အခုလောက်လေး ဖြစ်သွားယုံနဲ့ အတိတ်မေ့သွားတယ်ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စ..."

"ခင်ဗျား အာမခံနိုင်လား..."

"ခံနိုင်တယ်..."

ကောင်မလေးနဲ့ ဂင်္ဂါတို့ အပြန်အလှန်ငြင်းခုန်ပြီး ကြာလာသောအခါ ဂင်္ဂါက လက်ပမ်းကျလာပါသည်။ ဆက်လက်ငြင်းခုန်နေရမှာကိုလည်း ခပ်ပျင်းပျင်းဖြစ်လာ၍

"ဟုတ်တယ်...အလကားနောက်တာ...ကျွန်တော် ဘာမှမဖြစ်ဘူး..."

"ဟွန့်...သိသားပဲ...ရုပ်ကြီးကိုက လိမ်ဆင်ကြီး

www.foreverspace.com.mm



ဆိုတာ..."

အောင်မယ်...သူကလည်း သူများကို အနာတရဖြစ်အောင် လုပ်သေးသည်။ သူ့ကို လိမ်လို့လည်း မကျေနပ်ဖြစ်သေးသည်။ တော်တော်လည်း တရားမျှတသည့် ကောင်မလေး။ ပုံစံလေးကြည့်ရတာ တစ်အိမ်လုံးက ဝိုင်းအလိုလိုက်တာ ခံထားရလို့ ဘာမှမသိတတ်ဘဲ ကိုယ်လုပ်ချင်တာ တစ်ခုတည်းသိသော ခပ်ဆိုးဆိုး အငယ်ဆုံးကလေးလေး ထင်သည်။

"ကိုယ့်ကြောင့် သူများထိခိုက်အနာတရ ဖြစ်သွားတာကို ကိုယ်တောင်းပန်ဖို့လောက်တော့ သင့်တာပေါ့ကွ"

ကောင်မလေးက ဖိနပ်စင်အကွယ်ကနေ ထွက်လာလျက် သူ့ဘေးနားရောက်လာပါသည်။ ရင်ဖုံးကြိုးသိုင်း ဂျင်းဘောင်းဘီလေးကို အောက်က တီရှပ်လက်ရှည် အဖြူရောင်လေးခံဝတ်လျက် ဝေါ့ကင်းရှူး အပြာအဖြူကျားလေးကို အဖျားပြန်ခေါက်ထားသည့် ဇာနားတပ်ခြေအိတ်အဖြူလေးနဲ့ တွဲဝတ်ထား၍ ကလေးလေးနဲ့တူတာတောင် မဟုတ် ကလေးအရုပ်ကလေးနဲ့ကို တူနေတော့တာ။

"တောင်းပန်မလို့ပဲဟာ...ရှင်ကြီးက အတိတ်မေ့သွားပြီတို့...ဘာတို့ ပြောနေတာနဲ့ တောင်းပန်တဲ့စခန်း မရောက်တာ...ရှင်ကြီးအပြစ်..."

"ဩော်...ဗျာ...တရားမျှတလိုက်တာ...ကိုယ်လည်း ဖိနပ်နဲ့ အထုခံရသေး...ကိုယ်ပဲ အပြစ်ရှိတဲ့လူဖြစ်ရသေး..."

"ဖိနပ်နဲ့ အထုခံရတယ်လို့ မပြောပါနဲ့…"

"မဟုတ်လို့လား…"

"သဘောတရားအရတော့ ဟုတ်တယ်လေ…ဒါပေမယ့် ရှင် ပြောနေပုံက ရှင့်ကို တစ်ဖက်လူက အမြင်ကတ်လို့ နစ်နာစေချင်လို့ ရည်ရွယ်ချက်ကြီးနဲ့ ကိုယ်စီးထားတဲ့ ဖိနပ်နဲ့ ကောက်ထုသလို ဖြစ်မနေပေဘူးလား … အမှန်က ညည လက်နဲ့တိုက်မိလို့ အပေါ်က ဖိနပ်ကြီး ရှင့်ခေါင်းပေါ်ပြုတ်ကျသွားတာပဲဟာ…"

"ဟုတ်ပါတယ်…ဟုတ်ပါတယ်…မတရားစွပ်စွဲမိသလို ဖြစ်သွားရင် ကျွန်တော့်အပြစ်ပါ…တောင်းပန်ပါတယ် ခင်ဗျာ…"

"အဟီး …"

ဂင်္ဂါက ခပ်ရွှံ့ရွှံ့ပြောလိုက်လျှင် ကောင်မလေးက ခေါင်းပေါ်က ကလစ်ပေါက်စလေးတွေ တတုန်တုန်ခါသွားလောက်အောင်ပင် ခေါင်းကလေးလှုပ်ကာ ရယ်မောနေလေသည်။

ချစ်စရာသဘောကောင်းသည့် ကောင်မလေးပေပဲ။ သူမရဲ့ ပုံစံဟာ ချစ်စရာကောင်းလွန်းလို့ မတော်တဆမဟုတ်ဘဲ ကိုယ့်ခေါင်းပေါ် စီးထားသည့်ဖိနပ်ကို ချွတ်ပြီး ဒေါက်ခနဲ ခေါက်ချလျှင်တောင် အပြစ်ဆိုစရာမကောင်းသည့် ပုံစံမျိုးလေး။

"အလကားပါ…ရှင်ကြီးကို ညညက တကယ်တောင်းပန်မှာပါ…"

"အေးနော်…တောင်းပန်မယ်ဆိုရင် သေချာတောင်းပန်…ကရော်ကမယ်တော့ မဖြစ်စေနဲ့…"

ဂင်္ဂါက တမင်တကာ စကားနိုင်လုပြောလို့ လည်းပြီးရော၊ ကောင်မလေးက ကြမ်းပြင်သံမံတလင်းပေါ် ဖျတ်ခနဲ ဒူးထောက်ထိုင်ချလိုက်ကာ တရုတ်ကား ဂျပန်ကားတွေထဲ့ ပုံစံအတိုင်း လက်ဝါးနှစ်ဘက်ထောက်လျက် ခေါင်းလေးငုံ့ကာ ငုံ့ကာ၊ ခါးလေးညွှတ်ကာ ညွှတ်ကာနှင့် ပါးစပ်ကလည်း ခွင့်လွှတ်ပါ…ခွင့်လွှတ်ပါ…လို့ ထပ်ကာထပ်ကာ ရွတ်ဆိုနေတော့သည်။

"အာ…ဒီကလေးမလေး…ကျွန်တော် တမင်တကာ နောက်တာပါဗျာ…ဒါ…မတော်တဆမှန်း ကျွန်တော်လည်း သိပါတယ်…ခင်ဗျားပုံစံလေးက စလို့ကောင်းလို့ စလိုက်မိတာ…အဲဒီလောက်အထိ ရှိရိုကျိုးကျိုးတောင်းပန်စရာလည်း မလိုပါဘူး…။"

"ဒီကလည်း နောက်ပြီး တောင်းပန်တာပါနော် … တကယ်တောင်းပန်တာများ ဟုတ်ပါလိမ့်မယ် အားကြီး…"

ချက်ချင်းပဲ ကြမ်းပြင်နဲ့ နဖူးတိုက်တော့မတတ် ဦးညွှတ်တောင်းပန်နေရာကနေ ပြောင်စပ်စပ် မျက်နှာနဲ့ မော့လာကာ လက်ညိုးလေး ကွေးချည်ဆန့်ချည်လုပ်လျက် ဂင်္ဂါကို နောက်ပြောင်နေလိုက်သေးသည်။

www.foreverspace.com.mm

ဘယ်လောက် အသည်းယားစရကောင်းလိုက်တဲ့ ကောင်မလေးလဲလို့။ ဘာမပြော ညာမပြောနဲ့ ထိုင်ရာက ရုတ်ခနဲထပြီး ထွက်ပြေးသွားပြန်သောအခါ ဂင်္ဂါမှာ ဆက်ပဲ ထိုင်နေရမလို၊ သူမနောက် ပြေးလိုက်ရမလိုနဲ့ ယောင်ချာချာ ကျန်ခဲ့တော့သည်။

❀ ❀ ❀

www.foreverspace.com.mm



ဖိနပ် ကြည့်မယ်ဆိုပြီး ငွေသိမ်းကောင်တာမှာ ထိုင်ကာ စကားတတွတ်တွတ် ပြောမဆုံးသော နေ့သစ်နဲ့ ယမုံနာတို့စုံတွဲကို ဂင်္ဂါက တစ်ချက်စောင်းငဲ့ကြည့်ရင်း ခပ်မဲ့မဲ့ ပြုံးလိုက်မိပါသည်။

ဒီနှစ်ယောက်ဟာ တစ်ပတ်မှာ နှစ်ခါလောက်တော့ တွေ့နေကျပင်။ လူချင်းမတွေ့လျှင်တောင် ညတိုင်း တစ်နာရီ၊ နှစ်နာရီလောက် ဖုန်းဆက်အလွမ်းသယ်နေကျ။

အဲဒီလောက် စကားပြောနေရပါလျက် အခု တွေ့ရတော့လည်း သူတို့မှာ ပြောစရာစကားက မကုန်နိုင်ပြန်။ သူတို့နှစ်ယောက်သာ အိမ်ထောင်ကျသွားလို့ကတော့ တစ်နေ့တစ်နေ့ ဘာအလုပ်မှမလုပ်ဘဲ စကားချည်းထိုင်ပြော နေကြလိမ့်မည်ထင်သည်။

ဒီလိုယောက်ဖမျိုးကို အကျိုးဆောင်ခအဖြစ် ဖိနပ်တစ်ရံ ဝယ်ခိုင်းရတာ သိပ်တောင်မတန်ချင်။ အစက တော့ အားနာပါးနာနဲ့ ဈေးပေါပေါထဲက ဝယ်ခိုင်းပါမည်လေ

လို့ စိတ်ကောင်းဝင်မိသေးသော်လည်း ကိုယ့်အစ်မကို ချိုမြ၊ ညို့ရီရီကြည့်ကာ စကားတွေ တဖွဲ့ဖွဲ့တနွဲ့နွဲ့ ပြောနေသည့် ညုတုတုပုံစံကြီး မြင်တာနဲ့ အမြင်ကတ်သွားကာ ဈေးကြီးကြီး ထဲကပဲ ရှာဝယ်မယ်လို့ စိတ်ကူးပေါက်လာတော့သည်။

စင်ပေါ်မှာ တင်ပြထားသော အညိုရောင်ဖိနပ် လေးတစ်ဘက်ကို လှမ်းကောက်ယူလိုက်လျှင် နောက်ထပ် လက်တစ်ဘက်ကလည်း ကျန်နေသည့် ဖိနပ်တစ်ဘက်ကို ဖြိုင်တူနီးပါး ဆွဲယူသွားတာနဲ့ တိုက်ဆိုင်သွားလေသည်။

"ဟ…ဒါ ကျွန်တော် ကြည့်နေတာ…"

"ညည ယူမလို့…"

အသံနှစ်သံက ဖြိုင်တူလိုထွက်လာပါသည်။ အသံလာရာဘက်ဆီသို့ ကိုယ်စီကြည့်လိုက်မိကြလျှင် ဂင်္ဂါ လည်း အံ့အားသင့်၊ ကောင်မလေးလည်း တအံ့တသြ။

"ရှင်ကြီးပဲကိုး…"

"မင်းပဲလား…"

"ဘာလဲ…သူများကြည့်မယ့်ဖိနပ်ကို ဘာလို့ အတင်း လိုက်လုရတာလဲ…"

"လိုက်လုတာမှ မဟုတ်ဘဲ…ကျွန်တော် အရင်ယူ တာ…"

"ညည အရင်ယူတာပါ…"

"မဟုတ်တာဗျာ…"

"ရှင်ကြီးဟာလေ…ယောကျ်ားကြီးတန်မဲ့ ဗလောင်း

www.foreverspace.com.mm



ဗလဲကလည်းများ…အငြင်းအခုန်ကလည်း သန်လိုက် တာ လွန်ပါရော…မိန်းမကြီးကျနေတာပဲ…"

ကောင်မလေးက စူပုပ်ဆောင့်အောင့်ကာ ဖိနပ် ကို ပစ်ချသွားလျှင် ဂင်္ဂါကလည်း မိန်းကလေးတစ်ယောက် ဆီက အတင်းလုမယူချင်တော့တာနှင့် ဖိနပ်နှစ်ဘက်စလုံးကို ကောက်ယူလျက် ကောင်မလေးနောက်က လိုက်လာခဲ့ကာ

"ရော့…ယူလိုက်တော့…"

"ဘာလဲ…ဘာလို့ ယူရမှာလဲ…"

"မင်းပဲ လိုချင်လို့ကြည့်နေတာမဟုတ်လား…မင်း… ယူလေ…"

"လိုချင်လို့ ကြည့်တာတော့ ဟုတ်ပါတယ်…ဒါပေမယ့် ဖိနပ်ရဲ့ဆိုက်လည်းကြည့်ဦး…ဒီလောက်ကြီးတာကြီး ညည ခြေထောက်နဲ့ တော်မလား…။"

ကောင်မလေး ပြောမှ အသေအချာကြည့်မိ တော့ ဖိနပ်မှာ ကောင်မလေးရဲ့ ခြေထောက်နဲ့စာရင်လည်း ကြီးနေသလို၊ သူ့ခြေထောက်ထက်ကျတော့လည်း သေးနေ သော အလယ်အလတ်အရွယ်အစားမျိုး ဖြစ်နေလေသည်။

"အင်း…ဟုတ်လား…ကျွန်တော့်ခြေထောက်နဲ့လည်း တော်မှာ မဟုတ်ဘူး…"

"ဒါဖြင့်လည်း ပြီးရောပေါ့…ဘာလို့ အတင်းလိုက်ပေး နေသေးလဲ"

“မသိဘူးလေ…မင်းဝတ်လို့ရမလားလို့ပေါ့…”

ကောင်မလေးက မျက်စောင်းလေးခဲလျက် သူ့လက်ထဲက ဖိနပ်ကို ပုတ်ချလိုက်ပါသည်။ ကံဆိုးချင်တော့ ဂဂ်ါကလည်း ဖိနပ်တွေကို လျော့ရဲရဲကိုင်ထားခိုက်မို့ ဖိနပ်က ခြေထောက်ပေါ် ဝေါက်ခနဲပြုတ်ကျလေသည်။

“အား…နာပြန်ပြီ…နာရပြန်ပြီနော်…”

“ကောင်းတယ်…ရှင့်လိုလူမျိုး နာမှအေးမယ်…”

“မင်းဟာ တော်တော်ဆိုးတဲ့ ကလေးမပဲ…”

“ဘာလဲ…ကလေးမ မဟုတ်ဘူး…လူကြီးရှင့်…လာပြီး နာမ်နှိမ်မနေနဲ့…”

“နာမ်နှိမ်တာမှ မဟုတ်တာ…ပုံစံပဲကြည့်ဦး…ကလေး ရုပ်အကြီးစားကို သံပတ်ပေးပြီး လွှတ်လိုက်တဲ့ပုံစံနဲ့”

“မဟုတ်ဘူး…”

“ဟုတ်တယ်…”

နှစ်ယောက်သားဘာမဟုတ်တာလေးကို အပြိုင်အဆိုင် ငြင်းခုန်နေကြစဉ် အနားသို့ ကောင်မလေးတစ်ယောက် ထပ်ရောက်လာလေသည်။

“ညည…ဘာတွေပေါက်ကရ လုပ်ထားပြန်ပြီလဲ”

“ဘာမှမလုပ်ဘူး…အမှန်နော်…လူရှေ့မှာ သူများကို သိက္ခာမချပါနဲ့ဆိုတာ…”

“ဩော်…ဘာလဲ…သူက ဒီလိုပဲ ပေါက်ကရလုပ်နေကျလား…ဟုတ်လား…”

www.foreverspace.com.mm



ဂဂ်ါက အကြွက်ကောင်းကို ဝင်ဖမ်းလိုက်လျှင် ကောင်မလေးက နှုတ်ခမ်းစူကာ…

“တွေ့လား…နင့်ကြောင့် သူများပြောစရာဖြစ်ရပြီ…ဒီလူကြီးက ငါ့ကို လိုက်စနေတဲ့ဟာ…”

“ဟုတ်လား…ဒါဆို စောစောတည်းကပြောရောပေါ့…ရှင်…ကျွန်မသူငယ်ချင်းကို ဘာတွေလိုက်စနေတာလဲ…ဒီလိုဆိုင်မျိုးလာပြီးတော့များ ကလေကချေ လမ်းသရဲအလုပ် လုပ်စရာလား…”

ဒုတိယကောင်မလေးရဲ့ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာတာမို့ ဂဂ်ါတင်မက အရုပ်မလေးပါ လန့်သွားပုံရလေသည်။

“ဘာတွေလာပြောနေတာလဲဗျာ…ကျွန်တော် သူ့ကို ထိခိုက်နစ်နာအောင်လည်း ဘာမှမပြောရသေးပါဘူး…မယုံရင် ကိုယ့်သူငယ်ချင်း ကိုယ်ပြန်မေးကြည့်ပါဦး…”

“ဟုတ်ပါတယ်ဟ…သူ ဘာမမပြောရသေးပါဘူး…ငါလုပ်လို့ သူအီနေတာနှစ်ခါရှိသွားတာနဲ့ မကျေနပ်ဖြစ်ပြီး ရန်လိုက်စနေတာ…”

ကောင်မလေးက ဝင်ပြောရှာပါသည်။ ပုံစံလေးကြည့်ရတာ အညိုးအတေးထားတတ်ပုံမရဘဲ ဖြူဖြူစင်စင် ပွင့်ပွင့်လင်းလင်းနဲ့ ပျော်တတ် နောက်တတ်မည့်ပုံသာရသော ကောင်မလေးဟာ ခင်ချစ်စရာလေးလို့ ဂဂ်ါက သတ်မှတ်

လိုက်ပါသည်။

"ဟဲ့...ကိုကိုက နင့်ကိုခေါ်ခိုင်းနေလို့...သူရဲ့သိမ်းထားတဲ့ စပါယ်ရှယ်ဖိနပ်တွေထဲက နင် ကြိုက်တာရွေးခိုင်း မလို့ဆိုလား..."

အမွှန်ဆိုသည့် ဒုတိယကောင်မလေးစကားကြောင့် အရုပ်ကလေးရဲ့ မျက်နှာရှုံ့မဲ့သွားပါသည်။

ပါးနပ်ဉာဏ်ပြေးသော ဂဂ်ါက သူမရဲ့ စကားတစ်ခွန်းနဲ့ပင် အခြေအနေအရပ်ရပ်ကို သဘောပေါက်နားလည်လိုက်ပြီ။

အမွှန်ဆိုသည့် ကောင်မလေးဟာ ဆိုင်ရှင်ရဲ့ ညီမ၊ ကိုနွေသစ်ရဲ့ သူငယ်ချင်း သုံးယောက်စုပြီး ဒီဆိုင်ကို ဖွင့်ထားသည့်အထဲက တစ်ယောက်ဟာ ဒီကောင်မလေးကို မိုးပန်းနေတာပဲ ဖြစ်ရမည်။

"နင့်အစ်ကိုက ငါ့ကို လက်ဆောင်ပေးချင်နေတာ ထင်တယ်...တန်ရာတန်ကြေးမပေးဘဲ ရတဲ့ပစ္စည်းတော့ မလိုချင်ဘူးဟ..."

"အေးပါဟယ်...ဘာပဲဖြစ်ဖြစ်...ငါ့အစ်ကိုစိတ်ချမ်းသာအောင် လိုက်တော့ လိုက်ခဲ့ပါ..."

ဒုတိယကောင်မလေးက အတင်းဆွဲခေါ်သွားတာမို့ အရုပ်ကလေးက မလိုက်ချင်လိုက်ချင် ဆောင့်ဆွဲဆွဲပုံစံလေးနဲ့ လိုက်သွားရလေသည်။ အတွင်းခန်းသီးသန့်ကာထားသော အခန်းလေးထဲ ကောင်မလေးနှစ်ယောက် ဝင်သွား

www.foreverspace.com.mm



လျှင် ဂဂ်ါမှာ ဘာဆက်လုပ်ရမှန်းမသိ ကြောင်တောင်တောင်ဖြစ်ကာ ကျန်ခဲ့သည်။

သူမနဲ့ကိုယ်ဟာ မိတ်ဆွေအပေါင်းအသင်းတွေ မဟုတ်ကြတာမို့ သူမအနေနဲ့ ကိုယ့်ကို နှုတ်ဆက်သွားစရာအကြောင်း မရှိပေမယ့် အဲဒီလို နှုတ်ဆက်မခံလိုက်ရတာကိုပဲ ဂဂ်ါမှာ စိတ်ထဲစနောင့်စနင်း ခိုးလိုးခုလု ဖြစ်ကျန်ခဲ့ရလေသည်။

❀ ❀ ❀

www.foreverspace.com.mm



"မုံမုံရာ...ဒါတော့ လွန်လွန်းတယ်ဟာ...နင် အပြင်ထွက်တိုင်း ငါ့မှာ အစောင့်လုပ်ရ...ဒရိုင်ဘာလုပ်ရ...တရားခံ နာမည်အတပ်ခံရနဲ့ အရမ်းနစ်နာတာပဲ ...အခုလည်း နင့်ရည်းစားနဲ့ ရုပ်ရှင်သွားကြည့်ဖို့ ကိစ္စငါက ကြားဝင်နာမည်ခံရမယ်...မတရားလိုက်တာဟာ..."

အသက်ချင်း သိပ်မကွာသည့် မောင်နှမတွေမို့ တစ်ယောက်နှင့် တစ်ယောက် လေးလေးစားစားလည်း မရှိကြဘဲ နင်လုံး ငါလုံးတွေနဲ့ ပြောဆိုနေကျဖြစ်ကာ တစ်ယောက်ကို တစ်ယောက်လည်း အားမနာတမ်း ပုတ်ခတ်ရန်လိုနေကျပင်။

ဒီမောင်နှမမှာ ကောင်းသည့်အချက်တစ်ခုကတော့ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ပြီး အနှံ့အတာခံကြခြင်းပင်။ ပါးစပ်က ဘယ်လိုပဲ ပြောဆိုနေနေ အရေးကြုံသည့်အခါ တစ်ယောက်ကိုတစ်ယောက် ကူညီပေး၊ ကာကွယ်

ပေးတတ်ကြမြဲ။

"နင်ကလည်း…ဟိုတစ်နေ့ကပဲ ကိုနေ့ဆီက ဖိနပ်တစ်ရံလည်း ရထားသေးတဲ့ဟာ…"

"အဲဒါ ဘာဖြစ်လဲ…ဖိနပ်တစ်ရံနဲ့ လာဘ်ထိုးတိုင်း ကိုယ့်အစ်မအရင်းခေါက်ခေါက် တစ်ယောက်လုံးကို သူ့လက်ထဲ ဝမ်းသာအားရ ထိုးပေးလိုက်ရမှာလား…"

"အဲဒီလိုကြီးပြောတာ…မဟုတ်ပါဘူးဟယ်…ဟို ကလည်း နင့်ကိုလာဘ်ထိုးတဲ့သဘောဆိုပေမယ့် ဒီလို မျိုးကြီး အခွင့်အရေး လိုချင်လို့တော့ မဟုတ်ရှာပါဘူး"

"အောင်မယ်…မဟုတ်ရှာပါဘူးတဲ့…ပြောတာတောင်မှ ကရုဏာသက်စရာလေးဖြစ်အောင် 'ရှာ' တစ်လုံး ထည့်ပြောသေးတယ်…"

"အေးလေ … ကိုနေ့က အကြီးဖြစ်ရက်နဲ့ နင့်ကို ကြောက်ရရှာတာပါ…"

"ဟော…လာပြန်ပြီ ရှာ… တစ်လုံး မဟုတ်ရှာ… ကြောက်ရရှာ…နောက်တစ်ခွန်းဆိုရင် မိန်းမရှာဆိုတာပါ ပါလာနိုင်တယ်…"

"ဟဲ့…အစုတ်ပလုတ်ကောင်…ငါ့ရည်းစားကို အဲဒီလို ပြောရသလားဟဲ့…"

ယမုံနာက ဂဂ်ါကို အတင်းလိုက်ထုတာမို့ ဂဂ်ါ က ကျောကော့အောင် ထွက်ပြေးရပါသည်။

"ငါ တကယ်ပြောတာ မုံမုံရ…နင်တို့နှစ်ယောက်က တစ်ချိန်လုံးချိန်းတွေ့…ချိန်းတွေ့နဲ့ ကြာရင် ငါပါ

www.foreverspace.com.mm



မကောင်းဖြစ်မယ်ဟ…"

"ချိန်းတွေ့တယ်ဆိုပေမယ့်ဟယ်…ငါတို့က လူမြင်ကွင်းမှာ ဣန္ဒြေရရ အေးအေးဆေးဆေးတွေ့ကြတာပါ … လူပြော သူပြောစရာ မဖြစ်လောက်ပါဘူး"

"လူတွေပြောတာ အရေးမကြီးဘူး…ဖေဖေနဲ့ တည့်တည့်တိုးနေမှာ ကြောက်လို့ပြောတာ…"

"အဲဒါကြောင့် ဖေဖေသံသယမဖြစ်ရအောင် နင့်ကို ခေါ်နေတာပေါ့ဟဲ့…နင်ကလည်း ကိုယ့်အစ်မအတွက် ဒီလောက်ကလေး လုပ်ပေးရတာကိုတောင်မှ တွန့်တို နေသေးတယ်…"

"တွန့်တိုတာ မဟုတ်ဘူး…မကောင်းတတ်လို့ ပြောနေ တာ…"

"ကောင်းတတ်ပါတယ်ဟာ…ခါတိုင်း ငါတို့ ရုပ်ရှင် ကြည့်ဖြစ်တာမှ မဟုတ်တာ… တွေ့တယ်ဆိုပေမယ့် အိမ်မှာ တွေ့တာတို့…မုန့်သွားစားတာတို့…ဈေးသွား တာတို့လောက်ပဲ ရှိတဲ့ဥစ္စာ…အခုဟာက ကားလည်း ကောင်းလို့ ကြည့်ချင်ယုံသက်သက်ပါ…"

"အေးလေ… သိပါတယ်… ငါပြောတာက နင်တို့ အနေအထိုင်ကို ဝေဖန်တာ မဟုတ်ပါဘူး … ဖေဖေ သိသွားရင် မကောင်းဘူးလို့ပဲ ပြောတာပါ…"

"နင်ပါရင် ဘာမှမဖြစ်လောက်ပါဘူးဟာ … ရုပ်ရှင်ရုံ နားမှာ တွဲတွေ့သွားတော့လည်း နင့်သူငယ်ချင်း …ငါ တို့နဲ့ အတူလိုက်လာတာလို့ ပြောလိုက်လို့ရတယ်

လေ…”

“အေးပါ…ဟုတ်ပါပြီ…ဟုတ်ပါပြီ…နင်တို့လည်း ခပ်မြန်မြန် အိမ်ထောင်ကျပါမှ … မဟုတ်ရင် ငါ့မှာ အောင်သွယ်လုံးလုံး ဖြစ်ပြီး … အစ်မလည်း ပေးရ… ပင်လည်း ပင်ပန်းရ … လူတကာလည်း ကြောက်နေရ မှာ…”

“ဒါဆိုလည်း ဖေဖေ့ကို နင် ပြောပေးပေါ့ဟဲ့…ဟိုနေ့က ဖြင့် အခုယူဆို ယူချင်ပြီ … ငါက ဖေဖေ့ကို ကြောက် လို့ မပြောရဲသေးတာနဲ့ …”

အရေးထဲ အကွက်ရသခိုက် တရားခံလာရှာချင် နေသေးတာမို့ ဂဂ်ါက မျက်စောင်းထိုးကာ မကြားချင်ဟန် ဆောင်နေလိုက်ရပါသည်။

www.foreverspace.com.mm



“ကိုကို…ဘယ်သွားမလို့လဲ…”

အောက်ခံတီရှပ်အဖြူပေါ် ဂျော်ဒါနိရှပ်အင်္ကျီ အပြာကွက်ကို ထပ်ဝတ်လျက် အင်္ကျီလက်တွေကို ခေါက်တင် နေသော နေ့သစ်က ညီမဖြစ်သူရဲ့ အမေးစကားကို ခပ်ပေါ့ ပေါ့ပဲ အဖြေပြန်ပေးလိုက်ပါသည်။

“ရုပ်ရှင်လက်မှတ် သွားဝယ်မလို့…”

“ဟယ်…ရုပ်ရှင်…ဘာကားလဲ…”

“မောင့်မူပိုင်ရှင်လေ…”

“ဟယ်…ဟယ်…အဲဒီကားကြည့်ချင်တယ်…ညည အတွက်ပါ တစ်စောင်ဝယ်ခဲ့…”

ရုတ်တရက်ကြီး တက်တက်ကြွကြွဖြစ်သွားကာ အတင်းပဲ ခုန်ပေါက်ပြီး ထလိုက်တော့မလို ဖြစ်လာသော ညနေခင်းကို နေ့သစ်က စိတ်ရှုပ်စွာ ကြည့်လိုက်မိပါသည်။

ဒီကောင်မလေးဟာ သူ့ကိုမွေးပြီးပြီးချင်း အမေ ဆုံးသွားလို့ မိတဆိုးသမီးလေးဘဝနဲ့ လူ့လောကထဲ ရောက်

လာရှာတယ်ဆိုလေပြီး အားလုံးရဲ့ အလိုလိုက် ခံထားရတာ။ ငယ်ငယ်ကတည်းက ဘယ်သူကမှ 'ဟဲ့' တစ်ချက် မဟောက်ရက်ဘဲ ဘာလိုလို အကုန်ဖြည့်ဆည်းပေးခဲ့ရတာမို့ သူ ဖြစ်ချင်တာကို မဖြစ်လိုက်ရဘူးဆိုတာ မရှိခဲ့တော့ ဘာမဆို မရ မရှိစေရဆိုသည့် ခပ်ဆိုးဆိုးကလေး ဖြစ်နေတာပင်။

ညနေခင်းမို့ တစ်ခုခု မူဆာပြီဆိုလျှင် မလုပ်ပေးလို့မရတော့။ အခုလည်း ကြည့်ဦး…သူများက ရည်းစားနဲ့ ချိန်းပြီး ရုပ်ရှင်ကြည့်မယ့်ဥစ္စာကို သူက အတင်းကပ်လိုက်ချင်သေးသည်။

"ငါက သူငယ်ချင်းတွေနဲ့ သွားကြည့်မှာနော်…နင် လိုက်လို့ မဖြစ်ဘူး…"

"သူငယ်ချင်းတွေ…ကိုကို့သူငယ်ချင်းတွေထဲက ဘယ်သူ့ကိုများ ညည မသိတာ ရှိသေးလို့လဲ…ဒီလူ…ဒီလူတွေကို ကြောက်လို့ ရုပ်ရှင်လိုက်မကြည့်ရဘူးဆိုတာတော့ လုံးဝအဓိပ္ပာယ်မရှိဘူး…"

"မဟုတ်ဘူးလေ…"

နေ့သစ်က အနည်းငယ်အပြောရခက်နေပါသည်။ သူနဲ့ ယမုံနာတို့ ရည်းစားဖြစ်နေတာ လေးငါးလပဲ ရှိသေးသည့်အပြင် တောင်ကြီးက အဘိုးအဘွားတွေအိမ် သွားလည်နေသော ညနေခင်း ဒီကို ပြန်ရောက်လာတာလည်း တစ်လတောင် မပြည့်ချင်သေး၍ သူတို့အကြောင်း ညည မသိသေးပါ။

သူတို့ မောင်နှမဟာ အသက်ချင်း ငါးနှစ်လောက်

www.foreverspace.com.mm



ကွာတာမို့ နေ့သစ်က ညနေခင်းကို ချစ်မင် ချစ်ငြားသော်လည်း ကိုယ့်ကိစ္စအားလုံးကို မေးမသိစေဘဲ ကလေးတစ်ယောက်လိုသာ ထားခဲ့တာပါ။

အထူးသဖြင့်တော့ အစ်ကိုတစ်ယောက်အနေနဲ့ ရည်းစားရနေသည့်အကြောင်း ညီမဖြစ်သူကို မပြောချင်။ ကိုယ်က အသက်လည်း နှစ်ဆယ့်ငါးနှစ်ရှိပြီမို့ ရည်းစားထားဖို့ သင့်တော်သည့်အရွယ် ရောက်နေပြီဖြစ်သော်လည်း နှစ်ဆယ်ပဲရှိသေးသည့် ညီမငယ်ကိုကား ရည်းစားသနာကိစ္စ စိတ်ဝင်စားသွားမှာကို နေ့သစ်က စိုးရိမ်သေးသည်။

"ကိုကို…လိုက်မှာနော်…လက်မှတ်တစ်စောင် မိုဝယ်ကို ဝယ်ခဲ့…ဝယ်မလာခဲ့လို့ကတော့ ကိုကို ရုပ်ရှင် မကြည့်ရဘူးသာ မှတ်ပေတော့…"

"ဟာ…မဟုတ်တာတွေ မလုပ်ပါနဲ့ ညီမလေးရာ…ဒီလို လုပ်…နောက်တစ်ခေါက်ကျမှ ကိုကို လိုက်ပြမယ်လေ…"

"နောက်တစ်ခေါက်ဆိုတာ သေချာတာ မဟုတ်ပါဘူး…မရဘူး…အခုတစ်ခေါက်ပဲ လိုက်ကြည့်မယ်"

မဖြစ်ချေတော့။ ဒီကောင်မလေးကို အဖြစ်မှန်အတိုင်း ဖွင့်မပြောလို့ကတော့ အကြမ်းဖက်အစီအစဉ်တွေ ပါလာတော့မည်။ တော်ကြာ ရုပ်ရှင်ရုံအထိ အတင်းကပ်လိုက်လာပြီး ကိုယ့်အတွက် လက်မှတ်ကို လုယူကာ သူပဲ ခပ်တည်တည်နှင့် ရုပ်ရှင်ဝင်ကြည့်နေမှ ဒုက္ခများမည်။

"ညီမလေး … လိမ္မာတယ်နော် … ကိုကြီး ပြောတာ

နားထောင်ဦး…”

“ဟင့်အင်း…ဟင့်အင်း…နားမထောင်ဘူး…မရဘူးဆို မရဘူးနော်…ညည ကြည့်ချင်တာ ကြည့်ရမှဖြစ်မှာ ပဲ…”

နွေသစ်က ပြောလို့မှ မဆုံးသေး ညနေခင်းက ခြေဆောင့်ကာ အော်ပါလေတော့သည်။

အစကဖြင့် ဒီရုပ်ရှင်ကို မကြည့်ရမနေနိုင်၊ အသည်းအသန်ဖြစ်ထားတာလည်း မဟုတ်ဘဲ သူများကြည့် တော့မည်ဆိုမှ သူလည်း ကြည့်ချင်ပါသည်ဆိုပြီး ဆွေ့ဆွေ့ ခုန် ထဖြစ်တာဟာ ညနေခင်းရဲ့ မကောင်းသောအကျင့်ပဲ။

“အေးပါ ညညရယ်…ညီမလေး ကြည့်ချင်ရင် ကိုကြီး နောက်တစ်နေ့ သပ်သပ်လိုက်ပြမှာပေါ့ … ဒီနေ့ ကတော့လေ…ဟိုဒင်း…ကိုကြီးကောင်မလေးနဲ့ ချိန်း ထားတာမို့လို့…”

“ဟင်…ဘာ…ကိုကြီးကောင်မလေး…ဟုတ်လား… ပြောစမ်း…ပြောစမ်း…ကိုကြီး ဘယ်တုန်းက ရည်း စားရသွားတာလဲ…”

ကိုယ့်အကြောင်း သိပ်မပြောချင်ပေမယ့် မပြောလိုက်လျှင် ပိုဆိုးတော့မှာမို့ နွေသစ်မှာ အီလည်လည်နဲ့ ပဲ ဖွင့်ပြောပြရပါတော့သည်။

“ဟုတ်တယ်…ကိုကြီးကောင်မလေး တစ်ယောက်နဲ့ အဆင်ပြေနေတယ်…ကောင်မလေးက ဝေလွင်တို့ခြံ ဘေးမှာ နေတာလေ … သူ့ဆီ သွားသွားလည်ရင်းနဲ့

www.foreverspace.com.mm



တွေ့ပြီး ကိုကြီးက အဖြေတောင်းထားတာ ကြာပြီ… လွန်ခဲ့တဲ့ ငါးလလောက်ကမှ သူက အဖြေပြန်ပေး တာ…”

“ဒါဖြင့် ကိုကြီးတို့ရည်းစားဖြစ်နေတာ ငါးလလောက် တောင် ရှိပြီပေါ့…အဲဒါကိုများ ညညကို အသိမပေး ဘူး…ကြည့်စမ်း…အခုတောင် မတတ်သာလို့ ဖွင့်ပြော နေတာ…”

“ပြောစရာလားဟ…ငါက အစ်ကို…နင်က ညီမ… အစ်ကို့ကိစ္စတိုင်း ညီမတွေကို ပေးသိစရာမှ မလိုတာ”

“ဒီအစ်ကိုနဲ့ ဒီညီမလေး နှစ်ယောက်တည်းရှိတာ …”

“ကဲပါကွာ… မပြောမိတာ ကိုကြီး အမြစ်ပါ… ဟုတ် လား… စိတ်မဆိုးနဲ့တော့ …”

နွေသစ်မှာ ဒီညီမတစ်ယောက် စိတ်ကောက် မနေစေဖို့အရေး မနည်းပဲ ချော့မော့ရပါသည်။

“အင်းလေ … စိတ်တော့မဆိုးတော့ပါဘူး …”

“ဒါဆို နောက်တစ်နေ့မှ ရုပ်ရှင်ကြည့်တော့နော်”

ချော့ချော့မော့မော့ ပြောကာ နွေသစ်က နေရာ မှ ထွက်ပြေးမည်အလုပ် ညနေခင်းက ဆွဲထားလိုက်ကာ

“နေဦး … လက်မှတ်က ဝယ်ကိုဝယ်ခဲ့ … ကိုကြီး သူငယ်ချင်းတွေနဲ့တောင်မှ လိုက်ကြည့်ဦးမယ့်ဟာ … ကိုကြီးကောင်မလေးနဲ့ဆို ပိုပြီးလိုက်ဖို့တောင်သင့်နေ ပြီ… မိန်းမဖော်လည်း ပါတယ် … ပြီးတော့ ကိုယ့် ယောက်မလောင်းကို တွေ့ချင်သေးတာပေါ့လို့ …”

"မဟုတ်တာ..."

"ဟုတ်ပါတယ် ... ကိုကြီးပြောမှ ကိုကြီး အစ်မကြီးကို အရမ်းတွေ့ချင်လာပြီ ... လိုက်ကိုလိုက်မှာပဲ ... ညည ဆုံးဖြတ်လိုက်ပြီ ..."

သေဟာ ...။ သေဟဲ့ နန္ဒိယ ...။

နေ့သစ်မှာ ကိုယ့်နဖူးကိုယ် လက်ဝါးနဲ့ ဝိတ်ရိုက်ကာ ကျိုးလို့သာအော်မစ်လိုက်ချင်တော့သည်။ သူများ သဘောပေါက်ပြီး နောက်ဆုတ်သွားမလားလို့ အကျိုးအကြောင်း ဖွင့်ပြောမိကာမှ မလိုက်မဖြစ် လိုက်လာအောင် တွန်းအားပေးလိုက်သလို ဖြစ်သွားရသတဲ့။

"ကိုကြီးနော်...ဘာမှ ကမျက်ကယက်လုပ်ဖို့ မကြိုးစားနဲ့...ညညက မဖြစ်ဖြစ်အောင် လိုက်မှာ...ပွဲမပျက်ချင်ရင် ညညကို ခေါ်သွား...ကိုကြီးကောင်မလေးနဲ့ မိတ်ဆက်ပေး...ပြီးရင် ရုပ်ရှင်အတူကြည့်မယ်... ပြီးရင် ညည မုန့်လိုက်ကျွေးမယ်လေ..."

အောင်မယ် ... သူ့အဝတ်အစားနဲ့ အလှပြင် အသုံးအဆောင် ဝယ်ဖို့ကလွဲလျှင် တခြားဘာအကြောင်းကြောင့်မှ ငွေမထုတ်တတ်သည့် ကောင်မလေးက အခုတော့ သူတို့ကို မုန့်တွေဘာတွေတောင် လိုက်ကျွေးဦးမလို့တဲ့ ...။

နေ့သစ်မှာ တစ်ခါတစ်ရံမှ စားရသော ညနေခင်း ကျွေးသည့် မုန့်ကို စားခွင့်ရတော့မှာမို့ ဝမ်းမသာနိုင်အား။ ကိုယ့်ကိစ္စမှာ အနှောင့်အယှက်ကြီး ပါလာတော့မှာကိုသာ တွေးကာ ရင်လေးနေသည်။



www.foreverspace.com.mm

ယမုံနာဘက်ကလည်း ဂင်္ဂါတော့ ပါလာမှာပဲ ဖြစ်ပေမယ့် ဂင်္ဂါက ဘာမှပြဿနာမရှိပါ။ ဂင်္ဂါက ရုပ်ရှင်ကြည့်မည်ဆိုလည်း သူ့ဘာသာ ခပ်ခွာခွာထိုင်ကာ သူများ သမီးရည်စားကြားထဲ ဝင်မရှုပ်ဘဲ နေနိုင်သည်။ နောက်ပြီး တစ်ယောက်ယောက်တွေ့မြင်မသွားအောင် စောင့်ရှောက်ပေးဖို့တာဝန်ကိုလည်း ဂင်္ဂါက ယူနိုင်သေးသည်။

ညနေခင်းကျတော့ တကယ့်ကိုအရှုပ်သက်သက်။ နေရာတကာ စပ်စပ်စုစု သိချင်ရတာနဲ့၊ အမေးအမြန်းထူရတာနဲ့၊ ကိုယ့်ဘာသာ မနေဘဲ သူများကိစ္စ လိုက်ရှုပ်ရတာနဲ့၊ နောက်ပြီး ဟိုပူဆာ၊ ဒီပူဆာ၊ ဟိုခိုင်း ဒီခိုင်းတွေကလည်း ရှိသေးတာ။ ကိုယ့်ဘာသာ အပြင်သွားချိန်မှာတောင် ဒီကောင်မလေးပါလာလျှင် ကလေးအဖေကြီး အပြင်ထွက်သလို သူ့အလုပ်တွေပဲ တောက်လျှောက်လုပ်ပေးနေရတော့တာ။ ယမုံနာနဲ့အတူသွားသည့် အချိန်မှာလည်း ညနေခင်းတို့က သိတတ်ဆင်ခြင်ပေးမှာ မဟုတ်ဘဲ သူခိုင်းစရာရှိလျှင် ပူဆာစရာရှိ ပူဆာဦးမှာပင်။

ဒီလို ကောင်မလေးမျိုးကို ခေါ်သွားမိလို့ကတော့ ငါးပါးမှောက်မည်။ တစ်ခါတလေလေး ကိုယ့်ချစ်သူနဲ့ ရုပ်ရှင်တွဲကြည့်ခွင့်ရတာမှာ ဒီအနှောင့်အယှက် ပါလာလို့ကတော့ ပျော်စရာလုံးဝမရှိတော့ဘဲ စိတ်ညစ်စရာတွေချည်းသာ ဖြစ်လာတော့မှာ။

မခေါ်သွားလို့ကလည်း မဖြစ်ချေ။ အခု

တောင်မှ သတင်းကြားနဲ့ လိုက်ချင်တာ ဆွေ့ဆွေ့ခုန်နေပြီ ဖြစ်သော ညညဟာ မနက်ဖြန် အမြန်ရောက်အောင် နာရီကို မြေးလှည့်လိုက်ချင်သည့် ပုံပေါက်နေပြီ။

မနက်ဖြန်မှာ သူ မလိုက်ရလို့ကတော့ တစ်နည်းနည်းနဲ့ လိုက်လံသောင်းကျန်း နှောင့်ယှက်နေတော့မှာ သေချာနေသည်။ ဒီတော့ ဘယ်လောက်ပဲ မခေါ်ချင်သည် ဖြစ်ပါစေ ညနေခင်းကိုတော့ ခေါ်ကို ခေါ်ခဲ့ရတော့မှာပါပဲ။

"ကဲ…လက်မှတ်ပိုဝယ်ခဲ့ပါမယ်ကွာ…ညီမလေး လိုက်ရမယ် စိတ်ချနော်…"

"အဟဲ… ဒီလိုမှပေါ့… ကိုကြီးက သိတတ်သားပဲ… ညီမလေးကို ခေါ်ခဲ့ရတဲ့အတွက် ကိုကို မနစ်နာစေရပါဘူး…သိလား…ကိုကိုတို့စုံတွဲကိုလေ ညညက မုန့်လိုက်ကျွေးမှာပါ… ဒါနဲ့ ကိုကို့အစ်မကြီးနာမည်က ဘယ်လိုခေါ်လဲဟင် …"

"ယမုံနာတဲ့ …"

"ယမုံနာ…အင်း…ဒါဆို သူ့ကိုဘယ်လိုခေါ်ရမလဲ… မမယမုံလို့ ခေါ်ရမှာလား…ကိုကိုကရော သူ့ကို ဘယ်လိုခေါ်လဲဟင် …"

"သူ့ကို အားလုံးက မုံမုံလို့ပဲ ခေါ်တာ…"

"ဒါဖြင့်ရင် ညညက မမမုံမုံလို့ ခေါ်လိုက်မယ် … နော်…စိတ်ချပါ ကိုကိုရ … မျက်နှာကြီး စူပုပ်မထားပါနဲ့ … ကိုကို့ရည်းစားကို ညညက ခင်အောင်ပေါင်းမှာ


www.foreverspace.com.mm



ပါ… သူ… ညညကို တွေ့လိုက်တာနဲ့ ချစ်သွားစေရမယ် … စိတ်ချ …"

ယမုံနာက ညနေခင်းကို ချစ်မချစ်တော့ မသိ။ မနက်ဖြန်ကျလျှင် ခေါင်းခဲရဦးမှာကတော့ စိတ်ချသေချာနေတာပါပဲ။

❀ ❀ ❀



www.foreverspace.com.mm



"မင်းကွာ… ငါ အချိန်မရတော့လို့ပါလို့ သေသေချာ
ချာ မှာထားရဲ့သားနဲ့ …"

နေ့သစ်က စိတ်ရှုပ်စိတ်ပျက်စွာ ခေါင်းတကုတ်ကုတ်။ မနေ့က ရုပ်ရှင်လက်မှတ်ဝယ်ဖို့ဟာ ကိစ္စတစ်ခုပေါ်လာတာနဲ့ တပည့်လေးတစ်ယောက်ကို မှာထားခဲ့လိုက်ရတာ။ ဒီနေ့မှ လက်မှတ်ကိုကြည့်မိတော့ သူမှာသည့်အတိုင်း လေးစောင်တော့ဟုတ်ပါရဲ့၊ နှစ်စောင်ကတစ်တွဲ၊ နှစ်စောင်ကတစ်တွဲစီ။

ခုံနံပါတ်များဟာ သိပ်မဝေးပေမယ့် ဘယ်လိုလုပ် လူခွဲကြည့်ရမှာတဲ့လဲ။

သူနဲ့ ယမုံနှာတို့တစ်တွဲကြည့်မည်ဆိုလျှင် ဂင်္ဂါနဲ့ ညညက တစ်တွဲဖြစ်မည်။ အဲဒီလိုမှ မဟုတ်လို့ သူတို့မောင်နှမနှစ်ယောက်ကတစ်တွဲ၊ ယမုံနှာတို့မောင်နှမက တစ်တွဲဆိုလျှင်လည်း ဘာမှအကြောင်းထူးမှာ မဟုတ်။ အဲဒီလို မဟုတ်

ချင်ပြန်လျှင် ယမုံနာနဲ့ ညညကို အထူထိုင်ခိုင်းလိုက်ပြီး သူက ဂဂ်ါနဲ့။ ဖွတ်…စဉ်းစားကြည့်လိုက်တာနဲ့တင် ဘယ်လိုမှ ဖီလင်မလာ။

တွေ့လား… မရွှေညတို့ လိုက်မည်ဆိုတာနှင့် ပြဿနာက တက်လာပြီ။ အစက သူတို့နှစ်ယောက်တည်း ကြည့်မည်ဆိုလျှင် ဘာပြဿနာမှမရှိ။ သုံးခုဆက်တိုက်မရ လည်း ဂဂ်ါက သူ့ဘာသာ တစ်ယောက်တည်း ထိုင်မည်ပင်။

အခု ညနေခင်းပါနေတော့ ဘယ်လိုလုပ်ရမလဲ။ သူ့ကို တစ်ယောက်တည်း ခွဲထုတ်ဖို့ မဖြစ်နိုင်သလို အနားခေါ်ထားဖို့ကလည်း မဖြစ်။ တကယ့်ကို ဒုက္ခပါပဲ။

"ဘယ်လို လုပ်ကြမလဲ … လက်မှတ်တွေကတော့ ကမောက်ကမဖြစ်ကုန်ပြီ …"

အောင်မယ် …၊ နွေသစ်က ခေါင်းမီးတောက်နေတာတောင် မချောက ခပ်အေးအေးနဲ့ မမှုသေး။ ပြဿနာ တစ်ခုကို ဘယ်တုန်းကမှ ကိုယ်တိုင်ရင်ဆိုင် ဖြေရှင်းခဲ့ရခြင်း မရှိသူပီပီ အခုလည်း အချိန်တန် တစ်နည်းနည်းနဲ့ ပြေလည်သွားလိမ့်မည်လို့ ထင်မှတ်ထားပုံရသည်။

"အဲဒါ နင်ပါလာလို့ ဖြစ်တာ…ငါတို့ ဘာသာဆို ဘာမှ ပြဿနာမဖြစ်ဘူး …"

"ဟာ… ကိုကြီးကလည်း…အရေးကြုံမှ ဟိုလူ့လွှဲချ… ဒီလူ့လွှဲချ မလုပ်စမ်းပါနဲ့…ညည မပါလည်း ကိုကြီး



လက်မှတ်က နှစ်စောင်တွဲစီပဲ ရမယ့်ဥစ္စာ…အဲ…ဒါနဲ့ နေစမ်းပါဦး…လက်မှတ်က ဘာလို့လေးစောင်ဖြစ်နေ ရတာလဲ…နောက်တစ်ယောက်က ဘယ်သူလဲ…"

"ဂဂ်ါ…"

"ဘယ်သူ…"

"ဂဂ်ါ…မုံမုံ့ရဲ့မောင်…"

"အောင်မယ်…နာမည်တွေက အမျိုးစားပါလား…ဂဂ်ါ နဲ့ ယမုံနာ… ဟုတ်လား …သူတို့အမေအဖေတွေများ နာမည်မှည့်တာ တော်တယ်နော် … အိမ်က အဖေနဲ့ အမေများ နာမည်ကို ပြီးလွယ်စကြောင်း မှည့်ထည့် လိုက်တာ… မနက်အစောကြီးမွေးတဲ့ကိုကို့ကို နွေသစ်၊ ညနေစောင်းမှ မွေးတဲ့ ညညကိုကျ ညနေခင်းတဲ့ … တော်သေးတာပေါ့ … နွေလယ်တို့ … သန်းခေါင်တို့ မပါသေးတာ …"

"ဟာ … စိတ်ညစ်ရတဲ့အထဲ တဖျစ်တောက်တောက်နဲ့ ဘာတွေပြောနေတာလဲဟာ … ဒီကောင်မလေး …"

"ကိုကြီးဟာလေ…မိန်းမကြီးကျနေတာလဲ…အလကား စိတ်ညစ်စရာမရှိ ကြံဖန်ညစ်နေတယ် … ပြဿနာ ဆိုတာရှိရင် တစ်နည်းနည်းနဲ့ ပြေလည်စရာလည်း ရှိရ မှာပေါ့ …"

တွေ့လား …။ အတွေးကိုက ပေါ့ပေါ့တန်တန်။

ဒီကောင်မလေးဟာ ဘယ်အရာကိုမှ အလေးအနက် မတွေး တတ်တာတစ်ခု အင်မတန် စိတ်မျက်စရာကောင်းသည်။

"ကိုကို့အစ်မကြီးကလည်း … မလာသေးဘူးလား … တွေ့ချင်လှပြီ …"

နွေ့သစ်ထက်မင် ညနေခင်းက ဆန္ဒတွေပိုစော ကာ ကားလမ်းမဘက်ကို လည်တဆန့်ဆန့်။ အဲဒီအချိန်မှာပဲ ဂဂ်ါ မောင်းလာသော မာ့ခ်တူးငွေညိုရောင် ကားလေးက သမ္မတရုံကားရပ်စခန်းဘက် ကွေ့ချလာပါသည်။

"ဟော … လာနေပြီ …"

"ဟိုကားလား … မာ့ခ်တူးလား …"

ညနေခင်းက သရုပ်မျက်စွာပင် ခြေဖျားလေး တထောက်ထောက်နှင့် ကားပေါ်က လူတွေကို မျှော်ကြည့်နေ သည်။ ခြေဖျားထောက်လိုက်တိုင်း လူက ဟန်ချက်မျက်မျက် သွားတတ်သေးတာမို့ အနားမှာရှိသည့် နွေ့သစ်ရဲ့ လက်ဖြံကို ထိန်းကိုင်ထားရပါသေးသည်။

ကားပေါ်က ဆင်းလိုက်သော ယမုံနာမှာ လူ အုပ်ကြားထဲမှာပေမယ့် ထင်းရှင်းနေသော နွေ့သစ်တို့နှစ် ယောက်ကို မြင်လိုက်ရကာ မျက်နှာကွက်ခနဲ မျက်သွားရလေ သည်။

ဘယ်လိုလဲ။ လူတွေကြားထဲ ပူးပူးတွဲတွဲ၊ မီးခို ကိုင်ကိုင်နဲ့ ဒီလောက်တောင် ဖြစ်နေစရာလား။ နောက်ပြီး

www.foreverspace.com.mm



ကောင်မလေးဟာ မြင်သူငေးချင်စရာကောင်းလောက်အောင် လည်း ချောမောနေသေးတာ။

ကားမှန်တွေတင်၊ ယူစရာရှိတာယူပြီး ကားကို သော့ခတ်နေသေးသော ဂင်္ဂါက နွေ့သစ်တို့ကို တော်တော်နဲ့ မတွေ့ပါ။ ယမုံနာ့မှာ နွေ့သစ်နဲ့ ကောင်မလေး တစ်ယောက်ရဲ့ အဲဒီအနေအထားကြီးကို ဂင်္ဂါမြင်သွားမှာ စိုးရိမ်စွာ ခေါင်းတပူ ပူဖြစ်နေရလေသည်။

တကယ်ကျတော့ သူမလောက် ပတ်ဝန်းကျင် ကို စိတ်ပါဝင်စားမှုမရှိလှသည့် ဂင်္ဂါက နွေ့သစ်တို့ရှိရာသို့ လှမ်းလည်းမကြည့်ပါ။ သူ့ဘာသာ ကားပါကင်နေရာမှာရပ် ထားသည့် ကားတွေကိုသာ စိတ်ဝင်တစားကြည့်လျက် ဟိုငေး သည်ငေး ပါလာသည်မှာ နွေ့သစ်တို့အနားရောက်သည် အထိ။

"မုံမုံ…"

ယမုံနာတို့လျှောက်လာနေတာကို အဝေးက စောင့်ကြည့်နေသော နွေ့သစ်က ယမုံနာ့မျက်နှာအနေအထား ကို ကြည့်ပြီး အခြေအနေကို သဘောပေါက်လိုက်ပြီ။ ဟို ကောင်မ၊ ငစန္ဒမကတော့ အကြောင်းမသိစွာ ခုန်ပေါက်မတတ် ပျော်ရွှင်နေဆဲ။

"ကိုနွေ့…ရပ်ရင်ကြည့်ဖြစ်တယ် မဟုတ်လား…"

အနားကို အရင်ဆုံးရောက်လာသော ယမုံနာက

ကိုယ့်ရှေ့မှာ အားမနာနှစ်ယောက်တွဲကြီး ဖြစ်နေသော မြင်ကွင်းကြောင့် စိတ်ထဲခိုးလုခိုးလု ဖြစ်နေရသည့်ကြားထဲ ကိုယ့်ကို ရုပ်ပျက်ဆင်းပျက်နိုင်စွာ အကဲခတ်ကြည့်နေသော ကောင်မလေးရဲ့ ပုံစံကြောင့် အတော်ပဲ မနေတတ် မထိုင်တတ် ဖြစ်လာရလေပြီ။

ဘယ်လိုကောင်မလေးလဲ။ ကိုနေ့ကိုလည်း လက်တွဲထားသေးသည်။ သူမကိုလည်း ပြုံးပြုံးပြဲပြဲ အကဲခတ်နေသေးသည်ဆိုတော့ ဧကန္တ သူဟာ ယမုံနာ့ကို ဘယ်သူမှန်း မသိဘူးထင်သည်။

"ကြည့်ဖြစ်ပါတယ်...ဒါပေမယ့်...ဟိုလေ..."

"ဟာ...ကိုကိုကလည်း အရေးမကြီးတာတွေ ပြောမနေပါနဲ့...အရေးကြီးတဲ့ကိစ္စကို အရင်လုပ်...ညည ပြောထားတာလေ..."

ညည...။ နာမည်ကို ကြားလိုက်တော့မှ ယမုံနာက ထူထူပူပူနဲ့ မေ့လျော့နေမိသော ကိစ္စတစ်ခုကို ချက်ချင်း စဉ်းစားမိသွားသည်။

ဟုတ်ပေသား...။ နေ့သစ်မှာ ညည ဆိုသည့် ညီမလေးတစ်ယောက် ရှိတာပဲ။ သူ့အဘိုးအဘွားတွေရှိရာ တောင်ကြီးကို အလည်သွားနေသည်ဆိုသည့် ညညကို သူမတို့ သမီးရည်းစားသက်တမ်း ငါးလလောက်အတွင်း လူချင်းတစ်ကြိမ်မှမတွေ့ဖူးသော်လည်း နေ့သစ်ပါးစပ်က တဖွဖွပြော

www.foreverspace.com.mm



လွန်းလို့ နာမည်ကိုတော့ ရင်းနှီးပြီးသားပင်။

အခု သူမရှေ့က ကောင်မလေးဟာ နေ့သစ်ရဲ့ ချစ်လှစွာသော ညီမလေး 'ညနေခင်း' ဆိုတာပဲပေါ့။

တင်းကျပ်နေသော စိတ်တွေ ခဏတွင်းချင်းမှာပဲ လျော့ကျသွားတော့သည်။ ထိုအခါမှာ စောစောက အမြင်ကတ်စရာဖြစ်နေသော ကောင်မလေးရဲ့ပုံစံသည် ချစ်စရာလေးအဖြစ်သို့ ချက်ချင်းပြောင်းလဲသွားတော့သည်။

"ဟာ...ညည..."

နေ့သစ်က ညီမဖြစ်သူနဲ့ ယမုံနာ့ကို မိတ်ဆက်ပေးဖို့ပြင်လိုက်ချိန်မှာ အနားရောက်လာသည့် ဂင်္ဂါက တအံ့တသြ နှုတ်ဆက်လိုက်တာမို့ အကြောင်းမသိသေးသည့် နေ့သစ်နဲ့ ယမုံနာတို့မှာ နားမလည်နိုင်အောင် ဖြစ်ကုန်ကြရတော့သည်။

"နင်က ကိုနေ့ညီမကို သိနေတယ်...ဟုတ်လား..."

"ညညနဲ့ ဂင်္ဂါ ဘယ်လိုသိနေကြတာလဲ..."

"ဘယ်လိုမှ သိတာမဟုတ်ဘူး...ရိုးရိုးပဲ...ကိုနေ့သူငယ်ချင်းဖိနပ်ဆိုင်ဖွင့်ပွဲနေ့မှာ တွေ့တာ...ကျွန်တော့်ခေါင်းပေါ် ဖိနပ်ကြီး ဖြုတ်ချလို့ ..."

"အောင်မယ်...တမင်ဖြုတ်ချတာ မဟုတ်ပါဘူး ...မတော်တဆ ဖြစ်တာလို့ အကြိမ်ကြိမ် ပြောပြီးသားမို့လား..."

“ဟုတ်ပါတယ်…တမင်ဖြုတ်ချတာလို့လည်း မပြောရပါလား… ကျွန်တော်ပြောတာ ခင်ဗျားကြောင့် ဖိနပ်ကြီး ပြုတ်ကျလာပြီး… ကျွန်တော့်ခေါင်းကို ထိသွားတယ်…အဲဒါပဲ…”

“ကဲ…တော်ပါတော့ … ဘာတွေ ငြင်းနေကြတာလဲ”

ယမုံနာက နားငြီးလာကာ ကြားထဲက ဝင်အော်တော့မှ ငြင်းခုန်ပွဲ ဖြစ်လုဆဲဆဲ အခြေအနေက လွတ်မြောက်သွားတော့သည်။ ဒါတောင် ညနေခင်းက ဂင်္ဂါကို မျက်စောင်းတထိုးထိုး ရှိသေးလျက် ဂင်္ဂါကလည်း တမင်ဟန်လုပ်ထားရသော မျက်နှာပုပ်ကြီးနဲ့ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြဆဲ။

“မုံမုံနဲ့ မိတ်ဆက်ပေးရဦးမယ်…ဒါကိုယ့်ညီမလေး… ညနေခင်းတဲ့…မုံမုံ့အကြောင်း ပြောလိုက်မိလို့ တွေ့ချင်တယ်ဆိုပြီး … အတင်းကပ်လိုက်လာတာလေ… ညည…ဒါက ယမုံနာတဲ့ …”

“ကျွန်တော်က မုံမုံရဲ့မောင် ဂင်္ဂါပါ…”

နေ့သစ်ရဲ့ မိတ်ဆက်ပေးမှုထဲမှာ မပါဝင်လိုက်တာမို့ ဂင်္ဂါက မနေသာစွာ အတင်းပဲ ဝင်မိတ်ဆက်ပစ်လိုက်တာဖြစ်ပါသည်။ ယမုံနာက နှုတ်သွက်လျှာသွက် နိုင်နေသော ကိုယ့်မောင်ကိုယ် တံတောင်နဲ့တွတ်ပစ်လိုက်သော်လည်း ဂင်္ဂါရဲ့ မျက်နှာပြုံးဖြီးဖြီးက လျော့မသွားချေ။

www.foreverspace.com.mm



“မမမုံမုံ့အကြောင်းကိုလေ … ကိုကိုက ညည မသိအောင် ဖုံးထားတာ သိလား … မနေ့ကမှ ရုပ်ရှင်လက်မှတ်ဝယ်မယ်ဆိုတော့…ညညက အတင်းလိုက်ကြည့်ချင်တယ် ပူဆာမှ သူမတတ်နိုင်ဘဲ ဖွင့်ပြောရတာ”

“ဟုတ်လား…ညည အကြောင်းကိုတော့ ကိုနေ့ပြောပြောပြလို့ မုံမုံက သိပြီးသားပါ…အခု လူချင်းတွေ့မှ ညညက ပိုချစ်ဖို့ ကောင်းနေတာကိုး …”

“အဟဲ…တကယ်လား…အဲဒါဆို ရုပ်ရှင်ပြီးရင် မမမုံမုံတို့ကို ညည မုန့်လိုက်ကျွေးမယ် သိလား …”

“ကဲ…မိတ်ဆက်တဲ့ကိစ္စက ခဏထားစမ်းပါဦး…ဒီမှာ အရေးကြီးတဲ့ကိစ္စ ပြောပါရစေ…ဒီလိုကွာ မုံမုံရာ … လက်မှတ်က လေးစောင်တော့ရတယ် … ဒါပေမယ့် တစ်ဆက်တည်း မဟုတ်ဘူး … နှစ်ခုံတွဲသပ်သပ်စီပဲ ရတယ် …”

“ဟယ်တော် … အဲဒါ ဘယ်လိုလုပ်မလဲ …”

ယမုံနာကလည်း နေ့သစ်လိုပဲ ပူပူပင်ပင်တွေ ဖြစ်သွားရှာပါသည်။ ဂင်္ဂါကတော့ ထွက်ပေါ်လာနိုင်သော ဖြစ်နိုင်ချေတွေကို တွေးကာ စိတ်ထဲက ကျိတ်ပြီး သဘောကျနေလေသည်။

“ကိုယ်လည်း အဲဒါပဲ မစဉ်းစားတတ်ဘူးဖြစ်နေတာ… ကိုယ်တို့နှစ်ယောက်တွဲထိုင်မှလည်း ဖြစ်မယ် … အဲဒီ

လိုဆိုရင်လည်း ...''

အဲဒီလိုဆိုရင် ဂင်္ါနဲ့ ညနေခင်းကို အတူမေးထိုင်လို့ မဖြစ်မြန်ဘူးဟု ပြောဖို့ရည်ရွယ်ပြီးမှ ပြောမကောင်းတာကြောင့် စကားကို တို့လို့တန်းလန်း ရပ်ထားလိုက်ရပါသည်။

နေ့သစ် ဆက်မပြောတော့မယ့်လည်း သူဘာကိုပြောချင်သည်ဆိုသော သဘောပေါက်လိုက်သော ယမုံနှာ့ကိုလည်း ဒီပြဿနာကို ဖြေရှင်းရ ခပ်ခက်ခက်ပင်။

အမှန်အတိုင်း ပြောရမယ်ဆိုလျှင်တော့ သူမက ယောကျ်ားလေးဘက်ကမို့ နစ်နာစရာအကြောင်း မရှိမည့် အတူတူ ဂင်္ါနဲ့ ညနေခင်းကို အတူထိုင်စေလျှင်လည်း ကိစ္စမရှိပါ။ တစ်ခါတလေမှ ရုပ်ရှင်ကြည့်ဖို့လေး ချိန်းဖြစ်တာမို့ နေ့သစ်နဲ့အတူတူ ထိုင်ရမှဖြစ်တော့သည်။ အဲဒီလို မဟုတ်ဘဲ အခုမှ တွေ့ရသိရသော ယောက်မလောင်းနဲ့ အတူသာ ထိုင်ရမည်ဆိုလျှင် ဘယ်လိုမှ စိတ်ကြည်သာနိုင်မှာ မဟုတ်တော့။

ခက်နေတာက သူမရဲ့ သဘောထားကို အတိအလင်းဖွင့်ပြောပြဖို့ မဖြစ်နိုင်တာပင်။ စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်ရလျှင် ကိုယ်က ယောကျ်ားလေးရှင်မို့ အရှုံးမရှိတာနဲ့ပဲ မဆင်မခြင်ပြောသည် ဖြစ်ဦးတော့မှာ။ ဒီတော့ နေ့သစ်ဘက်က အစီအစဉ်ကိုသာ စောင့်ကြည့်ဖို့ ရှိတော့တာပေါ့။

''ဒီလိုလုပ်ပါလား...ကိုနေ့နဲ့ မုံမုံက အတူကြည့်လေ...ကျွန်တော်နဲ့ ညညနဲ့ အတူထိုင်လိုက်တာပေါ့...''



ဂင်္ါက အလိုက်မသိတတ်တာလား၊ တမင်တကာ မသိတတ်ဟန်ဆောင်တာလား မသိစွာ ဝင်ပြောလေသည်။ ဂင်္ါရဲ့စွတ်ခနဲပြောလိုက်သည့် စကားကြောင့် ယမုံနှာက ဟွဲခနဲ ဝင်ရောက်ဟန့်တားလိုက်ရသလို နေ့သစ်ရဲ့ မျက်နှာကလည်း ခပ်မျက်မျက် ဖြစ်သွားရပါသည်။

ဒီကိစ္စ သူမမှ ဝင်မဖြေရှင်းလျှင် မဖြစ်တော့ပြီဟု အတွေးပေါက်လိုက်သော ညနေခင်းက ရှေ့သို့ခြေတစ်လှမ်းတိုးကာ

''ဟုတ်တယ်... အဲဒီအစီအစဉ်ပဲ ကောင်းပါတယ်...ကိုကြီးနဲ့ မမမုံမုံက အတူမထိုင်လို့မှ မဖြစ်တာ...''

''ဟာ...ဒါပေမယ့်...''

''ဒါပေမယ့်နဲ့လေ ... ကိုကြီးဘာသာ အဆင်ပြေအောင် လုပ်မလာခဲ့မှတော့ ဒီလိုပဲဖြေရှင်းရဖို့ရှိတာပဲ...''

နေ့သစ်မှာ ရုပ်ရှင်ကို ဆက်ကြည့်ချင်စိတ် ကုန်ခမ်းသွားလောက်အောင်ကို စိတ်ရှုပ်သွားရပါသည်။ ရည်းစားနဲ့လည်း ရုပ်ရှင်အတူကြည့်ချင်၊ ကိုယ့်ညီမ နုနုထွတ်ထွတ်ကလေးကို ရွယ်တူကောင်လေးတစ်ယောက်နဲ့ အတူလည်း မေးမထိုင်စေချင်ပေ။ ကိုယ့်စိတ်ထဲ အဲဒီလို တွန့်တိုကတ်သတ်နေမိတာကို ယမုံနှာ့ကိုလည်း အသိပေးလို့ မဖြစ်သေး။ ကိုယ်ကဖြင့် သူများအစ်မကို ကြိုက်ထားပြီး ကိုယ့်ညီမကျတော့ ရုပ်ရှင်ရုံထဲမှာ ခုံချင်းကပ်လျက် မေးထိုင်ရမှာတောင်

တွန့်တိုနေသေးတာကို သိသွားလျှင် ယမုံနာက ဘယ်လိုနည်းနဲ့မှ ကျေနပ်မှာမဟုတ်။

အခုတောင် ယမုံနာက စိတ်တိုနေပါပြီ။ သူများ သမီးရည်းစား ရုပ်ရှင်ကြည့်မှာကိုလည်း ကန့်လန့်ကန့်လန့်လိုက်ပါလာသေးသည်။ နောက်ပြီး သူ့ကြောင့်ပဲ အခက်အခဲတွေ တွေ့နေရသေးသည်။ ကိုယ်လည်း ဘာမှဝင်ပြောခွင့်မရှိတာမို့ ညနေခင်းကိုတောင် သိပ်မကြည်လင်သလို ဖြစ်လာနေသည်။

ညနေခင်းက ဒီလောက်မဟုတ်ပါဘူးလေ။ သူ့ဘာသာ အလိုက်သိတတ်ကာ သပ်သပ်ထိုင်ဖို့ စီစဉ်ရှာတာပါ။ သူ့အစ်ကိုကသာ ညီမကို သည်းသည်းလှုပ်ဖြစ်နေတာ။

"ကဲ…ရုပ်ရှင်ချိန်တောင် နီးနေပြီ…ဒီနေ့ မကြည့်တော့ဘဲ နေလိုက်ကြမလား…"

"ဟာ…မဖြစ်ဘူး…ဒီလိုတော့ ဘယ်ဖြစ်မလဲ…ကြည့်ချင်လွန်းလို့ လာကြည့်ရတဲ့ဥစ္စာကို…"

ညနေခင်းက ခါးခါးသီးသီး ကန့်ကွက်သည်။ ယမုံနာကိုယ်တိုင်ကလည်း မကြည့်ချင်လို့ မဟုတ်ဘဲ လူနဲ့ဘီလူး ကမ်းကူးသလို တွဲဖက်လို့မရဖြစ်နေသည့် ပြဿနာကို အမြင်ကတ်လာလို့ တမင်တကာရွဲ့ပြောလိုက်တာ။

"ကဲပါ…ဘာမှ ပြောမနေနဲ့…ညည စီစဉ်တဲ့အတိုင်းလုပ်…တော်ကြာ ရုပ်ရှင်အစက မမီလိုက်ဘဲ ဖြစ်နေမယ်…အစလွတ်သွားရင် ကြည့်မကောင်းတော့ဘူး"

ပြောပြောဆိုဆို ညနေခင်းက ဦးဆောင်ကာ ရုံထဲဝင်ချသွားတော့တာမို့ နေ့သစ်လည်း တအင်းအင်း တအဲအဲနဲ့ နောက်က ပါရလေတော့သည်။



www.foreverspace.com.mm





www.foreverspace.com.mm

"ဟော့…လူကြီး…ရှင့်မှာစားစရာ ဘာပါသလဲ"

"ဗျာ… စားစရာ… ဘာပါရမှာလဲဗျ… ကျွန်တော်က မုန့်သည်မှ မဟုတ်တာ…"

"အာ…ဘာမှစားစရာမပါဘဲ ရုပ်ရှင်ကြည့်ရမှာ မခိုက်ပါဘူး…"

"မဆိုင်တာဘဲ…ရုပ်ရှင်ကြည့်ဖို့လာတာပဲဟာ…ရုပ်ရှင်ကြည့်ရ ပြီးရောပေါ့…အစားစားဖို့မှ မလိုတာ…"

ရုံထဲရောက်သည့်အချိန်မှာ ရုပ်ရှင်က စမပြသေးတာမို့ ညညက ဂျိဂျောင် စကျပါလေတော့သည်။

အရင်ထဲကလည်း တစ်နေ့ရာရာ သွားပြီဆိုလျှင် ဘေးမှာပါလာသည့်လူကို အမျိုးမျိုးမူဆာ ဂျိကျတတ်သော ညနေ့ခင်းရဲ့ထုံးစံပင်။ အဖေနဲ့အစ်ကို နောက်ပြီး အဘိုးအဘွားတွေ၊ သူငယ်ချင်းတွေထဲမှာ သူမရဲ့ ဂျိကျမှုကို မခံဖူးသူရယ်လို့မရှိ။

အခုလည်း ဂင်္ဂါကို တစိမ်းတစ်ယောက်ပါလား

လို့ ရှိုးတိုးရှန့်တန့်လည်း မရှိ။ အားနာပါးနာ ဖြစ်ဖို့လည်း သတိမရဘဲ သူဖြစ်ချင်တာကိုသာ တတွင်တွင်ရအောင် ပူဆာနေတော့တာ။

ဂင်္ဂါမှာ မဝယ်ပေးဘူးလို့ အပြီးအပြတ်ငြင်းပစ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တာမို့ ရှုံ့ရှုံ့မဲ့မဲ့နဲ့ပဲ အပြင်ပြန်ထွက်ကာ စားစရာတွေ ဝယ်ရပြန်သည်။

"မဆိုးဘူး… ရှင် တော်တယ် … နေကြာစေ့ရော… အချဉ်ထုပ်ရော…အာလူးကြော်ရော စုံအောင်ဝယ်လာနိုင်တာ ချီးကျူးတယ်…"

တမင်တကာ ရွဲ့ပြီး ဆိုင်မှာရှိသမျှ မုန့်ထုပ်တွေအားလုံး တစ်မျိုးတစ်ထုပ်နှုန်းနဲ့ ဝယ်လာတာကို အဟုတ်မှတ်ပြီး ညနေခင်းက ချီးကျူးနေလိုက်သေးသည်။

ရုပ်ရှင်စပြတာနှင့် ဝယ်လာသမျှ စားစရာတွေ တစ်ထုပ်ပြီးတစ်ထုပ် ဖောက်ကာ တဖျောင်းဖျောင်းစားတော့သည်။

ဂင်္ဂါက ရုပ်ရှင်ကြည့်မယ်ဆိုလျှင် ဇိမ်လေးနဲ့ စိတ်ဝင်တစား ကြည့်ချင်တာ။ ကိုယ့်ဘေးမှာ ကလေးငယ်ငယ်လေးတွေတို့၊ စကားတတွတ်တွတ် ပြောမည့်စုံတွဲတို့ရှိနေလျှင်တောင် အာရုံပျက်သည် ထင်ကာ သိပ်ကြိုက်တတ်တာမဟုတ်။

အခုတော့ ကမ္ဘာ့အလှုပ်လှုပ်အရွရွ အနိုင်ဆုံး ဆူညံပူညံအလုပ်ဆုံး လူသားတစ်ယောက်ကို ဘေးမှာထားပြီး ရုပ်ရှင်ကြည့်နေရတော့တာ။



တစ်ချိန်လုံး နေကြာစေ့ကိုက်ခွဲသံ တဖျောက်ဖျောက်ကိုသာ ကြားနေရပြီး၊ အဲဒီအသံက စိတ်ကိုအနှောင့်အယှက်ပေးလှသည်။ တချို့အခန်းတွေမှာ ရယ်စရာမဟုတ်ပါဘဲ တစ်ယောက်တည်း အသံကျယ်ကြီးနဲ့ ထ ထရယ်တတ်ပြန်တာကြောင့် ဘေးလူတွေက လှည့်ကြည့်သည့်အခါ ဂင်္ဂါပါ အဆစ်ပါရပြန်လေသည်။

ဇာတ်လမ်းရဲ့ တကယ့်ကောင်းကွက်၊ အသားပါသည့် အရေးကြီးဇာတ်ကွက်တွေမှာလည်း နေကြာစေ့ခွဲသံ၊ အာလူးကြော်ဝါးသံ၊ ဇီးထုပ်ကစပ်လို့ တရှီးရှီး တရှားရှားအော်သံက မပျက်မကွက် ထွက်လာနေတာပဲ ဖြစ်လေသောအခါ ဒီကောင်မလေး ရုပ်ရှင်ကို စိတ်ပါလက်ပါ ကြည့်နေတာမဟုတ်ဘူးဟု ဂင်္ဂါက သဘောပေါက်လာသည်။

သူမ စိတ်မပါတာက အရေးမကြီး၊ ဘေးမှာထိုင်ပြီး စိတ်ပါလက်ပါ ကြည့်မည့်သူကို အနှောင့်အယှက်ပေးတာကတော့ အတော်ဆိုးဝါးသည်။ ဒါကို သတိမပေးဘဲနေလို့တော့မဖြစ်တော့ချေ။

"ရှင်ကြီးကလည်း ညံ့လိုက်တာနော်…ဆီးထုပ်အစပ်စာတွေဝယ်လာပြီး‥ ရေသန့်ဘူးလေးတစ်ဘူးလောက်တောင် ဝယ်မလာဘူး…"

ကဲကြည့်…။ ကိုယ်က သူ့ကို အပြစ်တင်မည်ကြံကာရှိသေး၊ သူ့ထံက အပြစ်တင်သံက အရင်ထွက်လာပြီ။

"ဘာလဲဗျာ…ကိုယ့်ဘာသာ စားချင်သောက်ချင်တာ

www.foreverspace.com.mm

ရှိလည်း ကိုယ့်သဘောကျ ထွက်ဝယ်ပါလား…သူများကို ခိုင်းလို့ကတော့ စိတ်တိုင်းကျ ဖြစ်မှာမဟုတ်ဘူး… နေပါဦး …အခုလို …အစားတွေ တစွပ်စွပ်စားနေဖို့အတွက်ဆိုရင်တော့ ဒီရုပ်ရှင်ရုံထဲအထိ အပင်ပန်းခံပြီး လာထိုင်ဖို့မလိုပါဘူး…"

"ရှူး…စကားသိပ်မပြောနဲ့လေ…အာရုံပျက်တယ်"

အောင်မယ်…။ အခုလိုကျတော့လည်း သူကပဲ တပြန်တစီးတားမြစ်နေပြန်သေး။ ဒီကောင်မလေးဟာလေ ရုပ်ကလေးက ကလေးအရုပ်လေးလို ချစ်စရာကောင်းမနေလျှင် တော်တော်သည်းမခံချင်စရာ ကောင်းနေလောက်ပြီ။

အခုတော့ ဘေးတစောင်းအနေအထားနဲ့ မြင်နေရသော သူမရဲ့ ပါးဖောင်းဖောင်း နှာတံလုံးလုံး၊ မျက်တောင်ကော့ကော့လေးတွေကို ကြည့်ပြီး ဂင်္ဂါမှာ အပြစ်မတင်ရက်တော့ပြန်။

"မုန့်တွေ တစွပ်စွပ်စားနေတာကျတော့ အာရုံမပျက်ဘူး…ဟုတ်လား…"

"ရုပ်ရှင်ကြည့်တာက မျက်လုံးက ကြည့်တာ…အစားစားတာက ပါးစပ်က စားတော… တခြားစီပဲ…"

"ဒါဆို…စကားပြောတာလည်း ပါးစပ်က ပြောတာပဲလေ…"

"အိုး…အဲဒီလို ကပ်မပြောနဲ့လေ…စကားက ပါးစပ်က ပြောတာပေမယ့် နားထောင်ရတာက နားနဲ့လေ… ရုပ်ရှင်ထဲက စကားတွေ နားထောင်နေတဲ့အချိန်

www.foreverspace.com.mm



မှာ ရှင့်စကားသံကြီး ဘယ်လိုလုပ်တစ်ပြိုင်တည်း နားထောင်နိုင်မှာလဲ…"

အဲ…သူ့အကြောင်းပြချက်နဲ့သူတော့ ဟုတ်နေသား။ ဂင်္ဂါမှာ ကိုယ့်ဘက်က ရှုံးမည့်အရိပ်နိမိတ်မြင်တာမို့ ဆက်မပြောသာတော့ချေ။

"နေဦး…ရှင်ဝယ်လာတဲ့အထဲမှာ ချောကလက်လား…သကြားလုံးလား မသိ…တွေ့လိုက်ပါတယ်…ရှာပေးပါလား…"

"ဟာ…"

တကယ့်အကွက်ကောင်း။ အိမ်ထောင်ကျနေပြီဖြစ်သည့် ထွန်းအိန္ဒြာဗိုလ်က ဒွေးကို သူ့မိသားစုကို လာမနှောင့်ယှက်ဖို့ ပြောနေသည့် အဓိကအခန်းကြီးကျကာမှ ကောင်မလေးကလက်ထဲ မုန့်အိတ်ကြီးအတင်းထိုးပေးကာ သကြားလုံး ရှာပေးပါတဲ့။

"ခဏနေဦးကွာ…ဒီမှာ ကြည့်ကောင်းနေတာ…"

"စပ်တာက သေတော့မယ်…မရဘူး… မြန်မြန်ရှာပေး…"

ဘာထူးတော့မှာလဲ။ သကြားလုံးရှာပေးနေရရင် ရုပ်ရှင်ကြည့်ဖို့ အာရုံပျက်သွားမှာစိုးပေမယ့် အခုအတိုင်းကျတော့လည်း အာရုံမပျက်တာကျလို့။ သကြားလုံး ရှာမပေးမချင်း ကိုယ့်ရှေ့ မုန့်အိတ်ကြီးထိုးပေးကာ အတင်းကာရောခိုင်းနေလေတော့ ရုပ်ရှင်ထဲ ဘယ်လိုမှ အာရုံစိုက်လို့မှမရတော့တာ။

နောက်ဆုံးတော့ မြန်မြန်ပြီး အေးရော သဘောနှင့် မုန့်အိတ်ကို ယူကာ သကြားလုံးရှာပေးလိုက်ရပါသည်။

အချဉ်ထုပ်၊ အာလူးကြော်ထုပ်၊ ငါးမုန့်ကြော်ထုပ်၊ နိုင်ငံခြားဖြစ် စနက်(ခ်)မုန့်ထုပ်တွေအားလုံးရဲ့အောက်ဘက်မှာမှ ကတ်သီးကတ်သတ် ရောက်နေသော သကြားလုံးအိတ်ကို နောက်ဆုံးမှ ရှာတွေ့တာမို့ သူမလက်ထဲ သကြားလုံး ပေးလိုက်နိုင်ချိန်မှာ သူ ကြည့်ချင်သော ဇာတ်ကွက်က ပြီးဆုံးသွားပြီ။

“ကျွတ်…ကလေးပေါက်စလေးနဲ့ ရုပ်ရှင်အတူကြည့်ရရင်တောင် ဒီလောက်အလုပ်ရှုပ်မှာ မဟုတ်ဘူးကွာ”

“မညည်းပါနဲ့…ရှင့်အစ်မ မြန်ကြားရင် ညညကို လူဆိုးထင်နေဦးမယ်…”

“မဟုတ်ဘူးလား…လူဆိုး…”

“မဟုတ်ပါဘူး…ညညက လိမ္မာပါတယ်…”

ဆံပင်လေး ဝဲခနဲခါသွားအောင် သူ့ဘက်လှည့်ကြည့်ကာ ပြုံးပြလိုက်ပုံလေးက ချစ်စရာကောင်းလှ၍ ဂင်္ဂါမှာ ညနေခင်းကို စိတ်စိုးဖို့ပင် သတိမရနိုင်တော့ဘဲ ပါးစပ်အဖြဲသားနဲ့ တဟီးဟီး သဘောကျသွားရလေတော့သည်။

“ရှင်ကြီးကမဆိုးဘူး သိလား…သဘောလည်း ကောင်းတယ်…စိတ်လည်းရှည်တယ် … ညည သူငယ်ချင်းတော်လို့ရပြီ…ဘယ်လိုလဲ…ရှင်နဲ့ညည သူငယ်ချင်းဖွဲ့မလား…”

“အင်း…ဖွဲ့တာပေါ့…”

www.foreverspace.com.mm



ရုပ်ရှင်ကို နောက်တစ်ခေါက်ပဲ ထပ်ကြည့်လိုက်တော့မည်လို့ ဂင်္ဂါက ဆုံးဖြတ်လိုက်ပါသည်။ ရုပ်ရှင်က ဒီရုံက ဆင်းလျှင် တခြားရုံတွေ လိုက်ကြည့်လို့ရသေးသည်။ ရန်ကုန်မှာပြပြီးသွားလျှင်တောင် နယ်အထိ လိုက်ကြည့်နိုင်သေးသည်။ ညနေခင်းနဲ့ နှစ်ယောက်တည်း တွေ့ခွင့်ကတော့ ဒီတစ်ကြိမ်ပြီးလျှင် နောက်ထပ်ရချင်မှ ရတော့မှာလေ။ အဲဒီတော့ တခြားကိစ္စတွေ အာရုံဖြတ်၊ ညနေခင်းကိုပဲ အပြည့်အဝ ဂရုစိုက်တော့မည်လေ။

www.foreverspace.com.mm



ခုထက်ထိ တစ်နေရာရာမှာ အနည်ကျငြိမ်သက် နေနိုင်ခြင်း မရှိသေးဘဲ ဟိုသွားလိုက်၊ ဒီသွားလိုက်၊ တလူပ်လူပ်တရွရွ ဖြစ်နေသော ဖေဖေ့ကိုကြည့်ကာ ညညက အသည်းယားလှပြီ။

ဒီနေ့ ဂင်္ဂါက ဖုန်းဆက်မည်လို့ ချိန်းထားတာ။ ကိုကိုလည်း အိမ်မှာမရှိခိုက်မို့ လွတ်လွတ်လပ်လပ် စကားပြောရမှာပဲလို့ အားခဲထားကာမှ ဖေဖေကတစ်မျိုး။

ဖေဖေ့အနေအထားက ဖုန်းလာလျှင် ချက်ချင်းကောက်ကိုင်လို့ ရလောက်အောင် ဖုန်းနဲ့နီးနီးနားနားမှာရှိနေသည်။ အကယ်၍ ဂင်္ဂါဆီက ဖုန်းလာလျှင် ညညက ဖုန်းကိုင်ဖို့ ထိုင်ရာက ထလိုက်စဉ်မှာပဲ ဖေဖေက လက်တဆန့်တည်းနှင့် ဖုန်းကိုကောက်ကိုင်လိုက်နိုင်မှာပဲ။

ဖေဖေ ဖုန်းကိုင်ဖြစ်သွားပြီဆိုလျှင်လည်း ဘယ်သူဘယ်ဝါလဲ၊ ဘာကိစ္စလဲဆိုတာ စုံစမ်းတော့မှာ။ ညညမှာ ယောကျ်ားလေးသူငယ်ချင်းနှစ်ယောက် သုံးယောက်တော့ ရှိ

ပါသည်။ ဒါပေမယ့် သူတို့တွေရဲ့ အသံကို ဖေဖေက မှတ်မိနေပြီးသားမို့ သူတို့တွေပါလို့ လိမ်ညာပြောလို့လည်း မရနိုင်။

ဟင်း… စိတ်တောင်ရှုပ်ပါရဲ့။ ကိုယ့်ကရိုးရိုးသားသား စကားပြောမှာကို ဖေဖေက မယုံသင်္ကာလိုလိုကြီး စုံစမ်းစပ်စုဦးမည်။ သူ့သမီးကို တွန့်တိုကပ်စေးနှည်းလွန်းသော ဖေဖေဟာ တစိမ်းယောကျ်ားလေးတစ်ယောက်က ညညထံ ဖုန်းဆက်သည့်အဖြစ်ကို ပြီးပြီးပျောက်ပျောက် ပေါ့ပေါ့တန်တန် သဘောထားလေမှာ မဟုတ်ပါ။

"ကလင်…"

ဟော…။ ထင်သည့်အတိုင်း ဖုန်းမြည်လာပြီ။ ဖေဖေတို့များ တမင်အကြောင်းသိကာ ကြိုစောင့်နေတာလားလို့တောင် ထင်ရသည်။ ဖုန်းမြည်သံ ပထမတစ်ချက်ကလင်ခနဲ ဆုံးအောင်တောင် မြည်ခွင့်မရ၊ ကတ်ခနဲမြည်လိုက်ရုံနဲ့တင် ဖုန်းကိုကောက်ကိုင်ပြီးသား ဖြစ်နေပြီ။

သွားပါပြီ။ ဂဂ်ါနဲ့ ဖေဖေကတော့ တိုးကြပါပြီ။ ညည က စိတ်ရှုပ်စွာနဲ့ အခြေအနေကို အကဲခတ်နေဆဲ။

"ခင်ဗျာ…အာ…မဟုတ်ဘူး…ဒါ ရဲစခန်းမဟုတ်ဘူး‥ လူနေတဲ့အိမ်…ခင်ဗျား ဖုန်းမှားနေပြီ…"

"ဒွိ…"

ဖုန်းခွက်ကို ဆောင့်ခနဲပစ်ချလိုက်သော ဖေဖေ့ကို ကြည့်ကာ ညနေခင်းက ကျိတ်ရယ်လိုက်မိသည်။ ကောင်လေစွ၊ ဖုန်းအမှားနဲ့ တည့်တည့်တိုးသွားသော ဖေဖေ့မျက်နှာ မှုပ်သိုးသိုးကြီးဖြစ်သွားတာ ရယ်ချင်ဖွယ်ကောင်းလိုက်တာ။

www.foreverspace.com.mm



"သမီး…ဖေဖေ အိမ်သာတက်လိုက်ဦးမယ်…"

"ကောင်းတယ် ဖေဖေ…"

"ဟေ…ဘာကောင်းတာလဲ…"

စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားကာ၊ ပါးစပ်က လွှတ်ခနဲ ပြောလိုက်မိသည့် ညညမှာ ဇက်ကလေးအသာပု သွားရပါသည်။

"ဟို … ဖေဖေကလည်း အိမ်သာသွားတယ်ဆိုတာ ကောင်းတာပေါ့ … ဆီးဝမ်းသွေးလေ ဤလေးတွေ ဓာတ်တွေမှန်မှ ကျန်းမာကြ… ဆိုတာ ကြော်ငြာထဲမှာတောင်ပါသေး … ဝမ်းမှန်မှန်သွားတော့ အမူအမှုပ်ကင်းစင်ပြီး… ကျန်းမာရေးနဲ့ ညီညွတ်တယ်လေ … ပြီးတော့ ဖေဖေက အသက်လည်းကြီးပြီ … ဝမ်းမမှန်လို့ ဝမ်းချုပ်ရင် အီးတစ်ခါပါဖို့အားသုံးရတာနဲ့… လိပ်ခေါင်းတွေ ဘာတွေ ဖြစ်လာနိုင်တယ်လေ… ဒီတော့ အိမ်သာမှန်မှန်တတ်နိုင်တာ မကောင်းဘူးလား…"

ညညမှာ ကိုယ့်စကားအမှားကို ဖာထေးဖို့အတွက် တော်တော်ကြီးကို ကြိုးစားပမ်းစား ဖြေရှင်းလိုက်ရပါသည်။

ဒါတောင် ဖေဖေက သိပ်ကျေလည်ချင်သေးတာမဟုတ်။ ထစ်ခနဲရှိ ချက်ဆို နားခွက်က မီးတောက်တတ်သည့် ဖေဖေက ညညကို မသင်္ကာသလို ကြည့်ကာ ထွက်သွားလေသည်။

အောင်မယ်…ဒီတစ်ခါတော့ ညည ကံကောင်း

သွားသည်မှာ ဖေဖေ ထွက်သွားပြီး အိမ်သာထဲရောက်လောက်ချိန်ကျမှ ဖုန်းက မြည်လာတာပင်။

“ဟယ်လို… အမိန့်ရှိပါ…”

“ညညလား… ကျွန်တော်ပါ… ဂင်္ဂါပါ…”

“အောင်မယ်လေး… တော်ပါသေးရဲ့… အခုမှ ဆက်ပေလို့…”

“ဘာလဲ…ဘာဖြစ်နေလို့လဲ…”

“ခုန ဖေဖေက ဖုန်းနားထိုင်နေတာ ကိုဂါရဲ့… ဖုန်းလာလို့ကတော့ ဖေဖေနဲ့ မိပြီဆိုပြီး ရင်ထိတ်နေတာ…”

“ဘာလို့လဲ… ညညဖေဖေက ညညဆီ ဖုန်းလာတာကို မကြိုက်ဘူးလား…”

“အင်းပေါ့…သူငယ်ချင်းယောကျ်ားလေးနှစ်ယောက်သုံးယောက်ကတော့ ဆက်နေကျမို့ ဖေဖေက မပြောပါဘူး…တခြားလူကတော့ ဘယ်သူမှ မဆက်ဖူးတော့ စစ်လား…ဆေးလား…လုပ်နေတော့မှာ…”

“အမှန်အတိုင်း ပြောလိုက်ပေါ့ကွာ…”

သူ့အလှည့်ကျ တယ်သိတတ်နေပါလား…။ ကိုကြီး မမုံမုံ့ဆီ ဆက်သည့်အခါတွေမှာ သူတို့အဖေကြီးနဲ့ တန်းတိုးလို့ ကိုယ့်ရည်းစားနာမည်ကို မခေါ်ရဲဘဲ ဂင်္ဂါကိုသာ ခေါ်ရတာများ ညညက သိပြီးသား။

“ကိုကြီး ဖုန်းဆက်တဲ့အခါရော…ကိုဂါ့ အဖေကြီးက မမမုံမုံ့ကို ခေါ်ပေးလို့လား…”

“ဟာ…အဲဒါ ဘာဆိုင်လို့လဲ…ကိုနေ့နဲ့ မုံမုံက သမီး

www.foreverspace.com.mm



ရည်းစားတွေလေ … ကိုယ်တို့က သူငယ်ချင်းတွေပဲဟာ…”

သူ ပြောလိုက်တော့လည်း ညညမှာ ဖြေရှင်းရခက်ပြန်ရော။ သူနဲ့ညည ဘာမှမဟုတ်လေတော့ တစ်မျိုးတမည် ထင်သည်ဆိုရင်ပဲ ဖေဖေ့မှာ အပြစ်ရှိသလို ဖြစ်ဦးတော့မည်။

“သူငယ်ချင်းပေမယ့်လည်း အခုမှ ကောက်ပေါ်လာတဲ့ သူငယ်ချင်းကို ဘယ်အဖေကမှတော့ သဘောကျမှာ မဟုတ်ဘူး…”

“ကဲပါကွာ…အဲဒါတွေထားပါ… ကိုယ် ညညကို ပြောစရာရှိလို့ …”

“အင်း…ပြောလေ…”

“ညညက ဘာနေ့သမီးလဲ…အင်္ဂါလား…”

“ဟင့်အင်း… စနေသမီး… ညညနာမည်က နေ့သင့်နံသင့် မှည့်တာမဟုတ်ဘူး… ညနေဘက်မှာ မွေးလို့ ညနေခင်းလို့ မှည့်လိုက်တာ… ဘာဖြစ်လို့လဲ…”

“ဘာမှမဟုတ်ဘူး… ကိုယ် ဗေဒင်တွက်ထားတာကို ပြောပြမလို့…”

“ဟယ်…ဗေဒင်..”

ဗေဒင်ဆိုတာနဲ့ တက်တက်ကြွကြွ စိတ်ဝင်တစားဖြစ်သွားတော့တာဟာ တကယ့်ကို မိန်းကလေးပီသကြောင်းပြတာပဲ။

ဂင်္ဂါက ပြုံးလိုက်မိသည်။ မိန်းကလေး တစ်

ယောက်ထံက ကိုယ်လိုချင်တာတစ်ခုကို ရအောင်ဆွဲဆောင် စည်းရုံးဖို့ အကောင်းဆုံးသော နည်းလမ်းအား 'ဗေဒင်' ပဲ ဆိုတာကို ပါးနပ်သော ယောကျ်ားလေးတစ်ယောက်ပီပီ သူက သိနေသည်ပဲ။

"ကိုဂါက ဗေဒင်တွက်တတ်လို့လား…မလိမ်နဲ့နော်… ကိုကြီးကို မေးကြည့်မှာ…"

"ကိုနေ့ကို မေးကြည့်တော့ ဘာသိမှာလဲ … သူက ယောကျ်ားချင်း ကိုယ့်အကြောင်း စိတ်ဝင်စားမလား ကွ…ကိုယ့်ကိုလည်း ကိုနေ့ဗေဒင်တွက်တတ်သလား မေးရင်… သိမှာ မဟုတ်ဘူး…"

"ဟွန်း… ယောကျ်ားတွေက အဲဒါမကောင်းတာ … သူတို့အာရုံထဲမှာ ကောင်မလေးတွေအကြောင်းပဲ ရှိတယ်…"

"ကောင်မလေးတွေကျတော့ရော…"

"ကောင်မလေးတွေက ယောကျ်ားလေးတွေကို စိတ်ဝင်စားသလို… မိန်းကလေးအချင်းချင်းလည်း စိတ်ဝင်စားတာပဲ… မျှမျှတတရှိတယ်…"

"အဲဒါ စပ်စုလွန်းတာ…"

"မဟုတ်ဘူး… သမာသမက်ကျတာ…"

"ကဲပါကွာ…အရေးမပါတာတွေ ငြင်းနေတာနဲ့ တစ်ပွဲက မပြတ်တော့ဘူး… ကိုယ့်ဗေဒင်အကြောင်းလေး လည်း နားထောင်ပါဦး…"

"အင်းပါ…နားထောင်မှာ…ပြော…"

www.foreverspace.com.mm



"ညညကို ဗေဒင်တွက်ကြည့်လိုက်တဲ့အခါ မကောင်း ဆိုးဝါးနက္ခတ်ပူးနေတာ တွေ့ရတယ်…"

"ဟင်…အဲဒါ ဘာပြောတာလဲ… သရဲခြောက်ခံရမယ် လို့ ပြောတာလားဟင်…"

"မဟုတ်ပါဘူး…မကောင်းဆိုးဝါးဆိုတာ တင်စားတာ ကွာ… ပြောရရင်တော့ အဖျက်အဆီးရှိတယ် … လုပ် သမျှ ကြံသမျှ မအောင်မြင်ဘူး … ကိုယ့်ကိုမကောင်း ကြံမယ့် အနှောင့်အယှက်ပေးမယ့်သူ ရှိတယ်ပေါ့…"

"တကယ်…"

အင်း…။ ကောင်မလေးတော့ ယုံလာပြီ။ ဆက် ပြောမှ…။

"ဟုတ်တယ်…တစ်နည်းအားဖြင့် ပြောရရင်တော့ ကံ နိမ့်နေတယ်ပေါ့ကွာ…အဲဒါ ကံမြင့်ပြီး လာဘ်ပွင့်လာ အောင်…ယတြာချေမှဖြစ်မယ်…"

"ယတြာ…ဟုတ်လား… ကိုဂါက အဲဒီလောက်အထိ ဖြစ်လား…"

"ဒါပေါ့ကွာ … ဗေဒင် သင်တယ်ဆိုမှတော့ ယတြာ လည်း အကြွမ်းဖျဉ်းတော့ သင်ထားရတာပေါ့…"

"အဲဒါဆို ပြောပါဦး…"

ညညက ကိုယ်ထင်တာထက်တောင်မှ တက် တက်ကြွကြွ ဖြစ်နေသေးတာမို့ ဂဂ်ါက သဘောတွေကျနေရ သည်။

"ယတြာက လွယ်လွယ်လေး… ငါးကျပ်တန်အရွက်

နှစ်ဆယ်ကို လမ်းဆုံလမ်းခွတွေမှာ ဘယ်သူမှမမြင်အောင် ပုံ့သကူလိုက်ပစ်ရမယ် ... အဲဒါပဲ ...”

“အဲဒါတင်ပဲ...”

“ဟုတ်တယ်...”

“ငါးကျပ်တန်အရွက်နှစ်ဆယ်ဆိုတော့ တစ်ရာဖိုးပေါ့”

အရေးထဲ မမက ကပ်စေနည်းနေရသေးသည်။ ဒီလိုမှန်းသိ ငါးကျပ်တန်လို့မပြောဘဲ ငါးဆယ်တန်လို့ပြောလိုက်ပါတယ်ဗျာ။ မှတ်လောက်သားလောက်ရှိသွားအောင်။

“ယတြာက လွယ်သားပဲ...”

“ဒါပေမယ့် တစ်ခုရှိတယ်နော်...ပိုက်ဆံတွေ ပုံ့သကူလိုက်ပစ်ရမယ့်အချိန်က မနက်ခုနှာရီ မကျော်စေရဘူး... နောက်ပြီး အဲဒီလို လိုက်ပစ်တာကို တခြားဘယ်သူမှ မသိစေရဘူး ...”

“ဟင် ... အဲဒါတော့ နည်းနည်းခက်သွားသလိုပဲ... မနက်ခုနစ်နာရီမတိုင်ခင်ဆိုတော့ အစောကြီးဖြစ်နေမှာပေါ့...အဲဒီလောက် အစောကြီး အိမ်က ဘယ်လိုထွက်မလဲ...”

“ဒါကတော့ ကိုယ့်ဘာသာ ကြံစည်ပေါ့ကွာ...ဗေဒင်ဆရာလည်း အဲဒီလောက်တော့ ဘယ်သိတော့မှာလဲ”

“ထားပါ...ဒါက ကြီးကြီးအေးနဲ့ လိုက်ခဲ့ရင်ရမယ်... လမ်းဆုံလမ်းခွတွေမှာ ဝင်ပြီးပစ်ချခဲ့တာပေါ့...”

“အာ... နေဦး... တစ်ခုလိုသွားတာ ရှိသေးတယ်... ပိုက်ဆံတစ်ရွက်စီကို လိုက်ပစ်တဲ့နေရာဟာ ရပ်ကွက်

www.foreverspace.com.mm



တစ်ခုတည်း မဖြစ်ရဘူး...နီးနီးနားနား မဟုတ်ရဘူး... ဆိုလိုတာက လမ်းကြောတစ်ခုတည်းမှာတင် အားလုံးပစ်ချထားခဲ့လို့ မရဘူး... လှည်းတန်းဈေးမှာ တစ်ရွက်ချမယ်ဆိုရင် ... နောက်တစ်ရွက်ကို မြည်လမ်း ... နောက်တစ်ရွက်က အင်းယားလမ်း... အဲဒီလိုပစ်ရမှာ”

“ဟင်... ခက်ပြန်ပြီ... အဲဒါမျိုးတော့ ဘယ်လိုလုပ်ဖြစ်မှာလဲ... နေရာနှစ်ဆယ်တောင် သွားရမှာ... မနက်ခုနစ်နာရီ မကျော်စေရဆိုတော့ ကားနဲ့သွားရမှာပေါ့... ညညက ကားကောင်းကောင်း မမောင်းတတ်ဘူးရှင့်... ကိုကြီးကို ခေါ်လို့ရမလား...”

“မရဘူး...”

“မြတ်စွာဘုရား...အဲဒါဆို ဘယ်လိုလုပ်ရမှာတုန်း... ကိုကြီးမှ လိုက်မပို့ရင် ညညက သွားလို့မရဘူး...”

“ဒါတော့ မတတ်နိုင်ဘူးကွာ...ဗေဒင်ဆရာက ယတြာပေးပြီးပြီပဲ ... အကောင်အထည်ဖော်ဖို့ကတော့ ကာယံရှင်ရဲ့ တာဝန်လေ ...”

“အင်း... အဲဒါဆို ကိုဂါရော လိုက်ပို့လို့ရလား...”

ဟဲ...ဟဲ...ဒါပဲ။ ဒါ သူလိုချင်လို့ ခွင်ဆင်ထားသည့်အကွက်ပဲ။ ကောင်မလေးဟာ နောက်ဆုံးတော့ သူ့ခွင်ထဲကို ဖိတ်ခေါ်စရာတောင် မလိုဘဲ ကွိခနဲရောက်လာရပြီ။

“အင်း... ဘယ်သူမှ မသိစေရဘူးလို့တော့ ယတြာမှာထွက်နေတာပဲ... ဒါပေမယ့် ကိုယ်က ယတြာပေးတဲ့လူဆိုတော့ အဲဒီသတ်မှတ်ချက်နဲ့ မဆိုင်ဘူးလည်း ဖြစ်

ချင်ဖြစ်မှာပေါ့ . . .”

“မဆိုင်ဘူးပဲထားလိုက်ပါ . . .မနက်ဖြန်မနက်ကျ ညညဘာလုပ်မယ်ဆိုတာ ကိုဂါ သိနေတာပဲ . . . လိုက်ပို့ပေးပါနော် . . . ကိုဂါမှ မပို့ပေးရင် အဲဒီယတြာက ဖြစ်မြောက်မှာ မဟုတ်တော့ဘူး . . .”

“အင်း . . . ဆံထုံးလည်း ထုံးပေးရသေး . . . ဆီလည်းစိုက်ရသေးဆိုတာ . . . ဒါပဲဖြစ်မယ်ထင်တယ် . . . အင်းပါလေ . . . ကိုယ့်ယတြာ အထမြောက်သွားအောင်တော့ ကိုယ်ပဲ ကူညီရတော့မှာပေါ့ . . .”

အမှန်တော့ ညညကသာ ယတြာချေဖို့ စိတ်မဝင်စား၊ အင်တင်တင် လုပ်နေမည်ဆိုလျှင် ဂါ်ါက အတင်းတိုက်တွန်းကာ သူပဲလိုက်ပို့ခွင့်ရဖို့ တောင်းဆိုမှာပါ။

အခုတော့ ဂါ်ါတို့ အဆင်ပြေချောမွေ့နေပုံက ညနေခင်းကိုယ်တိုင်က ယတြာကို အရမ်းစိတ်ဝင်စားနေယုံသာမက၊ ယတြာချေဖို့ကိစ္စမှာ လိုက်ပါကူညီရအောင် ဂါ်ါကို အတင်းအကူအညီ တောင်းနေရပြီ။

အဲဒီလိုဆိုတော့ ဂါ်ါတို့က အနည်းငယ် ဟန်ဆောင်မန်ဆောင်လေး အင်တင်တင်လုပ်ကြည့်ခွင့်ရသွားတာပေါ့။

“ဟော . . . ဖေဖေ အိမ်သာထဲက ထွက်လာပြီထင်တယ် . . . တံခါးသံကြားတယ် . . . ဖုန်းချလိုက်တော့မယ်နော် . . . မနက်ဖြန် မနက်ခြောက်နာရီလောက် လှည်းတန်းဈေးထိပ်က စောင့်နေနော် . . . ဆက်ဆက်နော်”

www.foreverspace.com.mm



သူ့စရိုက်နဲ့ သူစားကာ ကိုယ့်ကိုအတင်းချိန်းပြီး ညနေခင်းက ဖုန်းချသွားလျှင် ဂါ်ါက နှစ်နှစ်ခြိုက်ခြိုက် ပြုံးရင်းကျန်ခဲ့တော့သည်။

www.foreverspace.com.mm

ခေါင်းတွေလည်း မူလုပြီ၊ ဆံပင်တွေလည်း ကုတ်ဖွထိုးခြစ်ကာ ခံရလွန်းလို့ အချောင်းချောင်းကျွတ်ကုန်ပြီ။ ခုထက်ထိ အကြံဉာဏ်က ထွက်မလာသေး။

ဂင်္ဂါက ဘာတွေများ ကြီးကြီးကျယ်ကျယ် ကြံစည်နေပါသနည်းဟူသော် ညညကို ရည်းစားစကားပြောဖို့ ဘယ်လိုများ ဆန်းသစ်တီထွင်သော နည်းလမ်းကို သုံးရပါ့မလဲရယ်လို့ပင်။

သူ့ရဲ့ ပေါက်ကရ ယတြာကို လိုက်ချေကြသည့်နေ့ရဲ့ နောက်ပိုင်း ဂင်္ဂါနဲ့ ညနေခင်းတို့နှစ်ယောက်ကြားမှာ တိတ်တဆိတ် ဆက်သွယ်မှုလေးတွေ များလာခဲ့တာ။

သူတို့နှစ်ယောက်ကြားက ဆက်သွယ်မှုကို ဂင်္ဂါရဲ့ တောင်းဆိုချက်နဲ့ နွေသစ်ကိုတောင် ပေးမသိခဲ့ကြချေ။ နွေသစ်ထံ ပြန်ပြီးသတင်းပေါက်ကြားသွားမှာစိုးလို့ ဂင်္ဂါက ယမုံနာ့ကိုလည်း ပေးမသိချေ။

အစ်ကိုနဲ့အစ်မ မသိအောင်၊ အဖေနှစ်ယောက် မသိအောင် တိတ်တဆိတ် လျှို့ဝှက်ဆက်သွယ်နေရတာကိုပဲ သူတို့အတွက် အထူးအဆန်းဖြစ်ကာ နှစ်ယောက်စလုံး နှစ်သက်သဘောကျသော အစီအစဉ်တစ်ခု ဖြစ်နေတော့သည်။

သူတို့နှစ်ယောက်ကြားထဲက မိတ်ဆွေ သူငယ်ချင်းမက၊ သမီးရည်းစားမကျသည့် အနေအထားကို ဂင်္ါက ကြာရှည်စိတ်မရှည်နိုင်တော့ပါ။ ညညကို သူချစ်သည်။ အပြစ်ကင်းစင်ပြီး သွက်လက်ချစ်စရာကောင်းသော ကောင်မလေးကို စတွေ့ကတည်းက စိတ်ဝင်စားမိခဲ့တာ။ အမှတ်တမဲ့ဆုံတွေ့ခြင်းမျိုးမို့ ဘယ်လိုမှ ပြန်ဆုံနိုင်မှာ မဟုတ်ဘူးဟု စိတ်ဒုံးဒုံးချထားဆဲ မထင်မှတ်ဘဲ သူကလေးဟာ မုံမုံရဲ့ ချစ်သူနေ့သစ်ရဲ့ ညီမလေး ဖြစ်နေမှန်းသိလိုက်ရသောအခါ ကိုယ့်ကိုတောင် သတိမထားလိုက်မိစဉ်မှာ ဂင်္ါက အရမ်းကိုပဲ ပျော်ရွှင်သွားခဲ့ရတာ။

လူချင်းပါရင်းနှီးလာလေ၊ ညညကို ချစ်သည့် ခံစားချက်က အေးခဲမသွားဘဲ နွေးထွေးချိုမြစွာ သူ့နှလုံးသားထဲ တစိမ့်စိမ့်ပျံ့လေမို့ ဒီအချစ်တစ်ခုဟာ သေရှာပါနိုင်မြဲတော့မည်ဆိုတာ ဂင်္ါက သေချာသွားခဲ့ပြီ။

ဒီတော့ အချိန်ရှိခိုက် လုံ့လစိုက် ညညကို အမြန်ဆုံး ဖွင့်ပြောဖို့ပဲ ရှိတော့တာပေါ့။

ထိုအခါ ပြဿနာဖြစ်လာတာက ညညကို ဘယ်လိုနည်းနဲ့ ဖွင့်ပြောမလဲဆိုတာပင်။



သိပ်ကြီးထွင်လုံးထုတ်ချင်တာ မဟုတ်သော်လည်း တစ်သက်မှာတစ်ခါ ရည်းစားလေးထားမည့်အရေးမှာ အမှတ်တရလေး တစ်ခုခုတော့ ဖြစ်သွားချင်သည်။ ဘိုဘိုဟန် သီချင်းထဲကလို နင့်ကို ငါချစ်တယ်၊ ငါ့ကို နင်ချစ်မလား ဆိုသည့် သမရိုးကျတောင်းဆိုမှုမျိုးလောက်နဲ့ ပြီးမသွားချင်ချေ။

ဒါကြောင့်ပဲ ညညကို ဖွင့်ပြောဖို့ နည်းလမ်းကို ခေါင်းက ဆံပင်တွေဖြူမတတ်၊ ကျွတ်ထွက်မတတ် စဉ်းစားယူနေရတာ။

ကံကောင်းထောက်မစွာပဲ တစ်နေ့မှာတော့ ညညကို သူချစ်သည့်အကြောင်း လှပကြည်နူးဖွယ်ကောင်းစွာ ဖွင့်ပြောနိုင်ဖို့ အခွင့်အရေးကို ဂင်္ါက ရခဲ့လေသည်။

ထိုနေ့က မိုးလေးတဖွဲဖွဲရွာနေသည့်နေ့ ဖြစ်သည်။ မနက်အစောကြီး မြရိပ်ညိုမှာ အားကစားလေ့ကျင့်ခန်းလုပ်ပြီး အိမ်ကိုလမ်းလျှောက်ပြန်လာသည့် ညနေခင်းကို ဂင်္ါက လမ်းမှာစောင့်ကြို အဖော်လုပ်လာတာ ဖြစ်လေသည်။

ညညတို့အိမ်က သံလွင်လမ်းထဲမှာ၊ မြရိပ်ညိုကနေ သံလွင်လမ်းအထိ ညညက လမ်းလျှောက်ပြန်တတ်တာမို့ ဂင်္ါက မြရိပ်ညို ထိပ်ကနေ သွားစောင့်ကြိုပြီး ညညနဲ့ အတူလမ်းလျှောက်ပြီး အိမ်ပြန်ပို့တတ်တာ။

ခါတိုင်းနေ့တွေဆိုရင်တော့ ရာသီဥတုက ခြောက်ခြောက်သွေ့သွေ့၊ သာသာယာယာပင်။ ဒီနေ့ကျကာ

မှ မိုးဖွဲလေးတွေက တဖျောက်ဖျောက်ကျလာတာ။

"ဟာ…မိုးက ရွာလာပြီ… ဘယ်လိုလုပ်မလဲ…တစ်နေ ရာရာဝင်ပြီး မိုးခိုကြမလား…"

ဂင်္ဂါက အကြံအစည်နဲ့ ပြောလိုက်တာ ဖြစ်ပါသည်။ လမ်းမှာတွေ့သည့် အအေးဆိုင်လို၊ လက်ဖက်ရည်ဆိုင်လို တစ်နေရာရာမှာ ဝင်ပြီး မိုးခိုဖြစ်ကြမည်ဆိုလျှင် အချိန်နည်းနည်းရတာနဲ့ ပြောချင်တာတွေ ပြောခွင့်ရလိမ့်မည်လို့ ဂင်္ဂါက ကြိုမှန်းထားတာ။

"ဟင့်အင်း… မိုးမခိုချင်ဘူး… မိုးကဖွဲဖွဲလေး ရွာနေတာမဲ့ဥစ္စာ… လမ်းလျှောက်သွားကြတာပေါ့… ပျော်စရာကြီး…"

ကလေးတစ်ယောက်လိုပဲ မိုးရေစက်လေးတွေကို လက်ဖဝါးနဲ့ခံကာ ခုန်ပေါက်ပျော်ရွှင်နေသော ညည ကိုကြည့်ပြီး ဂင်္ဂါက ဆက်မငြင်းဖြစ်တော့ချေ။ သူကလေးစိတ်တိုင်းကျသာ ဖြစ်ပါစေတော့။

သို့သော် ကျီစားတတ်သည့် မိုးကဖွဲဖွဲကလေးနဲ့ မတင်းတိမ်ဘဲ သဲကြီးမဲကြီး ရွာချလိုက်သောအခါ နှစ်ယောက်သား ကြွက်စုတ်ကလေးတွေလို ချက်ချင်းပဲ ရွဲရွဲစိုသွားရတော့သည်။

စောစောက ကောင်းကင်မှာ မတွေ့ခဲ့ရသည့် မိုးသားတိမ်လိပ်တို့ဟာ ချက်ချင်းပဲ မည်းတက်လာလျက် မိုးရေလေရော လျှပ်စီးရော၊ မိုးခြိမ်းသံရော အမျိုးပေါင်းစုံသွား



လေတော့သည်။

လေကလည်း ဘယ်လောက်များ ပြင်းသလဲဆိုလျှင် သစ်ကိုင်းအသေးလေးတွေ၊ သစ်ရွက်တွေ၊ အိမ်ခေါင်မိုးပေါ်က အမှိုက်သရိုက်တွေကအစ တဖျောင်းဖျောင်းကျိုးပြတ်ကျ၊ တလွင့်လွင့် ဝေ့ဝဲကျလာလောက်အောင် တိုက်ခတ်တာ။ ဒီလိုလေမျိုး ကွင်းခေါင်ခေါင်မှာသာတိုက်ခတ်လိုက်လို့ကတော့ လူတောင်မှ လွင့်ပါသွားနိုင်လောက်မည် ထင်သည်။

"ဟော့လူကြီး… ဆက်သွားလို့ မဖြစ်တော့ဘူး… ထင်တယ်… ညည ကြောက်လာပြီ…"

"ဘာဖြစ်လို့လဲ ညညရဲ့… ခေါင်းပေါ် သစ်ကိုင်းကျိုးကျမှာစိုးလို့လား…"

ညနေခင်းရဲ့ မျက်နှာလေးဟာ အမျက်မျက်အယွင်းယွင်း ဖြစ်လျက် နှုတ်ခမ်းတွေ ဖြူဆွတ်ကာ တစ်ကိုယ်လုံးတုန်နေပြီ။ ညည ဘာဖြစ်လို့ ဒီလောက်တုန်နေရသလဲဆိုတာ ဂင်္ဂါက စဉ်းစားလို့မရချေ။

မိုးရေက အေးမြလှတာ မှန်သော်လည်း အခုလောက် ရုတ်တရက်ကြီး တဆတ်ဆတ်တုန်ကာ နှုတ်ခမ်းတွေ ဖြူဖွေးလာလောက်အောင်တော့ မဖြစ်နိုင်သေးဘူးဟု ထင်သည်။

"ညည… အရမ်းချမ်းလာလို့လား…"

"မဟုတ်ဘူး… ဟိုလေ… မိုးကြိုးပစ်မှာ ကြောက်လို့"

"ဟာ… ကလေးကျနေတာပဲကွာ…"

အသံတုန်တုန်ကလေးနဲ့ ပြန်ဖြေလိုက်ပုံလေးကို ချစ်စနိုးဖြစ်ကာ ရယ်လည်းရယ်ချင် သွားတာမို့ ဂင်္ဂါက ညည ရဲ့ ခေါင်းလေးကို လက်ဖဝါးနဲ့ ညင်ညင်သာသာ အုပ်မိုးဖိကိုင် ထားလိုက်မိပါသည်။

အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် လျှပ်စီး တစ်ချက် ဝင်းခနဲလက်ကာ မိုးကြိုးပစ်ချလိုက်တာမို့ ညနေ ခင်းက ဂင်္ဂါရဲ့ဂျာကင်အနွေးစကို ဆွဲကိုင်ကာ အင်္ကျီစနဲ့ မျက် နှာကို ဖိအုပ်ပစ်လိုက်လေသည်။

ဖွေးခနဲ သူမကိုယ်ငွေ့လေး ကိုယ့်အင်္ကျီစနဲ့ ထိတွေ့လိုက်ရသော အနေအထားကို နှစ်ခြိုက်လွန်းတာမို့ ဂင်္ဂါ မှာခဏလောက်တော့ ကြက်သေသေလျက် ငြိမ်သက်သွားရ လေသည်။

ခန္ဓာကိုယ်တစ်ခုလုံးက အာရုံကြောတွေ ရှင်သန် နိုးထမှု ရပ်ဆိုင်းကုန်ကြကာ လူက ကျောက်သားရုပ်တုလို တောင့်တောင့်ကြီး ဖြစ်သွားတာမို့ ညည ခေါင်းပေါ်အုပ်ကိုင် ထားမိသော လက်ဖဝါးက အလိုလိုပြုတ်ကျသွားလျှင်

"ဟာ... ဘာလုပ်တာလဲ... ပြန်အုပ်ထားပါ... ညည ကြောက်လို့ပါဆို... ခါတိုင်း မိုးခြိမ်းလို့ ညညကြောက် နေရင် ဖေဖေဖြစ်ဖြစ်... ကိုကိုကဖြစ်ဖြစ်... အဲဒီလိုပဲ ခေါင်းပေါ်လက်နဲ့အုပ်ပြီး ဖိပေးထားတာ..."

ဂင်္ဂါက ညညရဲ့စကားအတိုင်း သူမခေါင်းပေါ် ကို လက်နဲ့တစ်ခါ အုပ်ပေးလိုက်ရပါသည်။

www.foreverspace.com.mm



"မိုးကြိုးတွေ တအားပစ်နေတာ ... ညည ... ဆက် မလျှောက်ရဲတော့ဘူး... ခဏလောက် သစ်ပင်အောက် ဝင်ပုန်းကြရအောင်..."

ညညအလိုကျ ကုက္ကိုပင်ကြီးတစ်ပင်အောက်မှာ နှစ်ယောက်သား မိုးဝင်ခိုနေကြရပါသည်။ အောင်မယ်... ကံ ကလည်း ကောင်းချင်တော့ လျှပ်စီးတွေ လက်လိုက်တာမှ တဝင်းဝင်း၊ မိုးကြိုးတွေ ပစ်လိုက်တာမှ တခြိမ်းခြိမ်း။

လျှပ်စီးတစ်ချက်လက်လိုက်တိုင်း၊ မိုးကြိုးတစ် ချက်ပစ်ချလိုက်တိုင်း ညညက သူ့အနားတိုးကပ်လာတာကို (စိတ်မှုပ်ရှိတယ် ထင်ချင်ထင်ကြပေတော့) ဂင်္ဂါက သဘော အကျကြီးကျနေမိလေသည်။

"နေဦး... ညည မိုးကာရအောင် ကိုယ့်ဂျာကင်ချွတ်ပြီး ဆောင်းပေးထားမယ်နော်..."

ဂင်္ဂါက သူ ဝတ်ထားသည့် သားရေဂျာကင်ကို ချွတ်လျက် ညညခေါင်းပေါ်အုပ်ပြီး ဆောင်းပေးထားလိုက်ပါ သည်။ သိကြတဲ့အတိုင်း လူတစ်ယောက်ခေါင်းပေါ် အဝတ် နဲ့အုပ်ဆောင်းပေးဖို့ဆိုတာ အဲဒီလူနဲ့ အနီးဆုံးအနေအထား မှာ ရှိရမှာမို့ ဂင်္ဂါနဲ့ ညနေခင်းတို့ဟာ ဝင်သက်တရှိုက်စာ လောက်သာ ကွာဝေးကြတော့သည်။

ဘယ်လောက်များ ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်း လိုက်သည့် အဖြစ်ကလေးပါပဲ။

ကိုယ်သိပ်ချစ်ရသည့် ကောင်မလေးနဲ့ အခုလို

မိုးသည်းသည်းကြီးထဲ၊ အုပ်မိုးလုံခြုံသော သစ်ပင်အောက်မှာ အတူမိုးခိုနေရသည့်အဖြစ်ဟာ တကယ့်ကို သိင်္ဂါရ ရသ မြောက်လွန်းလှပါရဲ့။

ဒီလိုအချိန်မျိုးမှာမှ ရင်ထဲအပြည့်အသိပ်ထည့်ထားသည့် စကားလုံးတွေ မွင့်ထွက်မလာဘူးဆိုလျှင် ဘယ်လိုအချိန်မျိုးမှာ မွင့်ထွက်စရာရှိတော့မလဲ။

“ညည... ကြောက်နေလား...”

“ကြောက်တာပေါ့...”

“ချမ်းရော ချမ်းပြီလား...”

“ချမ်းတယ်...”

“ကိုယ့်ကိုရော ချစ်လားဟင်...”

“ချစ်...အဲ...ကိုဂါ... ဘာမေးလိုက်တာလဲ...”

“ချစ်လား...ကိုယ့်ကိုချစ်လားလို့ မေးတာလေ... ကိုယ်ကတော့ ညညကို သိပ်ချစ်တာပဲ...”

“ဟာ... ဘာတွေလာပြောနေတာလဲ...”

ညနေခင်းက ကြောက်လန့်ရှက်ရွံ့သွားကာ ဂင်္ဂါအနားက ဆတ်ခနဲခွာသွားပါသည်။ သို့သော်လည်း ကံက ဆိုးချင်တော့ သူမ ဆတ်ခနဲ လှုချင်းခွာလိုက်သည့်အချိန်မှာပဲ လျှပ်စီးတစ်ချက်က ဖြန်းခနဲလက်ကာ ခြိမ်းခနဲ ခြိမ်းချလိုက်သောအခါ ညညရဲ့ ကိုယ်လေးဟာ အရှိန်နဲ့ ဂင်္ဂါထံ လွင့်ခနဲ ပြေးကပ်လာတော့သည်။

ဘယ်ရမလဲ... ဂင်္ဂါတို့ကလည်း အကြံသမား

www.foreverspace.com.mm



ပဲ။ ညည အနားပြန်ရောက်လာတာနဲ့ သူ့ခေါင်းပေါ်ကအင်္ကျီနဲ့အုပ်ပေးပြီး လက်နဲ့ပါ ခပ်ဖိဖိချုပ်ကိုင်ကာ နောက်တစ်ခါခွာပြေးလို့မရတော့အောင် ထိန်းထားလိုက်လေသည်။

အင်္ကျီအောက်မှာ တရားခံလို ဖမ်းချုပ်ခံထားရသော ညညက ဝူးဝူးဝါးဝါး အော်ဟစ်နေပြီး၊ ဂင်္ဂါကတော့ အဖြစ်အပျက်ကို သဘောတွေကျလျက် တဟားဟားရယ်မောနေမိသည်။

“ကိုဂါနော်... အနိုင်မကျင့်နဲ့...”

ဆက်တိုက်လို မြည်းဟည်းနေသော မိုးခြိမ်းသံတွေခဏစဲသွားလျှင် ညညက အင်္ကျီထဲမှ ခေါင်းလေးအမြန်ဖော်ကာ အော်ဟစ်ရန်တွေ့လေသည်။

“ဘာအနိုင်ကျင့်လို့လဲ... ညညပဲ ကြောက်လို့ခေါင်းပေါ်အုပ်ပေးထားပါဆို...”

“ကြောက်လို့မပြေးနိုင်တဲ့လူကို အတင်းချုပ်ပြီး ရည်းစားစကားပြောတာ ... ယောကျ်ားကောင်းတွေအလုပ်လား...”

“ကိုယ့်ကိုယ်ကိုယ် ယောကျ်ားကောင်းလို့လည်း ဘယ်တုန်းကမှ မကြေညာဖူးဘူး...သာမန်လူတန်းစားပဲ... ဒီတော့ သိပ်ပြီးမြင့်မြတ်တဲ့စိတ်မျိုးလည်း မမွေးနိုင်ဘူး... ခပ်ညစ်ညစ်ပဲ...”

“သွား...သွား...ကိုဂါ့ကို စိတ်ဆိုးတယ်...သွားတော့”

“မသွားပါဘူး... ကိုယ့်ဘက်က ပြောစရာရှိတာပြောပြီး

ပြီ…ညညက အဖြေပေးဖို့ တာဝန်မှ မကျေသေးတာ”

“မပေးဘူး… အဲဒီလို အနိုင်ကျင့်တာကို မုန်းတယ်..”

နှုတ်ခမ်းစူ၊ ခြေဆောင့်ကာ ပြောနေပေမယ့် ညနေခင်းရဲ့ ကိုယ့်အပေါ်သဘောထား အမှန်ဟာ ဆိုးဆိုးဝါးဝါးကြီး မဟုတ်နိုင်ဘူးဆိုတာ ဂင်္ဂါက သဘောပေါက်နေတာမို့ ဆက်ပြီးညစ်ဖို့ စိတ်ကူးရလေသည်။

အမှန်ကတော့ မိန်းကလေးတစ်ယောက်ဆီက အဖြေကို အတင်းအကျပ်တောင်းဖို့ စိတ်ကူးမျိုး ဂင်္ဂါမှာ မရှိတာအမှန်ပါ။ ကိုယ်က သူ့ကိုဖွင့်ပြော၊ စဉ်းစားချိန်ပေး၊ အေးအေးဆေးဆေးမှ အဖြေတောင်းဆိုတာမျိုးသာ လုပ်ချင်ခဲ့တာ။

အခုတော့ အခြေအနေက ဒီအတိုင်းဖြစ်ဖို့ ဖန်တီးလာပြီလေ။ ဒီလောက်စိတ်ကူးယဉ်စရာကောင်းသည့် မိုးသည်းသည်းထဲမှာပဲ သူတို့နှစ်ယောက်ဟာ ချစ်သူတွေဖြစ်ကိုဖြစ်ရမည်လို့ ဂင်္ဂါက ဆုံးဖြတ်ချက်ချပြီးသွားပြီ။ ဒီလောက်အမှတ်တရဖြစ်စရာကောင်းသည့် နေ့ကလေးမှာညညရဲ့ အဖြေကို ရအောင်မတောင်းနိုင်လျှင် သူ့အတွက် မချင့်မရဲ၊ အသည်းတယားယား ကျန်ခဲ့ရတော့မည်။

“ဒါဖြင့်… ညညက ကိုယ့်ကို အဖြေမပေးဘူးပေါ့”

“မပေးဘူး…”

“သေချာတယ်နော်…”

“သေချာတယ်…”

“ကောင်းပြီ… ဒါဆိုလည်း ညညတစ်ယောက်တည်း

www.foreverspace.com.mm



နေခဲ့တော့…”

ဂင်္ဂါက ခပ်တည်တည်လုပ်ကာ သစ်ပင်အောက်က ထွက်လာခဲ့လိုက်ပါသည်။

ထိုအချိန်မှာပဲ မိုးခြိမ်းသံတစ်ချက် ဂျုန်းခနဲ ထွက်လာလျှင် ညနေခင်းက ဂင်္ဂါကို တအားပဲပြေးဆွဲ တားမြစ်ထားလိုက်လေတော့သည်။

“ကိုဂါ… အစုတ်ပလုတ်ကြီး… မသွားနဲ့… ညညကြောက်တယ်…”

သူ့လက်မောင်းကို မရပ်မနားထုကာ ထုကာ အော်ဟစ်ရင်း လက်တစ်ဘက်လည်း သူ့ရှပ်အင်္ကျီစကို အတင်းဆွဲထားသေးသော ကောင်မလေးဟာ ဘယ်လောက်များ ချစ်စရာကောင်းလိုက်သလဲလို့။

မိုးရေတွေနဲ့ ဆေးကြောသန့်စင်ထား၍ လတ်ဆတ်သန့်ရှင်းသော ညညရဲ့ မျက်နှာလေးကို ဂင်္ဂါက တမြတ်တနိုး ကြည့်လိုက်မိသည်။

ဒီကောင်မလေးဟာ ကိုယ့်ဘဝတစ်သက်စာလုံးအတွက် အရှင်သခင်မလေးပဲဆိုတာ သေချာသည်ထက်သေချာသွားပြီ။ ညညကိုမှ မပိုင်ဆိုင်ရလျှင် ဘယ်လိုမှ မဖြစ်နိုင်တော့။

“ညည ဖြေပါကွာ … ကိုယ် တမင်အနိုင်ကျင့်တာမဟုတ်ပါဘူး… ညညဆီက အဖြေကို မရရင် မဖြစ်တော့လို့ပါ… ညညပဲ စဉ်းစားကြည့်ကွာ… ဒီအခြေ

အနေလေးက ဘယ်လောက် Romantic ဖြစ်သလဲ"

"ဒါလား…ရိုမန်တစ်…မဖြစ်သေး…"

"ဖြစ်သေးပါဘူးကွာ… မိုးက တအားရွာနေတယ်… လမ်းပေါ်မှာ ကိုယ်တို့လွဲပြီး လူမရှိဘူး… ထီးမပါလို့ သစ်ပင်အောက်မှာ မိုးခိုရတယ် … လျှပ်စီးတွေက လက်… မိုးကြိုးပစ်…အဲ…"

ပြောရင်း ကိုယ့်ပတ်ဝန်းကျင် အခြေအနေဟာ တကယ်တော့ စိတ်ကူးယဉ်စရာ ကြည်နူးစရာမြင်ကွင်းမဟုတ်ဘဲ လျှို့ဝှက်သည်းဖိုဇာတ်ကား၊ ဒါမှမဟုတ် သူရဲကားတစ်ကားကားထဲက အဖွင့်မြင်ကွင်းမျိုးသာ ဖြစ်နေတာကို သတိထားမိသွားလျက် ဂင်္ဂါက စကားကို ရပ်ပစ်လိုက်ရပါသည်။

"တွေ့လား… ရိုမန်တစ် မဖြစ်ပါဘူးဆို…"

"မရဘူးကွာ… ကိုယ်က ဖြစ်ဆိုဖြစ်လိုက်မယ်… ဒီနေ့လေးကို ကိုယ်တော့ သိပ်သဘောကျတယ်တာမဲ…တစ်သက်လုံး အမှတ်တရ ဖြစ်သွားမှာ … ဒီတော့ ပိုပြီး အမှတ်တရဖြစ်သွားအောင် … ညည‌နဲ့ကိုယ်နဲ့ ချစ်သူဖြစ်တဲ့နေ့ လုပ်လိုက်စို့လေ…"

"မဖြစ်ချင်ပါဘူး…"

"ဘာကို မဖြစ်ချင်တာလဲ… ကိုယ်နဲ့ချစ်သူ မဖြစ်ချင်တာလား… ကိုယ်တို့ချစ်သူဖြစ်တဲ့နေ့ဟာ ဒီနေ့ မဖြစ်ချင်တာလား…"

"ဒီနေ့ မဖြစ်ချင်… အဲတော့…"

www.foreverspace.com.mm



လွှတ်ခနဲ ဖြေလိုက်မိပြီးမှ ကိုယ့်စကားဟာ သူနဲ့ ချစ်သူမဖြစ်ချင်တာတော့ မဟုတ်။ ဒီနေ့ဒီရက်မှာသာ ချစ်သူ မဖြစ်တာ၊ ရာသီဥတု သာတောင့်သာယာ၊ ကြည်ကြည်လင်လင်ရှိတဲ့ တစ်နေ့နေ့မှာတော့ ချစ်သူဖြစ်လို့ရတယ်ဆိုတဲ့ သဘောမျိုး သက်ရောက်သွားပြီလို့တွေးကာ ညည‌ရဲ့ မျက်လုံးလေးတွေ ဝိုင်းဝိုင်းလည်သွားရလေသည်။

"အဖြေပေးနိုင်တယ်ဆိုမှတော့ ဒီနေ့ပဲ ပေးပါတော့လား…ညညရယ်… ကိုယ့်ဆန္ဒလေး ပြည့်သွားအောင်"

"ဟွန့်…သူတောင်းစားကျနေတာပဲ… အသံက ညှောင်နာနာနဲ့… မပြောလည်း သိနေပြီးသား မဟုတ်လား… ဘာလို့ ထပ်မေးနေတာလဲ… ကိုယ်ကြိုက်သလိုပဲ ယူဆတော့ပေါ့…"

"မဟုတ်သေးဘူးလေကွာ…ညည ပါးစပ်က ပြောတာတော့ ကြားချင်သေးတာပေါ့…"

ညညက မော့ကြည့်ကာ မျက်စောင်းတစ်ချက်ထိုးလေသည်။

"ပြောလေကွာ… မပြောရင် မိုးကြိုးပစ်ချလိမ့်မယ်နော်…"

"ကိုဂါ အစုတ်ပလုတ်ကြီး… ဒီလောက်ခြိမ်းခြောက်နေမှတော့… မချစ်လို့ရတော့မလား… ပြန်ချစ်ရတော့မှာပေါ့…"

ကဲ… ဘယ်လောက်ချစ်စရာကောင်းလိုက်တဲ့

ကောင်မလေးလဲလို့ဗျာ။ မျက်ခုံးလေးတပင့်ပင့်၊ မျက်စောင်းလေးတရွယ်ရွယ်၊ နှုတ်ခမ်းလေးတစူစူနဲ့ ဆောင့်ဆောင့်အောင့်အောင့်လေး အဖြေပေးတာတောင် ဒီလောက်ကြည်နူးဖို့ကောင်းနေလျှင် ချိုချိုသာသာ ပြေပြေလည်လည်ကလေးများ ဖြစ်လိုက်လို့ကတော့ လူတစ်ကိုယ်လုံး မြောက်တက်ပြီး သစ်ပင်ကိုင်းဖျားမှာ သွားချိန်နေလောက်မည်ထင်သည်။

အံ့သြထူးဆန်းဖွယ်ကောင်းတာတစ်ခုကတော့ စောစောက ဘယ်တော့မှ တိတ်မှာမဟုတ်တော့သလို သဲသဲမဲမဲ ရွာနေသည့်မိုးက ညညလည်း အဖြေပေးပြီးရော ဖြုန်းဆို တိတ်သွားတော့တာပင်။

"ဟော... တွေ့လား... ညည အဖြေပေးလိုက်တော့မှ မိုးက တိတ်သွားတာ... တော်သေးတယ်... အဖြေပေး မြန်ပေလို့ ... ညညသာ ဆက်ပြီး အချိန်ဆွဲထားမယ် ဆိုရင် မိုးက တစ်နေ့လုံးဆက်ရွာနေတော့မှာ..."

"ကိုဂါတစ်ယောက်ကလေ... ပေါက်ကရတွေ သိပ် ပြောတာပဲ..."

"ဘာဖြစ်လဲ ... အဲဒီပေါက်ကရလေးက ချစ်စရာ မကောင်းဘူးလား..."

"မကောင်းဘူး... မုန်းစရာကောင်းတာ..."

"ဂျိန်း..."

"အောင်မယ်လေး..."

www.foreverspace.com.mm



ညည စကားအဆုံး မိုးကြိုးပစ်သံ ဂျိန်းခနဲ မြည်ဟီးသွားတာမို့ ကောင်မလေးခမျာ ခေါင်းလေးပုဝပ်ပြီး ဂင်္ဂါ အင်္ကျီစကို ဆွဲယူပုန်းခိုလိုက်ရမြန်ပါသည်။

"တွေ့လား... ကိုယ့်ချစ်သူကို စိတ်ဆင်းရဲအောင် လုပ်တာမျိုးကို မိုးနတ်မင်းက အားမပေးဘူး... ဒီနေ့ကစပြီး ကိုယ် စိတ်ညစ်အောင် ကလန်ကဆန်တွေ မပြောနဲ့... မိုးကြိုးပစ်ခံရမယ်..."

"တော်ပြီ... ဘာမှမပြောတော့ဘူး... သွားကြမယ်"

ညနေခင်းက ခြေဆောင့်နင်းလျှက် ဂင်္ဂါအင်္ကျီ လက်မောင်းကို အတင်းဆွဲခေါ်ကာ ထွက်လာခဲ့လိုက်ပါသည်။

သူတို့ခဏတာ မိုးဝင်ခိုခဲ့သော ကုက္ကိုပင်ကြီး ကတော့ အမင်အောက်ဝင်လာကာစက တစိမ်းတွေဖြစ်ခဲ့ကြပြီး သူ့အရိပ်အောက်က ပြန်ထွက်သွားချိန်မှာတော့ ချစ်သူတွေ ဖြစ်သွားကြပြီဖြစ်သော ကောင်လေးနဲ့ ကောင်မလေးကို ပြုံးပြုံးကြီးကြည့်ရင်း ကျန်ခဲ့လိမ့်မည်ထင်သည်။

www.foreverspace.com.mm



"ကိုဂါ... ရှေ့နားက လာနေတာ ကိုနေ့လားဟင်"

စူပါဝမ်းထဲမှာ ဈေးလျှောက်ဝယ်နေခိုက် တစ်နေရာအရောက် ညညက ဂဂ်ါရဲ့ လက်ကို ဆွဲလျက်ကောင်တာတစ်ခုနောက်မှာ ခပ်ကွယ်ကွယ် ဝင်ပုန်းရင်း မေးလိုက်တာမို့ ဂဂ်ါကလည်း သူပါ လိုက်ကွယ်ရင်း ချောင်းကြည့်ရပါသည်။

ဟုတ်ပါရဲ့...။ ကိုနေ့ အစစ်ပဲပေါ့...။ မုံမုံ့ဝယ်ပေးထားသည့် ဂျော်ဒါနိုတီရှပ် ချော့ကလက်ရောင်နှင့် ဘောင်းဘီအနက် ဝတ်ထားပြီး လက်ထဲမှာ အထုပ်ကားကားကြီးနှစ်ထုပ်ကို ဆွဲကိုင်ထားသူမှာ နေ့သစ်ကလွဲလို့ ဘယ်သူမှမဖြစ်နိုင်။

"သူက ဒီဘာလာလုပ်တာလဲ..."

"စူပါဝမ်းလာတာပဲ... ဈေးလာဝယ်တာပေါ့ကွ"

"ဒုက္ခပဲ... ဒီဘက်တည့်တည့်လာနေပြီ... တွေ့သွားတော့မှာပဲ..."

သူတို့တက်ပုန်းသည့်နေရာက အခန်းရဲ့

ထောင့်ဆုံးမှာ။ အကယ်၍သာ နေ့သစ်က တည့်တည့်ဆက်လျှောက်လာပါက ဘယ်လိုမှ ရှောင်မလွှတ်တော့ဘဲ ကွိခံရမိမှာ။

"တွေ့သွားတော့ရော ဘာဖြစ်သေးသလဲကွာ… ကိုယ့်အစ်ကိုပဲ … ရန်သူမှ မဟုတ်တာ …"

ညနေခင်းက တစ်ကိုယ်လုံး ကျုံ့ပြီး အုတ်နံရံကိုပဲ ဖောက်ထွက်လို့ရလျှင် ဖောက်ထွက်တော့မတတ် ကြောက်ကြောက်လန့်လန့် ဖြစ်နေသော်လည်း ဂင်္ဂါကတော့ ခပ်အေးအေးပင်။

နေ့သစ်ဟာ ညနေခင်းရဲ့ အစ်ကို၊ သူ့ရဲ့ ယောက်ဖလောင်းဖြစ်တာ မှန်သော်လည်း ဂင်္ဂါက သိပ်မကြောက်မိ။ ကြောက်စရာလည်း မလိုဘူးဟု ထင်သည်။ ဘာဖြစ်လို့လဲဆိုတော့ နေ့သစ်ဆိုတာ ကိုယ့်ကို သူနှမပေးထားရသည့် ယောက်ဖသက်သက်မှ မဟုတ်တာဘဲ။ ကိုယ့်ဘက်ကကြည့်လျှင်လည်း ကိုယ့်အစ်မ သူ့ကိုပေးထားရသည့် ယောက်ဖ ဖြစ်နေသေးတာ။ ကိုယ့်တုန်းကလည်း အစ်မတစ်ယောက်လုံးကို ကြည်ကြည်ဖြူဖြူ ပေးထားရတဲ့အပြင် သူတို့ချင်း ချိန်းတွေ့ရာမှာတောင် အားလုံးအဆင်ပြေပြေဖြစ်အောင် ပါဝင်ကူညီနေရသေးတာ။ ဒီတော့ ကိုယ့်အလှည့်မှာလည်း သူ့ဘက်က ကြည်ကြည်ဖြူဖြူ ရှိမှာပဲလို့ ဂင်္ဂါက ယူဆသည်။

"ဟာ…မဟုတ်ဘူး…ကြောက်တယ်…ကိုကိုက သိပ်ဒေါသကြီးတာ… ညညကို ရည်းစားနဲ့လျှောက်လည်နေတာတွေ့ရင် ဆူမှာ…"

www.foreverspace.com.mm



"ညည ရည်းစားက တခြားလူမှ မဟုတ်တာ… ကိုယ်ပဲကွာ… သူ စိတ်ဆိုးစရာအကြောင်း မရှိပါဘူး…"

"ဟင်… ဘာပဲဖြစ်ဖြစ် ညည ကြောက်တယ်…ဘယ်လိုလုပ်ရမလဲ…"

ခက်တော့နေပါပြီ။ ညညက ကြောက်တယ်ဆိုသဖြင့် ဂင်္ဂါကလည်း ဖွတ်အတင်းကြီး ထွက်မတွေ့လိုတော့ပါ။ သို့သော်လည်း ကိုယ်ရပ်နေရာ ချောင်ထဲကနေ မျက်နှာချင်းဆိုင် တည့်တည့်မှာရှိသော လူတစ်ယောက် မတွေ့မမြင်ရအောင် ဘယ်လိုမှန်းလျှိုးထွက်ပြေးမလဲဆိုသည့် ပြဿနာကတော့ အတော်ကြီးမားသည်။

"ဟော…ဟိုမှာ…တီရှပ်တွေ သူကြည့်နေတုန်း ညညတို့ ထွက်ပြေးရအောင်…"

နေ့သစ် တစ်ဘက်လှည့်နေခိုက် ညညက မအောင့်နိုင်စွာ ထွက်ပြေးဖို့ လောဆော်လိုက်ပါသည်။

ပါးစပ်က ပြောယုံသာမကသေး၊ လူကပါ ရပ်မျက်ဆင်းမျက်နိုင်စွာ ပစ္စည်းပုံတွေကြားထဲက ဖျက်ဆို ပုထိုင်ချလျက် ထွက်ပြေးတော့တာမို့ ဂင်္ဂါမှာ ဘာလုပ်ရမှန်းမသိစွာဘဲ သူမနောက်ကနေ တကုန်းကုန်းပြေးလိုက်ရလေသည်။

အမှန်အတိုင်းဆိုလျှင်တော့ ဒီအတိုင်းဆက်ပုန်းနေတာကမှ လုံခြုံချင် လုံခြုံဦးမည်။ အဲဒီလိုမှ မဟုတ်ဘဲ နေ့သစ် ဟိုဘက်အလှည့်မှာ ခပ်တည်တည်နဲ့ လမ်းမှန်မှန်လျှောက်ပြီး လစ်ထွက်ပြေးတာကမှ လွတ်ချင်လွတ်ဦးမည်။ အခုလို ရပ်မျက်ဆင်းမျက် ကုန်းကုန်းကွကွ ပုပုဝပ်ဝပ်နဲ့ ထွက်

ပြေးကြလေသောအခါ ဘေးပတ်ဝန်းကျင်က လူတွေရဲ့ စိတ်ဝင်တစားအကြည့်တွေက သူတို့နှစ်ယောက်အပေါ် ကျရောက်လာတော့သည်။

ကိုယ့်ဘေးကလူ၊ ကိုယ့်ရှေ့ကလူတွေ တစ်ခုခုကို ဝိုင်းကြည့်နေကြပြီဆိုလျှင် စပ်စုတတ်သော လူသားသဘာဝအရ ကြားထဲကလူကလည်း မနေနိုင်၊ လိုက်ကြည့်တတ်မြဲမို့ နွေသစ်ကလည်း ဘာများဖြစ်တာပါလိမ့်ဟု နောက်သို့ လှည့်ကြည့်မိလေသည်။

ပထမတော့ ကုန်းကုန်းကုန်းကုန်းတစ်ယောက်၊ ထိုင်လျက်နဲ့ ရွေ့နေသည့်တစ်ယောက်၊ စုစုပေါင်းလူနှစ်ယောက်ကိုသာမြင်ပြီး နွေသစ်က ဘယ်သူတွေမှန်းမသိပါ။ သို့သော်လည်း ကံကဆိုးချင်တော့ ပုဝပ်ပြီးပြေးနေစဉ်မှာပဲ နောက်ကို အခြေအနေလှည့်ကြည့်မိသော ညနေခင်းနဲ့ တန်းတိုးသွားသည့်အခါမှာတော့ ဒီလောက်ရုပ်ပျက်ဆင်းပျက်နိုင်နေသူတွေဟာ ဘယ်သူဘယ်ဝါပါလို့ သိသွားရတော့သည်။

“အေး... ကိုဂါ... လုပ်ပါဦး... ကိုကြီး တွေ့သွားပြီ”

ညညက အဝတ်ပုံတွေထဲ ကိုယ်ကိုဝိုပြီးပုံချကာ မလုံမှန်းသိလျက်နဲ့ ပုန်းဖို့ ကြိုးစားလိုက်ပါသေးသည်။

သို့သော်လည်း သူမဘယ်လိုမှ ရှောင်မလွတ်တော့ပါ။ သူတို့ကို မြင်သွားပြီဖြစ်သော နွေသစ်က ခြေလှမ်းကျဲကြီးတွေနဲ့ အနားရောက်လာလေပြီ။

www.foreverspace.com.mm



ပြေးမလွတ်မှန်းသိလိုက်တာမို့ ဂင်္ဂါက စပ်ဖြဲဖြဲမျက်နှာနဲ့ပင် ထိုင်ရာက မတ်တတ်ထရပ်ပြီး နွေသစ်ကို ကြိုဆိုလိုက်ရပါသည်။

“ကိုနွေ့... ဈေးလာဝယ်တာလား...”

“ငါ့ဘာသာ ဘာလာလုပ်လုပ် အရေးမကြီးဘူး...ဒါက ဘာဖြစ်နေကြတာလဲ...”

“ဟို...အစလေးတွေလှလို့ ထိုင်ကြည့်တာ...”

“မိညု... နင်... ငါ့ကို လိမ်ဖို့မကြိုးစားနဲ့နော်...”

“မလိမ်ပါဘူး... ကိုကြီးက ဘယ်လိုလုပ် ဒီနားရောက်လာတာလဲ...”

“ညနေခင်း... နင် ဘာဖြစ်နေတာလဲ... ငါ့ကို အချဉ်မှတ်လို့ လိမ်ဖို့ကြိုးစားနေတာလား... မရဘူး... နင်တို့ ဒီမှာ ဘာလာလုပ်နေကြတာလဲ ပြော...”

“ကိုနွေ့ကလည်းဗျာ... ရူပါဝမ်းလာပါတယ်ဆိုမှတော့ ဈေးဝယ်လာတာပေါ့...”

“ဟော့ကောင်... မင်းကို မေးနေတာ မဟုတ်ဘူး...မင်း ဝင်ပြောနဲ့...”

လူကြားထဲ အသံကျယ်ကြီးနဲ့ ဝိတ်ဟောက်တာခံလိုက်ရ၍ ဂင်္ဂါက မျက်နှာတစ်မြင်လုံး ဖြန်းခနဲ နီရဲသွားအောင်ပင် ရှက်သွားရသည်။

စောစောကတည်းက ကိုယ်တို့ရဲ့ တရုန်းရုန်းလုပ်ရှားမှုနဲ့ တစ်ထပ်လုံးမှာရှိနေသည့် အရောင်းဝန်ထမ်း အမျိုး

သမီးလေးတွေရော၊ ဈေးဝယ်လာသူတွေရော သူတို့ကို အကဲတခတ်ခတ် ရှိနေကြပြီဖြစ်လေရာ နေ့သစ်ရဲ့ အော်သံကြီးကို အားလုံးကြားလိုက်ကြမှာပင်။

ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ။ ဂင်္ါဘဝမှာ လူတွေအများကြီးရဲ့ လှောင်သလိုလို၊ ရယ်ချင်သလိုလို အကြည့်ခံရတာ ဒီတစ်ကြိမ်ဟာ အဦးဆုံးပင်။

ပြီးတော့ သူဟာ ကလေကချေ၊ ပေါ့တီးပေါ့ရှပ် လူတန်းစားမျိုးလည်း မဟုတ်၍ လူအများရှေ့မှာ လမ်းသရဲ၊ ကလေကဝတစ်ယောက်လို ဟောက်ထုတ်ခံလိုက်ရတာကြီးကို ဘယ်လိုမှ မခံနိုင်အောင် ဖြစ်ရသည်။

“ပြောစမ်း... ဒါက ဘာလုပ်တာလဲ...”

“ဟို...ဈေး...ဈေးလာဝယ်တာက...”

“ဈေးဝယ်လာတာ...အဖော်ခေါ်စရာရှားလို့ ယောကျ်ားလေးအဖော် ခေါ်လာရလား...”

“မဟုတ်ဘူး ကိုကြီး...ဟိုဒင်း...ညညက တစ်ယောက်တည်းလာတာ... ဒီမှာမှ သူနဲ့တွေ့တာ...”

“ဟုတ်လား...တစ်ယောက်တည်းလာတာလား...ကဲ... ပြောစမ်း...ဒါဖြင့် နင့်ကို ဘယ်သူလိုက်ပို့လဲ...”

ညနေခင်းက မျက်တောင်ပုတ်ခတ်ပုတ်ခတ် လေးနဲ့ အဖြေမပေးနိုင် ဖြစ်သွားရှာပါသည်။ ဘေးလူတွေ ဝိုင်းကြည့်နေတာကိုလည်း သူမက ရှက်လှသည်။ ကိုကို့ဒေါသကိုလည်း ကြောက်နေရသည့်အပြင် ကိုကို့ရဲ့မဟုတ်လှသော

www.foreverspace.com.mm



လုပ်ပုံကြောင့် ဂင်္ါကိုလည်း သနားအားနာနေရသည်။

“ဟို... သူငယ်ချင်းတွေနဲ့...”

“တော်စမ်း ညည...နင် မလိမ်တတ်ဘဲနဲ့ လိမ်ဖို့မကြံနဲ့...ဒီကောင်နဲ့ နင် ချိန်းလာတာ မဟုတ်လား... ပြောစမ်း...”

နေ့သစ်ရဲ့ အသံကြီးက ပေါက်ပေါက်ကွဲကွဲ ကျယ်လောင်ကာ ဘာကိုမှ ဂရုမစိုက်နိုင်တော့လောက်အောင် ဖြစ်လာပြီမို့ ဂင်္ါက ဒီအခြေအနေကို ဝင်ထိန်းမှဖြစ်တော့မည်ဟု သဘောပေါက်လိုက်ပါသည်။

“ညည...ဒီမှာ ရပ်စကားပြောနေလို့ မဖြစ်ဘူး...အေးအေးဆေးဆေး ... တစ်နေရာရာသွားပြီးမှ ဒီကိစ္စဖြေရှင်းရအောင်လို့ ညည အစ်ကိုကို ပြောလိုက်...”

“ဟေ့ကောင်... မင်း ဘာမှ ဝင်ပြီးသြဇာပေးနေစရာ မလိုဘူး... ငါ့ညီမကို ငါမေးနေတာ...”

“ဟုတ်တယ် ကိုကြီး... ကိုကြီး မရှက်ပေမယ့် ညည ရှက်တယ်... လာပါ... အိမ်ပြန်ကြရအောင်ပါ...ကိုဂင်္ါကို မေးစရာရှိရင်လည်း အိမ်ခေါ်ခဲ့လိုက်...”

“ဘာ...သူ့ကိုအိမ်ခေါ်ခဲ့ရမယ်...ဟုတ်လား...ဘာလို့ခေါ်ရမှာလဲ... သူနဲ့ နင် ဘာပတ်သက်စရာလိုလို့လဲ”

တစ်ဖက်စွန်းရောက်လွန်းသော နေ့သစ်ရဲ့ စကားတွေကြောင့် ဂင်္ါရင်ထဲ စစ်ခနဲနေအောင် နာကျင်သွားရပါသည်။

ကြည့်ပါဦး၊ မတရားလိုက်တာ။

တခြားယောက်ဖလောင်း တစ်ယောက်ယောက်က ခုလိုမျိုး ပြောတာဆိုလျှင် ဂင်္ဂါက ခံနိုင်ပါသေးသည်။ အခုတော့ နွေသစ်က ပြောလာတာ။ ကိုယ့်အစ်မနဲ့ သူ့ကိစ္စတုန်းကတော့ ဂင်္ဂါမှာ ဘယ်လောက်လုံးပမ်းကူညီလိုက်ရသလဲ။ မောင်အရင်းခေါက်ခေါက်ဖြစ်ပါလျက် ကိုယ့်အစ်မနဲ့ သူ့ရည်းစားချိန်းတွေ့တာကို အဖေ မသိအောင် ကင်းစောင့်အချက်ပေးလည်း လုပ်ရနဲ့၊ သူတို့ချင်း ဖုန်းအဆက်အသွယ်လုပ်သည့်နေရာမှာ ဝင်ပါလားပါရရဲ့၊ အပြင်သွားစရာရှိလျှင် အဖော်လိုက်ပေးလားပေးရရဲ့။ အဲဒီလောက် လုပ်ပေးခဲ့ပါလျက် သူ့ဘက်ကျတော့ ဝန်တိုသိတတ်နေလိုက်တာ။

အခုလောက်ဖြစ်ရအောင်ကလည်း ဂင်္ဂါဟာ နူဝဲ ကျိုးကန်းနေတဲ့ကောင် မဟုတ်ပါဘူး။ အခြေမဲ့အနေမဲ့ လူရာမဝင်သည့်ကောင်လည်း မဟုတ်ပါဘူး။ စာရိတ္တပိုးထိုးလောက်ကိုက်ကာ ဘယ်မိန်းကလေးရှင်ကမှ မကြည်ဖြူလောက်စရာ လူဆိုးလူသွမ်းလည်း မဟုတ်ပါဘူး။

"ကောင်းပြီ…ကိုနွေတို့နဲ့ ကျွန်တော်တို့နဲ့ ဘာမှ သက်ဆိုင်စရာမလိုဘူး ဆိုရင်လည်း ပြီးတာပါပဲ… ကျွန်တော်သွားတော့မယ်…"

ရန်လည်းပြန်မဖြစ်၊ ဖြေရှင်းစကားလည်း မပြော၊ မျက်နှာပြောင်တိုက်ပြီးတော့လည်း ဆက်ရပ်မနေတော့ဘဲ ဂင်္ဂါက နေရာကနေ အေးအေးဆေးဆေးသာ လှည့်

www.foreverspace.com.mm




ထွက်ခဲ့ပါသည်။

ညညကို သနားမိပေမယ့် တရားမျှတမှုကင်းမဲ့လှသော နွေသစ်ကိုတော့ ဘယ်လိုမှ မျက်နှာချင်းမဆိုင်ချင်တော့ချေ။

သူ့ဘက်ကျတော့ သိတတ်လွန်းလှသော ဒီလူ့ကို ဂင်္ဂါဟာ သူပြောသမျှ ခေါင်းငုံ့လို့ချည်းပဲ ခံနေရမည့် အဆိပ်မဲ့သည့် ရေမြွေတစ်ကောင် မဟုတ်ဘူးဆိုတာတော့ ပြရပေလိမ့်ဦးမည်။

❀ ❀ ❀



www.foreverspace.com.mm



"အဲဒါပဲ မုံမုံ... နင် ဘယ်လိုဆုံးဖြတ်မလဲ..."

"တိုးတိုးပြောပါ ဂါဂါရယ်... ဖေဖေ ကြားသွားပါဦးမယ်..."

ယမုံနှာက မလှမ်းမကမ်းမှာ စာရင်းတစ်ထပ်ကြီးကို လှန်လှောကြည့်လိုက်၊ သံပရာရည်ခွက်ကို ကောက်သောက်လိုက်နဲ့ ကိုယ့်အာရုံနဲ့ ကိုယ်နစ်နေသော ဖေဖေ့ကို တစ်ချက်လှမ်းကြည့်ပြီး သတိပေးလိုက်ပါသည်။

အရေးကြီး သွေးနီဆိုသည့် စကားအတိုင်း ကိုယ့်မောင်တစ်ယောက်လုံးကို လူမုံအလယ်မှာ ဟောက်ဟောက်ဟမ်းဟမ်း အလုပ်ခံလိုက်ရသည့်အတွက် ယမုံနှာက ဘယ်လိုနည်းနဲ့မှ မကျေနပ်နိုင်ပါ။ ဒီနေရာမှာ နေ့သစ်ဖြစ်နေလို့သာ အခုလောက် သည်းခံနေတာ၊ တခြားတစ်ယောက်ယောက်သာ ဖြစ်လို့ကတော့ ရန်သွားတွေ့ပြီးလောက်တာကြာပြီ။

"ငါ တကယ်ရှက်လာရတာ မုံမုံရ…လူတွေ အများကြီး ဝိုင်းကြည့်နေတဲ့ကြားမှာ လက်ညှိုးငေါက်ငေါက်ထိုးပြီး အအော်ခံရတာကွာ… ယောကျ်ားချင်းလည်း ဖြစ်သေးတယ်ကွာ…ဘယ်လောက်အောက်လဲ… တခြားလူတွေ မြင်ရင် ဘယ်လိုတွေးကြမလဲ… ဒီကောင်ဟာ ဘယ်လောက်စုတ်ပြတ်သတ်နေတဲ့ ကောက်မို့ မိန်းကလေးဘက်က ခါးခါးသီးသီး ဖြစ်နေရတာလဲ မသိဘူးလို့ပဲ တွေးကြမှာပဲ…"

"အေးလေ… သူလုပ်ပုံက လွန်ကို လွန်ပါတယ်…"

"သူ့ညီမကို သူ နှမြောတာ… သဝန်တိုတာ ငါ ကိုယ်ချင်းစာနိုင်ပါတယ်ဟာ… ဒါပေမယ့် နင် စဉ်းစားကြည့် ငါနဲ့သူ့ကြားမှာ ဒါမျိုးဖြစ်စရာလား… သူတစ်ယောက်တည်းကပဲ ပေးရတဲ့လူလားလို့… ငါကလည်း ကိုယ့်အစ်မတစ်ယောက်လုံးကို ပေးထားရတာပဲ… နောက်ပြီး ငါ့ဘက်ကျတော့ နင်တို့ကိစ္စကို ကန့်ကန့်ကွက်ကွက်လည်း လုပ်ခဲ့တာ မဟုတ်ဘူး… နင်တို့အတွက် ငါ ဘယ်လောက်ကူညီခဲ့ရသလဲ… သာမန်မောင် တစ်ယောက်ဆိုရင် ဒီလောက်လုပ်ပေးမလား… ဒါပေမယ့် နင်စိတ်ချမ်းသာပါစေဆိုပြီး ငါ လုပ်ပေးခဲ့တာ… အဲဒီ မျက်နှာလေးတော့ နည်းနည်းပါးပါး ထောက်ဖို့ကောင်းပါတယ်…"

"ငါ မကျေနပ်ဘူး… နင်… ငါတို့အတွက် ဒီလောက်



လုပ်ပေးခဲ့တာပဲ… သူ့ဘက်ကလည်း နင့်ကိစ္စမှာ မကူညီဘူးဆိုရင်တောင် သိတတ်ဖို့တော့ ကောင်းတယ်"

"အဲဒါပြောတာပေါ့… ဒီလူက တကယ့်အတ္တသမား… တစ်ကိုယ်ကောင်းသမား… ကိုယ့်ဘက်ပဲကြည့်ပြီး… သူများဘက်ကျ မကြည့်တတ်တဲ့လူ… အဲဒီလိုလူမျိုးကို လက်တွဲသွားဖို့ဆိုရင် နင် သေသေချာချာ စဉ်းစားရ လိမ့်မယ်နော်…ငါတို့ကိစ္စကို ဖျက်လိုဖျက်ဆီးလုပ်လို့ နင်တို့ကိစ္စကို တားတာမဟုတ်ဘူး… သူ့ရဲ့ကာရိုက်တာကို သတိထားပြီး စဉ်းစားဖို့ပြောတာ…"

"ဟုတ်တယ်… ငါလည်း ကြောက်လာပြီ… တော်ပြီဟာ… သူ့ကို မခေါ်ချင်တော့ဘူး… တကယ်လို့… သူ့ဘက်က လျှော့လာမယ်ဆိုမှ ပြန်ခေါ်တော့မယ်… နင့်အတွက်လည်း အကျိုးရှိတာပေါ့…"

"ရတယ်… ငါ့အတွက်က ကိစ္စမရှိဘူး… နင့်အတွက် သာ နင်စဉ်းစား… ညညကို မရရအောင် ကြိုးစားဖို့က ငါ့ဆုံးဖြတ်ချက်ပဲ… ဘယ်သူတားတားလည်း အရေးမကြီးဘူး… သူများက ဝင်မတားရအောင် အပေးအယူလုပ်စရာလည်း မလိုဘူး… နင်သာ ကိုယ့်ဘဝ တစ်သက်တာအတွက် ကိုယ်စဉ်းစား … မသင့်တော်ဘူးထင်လို့ကတော့ ငါ့အတွက် အဆင်ပြေဖို့တွေ ဘာတွေ ထည့်တွေးမနေနဲ့… ဖြတ်သာ ဖြတ်ပစ်…"

ဂဂ်ါက အမြင်ကတ်ကတ်နှင့် ယမုံနှာကို စွတ်မြှောက်ပေးပစ်လိုက်တော့သည်။ နေ့သစ်ဆိုတဲ့လူဟာ ကျေးဇူးကန်းတဲ့လူ။ ဒီအတွက် သူတို့မောင်နှမက တစ်စုံတစ်ခု တုံ့ပြန်မည်ဆိုလျှင် ဒါဟာ တရားမျှတသော လက်တုံ့ပြန်မှုပဲ ဖြစ်လိမ့်မည်။

www.foreverspace.com.mm



"သမီးလေး…ဟင်းထည့်စားလေ… ဘာလို့ ထမင်းဖြူတွေပဲ ဖြစ်နေရတာလဲ…"

ဖေဖေက ညညအကြိုက် ဆိတ်သားဟင်းကို ခပ်ကာ ပန်းကန်ထဲ လှမ်းထည့်ပေးရင်း ပါးစပ်ကလည်း တတွတ်တွတ်ပြောနေသည်။

အဲဒီဖေဖေတစ်ယောက်ဟာ သားနဲ့သမီးအတွက်ဆို သိပ်ကို သိတတ်တာပါပဲ။ သူ့ခမျာ အလုပ်ကတစ်ဖက် ဖြစ်ပါလျက် ဒီသားသမီးနှစ်ယောက်ကို အရိပ်လိုကြည့်ကာ တစ်ခုခုလိုတာနဲ့ ပါးစပ်က မတောင်းရသေးခင် ဖြည့်ပေးပြီးသားဖြစ်နေတာများ သိပ်ကို အံ့သြဖို့ကောင်းသည်။

ဒါကြောင့်လည်းပဲ နေ့သစ်နဲ့ ညနေခင်းတို့ ခပ်ငယ်ငယ်မှာ မေမေဆုံးသွားတော့ ဖေဖေဟာ အသက်သုံးဆယ့်ငါးနှစ်အရွယ်။ ရုပ်ရည်ချောမောကာ ငွေကြေးချမ်းသာသော၊ ရှေ့လျှောက်လည်း အောင်မြင်ကြီးပွားဖို့ အလားအလာ

ကောင်းတွေ အပြည့်ရှိသော ဖေဖေဟာ ကလေးနှစ်ယောက် အဖေ မုဆိုးဖိုဖြစ်တာတောင်မှ လူမျိုတွေနဲ့အပြိုင် မျက်နှာ ပွင့်ဆဲရှိခဲ့တာ။

အဲဒီလို အခြေအနေမျိုးမှာ ကြိုက်ရာမိန်းမကို ခေါင်းခေါက်ရွေးယူ အိမ်ထောင်သစ် ထူနိုင်ပါလျက်သားနဲ့ သမီးမျက်နှာကို ငဲ့ပြီး ဖေဖေက အိမ်ထောင်ပြုဖို့ကိစ္စ စကား တောင်အဟ မခံခဲ့။

ဒီအသက်ဒီအရွယ် ရောက်နေပြီဖြစ်သည့် သား နဲ့သမီးကိုလည်း ဖေဖေမို့လို့ ဒီလောက်ဂရုစိုက်နိုင်ပါပေသည်။ အခုပဲကြည့်၊ ညည ထမင်းကောင်းကောင်း မစားနိုင်တာကို ဖေဖေသိသွားပြီ။ ဒါမျိုးတွေဟာ အမေတွေလောက်ကသာ သတိထားမိကြပြီး အဖေတော်တော်များများက သတိထား ကြည့်မိလေ့ မရှိသည့်ကိစ္စ။

“အခုတလော ဖေဖေ့သမီးလေး ငြိမ်နေပါလား ... တီဗွီလည်း သိပ်မကြည့်ဘူး ... အခန်းပဲ အောင်းနေ တာ... ဘာလဲ နေမကောင်းဘူးလား... သမီး... မိန်း ကလေးရောဂါတွေ ဘာတွေများ ဖြစ်နေလား ... တစ်ခုခုဆို ဖုံးမထားနဲ့နော် ... ဖေဖေ့ကိုပြော ကြား လား...”

ထမင်းကို စိတ်ပါလက်ပါ ငုံ့စားချင်ဟန်ဆောင် လျက် ညနေခင်းကို အကဲခတ်နေသော နေ့သစ်က ဖေဖေ မမြင်အောင် မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ပါသည်။

www.foreverspace.com.mm



ဟွန်း... သိပ်ဟုတ်တာပေါ့ဗျာ။ မိန်းကလေး ရောဂါ။ ရည်းစားပူမိတဲ့ ရောဂါလေ... လို့သာ ကြားထဲက ဝင်ပြောလိုက်ချင်တော့တာပဲ...။

ဖေဖေဟာ သည်းကိုသည်းလွန်းတယ်။ ဒီလို ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားထားချင်တဲ့ဟာမျိုးများ ဖြစ်ချင် ရာဖြစ် ပစ်ထားလိုက်ပြီးရော။ အစာငတ်ရေငတ်ပြီး သေသွား လည်း အေးတာပဲ။ အဖေနဲ့အစ်ကိုကတော့ဖြင့် သူ့ကို တကယ့် ကလေးလေးတစ်ယောက်လို ချစ်လိုက်ရ၊ အလိုလိုက်လိုက်ရ တာ။ ဒင်းကတော့ ကွယ်ရာမှာ ရည်းစားနဲ့၊ အမြင်ကတ်စရာ ကောင်းလိုက်တာ။

“ဪ... သမီးကြိုက်တဲ့ မှိုနဲ့ကြက်သားဟင်းကဝေး နေတာကိုး... သားကလည်းကွာ... ညီမလေးကြိုက်တဲ့ ဟင်း... ကိုယ့်ရှေ့ရောက်နေလည်း ကလေးဘက် တိုး ပေးလိုက်ပါလား...”

“ကလေး... ဘာကလေးလဲ...”

နေ့သစ်က မနေနိုင်တော့စွာ တစ်ခွန်းဝင်ပြော လိုက်လျှင် ညနေခင်းရဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေ သူ့ထံ ဖျတ်ခနဲရွေ့လျားလာပါသည်။

ဒီကိစ္စ ဖေဖေ့ကို ဖွင့်များပြောလိုက်တော့မလား ဟု ညနေခင်းက စိုးရိမ်လိုက်မိတာမင်။ ဖေဖေဟာ သားသမီး တွေကို ချစ်လှတာနဲ့အမျှ သူတစ်ယောက်တည်း ပိုင်ဆိုင်လို ချင်သော အတ္တလည်း ကြီးမားလှလေတာ။ သူကိုယ်တိုင်လည်း

နောက်ထပ်သံယောဇဉ်သစ် မရှာတော့လို သားနဲ့သမီးကိုလည်း သူ့လက်ထဲက ဘယ်သူမှ လုသွားတာ မခံချင်ချေ။ ညည ရည်းစားထားသည့်အကြောင်းသာ ဖေဖေ သိသွားလျှင် အကြီးအကျယ် စိတ်ဆိုးတော့မှာ။

ညည လန့်ဖျပ်စိုးရိမ်သွားတာကို နေ့သစ်ကလည်း သဘောပေါက်ပါသည်။ ဒီကိစ္စ ဖေဖေ ပြန်သိသွားမှာကို ညညက စိုးရိမ်သလို နေ့သစ်ကလည်း စိုးရိမ်တာပင်။ ညည့ရဲ့ ရည်းစားထားသည့်ကိစ္စဟာ ဖေဖေ့အထိတက်ပြီး အသိပေးရလောက်အောင် ကြီးကျယ်သည့်ကိစ္စမျိုး မဖြစ်စေချင်။ သူတို့အောက်ခြေအဆင့်လောက်မှာတင် နှိပ်ကွပ်နှိမ်နင်းပစ်ရမည့်ကိစ္စပဲလို့ နေ့သစ်က ခံယူထားတာ။

"ဖေဖေ့သမီးက ကလေးယောင်ဆောင်ပြီး အားလုံးကို
နိုင်စားနေတာဗျာ..."

နေ့သစ်ရဲ့ စကားလုံးတစ်မျိုးကြီးကြောင့် ဘာတွေများ ဖြစ်ထားသလဲလို့ ဖေဖေက တအံ့တသြ နားစွင့်နေပြီမို့ နေ့သစ်က ကိုယ့်စကားကိုယ် လျှော့ချလိုက်ရပါသည်။

"ဘာလဲ... ကြည့်ရတာ သားနဲ့သမီး ရန်ဖြစ်ထားပြီ
ထင်တယ်... ဟုတ်လား... ပြောစမ်း... သမီးလေး...
ကိုကိုက ငါ့သမီးကို ဘာတွေနှိပ်စက်သလဲ... ကိုကို
နှိပ်စက်လို့ သမီး စိတ်ညစ်နေတာလား... ဟုတ်လား"
"ဟို... မဟုတ်... မဟုတ်ပါဘူး ဖေဖေ..."
"သားနော်... ငါ့သမီးကို စိတ်ဆင်းရဲအောင် မလုပ်နဲ့...

www.foreverspace.com.mm



သမီး ဖြစ်စေချင်တာတွေအားလုံး ဖြစ်ပေစေ..."

ဖေဖေ့သမီး ဖြစ်စေချင်တာသာ အားလုံးပေးဖြစ်ရမယ်ဆိုရင်တော့ ဖေဖေ့သမီးကို ယောကျ်ားပေးစားမှသာ ဖြစ်တော့မယ်လို့ နေ့သစ်က စိတ်ထဲက ပြောနေမိသည်။

ညနေခင်းကို ရည်းစားမထားရ၊ ယောကျ်ားမယူရလို့ အတင်းအကျပ်ကြီး ပိတ်ပင်တားဆီးဖို့ စိတ်ကူးမရှိပေမယ့် လောလောဆယ် အခြေအနေမှာတော့ သူမဟာ သိပ်ငယ်သေးသည်မို့ နေ့သစ်က ထင်သည်။ ကိုယ့်ညီမလေးကို တကယ့်ကလေးလေးတစ်ယောက်လိုပဲ သဘောထားပြီး ချစ်ခင်အလိုလိုက်ထားတာ၊ တစ်မိမ်းယောကျ်ားတစ်ယောက်နောက်ကို လွယ်လင့်တကူနဲ့တော့ ထည့်မပေးချင်သေးတာမျိုးပင်။

အခုတလော ညနေခင်းတစ်ယောက်တည်း ခပ်မှိုင်မှိုင်၊ ခပ်ငြိမ်ငြိမ်လေး ဖြစ်နေတာ မြင်ရတော့ နေ့သစ်စိတ်ထဲ တကယ်မကောင်းပါ။ ကိုယ်ဟာမတရား၊ ပိတ်ပင်ချုပ်ချယ်သူ လူဆိုးကြီးတစ်ယောက်များ ဖြစ်နေမလားလို့လည်း အကြိမ်ကြိမ် တွေးမှုမိပါသေးသည်။

သို့သော် တွေးမူတာက မူတာတစ်ပိုင်း၊ ကိုယ့်ရဲ့ချစ်လှစွာသော ညီမငယ်လေးကို ရည်းစားနဲ့ တွဲမမြင်ချင်တာကလည်း တစ်ပိုင်းပင်။

ဒီကြားထဲ ကိုယ့်ဘက်က ဂဏ်ကို ဟောက်ထုတ်ထားမိသည့်အဖြစ်ကြောင့် ယမုံနာနဲ့လည်း ရင်မဆိုင်ရဲချေ။ ဂဏ်ဟာ သူ့အကြောင်းတွေ အစ်မဖြစ်သူကို ပြန်ပြောမလား၊

မပြောဘူးလား မသိနိုင်။ အကယ်၍ ပြောပြခဲ့သည်ဆိုလျှင် ရော ယမုံနာက ဘယ်လိုဆုံးဖြတ်မှာလဲ သူမတွေးတတ်။

ဘာလိုလိုနဲ့ မုံမုံ့ကို မတွေ့ရတာတောင် ဆယ်ရက်လောက်ရှိသွားပြီ။ ခါတိုင်း လူချင်းမတွေ့နိုင်လျှင်တောင် ဖုန်းတော့ဆက်နေကျ။ အခုတော့ ဖုန်းပါမဆက်ဖြစ်တာမို့ နှစ်ယောက်ကြားမှာ လုံးဝကို အဆက်အသွယ်ပြတ်တောက်နေတော့တာ။

တွေးရင်းတွေးရင်းနဲ့ မုံမုံ့ကို မတရားသတိရလွမ်းဆွတ်လာတာမို့ နွေသစ်က ထမင်းကို လက်စသတ်လိုက်ကာ တယ်လီဖုန်းဆီ ထွက်လာခဲ့လိုက်ပါသည်။

"ဟုတ်ကဲ့... အမိန့်ရှိပါခင်ဗျာ..."

ဖုန်းလာကိုင်သည့်သူဟာ ယမုံနာပဲ ဖြစ်နေပါစေလို့ ဆုတောင်းမိသမျှ မပြည့်ပါ။ ဖုန်းထဲက ထွက်လာသည့်အသံဟာ ဂင်္ဂါရဲ့အသံသာ ဖြစ်နေလေသည်။

အရင်က ကြားဖူးနေကျ ဖြစ်ပေမယ့် အခုတစ်ခါ ကြားလိုက်ရသည့် ဂင်္ဂါရဲ့အသံကိုတော့ နွေသစ်က မျက်နှာပူစွာ ရင်မဆိုင်ရဲဘဲ ရှိလေသည်။

"ဟို...ဟို..."

"မုံမုံရေ..."

နွေသစ်က မမေးရသေးခင် ဂင်္ဂါက ဘယ်သူမှန်း ကြိုသိကာ ယမုံနာကို လှမ်းခေါ်လိုက်သည်။ ချက်ချင်းဖုန်းလာမကိုင်သေးဘဲ စောင့်နေရသည့် အချိန်လေးအတွင်းမှာ

www.foreverspace.com.mm



နွေသစ်ရင်ထဲ တလှပ်လှပ် ခုန်နေလေသည်။

ယမုံနာ့ဆီက ပထမဆုံး ဖုန်းဆက်သည့်နေ့က ခံစားချက်မျိုး အသစ်ပြန်လည်ခံစားရလျက် လက်ဖျားခြေဖျားတွေပင် အေးစက်လို့လာရသည်။

"ဟုတ်ကဲ့...ပြောပါ..."

ယမုံနာရဲ့ထူးသံဟာ မာဆတ်ဆတ်။ ဖုန်းလာကိုင်သူဟာ ဂင်္ဂါဖြစ်၍ ဖုန်းဆက်တာ ဘယ်သူလဲဆိုတာ ယမုံနာ သိလောက်ပြီ။ ဒါနဲ့တောင်မှ လေသံက မာတုန်းဆိုတော့ ယမုံနာရဲ့ သဘောထားက သိပ်ပြီးတော့ ပျော့ပျောင်းနိုင်မှာ မဟုတ်ဘူးလို့ တွက်ဆကြည့်လို့ရနိုင်သည်။

"မုံမုံ... ကိုယ်ပါ..."

"ဘာကိစ္စရှိလို့လဲ..."

"သတိရလို့ပါ..."

"သတိရရုံနဲ့တော့ ဖုန်းဆက်စရာမလိုဘူးထင်ပါတယ်"

"ဟာ...မုံမုံ...ဘာတွေပြောနေတာလဲကွာ..."

"အမှန်အတိုင်းပဲ ပြောနေတာပါ...ရှင်တို့မောင်နှမနဲ့ ကျွန်မတို့ ဘာမှပတ်သက်စရာ မလိုဘူးလို့ရှင်ပဲ ပြောထားတယ်... မဟုတ်လား..."

"ဟာ...မဟုတ်ဘူး...မဟုတ်ဘူး...အဲဒါ ဟိုကောင်ပြန်ပြောတာမို့လား ... ကိုယ်က အဲဒီသဘောမျိုးနဲ့ ပြောလိုက်တာ မဟုတ်ပါဘူး..."

"ကျွန်မမောင်ကို ဟိုကောင်တွေ ဘာတွေနဲ့ ရင့်ရင့်

သီးသီး ခေါ်စရာမလိုဘူး…"

ဘယ်လိုဖြစ်နေတာပါလဲ။ သူ့အမြင်အားဖြင့် ပြောရလျှင် တစ်ယောက်နဲ့တစ်ယောက် မောင်နဲ့အစ်မရယ်လို့ တလေးတစား မရှိ၊ ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ မကြာခဏလည်း ရန်ဖြစ် ငြင်းခုန်တတ်သေးသော ဒီမောင်နှမဟာ ရက်ပိုင်းလေးအတွင်း အခုလောက် သွေးစည်းညီညွတ်သွားကြတာဟာ သွေးရိုးသားရိုး မဟုတ်နိုင်။

"ဆောရီးကွာ… ကိုယ် စကားပြော လောသွားတယ်… ကြားလူကတစ်ဆင့် ကြားရတာဆိုတော့ စကားတွေ လွဲပြီး… မုံမုံကိုယ့်ကို အထင်လွဲသွားမှာ စိုးလို့ပါ…"

"ဘာမှ လွဲစရာမလိုဘူး … သေသေချာချာကို မြင်တယ်… ကျွန်မရဲ့မောင်ကို စော်ကားတာ… ကျွန်မကို စော်ကားသလိုပဲ … ကျွန်မမောင်ရဲ့ အကျင့်သိက္ခာနဲ့ လူ့တန်ဖိုးကို အထင်သေးတာလည်း ကျွန်မကို အထင်သေးသလိုပဲ… ဒီတော့ ကျွန်မတို့အပေါ် ရှင့်သဘောထား ဘယ်လိုရှိတယ်ဆိုတာ ထင်ထင်ရှားရှား မြင်ပြီးသားပဲ…"

"မဟုတ်ပါဘူး မုံမုံရာ… ကိုယ့်ညီမလေးကို ရည်းစားနဲ့တွဲတွေ့လိုက်ရတော့ မူထူပြီး… ပြောမိပြောရာတွေ ပြောလိုက်မိတာပါ… ဖိုးဂါကို ပြောချင်တာ မဟုတ်ပါဘူး…"

"ဒါပေမယ့်…ရှင့်ညီမနဲ့ တွဲလာတဲ့သူက ဂါဂါပဲလေ…

www.foreverspace.com.mm



ကိုယ့်ညီမကို ရည်းစားနဲ့တွဲတွေ့လိုက်ရလို့ ရှင့်စိတ်ဆိုးမယ်ဆိုတာ ကျွန်မ လက်ခံတယ်… ဒါပေမယ့်… ကျွန်မမောင်ဟာ ကိုယ့်ညီမနဲ့ တွဲတွေ့လိုက်လို့ ဘယ်လိုမှ လက်မခံနိုင်လောက်အောင် ဆိုးဝါးပျက်စီးမနေဘူး… လူမုံအလယ်မှာ လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့မောင်းထုတ်ခံရလောက်အောင်လည်း အောက်တန်းစား ကလေကချေ မဟုတ်ဘူးရှင့်…"

"ဟုတ်ပါတယ်… ဟုတ်ပါတယ် … အဲဒါကို ကိုယ် လက်ခံပါတယ်…"

"ဒါဖြင့်… ရှင်က ဘယ်လိုလဲ… ဘာကြောင့် ကျွန်မမောင်ကို ရှင့်ညီမနဲ့ သဘောမတူနိုင်ရတာလဲ…"

"မဟုတ်ဘူးကွာ … ကိုယ်က ညီမလေးကို ကလေးလေးလိုပဲ ထင်ထားတော… သူ့ကိုရည်းစားနဲ့ တွဲတွေ့လိုက်ရတော့… အရမ်းရှော့ခ်ဖြစ်သွားပြီး… ထူထူမူမူနဲ့ စွတ်ပြောလိုက်မိတာပါ… ဂဂ်ါမို့လို့ ပြောတာတော့ မဟုတ်ပါဘူး…"

"တခြားလူဆို ပြောချင်ပြောလို့ရတယ်… ဂဂ်ါကို လုံးဝ ပြောလို့မရဘူး … ဂဂ်ါဟာ ကျွန်မရဲ့ မောင်ဖြစ်တဲ့အတွက် သူ့ကို အခုလို စော်ကားလိုက်တာဟာ ကျွန်မမျက်နှာကို လုံးဝမထောက်ထားရာကျတယ်…"

"တော်ပါတော့ မုံမုံရယ်… ကိုယ် တကယ်မှားသွားပြီး ပြောချင်ရာတွေ ပြောလိုက်မိတာ… အဲဒီအချိန်မှာ ဂဂ်ါ

ကို မုံမုံ့ရဲ့ မောင်ပါဆိုတာလည်း ကိုယ်သတိမရတော့ဘူး…"

"ဒါဖြင့် ဘာလဲ…ရှင်က ရှင့်ညီမအတွက်ဆိုရင် ကျွန်မကိုတောင် သတိမရနိုင်တော့ဘူးဆိုတဲ့ သဘောပေါ့"

ဘယ်ဘက်ကမှ လုည့်မပတ်ရှောင်တိမ်းလို့ မရနိုင်တော့ပါလား။ ကိုယ့်ရဲ့စိတ်လိုက်မာန်ပါ ပြုလိုက်မိသော အပြုအမူတစ်ခုဟာ အခုလောက်အထိ စိတ်ထိခိုက်စရာ ဖြစ်သွားရပါလားဆိုတာ နေ့သစ်က အခုမှသဘောပေါက်ရပါသည်။

"ကိုယ် တောင်းပန်ပါတယ် မုံမုံရယ်…"

"မလိုပါဘူး … ရှင် တောင်းပန်ရမယ့်လူက ကျွန်မ မဟုတ်ဘူး… လူမုံအလယ်မှာ လက်ညှိုးငေါက်ငေါက် ထိုးပြီး… ရှင် အရှက်ခွဲထားခဲ့တဲ့လူကိုသာ တောင်းပန်ရမှာ…"

နေ့သစ်က အင့်ခနဲဖြစ်သွားရပါသည်။ တခြားအကြောင်းကိစ္စနဲ့ဆိုလျှင် ဂင်္ဂါကိုမှမဟုတ် ဘယ်သူ့ကိုမဆို တောင်းပန်ဖို့ ဝန်မလေးသော်လည်း အခုကိစ္စမှာတော့ ကိုယ့်ဘက်က စတင်အလျှော့ပေး တောင်းပန်ရမှာကို တုန့်ဆိုင်းလေးကန်နေမိသည်။

တကယ်လို့ သူသာ ဂင်္ဂါကို တောင်းပန်လိုက်ပြီဆိုလျှင် အဲဒါ ဘယ်လိုသဘောမျိုး သက်ရောက်သွားမလဲဆိုတော့ မင်းနဲ့ ငါ့ညီမကို သဘောတူပါပြီလို့ လက်ခံလိုက်

www.foreverspace.com.mm



ရာပဲ ရောက်သွားတော့မှာပေါ့။

ကိုယ့်ဘက်က အဲဒီလိုကြီး လျှော့လိုက်ရမှာကိုလည်း နေ့သစ်က သိပ်မဖြစ်ချင်ပြန်။ ဘာလုပ်ရကောင်းမလဲ စဉ်းစားတွေဝေနေဆဲ။

"ရှင့်ကြည့်ရတာ ကျွန်မစကားကို သိပ်လက်ခံချင်ပုံမရဘူး…ရတယ်လေ…ဒါက ရှင့်သဘောပါ… ဘယ်သူကမှတော့ ငါ့ကိုလာတောင်းပန်ရမယ်လို့ မခိုင်းကြပါဘူး… ရှင့်ဆန္ဒမရှိရင် ကျွန်မတို့မောင်နှမနဲ့ ဘယ်တော့မှ မဆက်သွယ်ဘဲ နေလို့လည်း ရတယ်…"

ယမုံနာပြောလိုက်ပုံကို ကြည့်ခြင်းအားဖြင့် သူမတို့မောင်နှမနှစ်ယောက်ဟာ တစ်ပေါင်းတစ်စည်းတည်း၊ တစ်ဖက်တည်း ဖြစ်သည်ဆိုတဲ့သဘော၊ တကယ်လို့ နေ့သစ်သာ ဂင်္ဂါကို မတောင်းပန်နိုင်ဘူးဆိုလျှင် သူမကိုလည်း အဆက်အသွယ်ဖြတ်မှ ဖြစ်မည်ဆိုတဲ့သဘောပင်။

"ကဲ… ရှင် ဘာမှပြောစရာ မရှိတော့ဘူးဆိုရင် ကျွန်မ ဖုန်းချလိုက်တော့မယ်…"

"မုံမုံ…"

နေ့သစ်ထံက တားမြစ်သံ မဆုံးခင်မှာတင် တစ်ဖက်က ဖုန်းချသံ ခွပ်ခနဲထွက်ပေါ်လာတာမို့ နေ့သစ်ကလည်း ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် ဖုန်းကို ပြန်ချထားလိုက်ရပါသည်။

ဖုန်းပြောပြီးတာနဲ့ ခုံတစ်လုံးပေါ် ခြေပစ်လက်

မစ် ထိုင်ကျသွားသော နေ့သစ်ကို ခန်းဆီးအကွယ်ကနေ ချောင်းကြည့်လျက် ညနေခင်းက သဘောအကျကြီး ကျနေတော့သည်။

ကောင်းတယ်၊ ကိုယ့်တစ်ဘို့တည်းကြည့်ပြီး သူများအတွက် ထည့်မတွက်တတ်တဲ့ ကိုကိုတော့ အခုလောက်ဆို ကောင်းကောင်းကြီး မညာရနေလောက်ပြီ။

ညညက ကိုယ့်အတွေးနဲ့ကိုယ် တိတ်တိတ်လေး ကျေနပ်လို့မဆုံး ဖြစ်နေလေတော့သည်။



www.foreverspace.com.mm

"ကိုဂါ…ပုနေ…ပုနေ…"

ညနေခင်းရဲ့ အလန့်တကြား သတိပေးသံကြောင့် ဂဂ်ါက ခြံစည်းရိုးမင်တွေနောက် ဖျတ်ခနဲဝင် ပုန်းခိုပစ်လိုက်ရပါသည်။

"ရပြီ… မြန်ထတော့…"

"ဘာတွေလဲကွာ ညညရာ…ရင်တောင်ထိတ်ရပါလား"

"ဒီလောက်လေးတော့ စွန့်စားပါ ကိုဂါရယ်… မဟုတ်ရင် တွေ့ကြရမှာ မဟုတ်ဘူး…"

"ကိုယ်က ညညကို အရမ်းတွေ့ချင်တဲ့ကောင်ပါကွာ… စွန့်စားဖို့ကတော့ လုံးဝဝန်မလေးဘူး … ဒါပေမယ့် ဘာတွေဖြစ်လို့ ဖြစ်မှန်းမသိ … စကားတစ်ခွန်းပြောလိုက်… ပုန်းလိုက်… နောက်တစ်ခွန်းပြောလိုက်…ပုန်းလိုက်လုပ်နေရတာ ဘယ်လောက်စိတ်မောနေတယ် မှတ်လဲ…"

"ဒါကတော့ သူများဆီက ခိုးချင်တာကိုး… ဒီလောက်

တော့ သည်းခံပေါ့ . . . ”

တစ်မျက်နှာလုံး ဖော့ချွေးတွေပျံ့ကာ ကျီးကန်းတောင်းမှောက်၊ မျာယီးမျာယာဖြစ်နေသော ဂင်္ဂါကို ကြည့်ကာ ညနေခင်းကတော့ ရယ်ပဲရယ်ချင်နေသည်။

တစ်သက်မှာ အခုလို စွန့်စားရသည့်အတွေ့အကြုံမျိုး ဒီတစ်ခါ ပထမဆုံး ကြုံဖူးတာမို့လည်း အထူးအဆန်းဖြစ်ကာ ရှင်လန်းတက်ကြွနေသည်။

“မျော်စရာ မကောင်းဘူးလား . . . စကားပုံတောင်ရှိသေး . . . ခိုးစားရတဲ့အသီးက ပိုပြီးချိုမြိန်တယ်တဲ့ . . . ”

“ဒါတော့ ဒါပေါ့ကွာ . . . ဒါပေမယ့် ခြံရှင် ပြန်လာလို့ ကမန်းကတန်း မျိုချလိုက်တာ အစေ့နင်သွားတာကျတော့ သူတို့က ဆက်မှ မပြောဘဲကိုး . . . ”

“မမျိုချနဲ့ပေါ့ . . . ထွက်ပြေးပေါ့ . . . ”

“ပြေးတော့ရော လွတ်မှာလား . . . ကိုယ်ဘယ်မှာရှိမယ်မှန်း ညည အစ်ကိုက သိနေတဲ့ဥစ္စာ . . . ”

“ဒါဆိုလည်း မမမုံမုံနဲ့ သူ့ကို ပြန်တွေ့ပေးလိုက်ပေါ့ . . . ဒါနဲ့ နေပါဦး . . . မမမုံမုံနဲ့ ကိုကြီးကိစ္စ ဘာဖြစ်တာလဲ . . . ကိုဂါ ပညာပြထားတာလား . . . ”

“ဟာ . . . မဟုတ်ဘူး . . . အဲဒီလို အထင်မလွဲပါနဲ့ . . . ကိုယ်က ညညအစ်ကိုလို မဟုတ်ဘူး . . . မုံမုံ့ဘက်က သဘောထားက သူ့ကိုယ်ပိုင်သဘောထားပါ . . . ညညပဲ စဉ်းစားကြည့်လေ . . . ဘယ်အစ်မကများ ကိုယ့်မောင်ကို ပစ္စည်း

www.foreverspace.com.mm



လက္ခပြောထားတဲ့ သူတစ်ယောက်နဲ့ အဆက်အဆံလုပ်ချင်မှာလဲ . . . ”

“ဒီလောက်တော့လည်း မဟုတ်ပါဘူး ကိုဂါရယ် . . . ကိုကြီးက စိတ်ထားကောင်းပါတယ် . . . သူက ညညကို ကလေးတစ်ယောက်လိုပဲ သဘောထားနေတာဆိုတော့ ရုတ်တရက်ကြီး တွေ့လိုက်တဲ့အခါ အရမ်းစိတ်ဆိုးသွားတာပါ . . . ခုတော့ သူလည်း သူ့အမှားအတွက် ကျိတ်ပြီး ခံစားနေရတဲ့ပုံပဲ . . . ”

ခံစားရပါစေပေါ့။ ကိုယ်ရဖို့တုန်းကတော့ တဟဲဟဲ ကျေနပ်ပြီး ကိုယ့်ဘက်က ပြန်ပေးရမည့်အခါကျတော့ တွန့်တိုစေနည်း သိတတ်လွန်းသည့်လူ၊ ခံစားရမှ တန်ကာကျမည်။

ဂင်္ဂါက အားပါတရ တွေးနေဆဲ ရုတ်တရက်ကားတစ်စင်းက သူတို့နား ဝူးခနဲဆိုက်ရပ်လာလေသည်။

“ဟင် . . . ဖေဖေ . . . ”

“သမီး . . . ”

ကားပေါ်က ဝုန်းဒိုင်းကျဲကာ ဆင်းလာသူမှာ ညနေခင်းရဲ့ ဖခမည်းတော်ကြီး ပါတကား။

“ဒါ . . . ဘာလုပ်နေတာလဲ သမီး . . . ”

“ဟို . . . ဟိုဟာပါ ဖေဖေ . . . ”

“ပြောစမ်း . . . ဒီကောင် ဘယ်ကကောင်လဲ . . . သမီးနဲ့ ဘယ်လိုပတ်သက်နေသလဲ . . . ”

ဂင်္ဂါက ထောင်းခနဲ စိတ်ထွက်သွားရပါသည်။ ညနေခင်းရဲ့ ပတ်သက်လာတော့မှပဲ သူ့ရဲ့သိက္ခာတွေဟာ အလွှားလိုက်၊ အလွှားလိုက်ကို ကွာကျကုန်တော့တာ။ ဟိုလူက ဒီကောင်ခေါ်လိုက်၊ ဒီလူက ဒီကောင်ခေါ်လိုက်၊ နှစ်ပြားမတန်အောင် စော်ကားနှိမ်ချလိုသည့် သဘောတွေနဲ့ ပြောဆိုတာကို ခံနေရတော့တာ။

"ကျွန်တော်က ညညရဲ့ ချစ်သူပါ… ကျွန်တော့်နာမည် ဂင်္ဂါပါ…"

စိတ်တိုတိုနဲ့ပဲ ဂင်္ဂါက မျက်နှာပြောင်တိုက်ကာ ပြောချပစ်လိုက်တော့သည်။ ဟိုတစ်နေ့က နေ့သစ်ရဲ့ အပြောအဆိုကို ခံရပြီးကတည်းက ဂင်္ဂါစိတ်က ကွပ်ဆတ်ပွယောင်းနေတာ။ တစ်ခုခုနဲ့ ထိလိုက်လို့ကတော့ သည်းခံနိုင်စိတ်တွေ တဖျတ်ဖျတ် ကွဲအက်ကြေမွသွားလောက်သည်အထိ။ အဲဒီလောက် ကွပ်ရှနေသည့်စိတ်ကို ဆွပေးမည့်သူရှိမှတော့ ပေါက်မထွက်ဘဲ ရှိတော့မလား။

အဘိုးကြီးရဲ့ မျက်နှာဟာ နေလောင်ခံလိုက်ရသည့် သစ်သီးပုပ်တစ်လုံးလို ရှုံ့မဲ့တွန့်ကွေးသွားလေသည်။

"သမီး… သူပြောတာ ဟုတ်သလား…"

လိုက်လည်း လိုက်တဲ့သားအဖ။ ကိုနေ့အဖေဟာ ကိုနေ့အတိုင်းပဲ တစိမ်းဆိုရင် ဂရုမစိုက်၊ စာရင်းထဲမသွင်းချင်၊ ကိုယ့်မိသားစုအချင်းချင်းမှ စကားပြောဖက်လို့ယူဆထားသည့် လူမျိုးပဲ။

www.foreverspace.com.mm



ညညက သူမအဖေကိုတစ်လှည့်၊ ဂင်္ဂါကို တစ်လှည့် ကြည့်လိုက်ပြီးမှ မထူးတော့ဟု စိတ်ကို ဒုံးဒုံးချလိုက်ပါသည်။ ခုမပြောလျှင်လည်း တစ်ချိန်ကျ ပြောရမှာပဲ။ အခုနေ ငြင်းလိုက်လည်း ဖေဖေက ယုံမှာမဟုတ်တဲ့အတူတူ အခုပြောထားလိုက်တော့ နောက်တစ်ခါ မျက်နှာပူစရာမလိုတော့ဘူးပေါ့။

"ဟုတ်…ဟုတ်ပါတယ် ဖေဖေ… သူပြောတာ အမှန်ပါပဲ…"

"ကျွန်တော် မိကောင်းဖခင် သားသမီးပါ အန်ကယ်… ပြီးတော့ ကျွန်တော် ညညကို တကယ်ချစ်တာပါ… အခုလို ခိုးကြောင်ခိုးဝှက် လာတွေ့ရတာလည်း ညညက သူ့အဖေနဲ့ အစ်ကိုကို ရင်မဆိုင်ရဲဘူးဆိုလို့ပါ"

ဂင်္ဂါက ခပ်မြန်မြန် ပြောထားရသည်။ နေ့သစ်လို အတွင်းသိ အစင်းသိကြီးကတောင် ကိုယ့်ကို ကလေကချေလို ဆက်ဆံလိုက်သေးလျှင် အကြောင်းသိ မဟုတ်သေးသည့် ညညအဖေကြီးဆို ပိုပြီးတော့တောင် ဆိုးဆိုးဝါးဝါး တွေးနေဦးမည်။ ရုပ်ကြီးကိုက ကြည့်ဦး။ ကိုယ့်ကိုစိတ်ကူးနဲ့ အထင်သေးနေသည့် ရုပ်မျိုး။

"ဘာကွ…ဟေ့ကောင်… ငါ့ရှေ့မှာ နားရှက်စရာတွေ လာမပြောနဲ့… ငါ့သမီးက မင်းချစ်ရမယ့်အရွယ်လားကွ…"

ဦးဇာနည်က မျက်နှာတွေ ဖြန်းခနဲနီရဲသွား

လောက်အောင် ထူပူရုက်ရွှံ့သွားကာ အသည်းအသန်အော်ထည့်လိုက်မိပါသည်။ ဒီကောင်ဟာ ဘယ်လိုကောင်စားလဲ၊ အရှက်အကြောက် ကင်းမဲ့လှချည်လားလို့လည်း ပစ်ပစ်ခါခါ တွေးလိုက်မိသေးသည်။

အဖေတစ်ယောက်လုံးရဲ့ရှေ့မှာ သူ့သမီးကို ချစ်ပါသည်၊ ကြိုက်ပါသည် လုပ်နေတာဟာ ဦးနှောက်များ မကောင်းလို့လား။ သူက အရှက်မရှိ မျက်နှာပြောင်ရဲပေမယ့် ဦးဇာနည်ကတော့ ရှက်သည်။

“ဟုတ်ကဲ့ ခင်ဗျာ… ညညက အသက်နှစ်ဆယ်ကျော်ပါပြီ … လူတစ်ယောက် အသက်ဆယ့်ရှစ်နှစ်ဆိုရင် မဲပေးလို့ရပြီ ခင်ဗျ … အဲဒါ ဘာကိုပြောသလဲဆိုတော့ အသက်ဆယ့်ရှစ်နှစ် ကျော်သွားရင် လူကြီးဖြစ်ပြီ … ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိပြီဆိုတဲ့ သဘောပဲ…”

“ဟေ့…ဘယ့်နှစ်နှစ်ဖြစ်ဖြစ်…ငါ့သမီးဟာ ငါ့အတွက်တော့ ကလေးပဲ…”

ဟင်… ဖွတ်ကြီးပါလား။ သူက ဖွတ်ဆိုတော့ ကိုယ်ကလည်း စိတ်ထွက်ထွက်ရှိတာနှင့် သိပ်ပြီးအားနာမနေချင်တော့ပေ။

“ဟုတ်ကဲ့… အန်ကယ့်အတွက်တော့ ဟုတ်ချင်ဟုတ်ပါလိမ့်မယ်… ဒါပေမယ့် ကျွန်တော့်အတွက်တော့ မဟုတ်တော့ဘူး ခင်ဗျ…”

“ဟာ… ဒီကောင် ရိုင်းလှချည်လား… သွားစမ်း…

www.foreverspace.com.mm



ငါ့မျက်စိအောက် အမြန်ထွက်သွားစမ်း … မင်းကို ကြာကြာဆက်တွေ့နေရရင် ငါ တစ်ခုခု လုပ်မိတော့မယ်…”

ဦးဇာနည်က တကယ်ပဲ ဒေါသတွေ အလိပ်လိုက် အလိပ်လိုက်ထွက်လာရကာ ဂဂ်ါကို အော်ဟစ်မောင်းထုတ်ပါလေတော့သည်။ ဂဂ်ါက လွယ်လွယ်နဲ့ လက်မလျှော့လိုသော်လည်း ယောက္ခမလောင်းကြီးနဲ့ ဖက်ပြိုင်ရန်ဖြစ်ဖို့ မသင့်ဘူးလို့ နားလည်လိုက်တာက တစ်ကြောင်း၊ ကိုယ့်ကို တောင်းပန်သလို မျက်နှာလေးနဲ့ ကြည့်နေသည့် ညညကို ငဲ့ညှာတာကတစ်ကြောင်းကြောင့် ချာခနဲ လှည့်ထွက်ခဲ့လိုက်ရပါသည်။

“အိမ်ထဲဝင်စမ်း ညည… ဒီကိစ္စ သေသေချာချာပြောမှဖြစ်မယ်… အောင်မယ်လေး… ငါ့အိမ်ရှေ့မှာများ လာပြီး ချိန်းတွေ့ရတယ်လို့… ဖိုင်တွဲကျန်ခဲ့လို့သာ အိမ်ပြန်မလာဖြစ်ရင် ဒီအဖြစ်မျိုးရှိမှန်း သိရမှာတောင် မဟုတ်ဘူး…”

ဦးဇာနည်က သမီးဖြစ်သူကို ပြောပြောဆိုဆိုနဲ့ အိမ်ထဲဆွဲခေါ်သွားပါသည်။ ညညခမျာ အဖေဆွဲခေါ်ရာနောက်ပါသွားရင်း ရှေ့ဆက် ဘာတွေရင်ဆိုင်ရဦးမလဲလို့ တွေးလျက် ရင်လေးနေသည်။

ကျောခိုင်းထွက်လာရသော ဂဂ်ါသည်ကား ကလေးကချေတစ်ကောင်လို မောင်းထုတ်ခံလိုက်ရပြန်သည့်

ကိုယ့်အဖြစ်ကိုယ် ခံပြင်းလျက် ဦးဇာနည်နဲ့ နွေသစ်တို့ သား အဖကို နှစ်ယောက်ပူးကြီး စိတ်နာနေမိသည်။

ဒီလူတွေ ဒီလောက်တောင် ဖြစ်လှတာ သူတို့ရဲ့ အသည်းကျော်လေး၊ ကလေးပေါက်စလေး၊ မူတူတူလေးကို မရရအောင် ယူမှုကို ဖြစ်တော့မည်။ ဒါမှ သူတို့ တစ် "ကလေး" တည်း ကလေးနေသော ညနေခင်းဟာ ယောကျ်ားယူလို့ ကောင်းကောင်းရနေပြီဖြစ်သည့် အရွယ်ဆိုတာ သူတို့တွေ သိသွားကြမှာ။

www.foreverspace.com.mm



အင်တင်တင်မျက်နှာကြီးနဲ့ ညညကို ခေါ်လာရသော နွေသစ်ကိုကြည့်ကာ ဂင်္ဂါက ရယ်ချင်စိတ်ကို မနည်းကြီးထိန်းထားလိုက်ရပါသည်။

အခုတော့ ဒီလူကြီး ဘာများတတ်နိုင်သေးသလဲ။ သူ့ကို ပြတ်ပြတ်သားသား ဆန့်ကျင်လို့မဖြစ်သည့် နိုင်ကွက်တစ်ခုကို ဂင်္ဂါက ပိုင်ဆိုင်ထားမှတော့ နွေသစ်လောက်ကို ကြောက်စရာမလိုတော့ပါ။

နွေသစ်ဟာ ယမုံနှာကို ဘယ်လောက်ချစ်သည်ဆိုတာ ဂင်္ဂါက ကောင်းကောင်းသိသည်ပဲ။ မောင်တစ်ယောက်ဖြစ်ပါလျက် ကိုယ့်အစ်မကို သူနဲ့သဘောတူပေးထားတာဟာ နွေသစ်ရဲ့ ယမုံနှာအပေါ်ထားသော လေးနက်တည်ကြည်သည့် အချစ်ကို သိထား၍ပင်။

အဲဒီလို ချစ်တတ်သည့် လူတစ်ယောက်က ဘာမဟုတ်သည့် အကြောင်းလေးတစ်ခုနဲ့ ချစ်သူတစ်ယောက်လုံးကို စွန့်လွှတ်မှာတဲ့လား။

နောက်ဆုံးတော့ မုံမုံ့ကို ကြားခံထားကာ အလဲအလှယ်လုပ်ယူလိုက်လျှင် နွေသစ်တို့ လက်နက်ချလိုက်ရတော့တာပါပဲ။ ယမုံနာ့ကိုတော့ ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်သော နွေသစ်ဟာ သူ့ရဲ့ညီမလေးနဲ့ ဂင်္ဂါကိုလည်း မတတ်သာစွာ သဘောတူပေးလိုက်ရတော့တာပင်။

မတတ်သာလို့ လက်နက်ချလိုက်ရသော်လည်း ကိုယ့်ညီမတစ်ယောက်လုံးကို ရည်းစားနဲ့တွေ့ဖို့ခေါ်လာပေးရတာမို့ နွေသစ်မျက်နှာက မအီမလည်ကြီးဖြစ်နေသည်။ ဂင်္ဂါကတော့ လူကြိုက်များပြီး ရှားပါးသည့် ပစ္စည်းတစ်ခုကို တစ်ဦးတည်း ကိုယ်စားလှယ်တင်သွင်းခွင့်ရသည့် ပိုင်ရှင်ကြီးလို ခေါင်းတမော့မော့နဲ့ ခပ်တင်းတင်းနေနိုင်လေသည်။

ယမုံနာကလည်း ကျေးဇူးတင်စရာကောင်းလောက်အောင်ပင် မျက်နှာက ထားတတ်ပါဘိ။ ဂင်္ဂါက အတွင်းသိမို့ နွေသစ်ရဲ့ မတွေ့ရသည့် ရက်တွေမှာ မုံမုံတစ်ယောက် သတိရလွန်းလို့ လိန့်ပိန့်နေတာကို သိသော်လည်း နှစ်ယောက်က ဆုံကြသည့်အချိန်မှာတော့ မှုပဲမမှုသလို၊ ဘာမှမဖြစ်သလို ခပ်တည်တည် လုပ်ထားနိုင်လေသည်။

"မုံမုံရာ... နေနိုင်လိုက်တာကွာ..."

အောင်မယ်...။ အခုကျတော့ လူရှေ့မရှောင်၊ သူရှေ့မရှောင် အရှက်မရှိ အလွမ်းသယ်ဖော်ရနေသား။

"ကျွန်မက နေနိုင်တာ မဟုတ်ပါဘူး... ဒီပြဿနာကို အစဖော်လာတာက ရှင်ပါ..."



"ဟာကွာ... မုံမုံရာ... ကျေးဇူးပြုပြီး ကိုယ့်ကို...ရှင်တွေ... ကျွန်မတွေနဲ့ မပြောပါနဲ့... မကြားနိုင်လွန်းလို့..."

"ဒါလည်း... ရှင့်ဘက်က ဖန်တီးလို့ ဖြစ်ရတာပဲ..."

"ကဲပါ... ကိုယ် တောင်းပန်ပါတယ်... မုံမုံ့စိတ်ကြိုက်ဖြစ်အောင်လည်း ကိုယ့်ဘက်က လိုက်လျောပြီးပြီပဲ... ကျေပါတော့ကွာ..."

"ကျွန်မ...အဲ... မုံမုံက ကျေပါတယ်... ဒါပေမယ့်... ကိုနွေ တကယ်တောင်းပန်ရမယ့်လူက မုံမုံမဟုတ်ဘူး"

နွေသစ်က တွန့်ခနဲ ဖြစ်သွားပါသည်။ ဂင်္ဂါကို တောင်းပန်ဖို့ရှိသည်ဆိုတာ သိသော်လည်း တကယ်လက်တွေ့ကျတော့ သူက မတောင်းပန်ချင်။ သူ တောင်းပန်ရမည့် လူဟာ ကိုယ့်ညီမရဲ့ချစ်သူ ယောက်ဖလောင်း ဖြစ်နေသည့်အပြင် တောင်းပန်ရမှာကလည်း ကိုယ့်ညီမရှေ့တင်ဖြစ်နေသောအခါ သူ့အတွက် အတော်ကြီးကို အခက်အခဲဖြစ်နေလေသည်။

"အင်း...ဒါက..."

နွေသစ်ရဲ့ အခက်အခဲကို ဂင်္ဂါက သဘောပေါက်လိုက်ပါသည်။ သူ့အနေနဲ့လည်း ဒီလောက်အထိ အခွင့်အရေးယူဖို့ မသင့်တော်ဘူးဟု ထင်သည်။ သူနဲ့ နွေသစ်ဆိုတာက အပြန်အလှန် နှမပေးထားရသော ယောက်ဖတွေအနေနဲ့ တစ်သက်လုံး ပတ်သက်ဆက်ဆံသွားရမှာ။ ဒီလို

အခြေအနေမှာ တစ်ယောက်နဲ့တစ်ယောက် မကျေလည်ချင်စရာ၊ အကျိတ်အခဲဖြစ်စရာတွေ ကျန်မနေသင့်ချေ။

နောက်ပြီး ညညရှေ့မှာ သူ့ရဲ့သဘောထားကြီးမှု၊ အလိုက်သိငဲ့ညှာတတ်မှုကိုပြပြီး အမှတ်ယူချင်သေးသည်။ ညညဟာလည်း သူမရဲ့ အစ်ကိုကို ချစ်ရှာတာ ဂင်္ဂါအသိပင်။ သူမ မျက်စိရှေ့မှာ သူမရဲ့ အစ်ကိုဟာ တခြားလူတစ်ယောက်ကို တောင်းပန်နေရသည့် အဖြစ်မျိုးကို မြင်ချင်ရှာရမှာမဟုတ်။

"ရပါတယ် မုံမုံရဲ့… တောင်းပန်စရာ မလိုပါဘူး… ကိုနေ့ သဘောပေါက်ရင် … ကျွန်တော်နဲ့ ညညကို သဘောတူပေးရင် ပြီးတာပါပဲ… ကျွန်တော်တို့တွေက အချင်းချင်းတွေပဲ…"

ဂင်္ဂါ အကြောကြီးနဲ့ ပြောလိုက်တာကို မိန်းကလေးနှစ်ယောက် မသိလိုက်သော်လည်း ယောကျ်ားချင်းဖြစ်သည့် နေ့သစ်ကတော့ သိလေသည်။

ယမုံနာနဲ့ ညနေခင်းတို့ကတော့ ဂင်္ဂါကိုသဘောထားကြီးသော၊ နားလည်မှုရှိသော၊ ခွင့်လွှတ်တတ်သော စိတ်ထားမြင့်မြတ်သူအဖြစ်နဲ့ အထင်တွေကြီးကုန်ကြတာအမှန်။

"အေး… မတောင်းပန်ရဘူးဆိုလည်း ပြီးတာပါပဲ… တစ်ခုတော့ ရှိတယ်… အစ်ကိုတစ်ယောက်လုံးဖြစ်တဲ့ ငါကိုယ်တိုင်က မင်းလက်ထဲ ထည့်ပေးလိုက်တာဆိုပြီး ငါ့ညီမအပေါ်မှာ တန်ဖိုးမထားတာမျိုးတော့ မလုပ်ပါနဲ့ကွာ…"



www.foreverspace.com.mm

"ဟာ…ဒါက ပြောနေစရာတောင် မလိုပါဘူး…ညညဟာ ဘယ်သူ့ညီမ… ဘယ်သူ့သမီးပဲဖြစ်ဖြစ်… ဘာပဲဖြစ်ဖြစ် … ကျွန်တော့်ချစ်သူ ဖြစ်နေတာပဲလေ… ကျွန်တော်ချစ်သူကို ကျွန်တော် တန်ဖိုးထားတာပေါ့"

ဟုတ်ကဲ့ဆိုလည်း တစ်ခွန်းနဲ့ပြီးတဲ့ကိစ္စကို လျှာကရှည်နေသေးသည်။ နေ့သစ်မှာ မအီမလည်နဲ့ အတော်လေး သည်းခံနေလိုက်ရပါသည်။

ဂင်္ဂါဟာ သူ့ညီမအတွက် အသင့်တော်ဆုံး လက်တွဲဖော်ဖြစ်သည်ဆိုတာကိုတော့ နေ့သစ်က လက်သင့်ခံရမှာပင်။ မျိုးရိုး၊ ပညာ၊ စာရိတ္တ၊ စိတ်သဘောထား ဘာတစ်ခုမှ ချို့ယွင်းချက်မရှိသည့်အပြင် မုံမုံရဲ့ မောင်လည်း ဖြစ်နေသေးတာမို့ အပြန်အလှန် ထောက်ထားစရာတွေနဲ့ ညညအပေါ် ဘယ်တော့မှ ဖောက်လွဲဖောက်ပြန်လုပ်မှာ မဟုတ်တာရော၊ အနိုင်အထက် မလုပ်မှာရော စိတ်ချထားလို့ရသည်။

ဒီလောက်ဆိုရင်ပဲ သူ့ဘက်က ကျေကျေနပ်နပ် သဘောတူ လက်ခံပေးဖို့ အချက်အလက်တွေ ပြည့်စုံနေပါပြီဟု နေ့သစ်က စိတ်ကိုဖြေရပါသည်။

ကိုယ်တိုင်ကမှ ယမုံနာ့ကို မစွန့်လွှတ်နိုင်ဘူးဆိုလျှင် ညညနဲ့ ပတ်သက်ပြီး တင်းထားသမျှကို တစ်ထစ်လျှော့ပေးလိုက်ဖို့သာ ရှိတော့တာပေါ့။

နေ့သစ်ရဲ့ မတတ်သာစွာ အလျှော့ပေးလိုက်ရသည့် ရှုံ့တွတွမျက်နှာကြီးကိုကြည့်ကာ ဂင်္ဂါကတော့ ကျိတ်

ရယ်ချင်နေသည်။ နောက်ဆုံးမတော့ ကိုယ့်တစ်ဘို့တည်း ကြည့်တတ်သည့် အတ္တသမားတစ်ယောက်ကို သူ အနိုင်ရ လိုက်ပြီပေါ့။

ဒီအတိုင်းဆိုလျှင် ဦးဇာနည်ဆိုသည့်လူကြီးကို လည်း မကြာခင်မှာ အနိုင်နှင့်ပိုင်းခွင့်ရလိမ့်ဦးမည်ဟု တွေး ရင်း ဂင်္ဂါက ကျေနပ်မဆုံးရှိလေသည်။

www.foreverspace.com.mm



တစ်နှစ်တည်း နှစ်မင်္ဂလာမဆောင်ကောင်းဘူး ဆိုသည့် ဘယ်ချောင်ဘယ်ကြားက ဆွဲထုတ်လာမှန်းမသိ သော အယူအဆအဟောင်းအမျင်းတစ်ခုကို သူတို့နှစ်စုံတွဲက အပြင်းအထန် တိုက်ခိုက်အနိုင်ယူလိုက်နိုင်ပါသည်။

အကြီးဖြစ်သည့် နွေသစ်နဲ့ ယမုံနာက မနက် ပိုင်းမှာ မင်္ဂလာပွဲကျင်းပပြီး ညနေမှာတော့ ဂင်္ဂါနဲ့ ညနေခင်း တို့ရဲ့ မင်္ဂလာပွဲကို ကျင်းပဖြစ်အောင် လေးယောက်သား တက် ညီလက်ညီ တိုက်ပွဲဝင်နိုင်လိုက်ပါသည်။

အခုကျတော့လည်း နွေသစ်က သဘောတွေ ကောင်းကာ ယောက်ဖတော်ကိုလည်း အကြည်ဖြူကြီး ကြည် ဖြူနေပြီ။ အကယ်၍ ဂင်္ဂါနဲ့ ညနေခင်းတို့ရဲ့မင်္ဂလာပွဲသာ လုပ် ခွင့်မရဘူးဆိုလျှင် သူတို့ရဲ့ မင်္ဂလာပွဲကိုပါ ရွှေ့ဆိုင်းပစ်လိုက်ဖို့ ဝန်မလေးတော့သည်အထိ ဂင်္ဂါရဲ့ အမာခံလူ ဖြစ်လာခဲ့ပြီ။

ဦးဇာနည်နဲ့ ဦးမြင့်မြတ်မှာ လူငယ်လေးယောက်

ရဲ့နေ့စဉ်နဲ့အမျှ နားပူနားဆာလုပ်၊ ဂျီကျကာ ဆန္ဒပြသည့် ဒဏ်ကို ကြာရှည်မခံနိုင်ပါ။

ဘယ်ခံနိုင်ကြပါလိမ့်မလဲ။ တစ်အိမ်စီမှာ အဖေ တစ်ယောက်နဲ့ သားတစ်ယောက်၊ သမီးတစ်ယောက်၊ လူ သုံးယောက်တည်း ရှိကြတာ။ ထိုသုံးယောက်သော လူသား ထဲမှာမှ နှစ်ယောက် စည်းလုံးညီညွတ်ကာ ဆန့်ကျင်သူတွေ ဖြစ်နေကြလျှင် အဖေနှစ်ယောက်မှာ အနေရအထိုင်ရခက်လှ ပါသည်။

မနက်မိုးလင်းတာနဲ့ စူပုပ်ပုပ် သားသမီးတွေ ရဲ့ မျက်နှာကို ရင်ဆိုင်နေရသည့် ဒုက္ခ၊ တစ်နေကုန် ဘာပြော ပြော ကန့်လန့်တိုက်တာကို ခံရပြီး၊ စကားတစ်ခွန်းမှားတာနဲ့ စကားနာအထိုးခံရသည့် ဒုက္ခ၊ ဠင်းတကြီးတွေလို ကျက်သရေ ယုတ်စွာ တမှိုင်မှိုင် လုပ်နေတာကို မြင်ရသည့်ဒုက္ခ၊ ထမင်း စားချိန်မှာ မျောက်ကြီးတွေလို ငုတ်တုတ်သာထိုင်နေသော် လည်း အစားကို ဆန္ဒပြကာ မစားပြကြသောအခါ (အမှန် တော့ အဖေအလစ်မှာ ကြိုင်တင်စုဆောင်းထားသည့် ရိက္ခာ မုန့်ထုပ်တွေကို ခိုးခိုးစားနေတာကိုတော့ အဖေနှစ်ယောက်က မသိကြ) ကိုယ်တစ်ယောက်တည်း စားကောင်းနေလျှင် ရက် စက်သူကြီးဖြစ်မှာစိုးတာ လူကြီးတွေပါလိုက်ပြီး စားမဝင် တော့သည့်ဒုက္ခ၊ စတာတွေကို ဘယ်သူကများ နေ့စဉ်ရက် ဆက် ခံစားနိုင်ပါတော့မည်နည်း။

နောက်ဆုံးမှာတော့ အဖေနှစ်ယောက်က သူတို့

www.foreverspace.com.mm



ကို လက်လျှော့အရှုံးပေးလိုက်ရပါတော့သည်။ သားတို့ သမီး တို့ စိတ်တိုင်းကျသာ စီစဉ်ကြပါတော့ဆိုသည့် သဘောတူညီ ချက်နောက်မှာ လေးယောက်သား မင်္ဂလာပွဲအတွက် တက်ညီ လက်ညီ လှုပ်ရှားကြပါတော့သည်။

ညပိုင်း မြရိပ်ညိုမြက်ခင်းပြင်မှာ လုပ်သည့် ဒင်နာကို တစ်ပေါင်းတည်းလုပ်လိုက်ပေမယ့် မနက်ပိုင်း ယုဇနဂါးဒင်းမှာ ကျင်းပသည့် မင်္ဂလာဆွမ်းခံပွဲကတော့ တစ်ပွဲ စီမို့ လူကြီးနှစ်ယောက်မှာ ငွေလည်းသောက်သောက်လဲကုန် ကာ ပင်ပန်းလိုက်ကြတာလည်း မပြောပါနဲ့တော့။

ဦးဇာနည်နဲ့ ဦးမြင့်မြတ်တို့မှာ ပိုက်ဆံတွေ အထပ်လိုက် အထပ်လိုက် ထုတ်ရှင်းရတိုင်း၊ မင်္ဂလာပွဲနှစ်ပွဲ စာ အလုပ်ရှုပ် ပင်ပန်းရတိုင်း ကိုယ့်သားသမီးကိုတော့ အပြစ် မမြင်ရက်ဘဲ တစ်ဘက်ကလူကိုသာ ကျိတ်ပြီး အမြင်ကတ် ကျိန်ဆဲနေမိကြတော့သည်။

အထူးသဖြင့်တော့ ကိုယ့်သမက်လောင်းကို ကြည့်မရတာပင်။ ချွေးမလောင်းကတော့ မိန်းကလေးတွေ ဖြစ်တာမို့ ယောက်ျားရင့်မကြီးတွေပီပီ သိပ်ပြီးအပြစ်မမြင်မိ ကြ။ အပြစ်မြင်ဖို့လည်း မသင့်ဘူးဟု ယူဆထားကြသည်။ ထိုအခါ ယောက္ခမကြီးနှစ်ယောက်စလုံးရဲ့ အမိကပစ်မှတ် ဟာ မျက်နှာမွဲ သမက်ကလေး နှစ်ယောက်သာလျှင် ဖြစ်လာ တော့သည်။

ယောက္ခမနဲ့ သမက်တို့ရဲ့ ပထမဆုံးတိုက်ပွဲက

နှေ့သစ်နဲ့ ယမုံနာတို့ရဲ့ မနက်ပိုင်းမင်္ဂလာဆောင်မှာ စတင်သည်။

တိုက်ပုံ ရင်ဖုံး၊ တောင်ရှည်ပုဆိုး၊ မောင့်ကျက်သရေခေါင်းပေါင်းနဲ့ စတိုင်လ်အပြည့်၊ ရှိုးအပြည့်ဖြစ်နေသော နှေ့သစ်ကိုကြည့်ရင်း ကြည့်ရင်း ဦးမြင့်မြတ်က အလကားနေရင်း အမြင်ကတ်လာသည်။ ဒီကောင်ဟာ ငါ့လက်ထဲကနေ ငါ့သမီးကို အပိုင်စီးသွားမည့်အကောင်၊ ကြည့်စမ်းပါဦး။ ဝတ်ထားစားထားလိုက်တာ ကြော့လို့။ မကြာခင်မှာ ငါ့သမီးနဲ့ လက်ချင်းချိတ်ပြီး ပွဲထုတ်တော့မယ်။ ပြီးရင် ငါ့ရဲ့ရှုမငြီးတဲ့ ချစ်သမီးလေးကို ဒင်းက ဇနီးအဖြစ် ပိုင်ဆိုင်သွားတော့မယ်။

တွေးရင်း တွေးရင်း ဦးမြင့်မြတ်က နှလုံးဆို့လာသည်။ သတို့သားအတွက် ပေးထားသည့်အခန်းဝမှာ ရပ်ရင်း အခုနေ ဒီအကောင်ကို နားရင်းပြေးအုပ်လိုက်ရကောင်းမလား၊ ကိုယ့်သမီးကိုပဲ လက်ဆွဲပြေး မင်္ဂလာခန်းမထဲက ထွက်သွားရရင်ကောင်းမလား မတွေးတတ်နိုင်လောက်အောင် ဖြစ်လာသည်။

အဲဒီမှာတင် သူ့ဒေါသတွေကို ထွက်ပေါက်ပေးစရာ အဖြစ်အပျက်တစ်ခု ကြုံလာရတာ ဖြစ်လေသည်။

"ဟာ... ဖိနပ်... ကျွန်တော်စီးဖို့ ဖိနပ်ရော..."

သတို့သားရဲ့ အလန့်တကြားအော်သံကြောင့် အခန်းထဲက လူတွေအားလုံး မျာယာခတ်ကုန်ကြပါသည်။

"မောင်မောင်... ငါ့အဝတ်ဟောင်းတွေ စုထည့်ထားတဲ့ အိတ်ထဲ သွားကြည့်ပါဦး ...ရောများပါသွားသလားလို့..."

"မပါနိုင်ပါဘူး ကိုနှေ့ရဲ့... အဲဒါတွေ အိတ်အလွတ်ထဲ စုပြီးထည့်လိုက်တာပဲ... အခု ဝတ်ရမယ့်ဟာတွေက သတ်သတ်တစ်အိတ်လေ..."

"ဒါဆို မင်းထည့်တုန်းကရော ပါလာတာတွေ့မိလား"

"ကိုနှေ့ပဲ ထည့်ထားတာ မဟုတ်ဘူးလား... ကျွန်တော့်ကို အိတ်တွေ ပါမပါပဲ စစ်ခိုင်းတာလေ..."

"မင်းဟာ အလုပ်အကိုင် တော်တော်မစေ့စပ်ပါလားကွ... မင်္ဂလာဆောင်မှ စီးရမယ့်ဖိနပ်များ မေ့ကျန်ခဲ့ရတယ်လို့ကွာ..."

ဦးမြင့်မြတ်က အကွက်တွေ့ပြီမို့ ဝင်ပြီး ဝေဖန်ရေးလုပ်ပါလေတော့သည်။

နှေ့သစ်မှာ ယောက္ခမလောင်းကြီးကို ဂရုမစိုက်နိုင်အား၊ သူ့ညီဝမ်းကွဲလေးကို အိမ်အမြန်ပြန်ပြီး ဖိနပ်ယူခိုင်းဖို့ စီစဉ်လွှတ်နေရပါသေးသည်။ သူ ဝင်ပြောတာကို နှေ့သစ်က အရေးတယူ မတုံ့ပြန်တာမို့ ဦးမြင့်မြတ်ရဲ့ ဒေါသတွေက ပိုမိုကြီးထွားလာကာ

"မင်းက ဘယ်လိုလဲကွ... လူကြီးကပြောတာတောင် ဂရုမစိုက်တော့ဘူးလား ... ဒါ အစောကြီးတည်းက သေသေချာချာ စစ်ဆေးပြီး လုပ်ရမယ့်ကိစ္စ ...ဘယ်လိုမှ မမေ့သင့်တဲ့ကိစ္စကွ..."



www.foreverspace.com.mm

"မေ့ပြီးမှတော့ ဘယ်တတ်နိုင်တော့မှာလဲ အန်ကယ်ရယ်... အခု အန်ကယ် လာဆူလို့လည်း ဖိနပ်က ဝုန်းဆို ရောက်လာမှာ မဟုတ်ဘူး ... အရေးကြီးတာကို အရင်လုပ်ရမယ်မို့လား..."

နွေသစ်က ဒီနေ့မှ အသစ်စက်စက် တော်ရမည့် ယောက္ခမလောင်းကို အတတ်နိုင်ဆုံး ပြေပြေလည်လည် ချိုချိုသာသာ ပြန်ပြောလိုက်ပါသည်။ တကယ်တော့ အားလုံး စိတ်လှုပ်ရှား ပူပန်ကုန်ကြရသည့် အခုလို အချိန်မျိုးမှာ ကိုယ်နဲ့အတူ ပိုင်းစိတ်ပူဖော်မရဘဲ အပြစ်တင်စကားသာ အရင်ပြောချင်သည့် ဦးမြတ်မြတ်ကို သိပ်တော့ကျေနပ်ချင်တာ မဟုတ်ချေ။

"အဲဒီလို အရေးပေါ်ကိစ္စတွေ ဖြစ်လာတာကိုက မဖြစ်သင့်တာ ... မင်းဟာ မနက်ဖြန်ကစပြီး အိမ်ထောင်တစ်ခုကို ဦးဆောင်အုပ်ချုပ်ရတော့မယ် အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်လာတော့မှာ ... အဲဒါကို အခုထက်ထိ ဖရိုဖရဲ မသေမသပ် ဖြစ်နေသေးတယ်ဆိုရင် မင်းလက်ထဲ ငါ့သမီးကို ဘယ်လိုလုပ်ပြီး ယုံယုံကြည်ကြည် အပ်ရမလဲ..."

အရေးထဲဗျာ...။ သူ မအပ်ချင်လို့လည်း မရ သူ့သမီးကဖြင့် သတို့သမီးဝတ်စုံအပြည့်နဲ့ ပွဲထုတ်ဖို့ အဆင်သင့် ဖြစ်နေပြီပဲဟာ။ အခုနေ သူက မပေးစားတော့ဘူးဆိုလျှင်တောင် သူ့သမီးက နေမှာမို့လား။

www.foreverspace.com.mm



ဒီလောက်အခြေအနေအထိ ရောက်နေတာတောင် လိုက်ပြီး ကတ်ဖဲ့တိုက်ချင်နေသေးသော ယောက္ခမကြီးကို နွေသစ်က ရယ်လည်းရယ်ချင်၊ စိတ်လည်းမျက်ကာ ခပ်မဲ့မဲ့ကြည့်နေမိပါသည်။

မနက်ပိုင်းကပွဲမှာ ဖိနပ်အချိန်မီရောက်မလာတာမို့ သတ်မှတ်ထားသည့်အချိန်ထက် အနည်းငယ်တော့ နောက်ကျသွားခဲ့တာ မှန်ပါသည်။ ဒါပေမယ့် အဲဒီနောက်ကျမှုဟာ သိသိသာသာ ရုပ်ပျက်ဆင်းပျက်ကြီးလည်း မဟုတ်၊ ဘယ်သူမှလည်း သတိမထားမိဘဲ အေးအေးသက်သာ ပြီးဆုံးသွားတာသာလျှင် ဖြစ်ပါသည်။

အဲဒါကိုပဲ တဖျစ်တောက်တောက် ပြောလို့မဆုံးနိုင်သည့်အခါ ဘယ်သူက သည်းခံနိုင်တော့မှာလဲ။ အင်း... ဒါတောင် အစပဲရှိဦးမည်။ သူ့သမီးကို ယူသွားသည့်အမှုနဲ့ အကြီးအကျယ် မကျေနပ်ရင်းစွဲရှိတာဆိုတော့ ရှေ့လျှောက်လည်း လာလိမ့်ဦးမည်။ အကြောင်းရှာကာ ရန်တွေ့မှုတွေကို အကြိမ်ကြိမ်ကြုံရဦးမည်။

အခုပဲကြည့်... မင်္ဂလာပွဲမှာ ရှေ့ဆုံးစားပွဲ၊ မိဘတွေအတွက် သီးသန့်ထားသည့်ခုံမှာ ထိုင်နေတာတောင် ယောက္ခမကြီးမျက်နှာက ခပ်ပုပ်ပုပ်။ သူနဲ့ဒီပွဲပဲ မသက်ဆိုင်သလိုလို၊ သူနဲ့ ဒီနေရာပဲ မတူမတန်သလိုလို မကြည်မလင်ကြီး ဖြစ်နေတော့တာ။

အင်းလေ... ဘယ်တတ်နိုင်ပါ့မလဲ။ ကိုယ်က သူ့သမီးကိုမှ ချစ်မိ၊ မြတ်နိုးမိ၊ လက်ထပ်လိုက်မိပြီပဲ...။ ယောက္ခမကြီးမျက်နှာ တင်းယုံမကလို့ ဘီလူးစီးသလို အစွယ် ငေါငေါပဲ ထွက်နေပါစေဦး ရင်ဆိုင်ရတော့မှာပင်။

www.foreverspace.com.mm



'ယောက္ခမအိမ်တက် သမက်မျက်နှာငယ်' ဆိုသည့်စကားပုံ ဘယ်သူကများ ထွင်ခဲ့တာပါလဲ။ အကယ်၍ အဲဒီစကားပုံထွင်သည့်လူသာ ခုထက်ထိ အသက်ရှင်နေဦးမည်ဆိုလျှင် သူ့စကားမှန်လွန်းလို့ဆိုပြီး ဂင်္ဂါက ဆီဒိုးနား ဟိုတယ်မှာ အခမ်းအနားကျင်းပကာ စာနယ်ဇင်းဆရာတွေ ဖိတ်ပြီး ချီးကျူးဂုဏ်ပြုပွဲတောင်မှ လုပ်ပေးလိုက်ချင်သေးသည်။

မျက်နှာငယ်သည်ဆိုသည့်နေရာမှာ ကိုယ်က အလိုလို ရှိန်တွန့်ကြောက်ရွံ့နေကာ မျက်နှာငယ်နေတာမျိုး မဟုတ်။ ယောက္ခမကြီးကိုယ်တိုင်က အိမ်ထဲမဝင်ခင် အပေါက်ဝကနေ ဆီးပြီးတော့ကို မျက်နှာငယ်အောင်လုပ်တာ။

ကိုယ်က သမီးမို့ အဖေကို ပြုစုဖို့ အနီးကပ်ရှိသင့်သည်ဆိုသော ညညရဲ့ အယူအဆအရ ဂင်္ဂါတို့စုံတွဲက ဦးဇာနည်ရဲ့ အိမ်ကြီးပေါ် လိုက်နေကြဖို့ အစီအစဉ်ဖြစ်လာပါသည်။ ညညလိုပဲ အယူအဆရှိသော ယမုံနာကတော့ သူ့အိမ်

မှာပဲ သူကျန်ခဲ့ကာ နေ့သစ်က သူမနဲ့အတူ လိုက်နေရမည်။

ညညတို့အိမ်မှာ နေရတော့မှာ ဖြစ်ပေမယ့် မင်္ဂလာမဆောင်ခင်ကတည်းက ပစ္စည်းတွေ ယောက္ခမအိမ်ကြိုပို့ထားရမှာကို ဘာကြောင့်မှန်းမသိ မျက်နှာပူသလိုလို၊ ရှက်ရွံ့အားနာသလိုလို ဖြစ်မိကာ ကြိုပြီးပြောင်းထားရွှေ့ထား မလုပ်မိပါ။

ဒါနဲ့ပဲ မင်္ဂလာဧည့်ခံပွဲပြီးသည့် ညနေစောင်းကျမှ အသင့်ထုပ်ပိုးထားသည့် ပစ္စည်းတွေကိုသယ်ကာ ယောက္ခမကြီးရဲ့ အိမ်ဂေဟာသို့ ရွှေ့ပြောင်းရပါသည်။

အိမ်ရှေ့ကားရပ်လိုက်ကတည်းက တံခါးပေါက်မှာ မားခနဲ ဆီးရပ်ကြိုဆိုလိုက်သည့် ယောက္ခမကြီးရဲ့မျက်နှာဟာ အင်္ဂတေကိုင်ထားသလို မာကျောလှတာကို ဂင်္ဂါက သတိထားမိပါသည်။ ဒါပေမယ့် မသိဟန်ဆောင်ကာ ကားပေါ်က ပစ္စည်းတွေကို အောက်သယ်ချသည့် အလုပ်ထဲမှာ အာရုံစိုက်နေလိုက်သည်။

ကားဆိုက်သံကြောင့် အိမ်ရှေ့ထွက်လာသော ဦးဇာနည်က သမီးနဲ့အတူတွဲလျက် ပစ္စည်းတွေသယ်ချနေသော ဂင်္ဂါကိုမြင်လိုက်လျှင် ရင်ထဲဆို့တက်သွားရပါသည်။

ကြည့်စမ်း… ဒီအကောင်ဟာ ငါ့သမီးကို အပိုင်သိမ်းပြီး ငါ့ချွေးနဲ့စာနဲ့ ရှာထားတဲ့အိမ်ကြီးပေါ် အမြဲနှံ့သား တက်နေတော့မယ့်အကောင်။ ပစ္စည်းတွေယူလာတာများ စတိုးဆိုင်တစ်ဆိုင် အိမ်မှာလာဖွင့်တော့မလားတောင် မှတ်ရသည်။

www.foreverspace.com.mm



အလိုလေးဗျာ…။ ကတ်ဆက်ကြီးကလည်း ကြီးမားလိုက်တာ။ ဒါကြီးနဲ့သာ သီချင်းတွေဖွင့်နေတော့မည်ဆိုလျှင်တော့ အိမ်မှာ အသံညစ်ညမ်းမှုတွေ ဖြစ်ကုန်တော့မှာပဲ။ နောက်ပြီး ဂီတာကြီးကလည်း ပါလာသေးသည်။ ဒီဂီတာကြီး တဂျောင်ဂျောင်တီးပြီး ဖျော်ဖြေရေးလုပ်နေမယ်ဆိုလျှင်တော့ အသက်တိုရချည်ရဲ့။

"မနီ… ကိုသိန်းတန်… ခဏလာဦး… ဒီပစ္စည်းတွေ ဝိုင်းသယ်ပေးဦး…"

"သမီး… ဘာတွေ ဒီလောက်အော်နေတာလဲ…"

ပျော်ရွှင်တက်ကြွမှုအပြည့်နဲ့ အသံလေးချိုလွင်နေသော သမီးကိုကြည့်ကာ ဦးဇာနည်က မခံမရပ်နိုင်ဖြစ်နေမိသည်။

ဒီမင်္ဂလာဆောင်ကိစ္စ မဖြစ်မြောက်သေးခင်ကဆိုလျှင် သူ့ရဲ့ချစ်လှစွာသော သမီးလေးရဲ့ ရုပ်ရည်ဟာ အခုလိုဟုတ်ပါ့ရိုးလားဗျာ။ တစ်နေ့တစ်နေ့ လာဘ်ပိတ်၊ ကျက်သရေယုတ်နေအောင် စုပုပ်မှုန်ကုပ်၊ ညှိုးမှိန် မှိုင်ငေးတော့တာ။

အခု ယောကျ်ားရသွားတော့မှပဲ အသံကစွာလောင် စွာလောင် မျက်နှာက ပြုံးရွှင်ကာ လူကခုန်ပေါက်တက်ကြွဖော်ရနေတာများ ဘယ်လောက် နားရင်းအုပ်ချင်စရာကောင်းလိုက်သလဲ။

အဲဒါဒင်းကြောင့်၊ ဒင်းကြောင့်။ ငါတို့မိသားစုလေး ကိုယ့်အသိုက်ကိုယ့်အဝန်းနဲ့ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေကြတာကို ဒင်းတို့မောင်နှမ ထိုးဖောက်ဝင်

ရောက်လာလို့ အခုလို ဖြစ်ရတာ။ ငါ့သမီးလေးဟာ အဖေရှိနေရုံနဲ့ အပြီးပြည့်စုံနိုင်၊ မပျော်ရွှင်နိုင်တာဟာ ဒင်းကြောင့်။

ကားပေါ်က ပစ္စည်းတွေကို သွက်သွက်လက်လက် သယ်ချနေသော ဂင်္ဂါကိုကြည့်ကာ ဦးဇာနည်က တစိမ့်စိမ့် နာကြည်းလာသည်။ ကိုယ့်ဘဝရဲ့ အကြီးမားဆုံးရန်သူကြီးတစ်ယောက်လို့ ထင်လာသည်။

"ကိုသိန်းတန်… လာပါဦးဆို… ဝိုင်းသယ်ပေးဦး"

"သမီး… ဒီလောက်ကြီး အော်နေစရာ မလိုဘူး…ပတ်ဝန်းကျင်ကကြားရင် ရှက်ဖို့ကောင်းတယ် … မောင်သိန်းတန် ဘာလိုသလဲ… သူလည်း ယောကျ်ားပဲ… ဒီပစ္စည်းတွေလောက်တော့ သူ့ဘာသာ သယ်ပစေပေါ့…"

"ဟာ… ဖေဖေကလည်း ပစ္စည်းတွေက အများကြီးပဲဟာ… အကူခေါ်မှရမှာပေါ့ … ကိုသိန်းတန်ဆိုတာ အဖော်အလှော်အတွက် ခေါ်ထားတာပဲဥစ္စာ…"

"မောင်သိန်းတန်ကို အဖော်အလှော် ခေါ်ထားတာဟုတ်တယ်… ဒါပေမယ့် သူ့ကို ဖေဖေ ခိုင်းဖို့ခေါ်ထားတာ သမီး… တခြားလူ ပေးမခိုင်းနိုင်ဘူး… နောက်ပြီး ဒီပစ္စည်းတွေ အများကြီးဖြစ်နေရတာလည်း… သူ့ဘာသာ သယ်လာတာ… ဖေဖေ သယ်ခိုင်းတာမှ မဟုတ်ဘဲ…"

"ဟင်… ဖေဖေက ဘာကြီးလဲ…"

ညည က နားမလည်သလို တကြည့်ကြည့်လုပ်

www.foreverspace.com.mm



နေသော်လည်း ဂင်္ဂါကဖြင့် ယောကျ်ားအချင်းချင်းမို့ ခြေမြင်နေပြီ။ အဘိုးကြီးကတော့ သူ့အိမ်တက်နေတော့မည် သားမက်အသစ်စက်စက်ကို ဦးချိုးချင်ပြီဆိုတာ။

"ရပါတယ် ညညရဲ့ … အန်ကယ် ပြောတာလည်းဟုတ်သားပဲ … ကိုယ့်ပစ္စည်းတွေ သူများကိုင်တာကိုကိုယ်ကလည်း သိပ်ကြိုက်တာ မဟုတ်ဘူး … ရပါတယ်… ကိုယ့်ဘာသာပဲ သယ်တော့မယ်…"

"အောင်မယ်… ကြီးကြီးကျယ်ကျယ် လုပ်လို့ကွာ"

ဦးဇာနည်က မျက်နှာကြီးရှုံ့မဲ့ကာ ထွက်သွားပါသည်။

ယောက္ခမကြီးကို မခံချင်လို့ အကူအညီမခေါ်ဘဲ ပစ္စည်းတွေကို တစ်ယောက်တည်း အားတင်းသယ်နေရပေမယ့် မောတာတော့ ဖတ်ဖတ်ကိုမောသည်။

အိမ်မှာတုန်းကတော့ ကိုယ်ယူမည့်ပစ္စည်းတွေကို အားလုံးထုပ်ပိုးထားပေးလိုက်ယုံပင်။ အိမ်မှာရှိသည့် အလုပ်သမားတွေက ကားပေါ်ရောက်အောင် သေသေချာချာ သယ်ပိုးထည့်သိုပေးကြပါသည်။

ဒီအိမ်ရောက်လျှင်လည်း ကိုယ့်အိမ်မှာတုန်းကလိုပဲ ဝိုင်းကူသယ်ပေးမည့်သူတွေ အဆင်သင့်ရှိမည် ထင်ထားတာ။ အခုလို တစ်ယောက်တည်း ကုန်းရုန်းသယ်ရမည်ဆိုလျှင် ဒီလောက်အများကြီးတောင် ယူမလာပါဘူး။

ပစ္စည်းတွေအားလုံး အခန်းထဲရောက်သွားချိန်မှာ ဂင်္ဂါလည်း မောကြီးပန်းကြီးနှင့် (အလှအပတွေ ပြင်ဆင်

ထားသော ရွှရွှဖွေဖွေမင်္ဂလာအိပ်ရာကြီးပေါ်တော့ ချွေးသံတရွှဲရွှဲ ညစ်ပတ်နေလျက် မအိပ်ရက်တာနှင့်) ကြမ်းပြင်ပေါ် ဝမ်းလျား ထိုးပစ်လှဲချလိုက်ရလေသည်။

ကြည့်ပါဦးဗျာ။ ဒါဟာ အခုမှ မင်္ဂလာဆောင်ပြီး သတို့သား အသစ်စက်စက်ရဲ့ ဖြစ်ပျက်နေပုံတဲ့။ ယောက္ခမကြီးတို့များ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းကာ ရက်စက်ထားလိုက်ပုံလေ။



www.foreverspace.com.mm

"သမီး ... ဒီလောက် အအိပ်မက်တဲ့ ယောကျ်ားကို... ငါ့သမီး ယူထားမိတယ်ဆိုတာ အတော်ဝမ်းနည်းစရာ ကောင်းတဲ့ အဖြစ်ပဲ..."

မျက်နှာသုတ်ပဝါကြီး ပခုံးပေါ်ခြုံလျက် ထမင်းစားခန်းထဲ ဝင်လုဆဲ ဂဏ်ါမှာ ထမင်းစားခန်းထဲက ထွက်လာသော ဦးဇာနည်အသံကြီးကြောင့် အခန်းဝမှာတင် ကိုယ်ရှိန်သတ်ကာ ရပ်တန့်နေလိုက်ရပါသည်။

"ယောကျ်ားဆိုတာ ထကြွလုံ့လရှိရမယ် ... နိုးကြားဖျတ်လတ်မှု ရှိရမယ်...ဝီရိယကောင်းရမယ်ကွ... အခုတော့ကြည့်စမ်း... မနက်ကိုးနာရီထိုးတော့မယ်... ဒီအချိန်အထိ အိပ်ရာက မထတဲ့ကောင်မျိုးဟာ ဘယ်လိုလုပ် တိုးတက်ကြီးပွားမလဲ... ဘယ်လိုလုပ်ပြီး လူမွေးလူတောင်ပြောင်မလဲ..."

အောင်မယ်လေးဗျာ...။ ပျစ်ပျစ်နှစ်နှစ်ကိုဝေဖန်နေတော့တာပါလား။ တကယ်လို့ ဦးဇာနည်ရဲ့ စကား

တွေသာ အကောင်အထည်အဖြစ် တည်ရှိကျန်ခဲ့မည်ဆိုလျှင် ဂင်္ဂါတို့တော့ စကားလုံးပိတာနဲ့တင် သေသွားနိုင်လောက်သည်။

"ဒီခေတ်ကြီးထဲမှာ လူတွေဟာ အချိန်လုပြီး အလုပ်လုပ်နေကြရတာကွ… တစ်စက္ကန့်လေး နောက်ကျသွားတာနဲ့ အခွင့်အရေးအားလုံး ဆုံးရှုံးသွားတာမျိုးလည်း ဖြစ်နိုင်တယ်…ဖေဖေ့ကိုကြည့်စမ်း သမီး… ဖေဖေဟာ ဘယ်လောက် ဝီရိယရှိသလဲ … အချိန်ကို အကျိုးရှိအောင် အသုံးချတတ်သလဲ … အဲဒီလို အချိန်နဲ့အမျှ အလုပ်လုပ်နိုင်လို့ ဒီနေ့ဒီအချိန်မှာ ဖေဖေ အခုလို အောင်မြင်လာတာကွ…"

"ဟုတ်ကဲ့ပါ ဖေဖေ…"

ညနေခင်းရဲ့ အသံက စိတ်လက်တပျက်ဖြစ်နေဟန်နှင့် ညောင်နာနာလေး ထွက်ပေါ်လာပါသည်။

ကိုဂင်္ဂါ့အပေါ် ဖေဖေ့ရဲ့ ဝေဖန်ရေးတွေဟာ နေ့စဉ်နဲ့အမျှ ဆက်တိုက်ဆက်တိုက် ထွက်ပေါ်လာတော့မည်ဆိုတာ ညညက သဘောပေါက်သလိုရှိလာပြီ။ အဲဒီဝေဖန်ရေးတွေကို အဓိကနားသောတဆင်ရမည့်သူဟာလည်း ကိုယ်ပဲဆိုတာ သိလိုက်ပြီ။

စိတ်ညစ်ဖွယ်ကောင်းပေစွ။ ယောကျ်ားလေးတစ်ယောက်ယူမိတာနဲ့ တစ်ချိန်လုံး နားညည်းမှုဆူတာခံရမည့်အဖြစ်များတော့ မကြုံချင်ပါဘူး။

ဖေဖေဟာ ကိုဂင်္ဂါ့ကို မကြည့်လင်လှတာ ညည

www.foreverspace.com.mm



က သိပေမယ့် သိပ်တော့ စိတ်မပူလှပါ။ မကြည့်လင်ဘူးဆိုလည်း သူတို့ဘာသာ ဖြစ်ချင်ရာဖြစ်၊ သူတို့ဘာသာပဲ ဖြေရှင်းကြပစေ၊ ကိုယ်က အနေသာကြီးလို့ တစ်ကိုယ်ကောင်းဆန်ဆန် တွေးထားခဲ့တာ။

အခုတော့ ဟုတ်ပါရိုးလား။ ကိုဂင်္ဂါ့ကို မုတ်ခတ်တိုက်ခိုက်လိုသည့် ဖေဖေရဲ့စကားတွေကို ကာယကံရှင်ကို တိုက်ရိုက်မပြောချင်တိုင်း (ပြောရလောက်သည့် အချိန်လည်း မဟုတ်သေးတိုင်း) ညညဆီသာ သွယ်ဝိုက်ပြီး ရောက်လာတော့တာ။

"ဒီကောင်ဟာ သူ့အိမ်… သူ့မိသားစုထဲမှာ ဘယ်လိုနေထိုင်ခဲ့တယ်ဆိုတာတော့ ဖေဖေ မသိဘူး … ဒါပေမယ့် ဖေဖေ့အိမ်မှာနေရင်တော့ ဖေဖေ့စည်းကမ်းကို လိုက်နာရလိမ့်မယ်… နောက်ပြီး… သူဟာ အခုဆို အိမ်ထောင်ရှင်ယောကျ်ားတစ်ယောက် ဖြစ်လာပြီ … လူပျိုဘဝကလို ပေါ့ပေါ့တန်တန်… ဟေးလားဝါးလား နေလို့မရတော့ဘူး…"

တယ်ဆော်လိုက်ပါလား။ လူပျိုဘဝကလို ပေါ့ပေါ့တန်တန်၊ ဟေးလားဝါးလားတဲ့။

ဂင်္ဂါဟာ ပျော်တတ်တာ၊ သွက်သွက်လက်လက်နေထိုင်တတ်တာ၊ အပေါင်းအသင်းတွေနဲ့လည်ပတ်သွားလာနေတတ်တာတွေ ရှိပေမယ့် လူပေါ့လူသွမ်းတစ်ယောက်မှ မဟုတ်တာ။ လူငယ်တစ်ယောက်ရဲ့ပုံစံ၊ စရိုက်မျိုးရှိတာနဲ့ပဲ စရိုက်ပျက် ကလေကချေတစ်ယောက် ဖြစ်ရလိမ့်မယ်လို့ ပြော

လို့မရနိုင်ဘူးလေ။

ဂင်္ဂါဟာ စည်းမျက်ကမ်းမျက် နေထိုင်ကြီးပြင်းခဲ့သူလည်း မဟုတ်။ အနည်းငယ် ပေါ့ပေါ့ပါးပါးနေတတ်တာကလွဲလျှင် ကိုယ့်ကိုယ်ကို ထိန်းသိမ်းကာ ကောင်းကောင်းမွန်မွန်နေခဲ့သည့်သူပါ။

"ဟော့ကောင်… မောင်ဂင်္ဂါ… အခန်းဝမှာ ခိုးကြောင်ခိုးဝှက်နဲ့ သူများစကားပြောတာ နားထောင်မနေနဲ့လေ… အိပ်ရာက နိုးပြီဆိုလည်း မနက်စာစားစရာရှိလာစားတော့ပေါ့…"

ဟင်…။ ဒီအဘိုးကြီးဟာ တရုတ်သိုင်းကားတွေထဲက အဆင့်မြင့် သိုင်းသမားကြီးများလား မသိ။ ဂင်္ဂါ အခန်းဝမှာ အသာလေးရပ်ပြီး နားထောင်နေတာကို သတိထားမိလောက်အောင် နိုးကြားဖျတ်လတ်သော အာရုံရှိနေသည်ဆိုတော့ ရှေ့ဆက်တော်တော်ကြီး သတိထားရတော့မည်။

"ကျွန်တော် အိပ်ရာအပြောင်းအလဲမို့ ညက တော်တော်နဲ့ အိပ်မရတာနဲ့ မိုးလင်းကာနီးမှ အိပ်ပျော်သွားလို့ပါ…"

အထောင်းများ သက်သာမလားလို့ အလျှောက်ကောင်းလိုက်ကာမှ ဦးဇာနည်က အကွက်ကောင်းရသွားကာ

"အဲဒါပေါ့ကွ…သူဌေးသားဇာတာပါတာ… လူဆိုတာ ဒေါင်ကျကျ… မြားကျကျ… ဘယ်လိုနေရာ… ဘယ်လိုအခြေအနေမျိုးမှာမဆို အံ့ဝင်ခွင်ကျအောင်နေတတ်



ရတယ်… ဒါမှ တိုးတက်အောင်မြင်တဲ့ လူဖြစ်မှာ… အပြောင်းအလွဲကို လိုက်လျောညီထွေ မနေနိုင်ဘူးဆိုရင် အဲဒါ လူကန့်လန့်ဘဝနဲ့ နိဂုံးချုပ်ရမယ့် လူပဲ…"

ဘာပြောရမှန်းတောင် မသိတတ်တော့လောက်အောင်ပါပဲ။ ယောက္ခမကြီးကြည့်ရတာ ဂင်္ဂါ ဘာလုပ်လုပ် ဘာပြောပြော တစ်စက်ကလေးမှအကောင်းမပြော၊ အကောင်းမမြင်ပါဟု သစ္စာဆိုထားတာ ထင်သည်။

ဒီပုံစံနဲ့သာဆိုလျှင်တော့ ရှေ့လျှောက်အနေရအထိုင်ရခက်ခဲဦးတော့မှ အသေအချာပါပဲ။

❧ ❧ ❧



www.foreverspace.com.mm



"ဖေဖေ... ဒီမှာ ဖေဖေသောက်ဖို့ နွားနို့..."

လင်ပန်းထဲမှာ နွားနို့ဖန်ခွက်နှစ်ခွက်ထည့်လျက် ယူလာသော သမီးဖြစ်သူကိုကြည့်ကာ ဦးမြင့်မြတ်က ဟွန့်ခနဲ နှာခေါင်းမရှုံ့မိအောင် မနည်းကြီးကြိုးစားလိုက်ရပါသည်။

သမီး... သမီး...။ အလိုက်သိတတ်နေလိုက်တာ။ အရင်က အဖေနဲ့မောင်လေးအတွက် ညအိပ်ရာဝင်ကာနီးသောက်သည့် နွားနို့ကို ဘယ်တုန်းကများကိုယ်တိုင်ကိုယ်ကျ ယူလာပေးဖူးလို့လဲ။

ယမုံနှာဟာကိုယ်တိုင်ကလည်း နွားနို့ကိုမကြိုက်လို့ မသောက်သူဖြစ်ပေရာ ညဘက်နွားနို့ပန်းကန် အဖေနဲ့မောင်ရှေ့သယ်ယူလာဖို့ တာဝန်ကိုလည်း ကြံုလို့သော်မှ မယူတတ်ပါ။

အိမ်ထောင်ကျပြီး နောက်ပိုင်းမှာ နေ့သစ်ကပါ နွားနို့သောက်သူစာရင်းထဲ ပါဝင်လာပါမှ ခါတိုင်းလို နှစ်ခွက်စာ ပြင်ဆင်ထားသော နွားနို့ဇန်းကို သူမကိုယ်တိုင် သယ်

ဆောင်လာဖော်ရတာဟာ သွေးရိုးသားရိုးကိုမဟုတ်။

သူ့ယောက်ျားအတွက်မို့ သိတတ်ပြီး နွားနို့ခွက် သယ်လာပေးချင်တော့ မကောင်းတတ်လို့ အဖေအတွက်ပါ သယ်လာပေးရတာ။ ကိုယ့်သမီးရဲ့ ပြုစုယုယမှုကို အဖေ တစ်ယောက်အနေနဲ့ ခံယူချင်ပေမယ့် အခုလိုမျိုး ခရီးကြုံပြုစုမှုမျိုးကိုတော့ မလိုချင်ပေါင်ဗျာ။

“ဖေဖေ… နွားနို့သောက်လေ… ဒီနေ့ မလိုင်တွေများတယ်ထင်တယ်… ဝါနှစ်နေတာပဲ…”

ကလေးကလားဆန်သည်ပဲဆိုဆို ဦးမြင့်မြတ်က သူ့အတွက် လာချပေးသော နွားနို့ခွက်နှင့် နေ့သစ်အတွက် ရည်ရွယ်ကာ ဗန်းထဲမှာ ချန်ထားခဲ့သော နို့ခွက်နှစ်ခုကို နှိုင်းယှဉ်ကြည့်လိုက်မိပါသေးသည်။

သူ့ခွက်ထဲမှာ မလိုင်ဖက်တွေ ပိုများပြီး ပိုလည်းပြည့်တာကို မြင်ရဦးမှ ဦးမြင့်မြတ်က ကျေနပ်သွားရကာ နို့ခွက်ကို ကောက်ကိုင်မည်အလုပ် ယမုံနာ့စကားသံကြောင့် တွန့်ခနဲဖြစ်ကာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားပါသည်။

“ရှော့… ကိုနေ့က မလိုင်ပိုနည်းတာယူ… တော်ကြာ အချိုအစိမ့်တွေ မတရားစားပြီး … ဗိုက်ထွက်လာရင် ငယ်ငယ်ရွယ်ရွယ်နဲ့ ရုပ်ပျက်ဦးမယ်…”

မြတ်စွာဘုရား…။ ဘယ်တုန်းကမှ အဖေ ဗိုက်ထွက်လာမှာ၊ ရုပ်ပျက်မှာကို စိုးရိမ်ပြီး အဆီအဆိမ့်တွေ မစားဖို့ မတားမြစ်ဖူးသည့် သမီးက အခု သူ့ယောက်ျားကျတော့ ရုပ်ပျက်မလေး ဘာလေးနဲ့။

www.foreverspace.com.mm



လက်ထဲကိုင်ထားမိသည့် မလိုင်ဖက်တွေ အထပ်ထပ်နှင့် ပျစ်နှစ်နေသော နွားနို့ခွက်ကိုကြည့်ကာ သောက်ရမှာတောင် ဝန်လေးသွားမိသည်။ တခြားတစ်ယောက်အတွက် သောက်ဖို့မသင့်တော်သော အရာတစ်ခုကို ကိုယ်က သောက်နေရတာဟာ ဘယ်လိုလုပ်ပြီးတော့များ စိတ်လုံစရာကောင်းပါတော့မလဲ။

“သမီး… ဖေဖေ နွားနို့မသောက်ချင်ဘူး… မဆုံကိုလည်း ပြောလိုက်… နောက်နေ့တွေကျ ဖေဖေ့အတွက် နွားနို့မလုပ်ပေးနဲ့တော့လို့…”

ပြောပြောဆိုဆို အရာမယွင်းသေးသော ဖန်ခွက်ကိုချကာ နေရာက ထထွက်သွားသည့် ဦးမြင့်မြတ်ကို ယမုံနာက နားမလည်သလိုလေး လိုက်ငေးကြည့်နေရပါသည်။

“ဖေဖေ ဘာဖြစ်သွားတာလဲ မသိဘူးနော် … ရုတ်တရက်ကြီး…”

“အကြောင်းရှိတယ်ကွ…သူ… နွားနို့သောက်လို့ ကိုယ်ပါ လိုက်သောက်တာကို မကြိုက်တာ…”

“ဟင်… ဟုတ်နိုင်ပါ့မလား… ဒီနွားနို့တစ်ခွက်နဲ့ သူလည်း ဗိုက်ဆံပိုကုန်သွားတာမှ မဟုတ်ဘဲ… နောက်ပြီး အရင်ကလည်း ဖေဖေနဲ့ ဂါဂါ့အတွက် နှစ်ခွက် လုပ်ပေးနေကျပဲဟာ… အခု ဂါဂါ မရှိတော့ သူ့အတွက်ကိုယ်တာကို ကိုနေ့ကို ပေးလိုက်တဲ့သဘောပဲ… အပိုထည့်ပေးရတာမှ မဟုတ်တာ…”

“ဖိုးဂါနဲ့ ကိုယ်နဲ့ တူမှမတူတာ… ဟိုက သားအရင်း…

ဘယ်လောက်ပဲစားစား ... သုံးသုံး အရေးမကြီးဘူး
လေ... ကိုယ့်ကျတော့ သူက တွက်တော့မှာပေါ့...မနေ့
ကတောင် ကြည့်ပါလား... ကြက်သားဟင်းထဲက ရင်ပုံ
သား အတုံးအကြီးဆုံးကို ကိုယ်ယူသွားလို့တဲ့ကွာ ...
ကိုယ်ကလည်း ဘာရယ်မဟုတ်ပါဘူး... ကြုံရာလှမ်း
ခပ်လိုက်တဲ့သဘောပါ... အဲဒါကိုပဲ တဖွဖွ..."

နေ့သစ်ရဲ့ စကားကို ယမုံနာက ကန့်လည်း မကန့်ကွက်၊ ထောက်လည်း မထောက်ခံဘဲ ခပ်တွေတွေလေး ငေးနေပါသည်။

ကိုနေ့ပြောတော့ ဟုတ်သလိုလိုလည်း ရှိနေပြန်သား။ ဖေဖေဟာ ကလေးတစ်ယောက်လိုပဲ အသေးအမွှား ကိစ္စလေးတွေကအစ ကိုနေ့ကို လိုက်ပြိုင်၊ လိုက်ပြီးတိုက်ခိုက် နေတတ်တာတော့ သိသိသာသာပါပဲ။

ဒါပေမယ့် ဖေဖေ့ရင်ထဲက ခံစားချက်ကိုလည်း ယမုံနာက နားလည်နိုင်နေသည်လေ။ ဖေဖေဟာ သားနဲ့သမီး ကို တစ်သက်လုံး သူတစ်ယောက်တည်း ပိုင်ဆိုင်ရလိမ့်မည်လို့ ယုံကြည်နေရှာတာ။ အခုတော့ သူ့သားကို စွန့်လွှတ်လိုက်ရပြီး သူ့သမီးကိုကျတော့လည်း တခြားတစ်ယောက်ရဲ့ ခွဲဝေပိုင်ဆိုင် နေရသည့်အဖြစ်ကို မကျေနပ်ဖြစ်နေတာ။

ဒါကို သားသမီးမဟုတ်သည့် ကိုနေ့ကတော့ ဘယ်လိုလုပ်ပြီး နားလည်နိုင်မှာလဲလေ။ လူကြီးနဲ့လူငယ်၊ ယောက္ခမနဲ့ သားမက်ဖြစ်နေတာမို့ အတတ်နိုင်ဆုံး သည်းခံ နေရသော်လည်း စိတ်ထဲကတော့ မကျေနပ်ဘူးဆိုတာ ယမုံနာ

www.foreverspace.com.mm



က သိသည်။

ဘာပဲဖြစ်ဖြစ် ဒီလူနှစ်ယောက် အဆင်အပြေဆုံးဖြစ်စေဖို့တာဝန်သည် သူမပခုံးပေါ်သို့ လုံးလုံးလျားလျား ကျရောက်နေပြီဟုတော့ ယမုံနာက သဘောပေါက်လိုက်ရလေသည်။





"ညည... ဒီနေ့ည ဘောလုံးပွဲကောင်းတယ်နော်"

ထမင်းစားရင်း စကားများများ ပြောတာ မကြိုက်ဘူးဟု ဦးဇာနည်က စည်းကမ်းချက်ထုတ်ထားသော်လည်း (ထိုစည်းကမ်းချက်ဟာ အရင်ကရှိခဲ့တာမဟုတ်၊ ဂင်္ဂါ ရောက်လာမှ အရေးပေါ် ထထုတ်လိုက်တာလည်း ဖြစ်ချင် ဖြစ်နိုင်သည်။) ဂင်္ဂါက ထိုစည်းကမ်းချက်ကို မကြာခဏ ချိုးဖောက်မိတတ်သည်။

ထိုကိစ္စကို ဦးဇာနည်က တမင်တကာ လုပ်တာဟု သတ်မှတ်ထားသော်လည်း ဂင်္ဂါအတွက်ကျတော့ တကယ့်ကို ရိုးရိုးသားသားဖောက်ဖျက်မိတာပါဟု ကျမ်းကျိန်ဆိုရဲလေသည်။

ဂင်္ဂါတို့က အိမ်မှာနေချင်သလို နေခွင့်ရလာခဲ့တာမဟုတ်လား။ ထမင်းစားရင်း စကားပြောယုံမက သီချင်းပါဆိုလိုက်ဦး၊ နောက်ဆုံး ဝါသနာပါလျှင် ထမင်းစားပွဲပေါ် တက်ကလျှင်တောင် ပြောမည့် ဆိုမည့် တားမြစ်မည့်လူ မရှိ

ပါ။

အဲဒီလို ပြောပြန်တော့လည်း ကိုယ့်အိမ်က စည်းမဲ့ကမ်းမဲ့ ပေါက်ပန်းဈေးနေထိုင်တတ်သည့် အိမ်ဖြစ်ရပြန်ရော။

ဦးဇာနည်ကိုယ်တိုင်သည်လည်း အစကတော့ ဒီလောက် စည်းကမ်းကြီးပြီး တိကျသေချာသည့် လူကြီး တစ်ယောက် ဟုတ်ခဲ့ပုံမရပါ။ အခု ဂင်္ဂါရောက်လာတော့မှ နတ်ရေကန်ထဲ ပစ်ချခံလိုက်ရသလို အမူတပြင်း စည်းကမ်း တင်းကျပ်သေချာသူကြီး ဖြစ်သွားရပုံသာ ပိုပြီးပေါက်လေသည်။

"ဘာပွဲလဲ..."

"မန်ယူနဲ့ အာဆင်နယ်ပွဲ... အကြိတ်အနယ်ချမှာ..."

"ဟုတ်လား... ဘယ်အချိန်လဲ..."

"သမီး... ထမင်း ပလုတ်ပလောင်းနဲ့ စကားပြောတာ သိပ်အရုပ်ဆိုးတာပဲ... စားပြီးမှပြောစမ်း..."

ဟော... ပါလာပြီ။ သူများလင်မယား စကားပြောနေပြီဆိုလျှင် ဒီယောက္ခမကြီးဟာ စွက်စွက်ဖက်ဖက် အမြဲတမ်းကို ဝင်ပါလာတတ်တာ။

"ကြည့်မှာလား..."

"အင်း... ကြည့်တော့ ကြည့်ချင်တယ်... ဒါပေမယ့် အိပ်ရေးများ ပျက်မလား မသိဘူး..."

"ပျက်တာပေါ့ သမီး... ကိုယ့်ကျန်းမာရေးကို ထိခိုက်မခံနဲ့... Satellite က ဘောလုံးပွဲကို နောက်နေ့ကျလည်း တစ်ခါလွှင့်ပေးနေတာပဲ... နောက်နေ့ လွှင့်မှ

www.foreverspace.com.mm



ပြန်ကြည့်..."

"မဟုတ်သေးပါဘူး အန်ကယ်ရယ်... ဘောလုံးပွဲဆိုတာ live မကြည့်ရမှတော့ ဘာလုပ်တော့မှာလဲ...ကိုယ်ကြည့်တဲ့အချိန်မှာ ပွဲက ကန်နေတုန်းဖြစ်မှ ဘာဖြစ်မလဲ... ဘယ်လိုအဆုံးသတ်မလဲဆိုပြီး... ရင်တထိတ်ထိတ်နဲ့ ကြည့်ကောင်းမှာ ... ကန်ပြီးသားကြီးဆိုရင် ဘာအရသာရှိတော့မလဲ..."

"အရသာ မလိုပါဘူးကွာ... ကြည့်လို့ရရင် ပြီးတာပဲ"

စိတ်ပျက်ဖွယ်ကောင်းလေစွ။ ယောကျ်ားတန်မဲ့ ဘောလုံးပွဲမကြိုက်တတ်သော ယောက္ခမကြီးဟာ ပြောရဆိုရတယ်လက်ပေါက်ကတ်တာပါလား။

ဂင်္ဂါတို့များတော့ ဂြိုလ်တုစလောင်းက လွှင့်သည့် ဘောလုံးပွဲတွေဟာ စလောင်းတစ်ခုနဲ့တစ်ခု ကွာခြားတာနဲ့အမျှ ပွဲစဉ်တွေလည်း မတူတတ်လေရာ ဘယ်ပွဲကို မဆိုကြည့်နိုင်အောင် စလောင်းအကြီးရော၊ နှစ်ပေစလောင်းရော နှစ်ခုတပ်ကာ ညမအိပ်ဘဲ စောင့်ကြည့်ရတာ။ နိုင်ငံတကာပွဲတွေရော၊ အင်္ဂလန်က ပရီးမီးယားလိဂ်ပွဲရော အီတလီစီးရီးအေရော၊ စပိန်လာလီဂါပွဲရော၊ ဂျာမနီက ဘွန်ဒစ်လီဂါပွဲရော ပြသမျှ အကုန် ထိုင်ကြည့်တာ။

"တခြားဟာတွေကတော့ ပြန်လွှင့်လည်း ကြည့်ကောင်းပါတယ်... ဘောလုံးပွဲကျတော့ တိုက်ရိုက်မှမကြည့်ရရင် မကောင်းပါဘူး..."

"ဟော့... မောင်ဂင်္ဂါ... မင်းကို ဘယ်သူက ငြင်းနေလို့

လဲကွ… မင်းလည်း ကိုယ့်အယူအဆနဲ့ ကိုယ်ကြည့်လို့ ရတယ်… ငါက ငါ့သမီး အိမ်ရေးမျက်ပြီး ကျန်းမာရေး ထိခိုက်မှာစိုးလို့ ပြောတာပဲကွ… မင်းကတော့ မထူး ပါဘူး… အအိမ်စည်းကမ်းမရှိ… အစားစည်းကမ်းမရှိ နဲ့ ရှုနှာရှိုက်ကုန်း ဖြစ်နေတာ… ငါ့သမီးကိုတော့ မင်း လိုအဖြစ်မခံနိုင်ဘူးဟေ့…"

ပြောပြောဆိုဆို ထမင်းပန်းကန်ကို ဆောင့်ခနဲ ပစ်ထားခဲ့ကာ ထမင်းဝိုင်းက ထွက်သွားသော ဦးဇာနည် ကြောင့် ညနေခင်းက မျက်နှာလေးငယ်လျက် ကျန်ရစ်ခဲ့ရှာ ပါသည်။

"ဖေဖေက အရမ်းစိတ်ဆိုးသွားပြီ ထင်တယ်…"

"ဒီလောက်လည်း မဟုတ်ပါဘူးကွာ…ညညှ အဖေက အလကားနေရင်းကို ဒေါသကြီးနေတတ်တာပါ…"

"မဟုတ်ဘူး…ဖေဖေ အရင်က ဒီလောက်ဒေါသမကြီး တတ်ပါဘူး… ကိုဂါ အပြောအဆို အနေအထိုင်မဟုတ် လို့ အခုလောက်ဖြစ်နေတာ…"

"ဘာ… ကိုယ်က အပြောအဆို မဟုတ်ဘူး… ဟုတ် လား… ညညရော… ကိုယ့်အဖေကိုလည်း ကိုယ်ပြန် ကြည့်စမ်းပါဦး… ကိုယ် ဘာလုပ်လုပ် အပြစ်ပဲစောင့် ကြည့်နေတဲ့ဟာ … လူပဲကွ… တစ်ယောက်နဲ့ တစ် ယောက် အနေအထိုင်ချင်း သဘောထားချင်းတော့ တူ ပါ့မလား… အဲဒီလို မတူတာကိုပဲ သူ့မှာ အပြစ်တွေ ချည်း ထိုင်မြင်နေတော့ ကိုယ်က ဘာလုပ်ရတော့မှ



လဲ…"

"သည်းခံပါ ကိုဂါရယ်… ကိုယ်က လူငယ်ပဲ…"

"ကိုယ်က လူကြီးမို့ သည်းခံရတယ်ဆိုတာပဲ ကြားဖူး ပါတယ်ကွာ… အင်းလေ… ထားပါတော့… သူ့သမီး ကိုယ်က ယူထားပြီး… သူ့အိမ်ပေါ် တက်နေမှတော့ သည်းခံတာက ခံပါတယ်… ဒါပေမယ့်ကွာ… ကိုယ် လုပ်မိတာက ဘာမဟုတ်တဲ့ အပြစ်ကလေး… အပြော ခံရတာက မိုးလောက်ကြီး ဖြစ်မနေဘူးလား… ညည အဖေမို့ ပြောလိုက်ပြီဆိုရင် ဂဂ်ါတို့တော့ ဘယ်လိုမှ သုံးမရတဲ့ မြောင်းထဲက အမှိုက်သရိုက်ဘဝပဲ ရောက် ရောက်သွားတော့တာပဲ…"

ညညက တခစ်ခစ်ရယ်မောလိုက်မိပါသည်။ ဂဂ်ါကလည်း သူ့ခံစားချက်နဲ့သူ၊ ဦးဇာနည်ကလည်း သူ့ ခံစားချက်နဲ့သူ၊ တစ်ယောက်ကို တစ်ယောက် အမြန်အလှန် နာကြည်းကာ အပြစ်အမျိုးမျိုး ပြောနေကြသည့်ပွဲမှာ ညည ကတော့ ပွဲကြည့်ပရိသတ် သက်သက်ပင်။ ပွဲကြည့်ပရိသတ် မို့လို့လည်း ထိုပွဲအတါက် စိတ်ထဲဘယ်လိုခံစားချက်မှ မထား ဘဲ ရယ်ယုံသာ ဟာသပြကွက်တစ်ခုလိုသာ သဘောထား သည်။

တစ်ခါတစ်ရံများ အဖေနဲ့ ကိုဂါရဲ့ ကလေး ကလား စောင်းမြောင်းတိုက်ပွဲတွေကို ကြည့်ရတာ ဟာသ ဇာတ်ကားတစ်ကား ကြည့်ရတာထက်ပင် ပျော်စရာကောင်း နေတာမို့ ညညမှာ မနက်အိပ်ရာက နိုးလာပြီဆိုလျှင် ဒီနေ့

ဘာများထူးခြားမလဲလို့ တွေးကြည့်နေရတာကိုက ပျော်စရာကောင်းနေပြီ။

ဘယ်လိုပဲဖြစ်ဖြစ် ညညကတော့ ပျော်တာပါပဲ။ ကိုယ့်အဖေနဲ့လည်း အတူနေရ၊ ချစ်သူနဲ့လည်း အတူနေရသည့် အခြေအနေမှာ နည်းနည်းပါးပါးလေး နားညည်းတာ၊ ပြဿနာကြုံလာလျှင် ခေါင်းခဲရတာကလွဲပြီး တခြားစိတ်ညစ်စရာလည်း ရှိမှမရှိတာပဲလေ။

www.foreverspace.com.mm



''ဟေ့… မောင်ဂင်္ဂါ… ရီမုတ်ခဏပေးဦးကွ…''

လာပြီ…။ သူများ တီဗွီကြည့်နေတုန်းဆို နှောင့်နှောင့်ယှက်ယှက် ဖျက်ဖျက်ဆီးဆီးတွေက ပေါ်လာပါပြီ။

ဦးဇာနည်ဟာ တီဗွီကို မက်မက်မောမောကြည့်တတ်သူတစ်ယောက် မဟုတ်ပါ။ သူ့မှာ ဆယ့်နှစ်ရာသီ အလုပ်ကိစ္စတွေနဲ့ ရှုပ်ထွေးလုံးလည်လိုက်နေကာ တီဗွီကို ဖြစ်ဖြစ်မြောက်မြောက် ထိုင်ကြည့်ချိန်မရပါ။

အစကတော့ ဒီလိုအချိန်မျိုးတွေမှာ ဦးဇာနည်ကြီး ဘာတွေလုပ်နေသလဲတော့ မသိပါ။ ဂင်္ဂါ ဒီအိမ်ကို ရောက်လာပြီးသည့်နောက်မှာတော့ ဂင်္ဂါမို့ တီဗွီကြည့်ဖို့ထိုင်ပြီဆိုလျှင် ငါးမိနစ်တောင် မထိုင်ရ၊ ဦးဇာနည်ကြီးရောက်လာပါပြီ။ ပြီးလျှင် ကမ္ဘာ့အရေးကြီးဆုံးသတင်း၊ ဒီသတင်းမှ မသိလိုက်ရလျှင် အနှစ်တစ်ထောင် အသက်ရှည်လည်း… ဘာအဓိပ္ပာယ်မရှိတော့မလို ပုံစံမျိုးနဲ့ သူကြည့်ချင်တာတွေကို သဲကြီးမဲကြီး ကြည့်ပါလေတော့သည်။

သူကြည့်မည့် Channel တွေကလည်း ကြည့်ဦး၊ CNN တို့ BBC တို့လို ကမ္ဘာ့သတင်းကြေညာသည့် Channel တွေ။ ကမ္ဘာ့ငွေကြေးဈေးကွက်တို့ ကမ္ဘာ့စီးပွားရေးကဏ္ဍတို့၊ နိုင်ငံတကာသတင်းတို့၊ ဘယ်လိုမှ စိတ်ဝင်စားကြည့်လို့မရသည့်ဟာတွေ။

ခါတိုင်းတော့ လူကြီးနဲ့ လူငယ်၊ ယောက္ခမနဲ့ သမက်ပဲလေလို့ ဂင်္ဂါက သည်းခံနေလိုက်ပါသည်။ ကိုယ့်အိမ်မှာတုန်းက ကိုယ်သာ ဘုရင်၊ ကိုယ်သာ သခင်၊ လုပ်ချင်တာ လုပ်ခွင့်ရှိခဲ့သော်လည်း အခုဟာက သူ့အိမ်မှာ ကိုယ်က နေရတာ။ ဒီတော့ သူ့ကိုပဲ ဦးစားပေးရမည်လို့ ဂင်္ဂါက ယူထားခဲ့တာပါ။

သို့သော်လည်း အကြိမ်ကြိမ်ရယ်တဲ့မှ အခါခါ ဖြစ်လာသောအခါတွင်တော့ ဂင်္ဂါက သိပ်အလျှော့မပေးချင်တော့ပါ။

ဒီနေ့ဆိုရင်ပဲ ကြည့်ဦး၊ မကြည့်လိုက်ရသည့် အီတလီစီးရီးအေပွဲစဉ်တွေထဲက အနိုင်အရှုံး အဖြေမသိရသေးသည့်ပွဲတချို့ကို ကြည့်ဖို့ သေသေချာချာ ထိုင်စောင့်နေကာမှ အစီအစဉ်လည်းလာရော ဦးဇာနည်ကြီးလည်း ဖျက်ဆိုရောက်လာရော။

ဂင်္ဂါက အနားမှာ တွတ်ပီကာတွန်းတစ်အုပ်နဲ့ နေကြာစေ့တဖျောက်ဖျောက် ဝါးလျက် ဇိမ်ကျနေသော ညညကို အကူအညီတောင်းသလို တစ်ချက်ကြည့်လိုက်ပါသည်။

အောင်မယ်…။ မရွှေချောက တွတ်ပီမျက်နှာ



တစ်ကမ္ဘာထင်ကာ လှည့်လို့ကို မကြည့်ဘူးခင်ဗျ။ မိန်းမလုပ်နေပြီး အရေးအကြောင်းရှိလို့မှ အားမကိုးရလျှင် ဘယ်သွားသုံးလို့ရတော့မလဲ။

"ကျွန်တော် အခုမှ စကြည့်မလို့ အန်ကယ်…"

"နောက်မှကြည့်ကွာ… ငါသတင်းကြည့်စရာရှိလို့"

"နောက်မှ မရဘူးခင်ဗျ… ဒါက တစ်နာရီပဲလာတာ"

"နေပါဦး… မင်းကြည့်နေတာ ဘာလဲ… ဘောလုံးပွဲလား…"

"ဟုတ်ကဲ့… အီတလီစီးရီးအေပွဲတွေလေ…"

"ပြပြီးသားတွေ မဟုတ်လား…"

"တချို့ပွဲတွေက မပြရသေးဘူး ခင်ဗျ…"

"ဒါပေမယ့် ကန်ပြီးသားတွေမို့လား … Highight ပြန်ပြတာမို့လား…"

"ဟုတ်ကဲ့… ကန်တော့ကန်ပြီးသားတွေပါ…"

အဘိုးကြီး ကိုယ့်ကို ချောင်ပိတ်ဖမ်းနေပြီဆိုတာ သိပင်သိသော်ငြားလည်း ဂင်္ဂါက ရှောင်မထွက်နိုင်တော့ပါ။ ပုပ်အဲ့အဲ့မျက်နှာ၊ မပွင့်တပွင့်လေသံနဲ့ပဲ ဝန်ခံချက်ပေးလိုက်ရပါသည်။

"ဒါဆိုလည်း ပြန်ကြည့်လို့ ဘယ်အရသာရှိတော့မလဲကွ…မင်းပဲ ပြောတယ်လေ… ဘောလုံးပွဲဆိုတာ ကန်နေတုန်း live ကြည့်ရမှ အရသာရှိတာ … ကန်ပြီးမှ ပြန်ကြည့်ရင် အလကားပဲဆို… အခုလည်း ပြပြီးသားပွဲတွေပြန်ပြမှတော့ အရသာမရှိပါဘူး … အရေး

လည်းမကြီးတော့ဘူးလေကွာ…"

သေပဲ့…။ သေပဲ့…။ ကိုယ့်စကားနဲ့ကိုယ် ပြန်ချည်ခံရတာပဲ။ အသည်းနာစရာကောင်းလိုက်ပါလေကွာ။

ဦးဇာနည်ဟာ အကြံအစည်ကြီးကြီးနဲ့ သူ့စကား တစ်ခွန်းကို တေးမှတ်ထားပုံရသည်။ အခွင့်သာတာနဲ့ ထိုစကားကို ကိုင်ပြီး သူ့ကို ပြန်ချည်တော့တာပဲ။

"မဟုတ်ဘူး အန်ကယ်ရ… အခုပွဲတွေက ပြီးသွားဆိုပေမယ့် result တွေ ကျွန်တော် မသိသေးဘူး … နောက်ပြီး ကျွန်တော်ကြိုက်တဲ့ ပွဲတချို့လည်း ပြန်ကြည့်ချင်လို့…"

"မင်းဟာလည်း မဟုတ်သေးပါဘူးကွာ… ခုတစ်မျိုး… တော်ကြာတစ်မျိုးနဲ့… ဘောလုံးပွဲဆိုတာ တိုက်ရိုက်ကြည့်ရတာ … မဟုတ်ရင် အရသာမရှိဘူးဆိုတာ… ဟုတ်ပြီ… အဲဒီအဆိုကို ငါလက်ခံတယ်… ဒါပေမယ့် အခု ပြန်ကြည့်မယ့်အစီအစဉ်နဲ့ ဟိုစကားကတော့ လုံးဝမကိုက်ညီဘူးကွ…"

"ဘာပဲဖြစ်ဖြစ်ပေါ့ အန်ကယ်ရာ… ကျွန်တော် ကြိုက်လို့ ကျွန်တော် ကြည့်တာပဲ မရဘူးလား…"

"ရတယ်လေ… အခု ငါ ကြည့်စရာရှိတာ… အရင်ကြည့်မယ် … ပြီးရင် မင်းကြိုက်တာ ဆက်ကြည့်… သိပ်မကြာပါဘူး… တစ်နာရီလောက်ပါ…"

"ဟာ… တစ်နာရီတော့ ဘယ်ဖြစ်မလဲ အန်ကယ်ရ…

www.foreverspace.com.mm



ကျွန်တော့်ပွဲတွေကလည်း တစ်နာရီပဲကြာမှာ … အန်ကယ့်သတင်းတွေက တစ်နေ့တစ်နေ့ ဒါပဲ ထပ်ခါတလဲလဲ ပြနေတာပါဗျာ … တခြားအချိန်ကျမှ ပြန်ကြည့်ပါလားဟင်…"

"ဟေ့ကောင်… လူညံ့လူဖျင်း… သူများနောက်လိုက်မားမနောက်ပိတ်ခွေး… စကားမပြောနဲ့ကွ… သတင်းဆိုတာ အချိန်နဲ့အမျှ အရေးကြီးတယ်… ကမ္ဘာတစ်ဝှမ်းပြောင်းလဲနေတဲ့ အခြေအနေတွေကို စက္ကန့်မလပ်သိအောင်ကြိုးစားနိုင်မှ စီးပွားရေးသမားကောင်း တစ်ယောက်… တိုးတက်ခေတ်မီတဲ့ လူတစ်ယောက် ဖြစ်မှာ … အခု သတင်းကို တစ်ချက်အကြားနောက်ကျတာနဲ့… ကိုယ့်အရည်အချင်းရော… စီးပွားရေးမှာရော အများကြီး ခေတ်နောက်ကျသွားနိုင်တယ် … ပေး… ပေး…"

သေလိုက်ပါတော့။ သေသာသေလိုက်ချင်တော့သည်။ မနိုင်ရင်ကာ စကားလုံးလုံးကြီးတွေနဲ့ ကိုင်ပေါက်ပြီး နောက်ဆုံးတော့ လက်ထဲက ရီမုတ်ကွန်ထရိုးလ်ကို အလုခံလိုက်ရတာပဲ အဖတ်တင်သည်။

သတင်းလေးတစ်ချက် နားမထောင်မိတာနဲ့ လူ့ဘဝတစ်ခုလုံး ဆုံးရှုံးသွားတော့မလို၊ စီးပွားရေးတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းသွားတော့မလို သူမှိုပြောတတ်ပါပေရဲ့။

"အဲဒါပေါ့ … မတိုးတက် မကြီးပွားချင်တဲ့လူတွေရဲ့ နိမိတ်ဆိုတာ… သတင်းနေ့စဉ် တိုးတက်ပြောင်းလဲနေ

တဲ့ ကမ္ဘာကြီးကို မျက်ခြေမပြတ် မလိုက်နိုင်ဘူးဆိုတာနဲ့ မင်းဟာ အဘက်ဘက်က ခေတ်နောက်ကျသွားပြီ… ဒီလိုပုံစံနဲ့သာနေသွားရင် တစ်သက်လုံး အောင်မြင်မှုကို ရမှာမဟုတ်ဘူး…”

အင်း…။ ကိုယ်ကြည့်ချင်တာကိုလုပြီး အကြည့်ခံလိုက်ရယုံမက စောင်းမြောင်း စော်ကားတာကိုပါ လက်ခံလိုက်ရပြီ။ သေလိုက်ဖို့တောင် ကောင်းသေးတော့တယ် ဂဂ်ါရယ်။

ယောက္ခမဟာ မတရားကြီး နှိပ်စက်ကလူ အနိုင်ယူနေတာတော့ မဟုတ်ပါ…။ အဲဒါကြောင့်ပဲ မင်း ယောက္ခမဆိုးသလားလို့ မေးလာပါက ဆိုးတယ်လို့ ပြန်ဖြေလျှင် ဂဂ်ါရဲ့အလွန်ပဲ ဖြစ်မည်။

ကိုယ့်ကို သူ့သမီးနဲ့ ကြည်ကြည်ဖြူဖြူသဘောတူ မေးစားထားယုံသာမက သူ့အိမ်မှာပါ ခေါ်တင်ကျွေးမွေး စောင့်ရှောက်ထားသေးသော၊ နှိပ်စက်ကလူနိုင်ထက်စီးနင်းခိုင်းတာမျိုး၊ ရိုင်းရိုင်းစိုင်းစိုင်း ဆူပူရန်ရှာတာမျိုး မရှိသော ယောက္ခမကြီးဟာ သာမန်ကြည့်မည်ဆိုလျှင်တော့ အကောင်းစားကြီးပင်။

ယောက္ခမကြီးရဲ့ စာမဖွဲ့လောက်သော အနိုင်ကျင့် နှိပ်စက်မှုတွေကိုတော့ ဘယ်သူကမှလည်း ပြောပြလို့ ယုံကြည်မှာ မဟုတ်ပေ။ ဒီလောက် ကောင်းထားသည့် ယောက္ခမအပေါ် အမြင်မကြည်လင်ရကောင်းလားလို့ ကိုယ်သာ အပြစ်ဖြစ်မည်။

www.foreverspace.com.mm



ဒါပေမယ့် ဘယ်သူကများ ဂဂ်ါကို နားလည်ကြမှာပါလိမ့်။ အသူရာနဲ့ သိကြားမင်းလက်ထက်ကတည်းက ရာဇဝင်သမိုင်းကြောင်းနဲ့ချီကာ မတည့်ခဲ့သော သမက်နဲ့ ယောက္ခမမှာ သမီးရှင်၊ လူကြီးလည်းဖြစ်တာမို့ ခွန်အား ကြီးမား ယောက္ခမကြီးတွေကသာ အနိုင်ရသူဖြစ်လျက် သူ့သမီးကို ယူထားရသော မျက်နှာမွဲ သမက်ကလေးတွေခမျာ အနိုင်ကျင့်ခံလူတန်းစားသာ ဖြစ်နေခဲ့ကြတာ။

အဲဒီအထဲမှာမှ ဂဂ်ါအဖြစ်က အတော်ဆိုးဝါးသည်။ ပုဒ်မ တပ်လို့မရသော နှိပ်စက်ခံရမှုတွေနဲ့ လူမသိသူမသိ အနေကျဉ်းကျပ်နေရသည့် အဖြစ်ကို တော်ယုံလူက နားမလည်နိုင်ပါ။

အင်းလေ…။ အသူရာနဲ့ သိကြားမင်းဆိုရင် သူသေကိုယ်သေ စစ်မက်ခင်းရသည်အထိတောင်မှ တိုက်ပွဲက ပြင်းထန်သေးတာပဲ။ ဂဂ်ါနဲ့ ဦးဇာနည်ကြီးကဖြင့် အဲဒီလောက်အထိ အခြေအနေမဆိုးသေးပါဘူး။ တစ်ယောက်နဲ့တစ်ယောက် စကားချင်း စစ်ထိုးကြတာတောင်မှ တိုက်ရိုက်ပေါက်ကွဲ ရန်ဖြစ်တာမျိုး မဟုတ်ဘဲ စောင်းစောင်းမြောင်းမြောင်း ပြောကြယုံမို့ အသူရာနဲ့ သိကြားမင်းထက်စာရင်တော့ အများကြီးတော်သေးသည်လို့ ဆိုရမှာ။

ဘာပဲဖြစ်ဖြစ် ကိုယ့်တိုင်းပြည်က သခွတ်မန်းမွင့်တာမြင်တိုင်း နာကြည်းချက်တွေ ကြွထလာပြီး သမက်လုပ်သူကို စစ်တက်တိုက်သည့် အသူရာနတ်မင်းကြီးနဲ့ ကိုယ့်ရဲ့ယောက္ခမကြီး ဦးဇာနည်ကို နှိုင်းယှဉ်တင်စားကာ ဂဂ်ါ

က ဦးဇာနည်ကြီးကို အသူရာကြီးဟု တိတ်တဆိတ်နာမည်ပေးထားပါသည်။

ထိုနာမည်ကို ညညကိုတော့ အသိပေးလို့ မဖြစ်ချေ။ နောက်ပြီး အခုအချိန်မှာ ဦးဇာနည်ကို ကိုယ့်လိုပဲ ယောက္ခမ တော်ထားရပြီဖြစ်သော မုံမုံ့ကိုလည်း ပြောပြလို့ မရချေ။ ဒီတော့ တစ်ယောက်တည်း ကျိတ်ပြီးတော့သာ လှောင်ပြောင်သရော်စွာ ခေါ်နေရယုံပင်။

www.foreverspace.com.mm



"ဟ… ကားတစ်စင်းလုံး ညစ်ပတ်ပေရေလာတာပါလား… မင်းဘယ်တွေ သွားလာသလဲကွ ဟေ…"

"ကျွန်တော့်သူငယ်ချင်း တစ်ယောက်အိမ် ခဏသွားတာ ခင်ဗျ…"

"ရန်ကုန်မြို့ထဲမှာ ဒီလောက် ဗွက်ထူတဲ့နေရာ ဘယ်နေရာလဲ…"

"တောင်ဒဂုံပါ ခင်ဗျ…"

"အောင်မယ်လေးလေ…တောင်ဒဂုံ…အဲဒီအရပ်ဒေသအထိ မင်းက ဘယ်လို ရွှေဥာဏ်တော် စူးရောက်ပြီး ရောက်သွားရတာတုန်း…"

ယောက္ခမကြီးပုံစံက အခုပဲ မစ်လဲပြီး အမြှုပ်တွေ တစီစီထွက်ကာ တဂစ်ဂစ်နဲ့ တက်တော့မည့်ပုံ ဖြစ်လာတာမို့ နေ့သစ်က ဆီးဖမ်းထားဖို့ အဆင်သင့် ပြင်ဆင်လိုက်

ရမါသည်။

သူ့ကားကို နွေသစ်က တမင်တကာ ယူသုံးတာ မဟုတ်ပါ။ နွေသစ် အိမ်ထောင်ကျပြီး ယောက္ခမအိမ်လိုက်နေဖို့ ဖြစ်လာသောအခါ ဖေဖေက အသွားအလာများလှသည့်သားအတွက် မျက်နှာမငယ်ရအောင် နွေသစ် စီးနေကျကားကို ထည့်ပေးလိုက်တာ။ နွေသစ်ဘယ်သွားသွား ကိုယ့်ကားနဲ့ကိုယ် သွားလို့ရနေတာမို့ ယောက္ခမကြီးရဲ့ကားကို မျက်စောင်းထိုးကြည့်စရာတောင် မလိုခဲ့ပါ။

ဒီနေ့ကျတော့မှ ကားတော်မောင်က မျက်နေပေရာ ကိုယ့်မှာလည်း မသွားမဖြစ် သွားစရှိနေတာနှင့် ယောက္ခမကြီးရဲ့ ကားကို ယူသွားရတာ။

သွားစရာကလည်း တောင်ဒဂုံအထိ ဖြစ်နေတာကြောင့် ကားက အခုလောက်အထိ စုတ်ပဲ့ပြီး ထွက်လာရတော့တာ။ အိမ်ပြန်ရောက်လျှင် ယောက္ခမကြီး မသိအောင် ကားကို ဆေးကြောသန့်စင်လားလိုက်မည်လို့ စိတ်ကူထားသော်လည်း ဘိုးတော်ကြီးက ဒီနေ့မှ ဘာတွေစိတ်ကူးရသည်မသိ။ အစောကြီး ပြန်ရောက်နှင့်နေတာမို့ ကားကို ဂိုဒေါင်ထဲတန်းသွင်းထားလိုက်ရတာ။ အဘိုးကြီး အလစ်ကျမှ ကားကို ရေပြန်ဆေးမည်ဟု စောင့်နေဆဲ ဘယ်ကဘယ်လို သတင်းရသွားသည်မသိ။ ဦးမြင့်မြတ်ကြီးက ဂိုဒေါင်ထဲ ရောက်သွားကာ ကားရှုံ့မေကို တွေ့သွားလေတော့သည်။

www.foreverspace.com.mm



"ဘာဖြစ်လို့ ရောက်သွားရတာတုန်း" ဆိုသည့် စကားဟာ မေးခွန်းသဘော ပါဝင်ပေမယ့် အဖြေကို သိချင်လို့ မေးတာမျိုးထက် အပြစ်တင်ချင်လို့ ပြောလိုက်သည့် သဘောပဲမှန်း နားလည်လိုက်တာမို့ နွေသစ်က ဘာမှ အဖြေပြန်ပေးမနေတော့ပါ။

"ဒါ… သိန်းရာပေါင်းများစွာတန်တဲ့ကားတွေ… ကားစုတ်မဟုတ်ဘူး… အဲဒါရော သိရဲ့လား…"

"ဟုတ်ကဲ့… သိပါတယ် အန်ကယ်… ကျွန်တော့်မှာ ကားပွဲစားအသိတွေ အများကြီးရှိပါတယ် ခင်ဗျ … ကျွန်တော်ကိုယ်တိုင်တောင် အမြတ်ရနိုင်ရင် ရနိုင်သလို ဝယ်ရောင်းလုပ်နေသေးတာပဲ…"

နွေသစ်က ဘာမှမသိလေဟန် မှင်သေသေနဲ့ ရှဲ့ပြီးဖြေလိုက်တာ ဖြစ်ပါသည်။ ခေတ်လူငယ်ပဲ၊ ကားတစ်စင်းတန်ဖိုးတော့ မသိဘဲနေမှာတဲ့လား။ သိတော့ရော ကားဆိုတာ ကိုယ်သွားလိုရာ သွားဖို့ ထားတာမဟုတ်လူးလား။ သိန်းရာပေါင်းများစွာတန်တာနဲ့ပဲ သူ့ကားကြီးကို အိမ်ထဲမှာ ခြင်ထောင်ချသိမ်းကာ နေ့တိုင်း ကန်တော့နေရတော့မှာလား။

"စကားကို ကောင်းကောင်းပြောပါကွ… မောင်နွေသစ်ရ … စကားကို ရှဲ့စောင်းပြောတတ်တဲ့ လူတွေများအလုပ်လုပ်ရင်လည်း ဘယ်တော့မှ တည့်တည့်မတ်မတ် အဆင်ပြေပြေ မဖြစ်ဘူး… လွဲချော်ရှဲ့စောင်းနေ

မှာပဲ…"

အလိုလေး…။ တယ်ဆော်လိုက်ပါလား။ နေ့သစ်က မကျေနပ်လှသော်လည်း ကိုယ်က အရင်ရန်စထားသူမို့ တိတ်တိတ်ပဲ နေလိုက်ရပါသည်။

"အေး… ဒီတစ်ခါတော့ ရှိစေတော့ကွာ… အခုလည်း အချိန်စောသေးတာပဲ … ထမင်းမစားခင် ခြေညောင်းလက်ဆန့်သဘောနဲ့ ကားလေးရေဆေးထားလိုက်ပေါ့ … ရွံ့ဆိုတာမျိုးက ချက်ချင်းမဆေးဘဲထားရင်ကြာတော့ အရောင်စွဲသွားရောကွ … နောက်ပြီးကွာ ကားအဖြူကြီးမှာ ဒီလောက်ညစ်ပေရေနေတာ သိမ်းထားလို့လည်း မတင့်တယ်ပါဘူး…"

ဒါ တမင်သက်သက်ချိုးတာ။ ကားဆေးဖို့ဆိုလျှင် ဒါရိုင်ဘာ ဦးသန်းဆိုသည့် လူကြီးရှိသား၊ ဦးသန်းမဟုတ်လည်း ခြံလုပ်သည့် ကုလားလေးရှိသား။ ဒီအိမ်မှာ အခြွေအရံ အစေအပါး ဒီလောက်များရဲ့သားနဲ့ ကိုယ့်မှကားလာဆေးခိုင်းတာဟာ အဆင့်နှိမ့်ချသည့်သဘော၊ ကိုယ့်ကိစ္စ ကိုယ့်ဘာသာဖြေရှင်းဆိုသည့် သဘောမင်။

"ဦးသန်းပဲ ဆေးခိုင်းလိုက်မယ်လေ… ကျွန်တော်လည်း ခုနကမှ ပြန်ရောက်တာ … မောလို့ အနားယူနေတာ ရေတောင် မချိုးရသေးဘူး…"

"အဲဒါပိုကောင်းတာပေါ့ကွ… နောက်တစ်ခေါက် ရေ

www.foreverspace.com.mm



ပြန်ချိုးစရာ မလိုတော့ဘူးပေါ့… နောက်ပြီး ရေမချိုးခင်… ကိုယ်လက်လှုပ်ရှားတာ ကျန်းမာရေးနဲ့ ညီညွတ်တယ်… အန်ကယ်လည်း မင်းတို့အရွယ်တုန်းက ကိုယ်စီးတဲ့ကားကို ဘယ်သူမှ အကိုင်ခံတာ မဟုတ်ဘူး… ကိုယ့်ဘာသာ ရေးဆေး… ပေါလစ်ရှိုက်… ရပ်ဘင်းတိုက်… အကုန်လုပ်တာ…"

"ကျွန်တော်ကတော့ ကားကိုမောင်းဖို့ပဲ ဝါသနာပါတာခင်ဗျ… ရေဆေးဖို့… သန့်ရှင်းရေးလုပ်ဖို့ကတော့ လုံးဝပဲ … အိမ်မှာ ခိုင်းစရာလူတွေကလည်း အပြည့်ရှိနေတာပဲ… သူတို့ခိုင်းလို့ စိတ်တိုင်းမကျရင်လည်း ကားဆားဗစ်ဆင်မှာ သွားဆေးခိုင်းလိုက်ရင် ကိုယ်ဆေးတာထက်တောင် သားနားလာသေးတာ…"

နေ့သစ်က မသိဟန်ဆောင်ကာ တိုက်ခိုက်ပြောလိုက်တာကို ဦးမြင့်မြတ်ကလည်း သဘောပေါက်လိုက်ပါသည်။ ဘယ်ရလိမ့်မလဲ။ ဒီလို မလောက်လေး မလောက်စား ကောင်လေးမျိုးနဲ့ စကားနိုင်လုပြောလို့ ကိုက်ကအရှုံးပေးလိုက်ရသည်ဆိုတဲ့ အဖြစ်မျိုး မြင့်မြတ်တို့က ဘယ်အရောက်ခံလိမ့်မလဲ။

"ဒီမှာ မောင်နေ့သစ်ရဲ့… ကိုယ့်အလုပ်ကို ကိုယ်တိုင်လုပ်ရတယ်ဆိုတာ ရှက်စရာ … သိက္ခာကျစရာမဟုတ်ဘူး… ဂုဏ်ယူစရာတောင် ကောင်းသေးတယ်…မင်း



www.foreverspace.com.mm



"မောင်ဂဂ်ါရေ... ခဏလာဦးဟေ့..."

တနင်္ဂနွေအားရက်လေး မိန်းမနားကပ်ရမလား စဉ်းစားပါတယ်။ ခြံထဲ တတောက်တောက်လျှောက်နေသော ယောက္ခမရဲ့ ခေါ်သံကြောင့် ဂဂ်ါက မျက်နှာရှုံ့မဲ့ကာ ထလိုက်ရပါသည်။

"ဟီဟီ... ကောင်းတယ်..."

"ဘာကောင်းတာလဲ...သူများဒုက္ခရောက်တော့မှာကို"

"ဒုက္ခမဟုတ်ပါဘူး...သုခဖြစ်ချင် ဖြစ်မှာပေါ့...ဖေဖေက ကိုဂ္ဂါကို ချစ်လွန်းလို့ မုန့်ဖိုးခေါ်ပေးတာမျိုး မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ..."

"ဘယ်သူမှ မပြောနိုင်ဘူး... ယောက္ခမဆီကများ ပိုက်ဆံတူတာဆိုလို့ စက္ကူစုတ်တောင် ရစရာလမ်းမရှိဘူး..."

"ဟောကြည့်... သူများအဖေကို ပြောပြီး... ဖေဖေက ကပ်စေးနည်းကြီးလည်း မဟုတ်ပါဘူး ကိုဂါရဲ့...အလျှ





www.foreverspace.com.mm

"မောင်ဂင်္ဂါရေ... ခဏလာဦးဟေ့..."

တနင်္ဂနွေအားရက်လေး မိန်းမနားကပ်ရမလားစဉ်းစားပါတယ်။ ခြံထဲ တတောက်တောက်လျှောက်နေသောယောက္ခမရဲ့ ခေါ်သံကြောင့် ဂင်္ဂါက မျက်နှာရှုံ့မဲ့ကာ ထလိုက်ရပါသည်။

"ဟီဟီ... ကောင်းတယ်..."

"ဘာကောင်းတာလဲ...သူများဒုက္ခရောက်တော့မှာကို"

"ဒုက္ခမဟုတ်ပါဘူး...သုခဖြစ်ချင် ဖြစ်မှာပေါ့...ဖေဖေက ကိုဂါ့ကို ချစ်လွန်းလို့ မုန့်ဖိုးခေါ်ပေးတာမျိုး မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ..."

"ဘယ်သူမှ မပြောနိုင်ဘူး... ယောက္ခမဆီကများ ပိုက်ဆံတူတာဆိုလို့ စက္ကူစုတ်တောင် ရစရာလမ်းမရှိဘူး..."

"ဟောကြည့်... သူများအဖေကို ပြောပြီး... ဖေဖေက ကပ်စေးနည်းကြီးလည်း မဟုတ်ပါဘူး ကိုဂါရဲ့...အလျှ

အတန်းလည်း ရက်ရောသားပဲ…"

"အလှူအတန်းကတော့ ရက်ရောမှာပေါ့ … ဒီဘဝ ကုသိုလ်ရရင် နောင်ဘဝပါမှာကိုး … ကိုယ့်အတွက် အကျိုးမရှိတဲ့ ပေးကမ်းစွန့်ကြဲခြင်းများ ဘယ်တုန်းက လုပ်ဖူးလို့လဲ … ဟိုတစ်နေ့က သူနဲ့အပြင်သွားရင်း ကားရပ်နားခ တောင်းလို့ကွာ… ကိုယ့်အိတ်ထဲ အကြွေ မပါတာနဲ့ ငွေတစ်ဆယ် ခဏချေးမိပါတယ် … အိမ် ရောက်တော့ ပြန်တောင်းသကွ … အဲဒီလောက်…"

"ဟား… ဟား…ဒါကတော့ ဖြစ်မှာပေါ့… ဖေဖေက အဲဒီလိုပဲ … ပေးတဲ့ပိုက်ဆံဆို ဘယ်လောက်ဖြစ်ဖြစ် ပေးတယ်… ချေးတဲ့ပိုက်ဆံကိုတော့ ပြန်ကိုတောင်းရ မှ…"

"ပေးတာလည်း မရှိပါဘူးကွာ…"

"မောင်ဂင်္ဂါရေ… မြန်မြန်လေး လာကွာ…"

ညညနဲ့ နှစ်ယောက်သား အငြင်းပွားနေမိကြ ပြီး ယောက္ခမကြီး ခေါ်တာကို ခဏလောက်မေ့သွားမိပါတယ် နောက်ထပ် စိတ်မရှည်နိုင်သည့် ခေါ်သံကြီးက ထွက်ကို ထွက် လာတော့တာ။

အင်း… ဒီတစ်ခါသာ မသွားဘဲနေမိလို့ကတော့ သူ့လက်သုံးတော် ဂျော်နီဝေါ်ကားတုတ်ကောက်ကြီးဆွဲပြီး အနားရောက်လာတော့မည် ထင်ပါရဲ့။

"ကဲ… မြန်မြန်သွားလိုက်… တော်ကြာ ဒေါသလုံးကြီး အခန်းထဲ လှိမ့်ဝင်လာဦးမယ်…"

www.foreverspace.com.mm



ကိုယ့်အဖေပင် ဖြစ်ပေမယ့် အကြောင်းသိနေ သော ညညက ရယ်ချင်နေပုံလေးနှင့် ဂင်္ဂါကို တွန်းလွှတ်လိုက် ရပါသည်။

ညညမှာလည်း မေတ္တာဖွဲ့ရုပ်ရှင်ကားတွေထဲ ကလို ကြည်နူးစရာများ ကောင်းမလားလို့ ယောကျ်ားယူမိပါ တယ်၊ ယောကျ်ားနဲ့ နှစ်ယောက်တည်း ကြည်နူးပြေလည် ရသည့်အချိန်ရယ်လို့ မယ်မယ်ရရ မရှိဘဲ၊ အဖေနဲ့ခင်ပွန်း ဖြစ်သူရဲ့ နယ်လုသည့် မလိုတမာပြိုင်ပွဲတွေကိုသာ ကြည့်ရင်း ရယ်ရင်း (တစ်ခါတစ်ရံ ကိုယ်တိုင်ဝင်ခေါင်းရှုပ်ခံရရင်း) ဟာသကားတစ်ကားနဲ့တူသော ဘဝလမ်းကိုသာ လျှောက် လှမ်းနေရတော့တာ။

တစ်ခါတစ်ခါတော့လည်း ကိုယ့်အဖေရဲ့ လုပ် ရပ်တွေအပေါ် ရှက်ရွံ့အားနာမျက်နှာပူမိပါရဲ့။

ဖေဖေဟာ ဘီလူးဆိုင်းတီးပြီး ကြမ်းတမ်းနှိပ် စက်နေတာမျိုး မဟုတ်သော်လည်း ကိုဂါ့ကိုဆို နည်းနည်းလေး မှ မျက်နှာသာမပေးတာတော့ အမှန်ပင်။ ညညတို့ အမြဲမှား နေကျ၊ ဖေဖေကိုယ်တိုင်လည်း ခွင့်လွှတ်နေကျ သာမန်အမှား လေးလောက်ကိုတောင်မှ ကိုဂါသာ ကျူးလွန်ကြည့်၊ ပုံကြီးချဲ့ ကာ ပြောလို့မဆုံးတော့ချေ။

နောက်ပြီး ရှိသေးတာက သာမန်အပြစ်ကလေး လောက် တွေ့ပြီဆိုရင်ပဲ မနိုင်ရင်ကာ စကားလုံးကြီးတွေနဲ့ ကိုင်ကိုင်ပေါက်တတ်တာ။ ကိုဂါ့ကို ပုတ်ခတ်တိုက်ခိုက်ဖို့ ဆိုလျှင် ဖေဖေ့မှာ ဝေါဟာရတွေ၊ အလင်္ကာတွေ ကုန်နိုင်တယ်

ရယ်လို့ကို မရှိ။ ကိုယ့်အဖေ ဒီလောက် စကားတတ်မှန်း၊ဝေါဟာရကြွယ်မှန်းတောင် အခုမှ သိရတာ။

ညနေခင်းက အခန်းပြတင်းပေါက်ကတစ်ဆင့် ဂင်္ဂါ ဆင်းသွားရာသို့ လိုက်ကြည့်နေလိုက်ပါသည်။ သူတို့ ပြဿနာကြားထဲဝင်ပြီး ညပ်မပါချင်တာမို့ နောက်ကတော့ လိုက်မသွားဖြစ်ချေ။

ယောက္ခမကြီးရှိရာသို့ ဆင်းသွားသော ဂင်္ဂါကား ပြဿနာနဲ့ တည့်တည့်တိုးနေရလေသည်။

“ဒီမှာ မောင်ဂင်္ဂါရဲ့… ဒီသပြေသီးအရင့်တွေက တဖြုတ်ဖြုတ်ကြွေနေတာ… အခန့်မသင့်ရင် ဖြတ်သွားတဲ့လူတွေ ခေါင်းပေါ်လည်း ကျမယ်… ကားတွေပေါ်ကျရင်လည်း ဘော်ဒီချိုင့်သွားတာတို့ မှန်ကွဲတာတို့ ဖြစ်နိုင်တယ်ကွာ… ကိုယ့်အိမ်သားတွေဖြစ်လည်း မကောင်းဘူး… ဧည့်သည်တွေ ထိခိုက်မိလည်း မကောင်းဘူးလေ…”

“ဟုတ်ကဲ့ ခင်ဗျ…”

ယောက္ခမကြီး ဘာကိုရည်ရွယ်ပြောနေမှန်း မသိသေးတာမို့ ဂင်္ဂါက အလိုက်သင့်မင် ဟုတ်ကဲ့လိုက်ပါသည်။

သပြေသီးဆိုတာက သရက်မင်၊ ဗာဒံမင်အရွယ် အမင်ကြီးကနေ သီးသည့်အသီး။ အရွယ်အစားက ယောက်ျားကြီးလက်သီးတစ်ဆုပ်စာမက ကြီးမားပြီး အဖတ်ဖတ်တွေနဲ့ ထပ်ထားတာဖြစ်ကာ နုစဉ်မှာ ဟင်းချက်စားလို့ရသော်လည်း



www.foreverspace.com.mm

ရင့်သွားပြီဆိုလျှင် အခုန်းသီးအသေးစားလေးလို မာကျောကျစ်လျစ်နေတော့တာ။

ထိုအသီးပင်က ကားအဝင်အထွက်လမ်း၊ လူသွားလမ်းပေါ် အုပ်မိုးနေကာ အသီးကြွေချိန်မှာ မာကျောကျော အသီးတွေ တဖြုန်းဖြုန်းကြွေကျနေတာဟာ စိုးရိမ်စရာတော့ ကောင်းနေတာအမှန်မင်။

“အဲဒါကွာ … ဂိုဒေါင်ထဲက အလူမီနီယံခွလှေကားလေးယူပြီး… ကားလမ်းနဲ့ မလွတ်တဲ့အသီးတွေ တက်ချိုင်လိုက်စမ်းပါ…”

မြတ်စွာဘုရား…။ ခိုင်းရက်လိုက်တာပါလား။

ဂင်္ဂါက ကိုယ့်ရင်ဘတ် ကိုယ်ဖိကာ မှားမတတ်ဖြစ်သွားသော အသက်ရှူကို မနည်းကြီး ပြန်ထိန်းလိုက်ရပါသည်။

တယ်လည်း ရက်စက်လိုက်တဲ့ခိုင်းစေမှုပါလား။ ကိုယ့်သားသမီး မဟုတ်တိုင်း သစ်ပင်ပေါ်တက်ပြီး အသီးခူးခိုင်းသတဲ့။ ကြားလို့ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ။

“အပင်ပေါ်တက်ဖို့ မလိုဘူးကွာ… အသီးတွေက နိမ့်နိမ့်လေးတင်ရှိတာ… လက်တဆန့်နဲ့တောင် မီလုမီခင်ဖြစ်နေပြီ… အဲဒါလေး လေးငါးလုံးလောက် ခူးလိုက်ကွာ…”

ပြောတော့ လွယ်လိုက်တာ။ အသီးလေး ငါးလုံးလောက်ကလေး ခူးရမှာဟာ ဘာမှမပြောပလောက်သည့် အလုပ်ကလေးပဲလို့ အားလုံးထင်ကြမှာ။ ဒီအိမ်က သား

မက်တစ်ယောက်လုံး လုပ်နေပြီး အသီးလေးငါးလုံးလောက် ခူးပေးရမှာကို မလုပ်ချင်ဘူး ငြင်းဆန်သည်ဆိုတော့လည်း ကိုယ့်အပြစ်ပဲ ဖြစ်ဦးတော့မှာ။

သို့သော်လည်း ဂင်္ဂါက သစ်ပင်တက်ဖူးတာမှ မဟုတ်တာ။ ကလေးဘဝက အမျော်သဘော အသီးတက်ခူးစားတာ၊ သစ်ပင်ပေါ်တက်ပြီး တူတူပုန်းတာလောက်ပဲ ရှိခဲ့ပြီး အရွယ်ရောက်မှ သစ်ပင်ပေါ် မတက်ဖြစ်တော့။ သစ်ပင်မတက်ဖူးသလို လှေကားအမြင့်ပေါ်လည်း မတက်ဖူးပါ။

ကိုယ့်အိမ်မှာ အလုပ်သမားတွေ ဒုနဲ့ဒေးရှိနေကြတာမို့ လှေကားနဲ့တက်ပြီး အလုပ်တစ်ခုခုလုပ်ရမည့် တာဝန်ဟာ ဂင်္ဂါခေါင်းပေါ် ဘယ်တုန်းကမှ မကျခဲ့ဖူးပေ။

ဒီအိမ်မှာလည်း အလုပ်သမားတွေ ရှိတာပင်။ ဒီအိမ်က အလုပ်သမားတွေဟာ များသောအားဖြင့် အမျိုးသမီးတွေပဲ ဖြစ်ကြပေမယ့် တကယ့်ခေါင်းတိမောင်းတိ အားကောင်းမောင်းသန်တွေချည်းပင်။ နောက်ပြီး အိမ်ဗာဟီရ၊ လက်တို လက်တောင်းမှန်သမျှ လုပ်ဖို့ခေါ်ထားသည့် ကိုသိန်းတန်ဆိုသည့် လူလည်းရှိသေးတဲ့ဟာ။ သူတို့ကို ခိုင်းပါလား။

အလုပ်သမားတွေကိုကျော်ပြီး ကိုယ့်ကိုခိုင်းခြင်းဟာ တမင်သက်သက် နှာမ်နှိမ်တာပဲဟု ဂင်္ဂါက သိလိုက်ပါသည်။ ယောက္ခမဆိုတဲ့ ပါဝါကို ပြချင်တာပဲပေါ့။

"မြန်မြန်ထက်ထက်ပဲ လုပ်လိုက်ကွာ… သိပ်မပင်ပန်းပါဘူး…"

"ကိုသိန်းတန်ရော မရှိဘူးလား အန်ကယ်…"

www.foreverspace.com.mm



"သိန်းတန် နေမကောင်းလို့ အိပ်နေတယ်ကွ… ဒါလေး မကြာပါဘူးကွာ… လမ်းမပေါ်ရောက်နေတဲ့ အသီးမှန်သမျှ ကုန်အောင်သာ ခူးလိုက်နော်… ဒီည စည့်သည်လာဖို့ရှိတယ်… တော်ကြာ သူတို့ကားတွေပေါ် ကျကုန်မှာစိုးလို့…"

ကိုသိန်းတန် နေမကောင်းလည်း သူနေကောင်းမှ ခိုင်းလည်းရရဲ့သားနဲ့ ကိုယ့်ကိုမှ ခိုင်းချင်နေသော ယောက္ခမကြီးကို ဂင်္ဂါက မျက်စောင်းတထိုးထိုးနဲ့ ရှိနေသော်လည်း ဘယ်လိုမှတော့ မတတ်နိုင်ပါ။ ညညမျက်နှာရှိနေသမျှတော့ သည်းခံနေရမှာပါပဲ။

www.foreverspace.com.mm



"ညညရေ...ကိုယ် ဘာဝယ်လာသလဲ လာကြည့်စမ်း"

အိမ်ရှေ့ကားရပ်လိုက်တာနှင့် ဂင်္ဂါက အသံကုန်ခြစ်အော်လိုက်လျှင် ဧည့်ခန်းထဲမှာ လက်သည်းနီ ထိုင်ဆိုးနေသော ညနေခင်းကလည်း လွှားခနဲနေအောင် အပြေးထွက်သွားပါသည်။

ထိုမြင်ကွင်းကို ကြည့်ပြီး ဦးဇာနည်က နှာခေါင်းရှုံ့လိုက်မိသည်။ လိုက်လည်း လိုက်တဲ့လင်မယား။ ယောကျ်ားလုပ်တဲ့သူကလည်း သူများရပ်ထဲရွာထဲမှာပါလားလို့ အားမနာပါးမနာ အော်ချင်အော်၊ ဟစ်ချင်ဟစ်၊ မိန်းမလုပ်တဲ့လူကလည်း ယောကျ်ားအသံ ကြားလိုက်တာနဲ့ ဝုန်းဒိုင်းကျဲပြေးသွားကြိုဆိုဖို့လောက်ပဲ ခေါင်းထဲရှိတာ။

အိမ်မှာနေတော့လည်း အဖေတစ်ယောက်လုံး အနားမှာရှိနေတာကိုတောင် သတိတရ မဆင်ခြင်ကြတော့။ နားရှက်စရာ စကားတွေ ပြောလိုပြော၊ တစ်ယောက်နဲ့ တစ်ယောက် တယုတယကြင်ကြင်နာနာတွေ လုပ်လိုလုပ်နဲ့၊ အဖေ

လုပ်သည့်သူမှာ တော်တော်ပဲ မျက်စိရှက်ရတာ။

"ဟယ်…အသုပ်စုံတော့…ဒါ… ကိုဂါနဲ့ ညညသွားစားနေကျဆိုင်က ဝယ်လာတာလားဟင်…"

"ဒါပဲပေါ့ … ညညအကြိုက် ချဉ်ငံစပ်သုပ်ခိုင်းထားတာ…မြန်မြန်လုပ်…ခေါက်ဆွဲတွေ မပွခင်စားလိုက်… ဟင်းရည်ကလည်း နွေးတုန်းပဲ … သိပ်ကြာကြာနွေးနေရာစရာမလိုဘူး…"

"လုပ်လေ…ကိုဂါလည်း အင်္ကျီလဲပြီးရင် တစ်ခါတည်းဝင်စားလိုက် … ဒါတွေ မိနီကို သွားပေးထားလိုက်မယ်… ယူမြင်ထားပစေ…"

"မြန်မြန်လာနော်…"

"အင်းပါ… ဒီ ကိုဂါတစ်ယောက်ဟာ ကလေးကျနေတာပဲ… အဝတ်လဲဖို့ကို သူများမထုတ်ပေးဘဲ ဘယ်တော့မှ မရဘူး…"

"ခင်ဗျားလေးကလည်း ကျုပ်ဘာသာ ထုတ်ဝတ်တဲ့အဝတ်အစားဆို ဘယ်တုန်းက စိတ်တိုင်းကျဖူးလို့လဲ"

အိမ်ထောင်မကျခင်ကတည်းက နှစ်ယောက်တွေ့ဖို့ရှိလျှင် ညညက ကိုဂါ ဘာအင်္ကျီနဲ့ ဘာပုဆိုး၊ ဘယ်တီရှပ်နဲ့ ဘယ်ဘောင်းဘီ ဝတ်လာခဲ့နော်လို့ မှာနေကျ။ အိမ်ထောင်ကျပြီးသည့်အခါမှာတော့ ညညက ဗိုလ်ပင် စည်းကမ်းတင်းကျပ်လာကာ အပြင်သွားဖို့ အဝတ်အစားသာမက အပြင်က ပြန်လာပြီး အိမ်နေရင်းအဖြစ် လဲလှယ်ဝတ်ဆင်ရမည့်အဝတ်အစားကိုပါ ကိုယ်တိုင်ထုတ်ပေးရမှ ကျေနပ်တော့တာ။



သူမသာဆိုလျှင်လည်း ဒီအဝတ်အစားပဲ ထုတ်ချင်ထုတ်ပေးမိမှာပေမယ့် ဂင်္ဂါက ကိုယ့်ဘာသာ ယူဝတ်လိုက်မိတာဖြစ်လို့ကတော့ မလိုက်ဘူး၊ ကြည့်ရတာ အချိုးမပြေဘူး၊ တောသားကြီးနဲ့တူတယ် စသည်ဖြင့် တစ်မျိုးပြီးတစ်မျိုး အပြစ်မြင်နေတော့တာ။

"အင်းပါ… ရေသွားချိုးထားနှင့်… ညည ချက်ချင်းလာခဲ့မယ် … စိတ်ချ … ရေချိုးပြီးထွက်လာတာနဲ့ အဝတ်အစား အဆင်သင့်တွေ့ရစေ့မယ်…"

အပြင်က ပြောနေကြသည့် အသံတွေကို ဧည့်ခန်းထဲက ထိုင်နားထောင်ရင်း ဦးဇာနည်က နားကြားပြင်းကတ်လှပါပြီ။

ဒီကောင်ဟာ ဘယ်လိုကောင်လဲ။ ဒီလောက်ဦးနှိမ်ထားသည့်ကြားထဲက စီးစီးပိုးပိုး နိုင်လှချည်လား။ ငါ့အိမ်ပေါ်တက်နေပြီး၊ ငါ့သမီးကိုများ သူလဲဖို့ အဝတ်အစားထုတ်ခိုင်းရသဲ့။ ရာရာစစကွာ…။

အသုံးမကျသည့် သမီးမကလည်း လင့်တာဝန်ထမ်းရွက်ဖို့အရေး အပြေးအလွှား။ အဖေနဲ့ အစ်ကိုကိုများအင်္ကျီအဝတ်အစား ထုတ်ပေးဖူးဖို့ နေနေသာသာ ကိုယ့်အဖေနဲ့ ကိုယ့်အစ်ကိုမှာ ဘာအဝတ်အစားရှိမှန်းတောင် မသိခဲ့သည့်ကောင်မလေးက အခုတော့ သူ့ယောကျ်ားအတွက် သိတတ်နေလိုက်ရတာ။

ဒီကောင်မလေးကို ဒီအတိုင်း လွှတ်ထားလို့တော့ မဖြစ်တော့ပါ။ ယောကျ်ားဆိုတာ ကိုယ့်ဘက်က အနေ

www.foreverspace.com.mm

အထိုင်တတ်ထားမှ ကိုယ့်ကို လေးစားမှာ။ အဲဒီတော့မှ ကိုယ့်စိတ်ကြိုက် ထိန်းချုပ်ကိုင်တွယ်နိုင်မှာ…။ ကိုယ့်ဘက်က ဒီလောက် အောက်ခြေသိမ်းလိုက်ပြီး သိတတ်ပေးနေလို့ကတော့ ခေါင်းပေါ်တောင် တက်နင်းသွားမှာ စိုးရသည်။

"ဒါပဲနော် မနီ… နှစ်ပန်းကန် ခွဲထည့်ပြီး… ဖုန်းတပ်ထား… ဟင်းရည်အိုးက အဆင်သင့်ပြင်ပြီး မီးဖိုပေါ်ပဲ တင်ထား… ခလုတ်မဖွင့်နဲ့ဦး… နောက်ထပ် ဆယ်မိနစ်လောက်ကြာမှဖွင့်…"

မီးဖိုချောင်ထဲကို လှမ်းအော်သံလေး တစာစာနှင့် အိမ်ပေါ်ထပ်ပြေးတက်ဖို့ ပြင်သော ညနေခင်းမှာ ကိုယ့်ရှေ့ ဖျပ်ခနဲ ပိတ်ရပ်လိုက်သူ တစ်ယောက်ကြောင့် ခြေလှမ်းတွေ ရပ်တန့်သွားရပါသည်။

"ဖေဖေ…"

"သမီး… အပြေးအလွှား အော်လိုက်… ဟစ်လိုက်နဲ့… တစ်အိမ်လုံးကို ဝုန်းဒိုင်းကျဲနေတာပဲ… ဘာဖြစ်နေတာလဲ…"

"ဟို…ကိုဂျို့ကို အင်္ကျီသွားထုတ်ပေးထားမလို့ ဖေဖေ… သူ ရှေချိုးပြီးဝတ်ရအောင်…"

"ဒါ… သမီး အလုပ်လား…"

"ရှင်… ဖေဖေ ဘာကိုပြောတာလဲ…"

"ယောကျ်ားတစ်ယောက်ရဲ့ ဝေယျာဝစ္စကို ဒီလောက်အထိ လိုက်လုပ်ပေးဖို့ မလိုဘူးလို့ ပြောချင်တာ သမီး… ဖေဖေ့သမီးလေးကို ကိုယ့်တစ်ကိုယ်ရေးကိစ္စတောင်

www.foreverspace.com.mm



လုပ်စရာမလိုအောင် ဖေဖေက ထားခဲ့တယ် … အခု သမီးက တစ်မိမ်းယောကျ်ားတစ်ယောက် ဝတ်ဖို့ အင်္ကျီတောင် ထုတ်ပေးနေရတယ်ဆိုတော့ … အောက်ကျနောက်ကျနိုင်လွန်းအားကြီး မနေဘူးလား…"

"ဟာ… ဖေဖေကလည်း… ဘာတွေပြောနေတာလဲ.. ကိုဂျိုက တစ်မိမ်းမှ မဟုတ်တာ… သမီးရဲ့ ယောကျ်ားပဲ…ကိုယ့်ယောကျ်ားကို ချစ်လို့ လုပ်ပေးတာပဲ… ဒါ မိန်းမတိုင်းရဲ့ မယားဝတ္တရားလေ…"

အောင်မယ်လေး…။ ဒီမျက်နှာပူစရာကောင်းလှသည့် စကားလုံးကို သမီး ဘယ်ကများ တတ်လာပါလိမ့်။ ပြီးတော့… အဖေရှေ့မှာ ပြောသင့်မှန်းမသိ။ မပြောသင့်မှန်းမသိ၊ စွတ်စွတ်ပြောချလိုက်တာပဲ။

"ဟုတ်တယ်လေ ဖေဖေရဲ့…ဖေဖေပဲ တစ်ခါက ပြောဖူးတယ်… မေမေက ဖေဖေ့ကို သိပ်ချစ်တာဆို … အလိုက်လည်း အရမ်းသိပြီး … ဖေဖေ့ကို ဘာမှလိုလေသေးမရှိအောင် ပြုစုတာဆို … သမီးက မေမေ့သမီးဆိုတော့ မေမေ့ဗီဇ ပါလာတာပေါ့…"

ပြောလေ ကဲလေ မန်းလေ ပြဲလေ ဆိုသလိုပါပဲလား။ ဦးဇာနည်ဟာ ယောကျ်ားသားတစ်ယောက်အနေနဲ့တော့ ကိုယ့်ဇနီးရဲ့ ကိုယ့်အပေါ် ဂရုတစိုက်အလိုက်သိတတ်မှုကို ကျေနပ်စွာခံယူချင်ခဲ့တာပင်။ သို့သော်လည်း အဖေတစ်ယောက်အနေနဲ့ ကိုယ့်သမီးက သူ့ယောကျ်ားအပေါ် သိတတ်ပြုစုနေတာကျတော့ ဘယ်လိုမှ မကျေနပ်နိုင်ချေ။

“ပြုစုစရာ မလိုဘူး သမီး… ငါ့သမီးက ရွှေမှုန်စားပြီး မွေးလာတာ…ဖေဖေ ရွှေလိုဥပြီး မိုးလိုမွေးလာတာ… ငါ့သမီးရဲ့ အဆင့်အတန်း … ဂုဏ်ဒြပ်နဲ့ ယောကျ်ား တစ်ယောက်ကို အောက်ကျ နောက်ကျခံပြီး ပြုစုစရာ ကို မလိုဘူး…”

“ဘယ်လိုပဲ မွေးမွေး… မိန်းမဟာ မိန်းမပါပဲ ဖေဖေ ရယ်… မိန်းမဖြစ်လာပြီဆိုရင် မယားဝတ္တရားငါးပါးနဲ့ အညီ ယောကျ်ားကို ပြုစုရတော့မှာပေါ့ … အဲဒီလိုမှ မဟုတ်ရင် သမီးက ဝတ္တရားမကျေတဲ့ မိန်းမယုတ်စြဖ် သွားလိမ့်မယ်…”

အောင်မယ်…။ တကယ်လည်း စကားတွေတတ် နေပါလား။ ဘယ်စာအုပ်တွေထဲကက အရေးပေါ် ဖတ်မှတ် လေ့လာထားမှန်းမသိသည့် စကားလုံးတွေနဲ့ ကိုယ့်ကိုမွေးထား သည့် အဖေအရင်းကိုတောင်မှ ပြန်ပက်ဖို့စဥ်းစားနေပြီပေါ့။

“ဒါက ယောကျ်ားလုပ်စာကိုပဲ မှီခိုစားပြီး ယောကျ်ား ကိုပဲ တစ်သက်စာ အားကိုးထားရတဲ့ ရှေးခေတ်က မိန်းတွေရဲ့ စကား … ဒီခေတ်မှာ မိန်းမတွေဟာ ယောကျ်ားနဲ့ တန်းတူအလုပ်လုပ်ရတယ် … စီးပွားရှာ နိုင်တယ်… သူတို့မှာ ပိုသေးတာက အိမ်ထောင့်တာဝန် ကို ယူရတာ… အဲဒီကြားထဲကမှ သားကိုသခင် လင်ကို ဘုရားဆိုတဲ့ အစဉ်အလာကြီးကို ထိန်းရဦးမယ်ဆိုရင် ဟိုအသုံးမကျတဲ့ကောင်တွေအတွက် ဘယ်လောက် အသာစီးရလိုက်မလဲ… ဖေဖေကတော့ ယောကျ်ားမေ

www.foreverspace.com.mm



မယ့် ဒီလို မတရားတာမျိုးကို အားမပေးနိုင်ဘူး သမီး… ကိုယ့်ထမင်း ကိုယ်စား … ကိုယ့်အားကိုယ်ကိုးနိုင်တဲ့ ဒီလိုခေတ်ကြီးမှာ ရှေးဟောင်းအယူအဆတွေကို အထင် တကြီး လိုက်နာနေစရာ မလိုပါဘူး သမီးရယ်…”

“ဟုတ်…ဟုတ်…သမီးသွားလိုက်ဦးမယ်နော် ဖေဖေ”

“နေဦး သမီး… အခု က ဘာလဲ… လက်သုပ်စုံတွေ စားကြဦးမလို့လား…”

ဖေဖေကလည်း အကုန်လုံးနားထောင်နေတော့ တာပါပဲ။ လင်ကိုယ်မယား ကိုယ့်ဘာသာ ဘာပြောပြော ကြား ထဲကနေ အကုန်ကြားကာ တစ်လုံးမကျန် ဝင်စွက်ချင်တာကို တော့ တစ်မိန်းဖြစ်သည့် ကိုဂါမပြောနဲ့၊ ညညတောင် သိပ် မကြိုက်လှပေ။

ညညက ကိုယ့်ဘာသာ ကြည်ကြည်နူးနူး ပြော စရာရှိလည်း ပြောမည်၊ ရန်ဖြစ်စရာရှိလည်း ဖြစ်မည်။ ပြန် ချော့စရာရှိလည်း ချော့ပေါ့။ အဲဒီလိုပဲ လွတ်လွတ်လပ်လပ် နေချင်တာ။ အနားမှာ ဖေဖေတစ်ယောက် ရှိနေတော့ မလွတ် လပ်ရသည့်ကြားထဲ ဖေဖေက သူများစကားတွေကို လိုက် နားထောင်၊ နေရာတကာ ဝင်ပါနေလေသောအခါ သိပ်ကို အနေကျုံ့ဖို့ ကောင်းနေတော့တာပါပဲ။

“ဟုတ်ကဲ့… ဖေဖေ… ဖေဖေရော စားမလား…”

“ထွတ်… ဒီလိုလမ်းဘေးစာတွေ ဖေဖေ မစားတာ… သမီး သိသားနဲ့ ဖေဖေ မစားယုံတင်မဟုတ်ဘူး…သမီး စားတာကိုလည်း မကြိုက်ဘူးနော် … အဲဒီ အစား

အသောက်တွေက လုံးဝသန့်ရှင်းတာ မဟုတ်ဘူး … ယင်တလှောင်းလှောင်း … လမ်းဘေးက ဖုန်မှုန့်တွေ တသောသောနဲ့ … နောက်ပြီး အသုပ်သည်ရဲ့ လက်ဆိုတာ နှပ်ချေးညှစ်လိုက်… ခြေထောက်ကုတ်လိုက်… ကလေးအီးကုန်းလိုက်နဲ့ ဘယ်လောက်ညစ်ပတ်ထားလဲ…"

"ဟာ… ဖေဖေကလည်း ဒီအသုပ်သည်က သူ့ဘာသာ အိမ်ထဲမှာ ဆိုင်သန့်သန့်လေးနဲ့ ရောင်းတာပါ … သန့်သန့်ပြန့်ပြန့်ရှိလို့လည်း သမီးက ကြိုက်တာ…"

"အေး… သန့်တယ်ပဲထား… အခု ဘယ်နှစ်နာရီထိုးပြီလဲ…လေးနာရီခွဲပြီ… ခဏနေရင် ထမင်းစားရတော့မှာ … အသုပ်တွေစားထားတော့ ရင်ခံပြီး မစားနိုင်တော့ဘူး … ထမင်းကို နောက်ကျမှ စားတော့လည်း အိပ်ချိန်နဲ့ နီးသွားရင် အစာမကြေ… ရင်ပြည့်ရင်ကယ် ဖြစ်မယ်… ကဲ… ဘယ်မှာကောင်းလို့လဲ…"

ဖေဖေကတော့ ပြောလို့ကို မဆုံးတော့တာပါလား။ သူ့မှာ ကိုဂါလုပ်သမျှ အပြစ်တင်ဖို့၊ ဆန့်ကျင်တိုက်ဖျက်ဖို့ စကားလုံးတွေ အတော်ပဲပေါများနေသည် ထင်ရဲ့။

"တော်ပြီ သမီး… အဲဒီအသုပ်တွေ မစားနဲ့တော့… ကျန်းမာရေးနဲ့ မညီညွတ်ဘူး…"

"ဟုတ်ကဲ့ ဖေဖေ…"

ညနေခင်းက ပြီးပြီးရော သဘောနဲ့ ဟုတ်ကဲ့

www.foreverspace.com.mm



တစ်ခွန်းပဲ ပြောခဲ့ကာ အိမ်ပေါ်အပြေးအလွှား တက်လာခဲ့လိုက်ပါသည်။

အခုအချိန်လောက်ဆို ကိုဂါက ရေချိုးလို့ပြီးတော့မည်။ ညညကို အဝတ်အစား ထုတ်ပေးဖို့ စောင့်နေရလောက်ပြီလေ။

❧ ❧ ❧

www.foreverspace.com.mm

"ဘယ်လိုလဲ ညည... ဘာဆုံးမဩဝါဒတွေများ ခံယူခဲ့ရသလဲ..."

အခန်းထဲသို့ ညညရောက်လာလျှင် ဂင်္ဂါက မျက်နှာပုပ်ပုပ်နဲ့ ဆီးမေးလိုက်ပါသည်။

ရေလဲပုဆိုး အောက်တစ်ပိုင်းစိုနှင့် မျက်နှာသုတ်ပဝါခြုံကာ သူမအလာကို စောင့်နေခဲ့ရပုံပေါ်သော ဂင်္ဂါကို ကြည့်ပြီး ညညမှာ ရယ်လည်းရယ်ချင်၊ ရယ်လည်း မရယ်ရက်။

သူ့ခမျာလည်း ကိုယ့်ကိုဘယ်တော့မှအကောင်းမမြင်တတ်ဘဲ ထာဝရဆန့်ကျင်နေသူတစ်ယောက်ရဲ့ မတတ်သာစွာ အတူနေရသည့် ဒုက္ခက သိပ်မသေးရှာ။ ဖေဖေတို့က ပြောလိုက်ပြီဆို နားထောင်သူ ရင်ဘတ်ထဲ အောင့်အောင့်သွားရလောက်အောင် ဝိသာလေးနဲ့ ဘေးပစ်ပြောတတ်တာ။

"ကိုဂါ...ရေချိုးပြီးတာကြာပြီလား...ခဏနေဦးနော်...

ညညာ အဝတ်လဲဖို့ ထုတ်ပေးမယ်…”

ပြောသာ ပြောလိုက်ရသော်လည်း (အောက်ထပ်ကနေ နားစွင့်ထောင်နေဦးမှာ သေချာသည့်) ဖေဖေ ကြားသွားမှာစိုးလို့ ညညရဲ့ အသံက တိုးတိုးဖွဖွလေး ဖြစ်နေသည်။

“ရပါတယ်ကွာ… ညညာ မပင်ပန်းနေမယ်ဆိုလည်း ကိုယ့်ဘာသာပဲ ထုတ်ဝတ်ပါ့မယ်…”

ဂင်္ဂါအသံက ခပ်ရွှံ့ရွှံ့လေး ဖြစ်နေသည်။ မျက်နှာကလည်း အတော့်ကို ကျိတ်မှိတ်သည်းခံနေရသည့်ပုံမျိုး။

“မဟုတ်ပါဘူး… ညညာ ထုတ်ပေးနေကျပဲဟာ…ပေးရမှာပေါ့…”

“မလုပ်ပါနဲ့ကွာ… တော်ကြာ… ကိုယ်လည်း အိမ်ပေါ်ခေါ်တင်ကျွေးထားရသေး … ပြုလည်း ပြုစုရသေးဆိုရင် ဘယ်ကောင်းပါတော့မလဲ…”

“မရွံ့ပါနဲ့ ကိုဂါရယ်… ဒါ… ညညရဲ့ ခံယူချက်မှ မဟုတ်တာ… ကိုဂါ ဒီမှာ လိုက်နေရတာလည်း ညညကို ငဲ့ညှာလို့ပဲ မဟုတ်ရင် ကိုယ့်အိမ်မှာ ဒီထက် ဇိမ်ကျကျနေနိုင်သေးတာ…နောက်ပြီး… အခု ညညာ လုပ်ပေးနေတာလည်း ဝတ္တရားကြောင့်လို့ လူကြားကောင်းအောင်သာ ပြောနေတာ… အမှန်က ကိုဂါ့ကို ချစ်လို့ လုပ်ပေးနေတာ…”

“ပြောတတ်လိုက်တာကွာ…”

ပါးလေးနှစ်ဘက်ကို ဖောင်းနေအောင် လေမှုတ်သွင်းပြီး နှုတ်ခမ်းလေးစုကာ ပြောလိုက်ပုံလေးက ချစ်စရာ

www.foreverspace.com.mm



ကောင်းလွန်းနေတာမို့ ဂင်္ဂါမှာ သူ့အဖေကြီးကို မကျေမနပ်ဖြစ်နေသည့် စိတ်ကလေးတောင် လျော့ပါးသွားရကာ ညညရဲ့ ပါးလေးကို လက်ညှိုးလက်မကြား ဖျစ်ညှစ်ပြီး ပြုံးမိတော့သည်။

“ဖေဖေက ပြောတယ်… အသုပ်တွေမစားနဲ့တဲ့ … ညကျ အစားမျက်မယ်တဲ့…”

“လာပြန်ပြီကွာ… ညစာစားဖို့ရှိတာနဲ့ပဲ နေ့လယ်စာက မစားရတော့ဘူးတဲ့လား…”

“အခု… လေးနာရီခွဲရှိပြီမို့လို့တဲ့… ညစာနဲ့နီးနေပြီတဲ့”

“ဒါ… တမင်သက်သက် ပြောတာပါကွာ… ပြီးခဲ့တဲ့ အပတ်တုန်းကကျ… သူပဲ ဘာဂါတွေ ဝယ်လာသေးတာ… ဒီအချိန်လောက်ပဲဟာ…”

“နောက်ပြီး… လက်သုပ်စုံဆိုတာ ညစ်ပတ်တယ်… ရောဂါရမယ်တဲ့…”

“ဒါနဲ့ပဲ ညညက ကိုယ်တကူးတက ဝယ်လာတာတွေကို မစားဘဲ လွှင့်ပစ်လိုက်တော့မယ်ပေါ့လေ…”

“ရှူး… တိုးတိုး… ဖေဖေက နားထောင်ချင်ထောင်နေမှာ… မအော်နဲ့… မစားဘဲတော့ မနေပါဘူး… စားမှာပေါ့ … မိနီကို အပေါ်ထပ်လာပို့ခိုင်းပြီး အပေါ်မှာပဲ စားလိုက်မယ်လေ…”

“အောင်မယ်လေး…အဲဒီလိုဆိုလည်း သိမှာပါကဲကွာ… အဲဒါကျမှ လာလိမ့်မယ်… အစားသောက်ကို အခန်းထဲ ယူစားတာ စည်းကမ်းကိုမရှိဘူး… ထမင်းစားခန်း

ကြီးတခမ်းတနား ဆောက်ထားတာဟာ အစားစားဖို့… အစားစားဖို့ ထမင်းစားခန်းထဲတောင် မဆင်းနိုင်တာ ကျိုးကန်းနေလို့လား… ဂီလာနရောဂါသည်လား … လာဦးမှာ… ဟိုတစ်ခါကလိုလေ…”

အကြိမ်ကြိမ်ခံခဲ့ရပြီမို့ ဂင်္ဂါက ထွန့်ထွန့်လူး အောင် ငြင်းထုတ်လိုက်ပါသည်။ ကိုယ့်အိမ်မှာ စည်းမဲ့ကမ်းမဲ့ နေချင်သလို နေခဲ့သမျှ ဒီအိမ်ရောက်မှ များပြားလွန်းသော စည်းကမ်းချက်တွေနဲ့ မလှုပ်သာလောက်အောင် အချည် အတုတ်ခံခဲ့ရပြီးပြီမို့ ဂင်္ဂါက သဘောပေါက်နေပြီ။ ဒီစည်း ကမ်းတွေဆိုတာကလည်း အရင်ကရှိခဲ့ပုံမရဘဲ သူရောက်လာ ကာမှ သူ့ရဲ့ လှုပ်ရှားမှုတွေကို လိုက်ကြည့်ပြီး အရေးပေါ်ထုတ် ထားသည့် သီးသန့်စည်းကမ်းတွေဆိုတာကိုလည်း ဂင်္ဂါက သိပြီးသား။

“ထားလိုက်ပါတော့ကွာ… ညည အခက်အခဲဖြစ်နေ မယ်ဆိုလည်း မစားပါနဲ့တော့ … မိနီတို့ပဲ ကျွေးလိုက် တော့…ဒါပေမယ့်… ကိုယ် တစ်ခုတော့ ပြောချင်တယ် ကွ…”

“ပြောလေ…”

“ညညရဲ့အဖေကြီးဟာ ကိုယ့်ကိုအမြဲပဲ လိုက်ပြီးတိုက် ခိုက်နေတယ်… နောက်ပြီးတော့ကွာ ကိုယ်တို့ဘာပြော ပြော… ဘာလုပ်လုပ်… လိုက်နားထောင်… လိုက် ကြည့်… လိုက်ပြောရတာကြီးကတော့ သိပ်မကောင်း ဘူးထင်တယ်… ကိုယ်တို့လည်း အနေကျူ့တာပေါ့…

www.foreverspace.com.mm



အိမ်ထောင်ကျပြီးတာတောင် လွတ်လွတ်လပ်လပ် မရှိ ဘဲ… ကလေးတွေလို နေနေရတာ မခက်ဘူးလား”

“ညညလည်း သိပါတယ် ကိုဂါရယ်…ညညတောင်မှ တစ်ခါတလေ စိတ်ညစ်သေးတယ်… ကိုဂါဆိုရင် ပိုပြီး စိတ်ညစ်မှာ ကိုယ်ချင်းစာပါတယ်… ဒါပေမယ့်…”

“ဒီကိစ္စ… ကိုနေ့တို့… မုံမုံတို့နဲ့ တိုင်ပင်ရရင်ကောင်း မလား မသိဘူး…”

“ကောင်းတယ်… အဲဒီအကြံကောင်းတယ်… တစ်နေ့ လောက် ကိုဂါတို့အိမ်သွားလည်ကြရအောင်…”

“မသွားချင်ဘူး… အိမ်မှာသွားပြောရင် ဖေဖေ ရှိနိုင် တယ်… အလုပ်သမားတွေလည်း ရှိသေးတယ်…လွတ် လွတ်လပ်လပ်ကို ပြောရမှာမဟုတ်ဘူး… အခုတလော လွတ်လွတ်လပ်လပ် မနေရတော့မှ လွတ်လပ်ခြင်းရဲ့ အရသာကို ပိုပြီးမက်မောတတ်နေပြီ… ဒီလိုလုပ်ကွာ… လာမယ့်စနေနေ့ ညနေစာကို ရှမ်းကန်မှာ ဘူဖေးသွား စားကြရအောင် … စားရင်းနဲ့ ပြောစရာရှိ ပြောကြ တာပေါ့… မကောင်းဘူးလား…”

“ကောင်းတာပေါ့… ညညလည်း အိမ်ထောင်ကျပြီးမှ အပြင်မထွက်ရတာ ကြာပြီ… ပျော်စရာကြီး…”

ညညက လက်ခံသဘောတူလိုက်လျှင် နှစ် ယောက်သား စည်းဝေးပွဲအတွက် အစီအစဉ်တွေဆွဲကာခေါင်း ချင်းရိုက်နေကြလေသည်။

စကားပြောလိုက်၊ ရယ်မောလိုက်၊ ဖေဖေ့

အတင်းတုတ်လိုက်နဲ့ပဲ အသုပ်စားဖို့ကိစ္စကို ဂရုမေ့သွားတာကိုပဲ ညညက စိတ်ချမ်းသာရကာ ကိုယ့်အတွက် တကူးတက စေတနာထား ဝယ်လာပေးတာကို မစားလိုက်ရသည့်အတွက်တော့ စိတ်မကောင်းဖြစ်ရလေသည်။



www.foreverspace.com.mm

ယောက္ခမကြီးရဲ့ တွက်တွက်ကပ်ကပ်ရှိလိုက်ပုံကတော့ ပြောကို မပြောချင်တော့ပါဘူးဗျာ။ သူ့အရွယ်ကြီးနဲ့မလိုက်၊ ကိုယ့်သမက်နဲ့ ဆင်းပြိုင်လားပြိုင်ရဲ့။ ဘယ်လောက်မှ အဖိုးမတန်သည့်ပစ္စည်း(ဥပမာ - သွားကြားထိုးတံ တစ်ချောင်းကျိုးသွားလို့ နောက်တစ်ချောင်းအသစ်ထုတ်တာကအစ၊ ရေသောက်ပြီး ပျက်စီးဆုံးရှုံးလျှင် သူ့မှာ ဒီနေ့ပဲ ကုန်းကောက်စရာ မရှိတော့လောက်အောင် ဆင်းရဲမွဲတေသွားတော့မလို ညည်းလားညည်းရဲ့။

အဆိုးဆုံးကတော့ သူများလင်မယားကြား မနေနိုင် မထိုင်နိုင် လိုက်လိုက်ပါတတ်တာပင်။

ဆိုပါစို့…။ မိုးလေး နည်းနည်းအေးလာလို့ ယမုံနာက နေ့သစ်အတွက် အနွေးထည် ထုတ်လာပေးပြီဆိုရင်ပဲ ယောက္ခမကြီး မျက်နှာမကြည်လင်တော့။ တီဗွီကြည့်ရင်း ရေငတ်လာလို့ ယမုံနာ့ကို သွားခပ်ခိုင်းမိပြီဆိုရင်တော့

တဟမ်းဟမ်းအသံတွေ ထွက်လာပါပြီ။

ကိုယ့်လင်မယားအချင်းချင်း ကတောက်ကဆ စကားများကြပြီဆိုလျှင်ကား ယောက္ခမကြီးက တိတိပပကြီးကို ဝင်ပါ ပါလေတော့သည်။ သူ ဝင်ပါလိုက်တိုင်းလည်း တရားမျှမျှတတ ဆုံးဖြတ်ပေးတယ်ရယ်လို့ မရှိ။ အမြဲတမ်း သူ့သမီးသာ အမှန်၊ တောင်းပန်ရမည့်သူ၊ အလျှော့ပေးရမည့်သူကား နေ့သစ်သာလျှင် ဖြစ်မြဲပင်။

ကြာတော့ ရန်ဖြစ်ချင်တာတောင် ချက်ချင်းလက်ငင်း ကောက်မဖြစ်နိုင်ဘဲ အချင်းချင်းလက်တို့ကာ အပြင်ထွက်ပြီးမှ ရန်ဖြစ်ကြရသည့် အခြေအနေကို ဆိုက်လာတော့တာ။

သိကြတဲ့အတိုင်း ဒေါသဆိုတာမျိုးက သူ ထွက်လာသည့်အချိန်မှာပဲ ကောက်ပြီးဖြေရှင်းဖို့ကောင်းတာ။ အချိန်မတန်သေးလို့ဆိုပြီး ခဏလေးခေါက်သိမ်းထားပြီး အခြေအနေပေးမှ ပြန်အန်ထုတ်ဆိုတော ဘယ်လိုမှ အားရပါးရ မရှိနိုင်တော့။

ဦးမြင့်မြတ်ကြီးတို့ အခုမှ ကလေးဖြစ်ချင်နေလိုက်ပုံများ သမီးဖြစ်သူရဲ့အပြုစု အယုယကိုလည်း သိပ်ပြီး ခံချင်နေသေးသည်။ သူ့မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမဆုံးသွားလို့ အိမ်ထောင်ရေးသုခကို အပြည့်အဝမခံစားလိုက်ရတာနဲ့ဘဲ သူများလင်မယား ကြင်ကြင်နာနာ၊ ယုယုယယရှိတာကို မနာလိုဝန်တိုဖြစ်နေတာ။

www.foreverspace.com.mm



"ကိုနေ့ရေ... ထမင်းစားမယ်..."

"သမီးကလည်း ဒီလောက် သံကုန်ဟစ်ခေါ်နေစရာ မလိုပါဘူးကွာ... ဒီအချိန် ထမင်းစားချိန်ဆိုတာ သူလည်း သိနေတာပဲ... နောက်ဖေးမှာ မဆုံ ထမင်းချူးနေတာလည်း သူ့အမြင်ပဲ ... သူ့ဘာသာ လာလိမ့်မပေါ့..."

တွေ့လား...။ လာပါပြီ ဒီစကားမျိုးတွေ...။ လူရှေ့သူရှေ့ချပြပြီး အပြစ်တင်ဖို့ မလွယ်လှသည့် အလွန်လည်း ရယ်စရာကောင်း၊ အောင့်သက်သက်နဲ့ အခံရခက်ဖွယ်လည်း အလွန်ကောင်းသော စကားမျိုးကို နေ့စဉ်နဲ့အမျှ ကြားနေရပေမယ့် နေ့သစ်ကလည်း ကျင့်သားမရနိုင်ဘဲ မခံချင်စိတ်သာ တိုးတိုးလာလေသည်။

နေ့သစ်က အဘိုးကြီးစကားကို မကြားဟန်ဆောင်ကာ ထမင်းစားခန်းထဲ ဝင်လာလိုက်ပါသည်။ ဦးမြင့်မြတ်ကြီးက သူ့အတွက် ထည့်ပေးသော ထမင်းပန်းကန်နှင့် နေ့သစ်အတွက် ယမုံနာက ထည့်ပေးထားသော ထမင်းပန်းကန် ဘယ်ဟာပိုများလဲဆိုတာကအစ တွက်တွက်ကပ်ကပ် လိုက်ကြည့်နေသေးတာ။

"ရော့... ဖေဖေ..."

ယမုံနာက အဖေအတွက် ဦးချပေးလိုက်ပြီးလျှင် နေ့သစ် ပန်းကန်ထဲ ဟင်းခပ်ထည့်ပေးခြင်းအမှုကို စတင်လေသည်။

“ရော့... ဒါက ငါးဖယ်သုပ်... ကိုနေ့ ကြိုက်တယ်ဆိုလို့... ဒီမှာ ကြက်အသည်းအမြစ်လည်း စားနော်... အစိမ်းကြော်လည်းစား...”

အဖေမန်းကန်ထဲတော့ ကြက်အသည်းအမြစ်နှစ်ဖက်လောက် စတီသဘော ခပ်ထည့်ပေးပြီး ယောက်ျားမန်းကန်ထဲကျ ရှိရှိသမျှဟင်းအမယ် စုံအောင်ထည့်ပေးနေသော သမီးဖြစ်သူကို ဦးမြင့်မြတ်က မျက်စိနောက်လာပါသည်။

ယမုံနာကလည်း တမင်သက်သက်လုပ်တာတော့ မဟုတ်ပေ။ ဒီအိမ်မှာ ဖေဖေက အိမ်ထောင်ဦးစီး၊ သူ့အိမ်၊ သူ့သဘောကြိုက်ရာ ထည့်စားလို့ရသည်။ နေ့သစ်ကျတော့ သူ့အိမ်မှာ လာနေရသည့် တစိမ်းမို့ မထည့်ရဲ၊ မစားရဲဖြစ်နေမှာစိုးလို့ အလိုက်သိတတ်စွာ ထည့်ပေးထားတာ။

နေ့သစ် ကိုယ်တိုင်ကလည်း ဟိုတစ်ခါ ဦးမြင့်မြတ် စားမည့်ဟင်းတုံးကို ယူမိလို့ ပြဿနာဖြစ်ပြီးကတည်းက ကိုယ့်ဘာသာ ဟင်းခပ်စားတာမျိုး သိပ်မလုပ်တော့ချေ။ ယမုံနာက တစ်ခါထည့်ပေးထားပြီးလျှင် ကုန်ကုန်၊ မကုန်ကုန် အဲဒါနဲ့ပဲ ဖြစ်အောင်ဆက်စားတာ။ တစ်ခါတလေ ကိုယ့်အာရုံနဲ့ကိုယ် စားဖြစ်နေခိုက် သတိရလို့ နေ့သစ်မန်းကန်ထဲကြည့်လိုက်မိလျှင် ဟင်းကုန်ပြီး ရှိတာလေးနဲ့ ဖြစ်သလိုစားနေတာကို တွေ့ရတတ်တာမို့ နောက်ကျတော့ ယမုံနာကပဲ အလိုက်သိကာ ဟင်းမပြတ်ရအောင် ခပ်ထည့်ပေးနေရတော့တာ။

www.foreverspace.com.mm



“ရော့လေ... ဟင်းထပ်ထည့်ဦး... အစိမ်းကြော်လည်းထပ်ထည့်စားပါ ... ကိုနေ့ ကြိုက်တယ်ဆိုလို့ ကြော်ခိုင်းထားတာ...”

အစိမ်းကြော်ထဲက နီနီရဲရဲပုစွန်ကောင်လေးတွေများများပါအောင် ရွေးချယ်ခပ်ယူလျက် နေ့သစ်မန်းကန်ထဲထည့်ပေးလိုက်သော သမီးရဲ့အပြုအမူကြောင့် ဦးမြင့်မြတ်မျက်နှာက ဘယ်လိုမှ မြင်မရမအောင် မျက်ကျသွားတော့သည်။

ပြောရလျှင် ရှက်ဖို့တော့ ကောင်းသည်။ ဘာကစပြီး ပြဿနာဖြစ်ကြသလဲမေးလို့ ထမင်းဝိုင်းမှာ ဟင်းထည့်ပေးရာက စတာပါလို့ ပြောရလျှင် ဘယ်လောက် လူရယ်စရာကောင်းလိုက်မလဲ။

တကယ်တမ်း ဖခင်တစ်ယောက်ရဲ့ ခံစားချက်က ဟင်းထည့်ပေးတာထက် အဆများစွာ ပိုပြီးနက်ရှိုင်းသည်ဆိုတာ ဘယ်သူမှ မြင်တတ်ကြမှာ မဟုတ်။ ကိုယ့်သမီးဟာ ကိုယ့်ရှေ့မှာတင် တခြားလူတစ်ယောက်ကို ဦးစားပေးဂရုစိုက်နေတာကို မြင်ရသည့် အဖေတစ်ယောက်ရင်ထဲ ဘယ်လိုနေမလဲ။ ကိုယ်ကျတော့ ဝတ်ကျေတမ်းကျေလောက်သာ ဂရုစိုက်ပြီး သူ့ယောက်ျားကိုမှ အကောင်းပေးချင်၊ အလိုက်သိ ဂရုစိုက်ချင်နေသည့်အဖြစ်ကို တစ်သက်လုံး မိုးမွေးသလို တယုတယ၊ ဂရုတစိုက် မွေးကျွေးစောင့်ရှောက်လာသည့် အဖေတစ်ယောက်က ခံနိုင်ရည်ရှိမှာတဲ့လား။

“သမီး...သူ့မှာလည်း သူ့လက်သူ့ခြေရှိတာ သူ့ဘာသာ

ထည့်စားလိမ့်မပေါ့… ထမင်းစားတာ အေးအေးဆေး ဆေးမစားဘူး… ရှပ်ယှက်ကိုခတ်နေတာပဲ…''

ဦးမြင့်မြတ်က စိတ်နာနာနှင့် ခပ်ဆောင့်ဆောင့် ပြောလိုက်လျှင် နွေ့သစ်မှာ ပါးစပ်ထဲထည့်ပြီးသား ထမင်းလုတ်က လည်ချောင်းဝမှာ ထစ်ခနဲ နင်သွားရပါသည်။

သူများစားတုန်း သောက်တုန်း အားမနာပါး မနာ ပြောချလိုက်သည့် ယောက္ခမကြီးကို တော်တော်ပဲမကြည် မလင်ဖြစ်သွားရသည်။ ဘာဖြစ်လဲ…။ သူများလင်မယား တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ဟင်းခပ်ထည့်ပေး တာကို ဒီလောက်ကြီး မနာလိုဝန်တိုဖြစ်စရာလား။

အဲဒါတွေကြောင့် ယာက္ခမကြီးနဲ့ တစ်ဝိုင်း တည်း မစားချင်တာ။ ခက်နေတာက ဦးမြင့်မြတ်ကြီးကလည်း သူ့သမီးနဲ့ အတူမစားရမနေနိုင်။ နွေ့သစ်ကလည်း ယမုံနာနဲ့ မှ အတူစားချင်သည်။ အဲဒီ ယမုံနာတစ်ယောက် ကြားခံနေ တာနဲ့ပဲ ဘယ်လိုမှ မျက်နှာချင်းဆိုင်လို့ မဖြစ်သော လူနှစ် ယောက်ဟာ နေ့စဉ်နေ့တိုင်း မျက်နှာစုံညီ ထမင်းစားနေရ တော့တာ။

''ထမင်းစားတယ်ဆိုတာ ဣန္ဒြေသိက္ခာရှိရှိ စားရတယ် သမီး … ကိုယ့်အိမ်မှာမို့ နေချင်သလိုနေမယ်ဆိုတာ လည်း မရဘူး…ဒါအကျင့်ပဲ…ကိုယ့်အိမ်မှာ အကျင့် ကောင်းရထားမှ လူကြားသူကြားထဲသွားရင် အရှက် မကွဲမှာ … အခုလို ပုံစံမျိုးနဲ့ လူများထမင်းဝိုင်းထဲ

www.foreverspace.com.mm



ရောက်သွားကြည့်စမ်း… ဘယ်လောက်ရှက်ဖို့ကောင်း လိုက်မလဲ…''

''ဒီလောက်လည်း မဟုတ်သေးပါဘူး ဖေဖေရာ…''

''ဘာ…ဒီလောက်လည်း မဟုတ်သေးတာလဲ…မျက်စိ ရှက်ဖို့ကောင်းလိုက်တာ… ကိုယ့်အဖေတစ်ယောက်လုံး ရှေ့မှာ ရှိနေသေးတယ်ဆိုတာတောင် ခေါင်းထဲမရှိကြ တော့ဘူး…''

ဦးမြင့်မြတ် ဆူနေပုံက ယမုံနာတစ်ယောက် တည်းကိုသာမဟုတ်၊ နွေ့သစ်ကိုပါ ဆွဲထည့်နေသလိုမျိုး။ ကိုယ်က ဘာမှလည်း မလုပ်ရပါဘဲ အပြောအဆိုခံလိုက်ရ သည့်အခါ နွေ့သစ်က စိတ်လည်းပျက်၊ စိတ်လည်းတိုသွားရ ပါသည်။

ကိုယ့်မှာ ပြောပိုင်ခွင့်ရှိလျှင်တော့ အန်ကယ် က ကျွန်တော်တို့နဲ့ အတူလာစားတာကိုး၊ မျက်စိရှက်စရာတွေ မြင်ရမှာပေါ့လို့ ပြန်ပြောလိုက်ချင်သည်။ မကောင်းတတ်လွန်း လို့သာ ငြိမ်နေရတာ။

ယမုံနာ့ကို တစ်ခုခု ပြန်ပြောလိုက်စေချင်သော် လည်း ယမုံနာက အရှည်အရှည်ပြဿနာမဖြစ်အောင် ထိန်း ချင်သည့်ပုံနှင့် ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နေသည်။

စားနေရသည့်ထမင်းတွေကို ဘယ်လိုမှမျိုမကျ နိုင်တော့ပါ။ ဒီယောက္ခမကြီးဟာ ဘယ်အချိန် ဘယ်ကာလ အထိ ကိုယ့်ဘေးမှာ တကပ်ကပ်ပါနေဦးမှာလဲ။ ပါနေတာ

အရေးမကြီး ဘာလုပ်လုပ် ဝင်စွက်၊ ဝင်ပါနေဦးမှာလဲ။

ဒီအတိုင်းနေလို့တော့ မဖြစ်နိုင်ပြီ။ အပြောင်းအလဲတစ်ခုခုမှ အမြန်ဆုံးမလုပ်နိုင်လျှင် ကိုယ့်ရဲ့သည်းခံနိုင်စွမ်းရည် ကုန်သွားမှာ စိုးရသည်လေ။

www.foreverspace.com.mm



"ဟုတ်ပါရဲ့ကွာ … မင်းနဲ့ငါ ခံစားချက်ချင်း ထပ်တူပါပဲ…"

တစ်လောကလုံးမှာ ကိုယ်တစ်ယောက်တည်းများ ယောက္ခမနှိပ်စက်တာခံရသလားလို့ အာငယ်နေတာ။ အခုတော့ ဟုတ်ပါရိုးလား။ ကိုနေ့ တစ်ယောက်လည်း ကိုယ်နဲ့ အပေါင်းအပါအဖြစ် ရှိနေသေးတာပဲ။

ဂင်္ဂါက အားတက်လာကာ စားသောက်စရာတွေကိုတောင် အာရုံမစိုက်နိုင်တော့ဘဲ ယောက္ခမဆန့်ကျင်ရေးစကားဝိုင်းထဲမှာသာ အာပေါင်အာရင်းသန်သန်နဲ့ ဆွေးနွေးနေဖြစ်နေတော့သည်။

"ကျွန်တော့်ယောက္ခမက အနုနည်းနဲ့ နှိပ်စက်တဲ့နေရာမှာတော့ ပိုင်ပါပေရဲ့ဗျာ … နောက်ပြီး ဝေါဟာရကြွယ်ဝတဲ့နေရာမှာလည်း ဆရာအောင်သင်းတို့ ဆရာချစ်စံဝင်းတို့တောင် အရှုံးပေးရလောက်ပါရဲ့…"

“ဟား…ဟား…ဘာများထူးသေးလဲကွာ…ငါ့ယောက္ခမလည်း ဒီအတိုင်းပါပဲ … အမှားပိစိညှောင့်တောင့်ကလေး လုပ်မိပြီဆိုတာနဲ့ သူ့မှာ ကိုင်ပေါက်ဖို့စကားလုံးအကြီးကြီးတွေ ကျမ်းကိုကျမ်းကားတွေ … ဓာတ်နိပ်ပါတ်တွေ တစ်လှေကြီးရှိတာ…”

“နောက်ပြီးဗျာ… သူများလင်မယား ပြောဆိုရတာတွေလည်း လိုက်နားထောင်သေးတယ်… ပြီးရင် မသိသလိုနေတာလည်း မဟုတ်ဘူး … ကြားထဲက ဝင်ပြော… ဝင်ဆုံးမ … ဝင်ဆူ … အမျိုးစုံပဲဗျာ … ကြာတော့ အသက်တောင်ကျယ်ကျယ် မရှူရဲတော့ဘူး…”

“အောင်မယ်လေး… တူပါ့ဗျာ… စက်ရုံတစ်ရုံထဲက ထုတ်လိုက်သလား မှတ်ရတယ်… ငါ့ယောက္ခမလည်း အဲဒီလိုပါပဲ… တစ်နေ့တစ်နေ့ ငါ ဘာလုပ်မလဲဆိုတာပဲ… လိုက်ကြည့်လိုက်ပြောနေတော့တာ… သူ့မှာ ငါ့ကို သားမက်သာ မတော်ခဲ့ရရင် ဘာမှတောင်လုပ်စရာရှိတော့မှာ မဟုတ်ဘူးထင်တယ်…”

“ပြီးတော့ ခိုင်းကလည်း ခိုင်းစားချင်သေးတယ်…သူ့မှာ အလုပ်သမားတွေ ဒီလောက်များတာဗျာ … ကားလမ်းနဲ့ မလွတ်တဲ့ အသီးတွေ တက်ခူးဖို့တို့ … satellite ပါဝါကျနေတာ တက်ချိန်ဖို့တို့ … သူ့အခန်းထဲက ခုတင်နေရာရွှေ့ဖို့တို့… အဲဒီကိစ္စတွေ ကျွန်တော့်ပဲ ခိုင်းတယ်ဗျာ…”

www.foreverspace.com.mm



“ငါရော ဘာထူးလဲ… တစ်ခါကကွာ သူ့ကားယူစီးပြီး ရွှံ့ပေလာလို့တဲ့ … ငါ့ကို ရေပြန်ဆေးခိုင်းတယ် … တစ်ခါလည်းကွာ … ငါ့စာအုပ်တစ်အုပ်ရှာတာ သူ့စာအုပ်ဗီရို ရှုပ်ပွကုန်လို့တဲ့ … စာအုပ်စာရင်းနဲ့ စီရမယ့် ပုံစံကတ်တလောက်ကြီး ထုတ်လာပြီး … ပြန်စီခိုင်းတယ်… ဒီလောက်ကတော့ အားလုံးလုပ်နိုင်တဲ့လူချည်းပဲဟာ… ငါ့အပြစ်ရှိလို့ တမင်သက်သက်ခိုင်းတာမျိုး”

အောင်မယ်…။ နှစ်ယောက်သား အားမနာပါးမနာ အတင်းတုတ်နေလိုက်ကြတာ၊ ကိုယ်အတင်းပြောနေသူဟာ ကိုယ့်ရှေ့လူရဲ့ အဖေရင်းဆိုတာတောင် မေ့လို့။ တစ်ယောက်ကလည်း ကိုယ့်အဖေအတင်းကို အပြောခံရပါလားဆိုတာကိုတောင်မေ့ကာ ကိုယ်ပြောချင်တာ ပြောရရေးသည်ပဲ အဓိဖြစ်နေတော့တာ။

ဘေးကထိုင်ကြည့်နေသော ယမုံနာနဲ့ ညနေခင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးစေ့စေ့သာ ဖြစ်နေကြရလေသည်။

“ဒါဖြင့်…ဘယ်လိုလုပ်ကြမလဲ…အရှင်းဆုံးပြောရရင်တော့ဗျာ… ကျွန်တော်ယောက္ခမအိမ်မှာ ဆက်မနေနိုင်တော့ဘူး…”

“ငါလည်း အတူတူပဲ…ပြဿနာဖြစ်မှဆိုရင် မကောင်းဘူး … စောစောစီးစီးထဲက ကြိုတင်ကာကွယ်ထားမှ ဖြစ်မှာ…”

ယမုံနာနဲ့ ညညက စားပြီးသောက်ပြီးသွားလို့ အချိုပွဲ ထပ်ယူနေပြီ။ သူတို့ကိစ္စကိုလည်း စိတ်မဝင်စားတာမို့ ကိုယ်သန်ရာ သန်ရာ… အဝတ်အစားဒီဇိုင်းသစ်တွေအကြောင်း၊ ရုပ်ရှင်အကြောင်း၊ အဆိုတော်တွေအကြောင်း၊ မော်ဒယ်တွေအကြောင်းသာ ပြောဖြစ်နေကြသည်။

“နေဦးကွ… ငါအကြံရပြီ… ငါတို့ အခုဖြစ်နေတာက ယောက္ခမအထီးကြီးတွေမို့ သားမက်နဲ့ အဆင်မပြေတဲ့ ဇာတ်လမ်းမဟုတ်လား… ယောက္ခထီးနဲ့ ချွေးမနဲ့ဆိုရင် ဘာမှပြဿနာမရှိဘူး … ဒီတော့ ငါတို့နှစ်ယောက်လူလဲလိုက်ရင် ပွဲပြတ်ပြီ… မင်းက မင်းအိမ်မင်းပြန်နေ…မင်းအဖေနဲ့ ဘာမှပြဿနာမရှိဘူး… ငါကလည်း ငါ့အိမ်ငါပြန် ငါ့အဖေနဲ့ အဆင်ပြေမှာပဲ… မုံမုံတို့ ညညတို့နဲ့ကျတော့လည်း အဖေတွေက ဘာပြောကျမှာလဲကွာ… ယောက်ျားနဲ့မိန်းမဆိုတော့ ပြိုင်စရာလည်းမဟုတ်… အပြစ်ပြောစရာလည်း မရှိ… အနိုင်ကျင့်လို့လည်း မရဘူးလေ…”

“ကြိုက်ပြီဗျာ…ဒါအကောင်းဆုံးအကြံပဲ… ရွှေပဲဗျာ… ကိုနေ့ အိုင်ဒီယာကတော့ တကယ့်ကိုရွှေပဲ…”

“အခုတော့ ရွှေပဲဖြစ်နေပြန်ပြီ…ဘယ်အချိန်ကျမှ နွံ့ပဲဖြစ်လာမလဲ မသိဘူးနော်…”

“ခစ်…ခစ်…”

ယမုံနာနဲ့ ညနေခင်းက တီးတိုးအတင်းပြောကာ ကျိတ်ရယ်နေကြသည်။ နေ့သစ်နဲ့ ဂင်္ဂါကား သူတို့ အစီအစဉ်ကို သူတို့ဘာသာ သဘောတွေကျလျက် အားရပါးရဖြစ်လို့ မဆုံးကြချေ။



www.foreverspace.com.mm

“ပွတ်တယ်… ဒီအစီအစဉ်ပဲ ကောင်းတယ်…စောစောစီးစီးပဲ အကောင်အထည်ဖော်လိုက်ကြရအောင်ဗျာ… အခုပြန်သွားရင် ပစ္စည်းတွေသိမ်းမယ် … မနက်ဖြန်မနက်ကျမှ လူချင်းလဲနေမယ့်အကြောင်း အဘိုးကြီးတွေကို အသိပေးမယ်… မကောင်းဘူးလား”

“ကောင်းတယ်… နို့ဗို့ဆို တားတာတို့… ကန့်ကွက်တာတို့ ဝင်ရောက်စွက်ဖက် ဂျီကျတာတို့ လုပ်နေဦးမယ်… ငါတို့လည်း ကိုယ့်အိမ်ကိုယ် သတိရလို့ ပြန်နေချင်ပါတယ်ပေါ့… အဲဒီလို ပြောကြမယ်…”

“ဟုတ်…ဟုတ်မ… ကျွန်တော်တို့ အချင်းချင်းသဘောတူညီချက်ရပြီးပြီဆိုရင်… ဘယ်သူမှ တားလို့မရတော့ပါဘူး… ကျွန်တော်တို့တွေလည်း ကိုယ့်အိမ်ကိုယ်ပြန်နေခွင့်ရှိတာပဲ…”

နေ့သစ်နဲ့ ဂင်္ဂါတို့နှစ်ယောက်သား ကိုယ့်အစီအစဉ်နဲ့ကိုယ် သဘောတွေကျနေတာ မနက်ဖြန်ကစပြီး ယောက္ခမကြီးတွေရဲ့ လက်က လွတ်မြောက်ပြီလို့ စိတ်ကူးယဉ်လျက် ကျေနပ်မဆုံးဖြစ်နေကြသည်။

ယမုံနာနဲ့ ညနေခင်းတို့ကတော့ ဘာမှဝင်မပြောစရာမရှိချေ။ ကိုယ့်အိမ်မှာပဲ ကိုယ်နေချင်ပေမယ့် ကိုယ့်

ယောက်ျားတွေအတွက် အဆင်မပြေတာကိုလည်း သိနေပေရာ သူတို့အဆင်ပြေဖို့၊ စိတ်ချမ်းသာဖို့အတွက် ထည့်တွေးရပါဦးမည်။ ဒီတော့ သူတို့ဘာသာ သူတို့စိတ်ကြိုက်လုပ်ပါစေ။ ကိုယ့်ဘက်က တတ်နိုင်သလောက် ဖြည့်ဆည်းပေးလိုက်ယုံပင်။



မနက်အိပ်ရာက နိုးနိုးချင်း ထဖို့မလိုဘဲ… ဖိမ်နဲ့ဆက်လိုမ့် အိပ်နေခွင့်ရခြင်းဟာ ဘယ်လောက်ကောင်းလိုက်သည့်အဖြစ်လဲ။

ဂဂ်ါက မိုးအေးအေးလေးနဲ့ စောင်ခြုံကာ ဆက်မှိန်းနေလိုက်ပါသည်။ ယောက္ခမအိမ်မှာသာဆို ဒီလိုအခွင့်အရေးမျိုးက ရခဲလိုက်သည့်ဖြစ်ခြင်း။

ယောက္ခမကြီးဟာ သူကိုယ်တိုင်လည်း ဝီရိယကြီးစွာ အိပ်ရာက အစောကြီး နိုးတတ်သလို တစ်အိမ်သားလုံးလည်း သူ့လိုနိုးပါမှ ကြိုက်ပုံရသည်။ (အရင်က သူ့သားကျတော့ ဘယ်လိုသဘောထားခဲ့သလဲ မသိ။) ဂဂ်ါ သူ့အိမ်ရောက်ပြီးနောက်ပိုင်းမှာ သူ့အိမ်ရဲ့စည်းကမ်းတွေဆိုပြီး ချပြောလိုက်တာများ အချိန်နဲ့အိပ်ရာထ၊ အချိန်နဲ့စား၊ အချိန်နဲ့အိမ်ပြန်ရမတဲ့။

တခြားစည်းကမ်းချက်တွေကို လိုက်နာနိုင်သော်

လည်းအချိန်နဲ့ အိပ်ရာဝင်တာ မဟုတ်သည့် ဂင်္ဂါ အတွက် အချိန်နဲ့အိပ်ရာက ထဖို့ဆိုတာလည်း မလွယ်ပါ။ နောက်ပြီး ဂင်္ဂါ ငယ်ငယ်ကတည်းက အိပ်ရာက ထဖို့ လည်း မျင်းတတ်သေးပေရာ၊ နိုးနိုးချင်းအိပ်ရာကထဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သော ကိစ္စပင်။

သို့သော်လည်း ရောမရောက်တော့ ရောမလို ကျင့်ရတာပါပဲ။ မကျင့်လို့ကလည်း မရ။ ဂင်္ဂါမို့ ဆက်အိပ် နေပြီမှန်း သိပြီဆိုတာနဲ့ ဦးဇာနည်ကြီးက ရှိသမျှအလုပ်တွေ ကိုပစ်ထားတာ ဂင်္ဂါနှိုးရေးအစီအစဉ်ကို စတင်တော့တာ။

တရားခွေတွေ အကျယ်ကြီးဖွင့်ပြီး နှိုးလို့နှိုး၊ အခန်းရှေ့မှာ သူ့တုတ်ကောက်သံကြီး တဒေါက်ဒေါက်ပေး ပြီး လမ်းလျှောက်လိုလျှောက်၊ တံခါးတွေ ဒုန်းဒိုင်းနဲ့ အသံ အကျယ်ကြီး မြည်အောင် ဆောင့်ပိတ်လိုပိတ်နဲ့ နည်းမျိုးစုံကို သုံးတာ။ နောက်ဆုံးမရတော့လျှင်ကား ညညကိုခေါ်ကာ အနှိုး ခိုင်းတော့တာပဲ။

ကဲ··· အခုတော့ ဘာတတ်နိုင်သေးလဲ။ ကိုယ့် အိမ်မှာကိုယ် ဇိမ်ကျကျအိပ်နေရပြီ။ ယောက္ခမကြီးတော့ မနက်စောစောစီးစီး နှိုးရမည့်သူမရှိလို့ ပျင်းနေလောက်ရော ပေါ့။

ဂင်္ဂါက ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်ကာ စောင်ခေါင်းမြီးခြုံပြီး ဆက်အိပ်ဖို့ပြင်ဆဲ အခန်းတံခါးချပ်ခနဲ ဖွင့်ပြီး ညညက ဝင်လာလေသည်။

www.foreverspace.com.mm



"ကိုဂင်္ဂါ··· ဖုန်းလာတယ်···"

မြတ်စွာဘုရား။ မနက်စောစောစီးစီးကြီး ဇိမ် ပျက်အောင် ဘယ်သူဖုန်းဆက်တာပါလဲ။ ဂင်္ဂါမှာ အလုပ်ရယ် လို့လည်း မယ်မယ်ရရ မရှိပေရာ အဲဒီလောက် အရေးတကြီး ဖုန်းဆက်မည့်သူလည်း မရှိချေ။

မျက်မှောင်တကုပ်ကုပ်နှင့်ပင် ညည ယူလာပေး သော ကောဒ်လက်(စ်)ဖုန်းကို လှမ်းယူပြီး ဘယ်သူလဲဟုမေး သည့်သဘောနှင့် ညညကို လှမ်းကြည့်လိုက်ပါသည်။ ညည မျက်နှာက အကဲခတ်ရခက်ဖွယ် ပြုံးစေ့စေ့ကလေးသာ ဖြစ် နေပြီး ဘာစကားမှတော့ ပြောမသွားချေ။

"ဟုတ်ကဲ့···အမိန့်ရှိပါခင်ဗျာ···ဂင်္ဂါပြောနေပါတယ်"

"မောင်ဂင်္ဂါလားဟေ့···"

ဟိုက်···။ မြတ်စွာဘုရား ကယ်တော်မူပါ။ ဘယ်လိုကြီးပါလိမ့်။ ဒါ···ဒါ ယောက္ခမကြီးရဲ့အသံ။

"မင်းကို မေးစရာတစ်ခုရှိနေတာနဲ့ ဆက်လိုက်တာကွ··· အိပ်ရာက နိုးပြီမို့လား···"

သေ···သေ··။ ဒါတမင်သက်သက် လုပ်ကြံ တာ။ အခုအချိန်လောက်ဆို ဂင်္ဂါတော့ အိပ်ရာထဲမှာ ဇိမ်နဲ့ ကွေးနေမှာလို့သိပြီး တမင်တကာ ဆက်လိုက်တာ။ သူ့အိမ် မှာ မဟုတ်တာတောင် လှမ်းပြီးအိပ်ရာက နှိုးချင်တာပေါ့။

"မောင်ဂင်္ဂါ···မောင်ဂင်္ဂါ···မင်း နားထောင်နေပါတယ် နော်···"

"ဟုတ်ကဲ့… နားထောင်နေပါတယ်…"

မြန်သာဖြေလိုက်ရသော်လည်း ဂင်္ဂါရဲ့အသံက အောက်သိုးသိုး၊ အောင့်သက်သက် ဖြစ်နေတာ သိသာလှသည်။

"အေး…အန်ကယ့်ကားတွေ… ဟိုတယ်မှာ အငှားသွင်းထားတာကွာ … အဲဒါပြန်ထုတ်ပြီး ကုမ္ပဏီမှာ သွင်းချင်လို့… အဲဒါ ဘယ်ဈေးလောက် ပေါက်သလဲဆိုတာ စုံစမ်းပေးစမ်းပါ…"

ကျွတ်…။ ဒါဘယ်လောက်အရေးကြီးသည့် ကိစ္စမို့လဲ။ လုပ်ငန်းသဘောအရ အရေးကြီးတယ်ဆိုတာကတော့ မှန်ပါရဲ့။ ဒါပေမယ့် အဲဒီစကားမျိုးဟာ လူတစ်ယောက်ကို မနက်အိပ်ရာက နှိုးပြီးပြောရလောက်သည့် အရေးပေါ်စကားမျိုး မဟုတ်ပေ။ နောက်ပြီး ဂင်္ဂါက သူ့အိမ်ကနေ မနေ့ကမှ ထွက်လာတာ။ ဒီကိစ္စဟာလည်း ရုတ်တရက်ချက်ချင်း ကောက်ပေါ်လာတာမျိုး ဘယ်လိုမှမဖြစ်နိုင်ပေ။

အဲဒီကိစ္စကို အစောကြီးတည်းကမပြောဘဲ ဒီနေ့ကျမှ အရေးတကြီးဖုန်းဆက်ပြောရသည်ဆိုတာ လုံးဝကို မရိုးသား။ ဒါ သူ့များကို နှောင့်ယှက်တာသက်သက်ပဲ ဖြစ်ရမည်။

"ဟုတ်ကဲ့ အန်ကယ်…"

"ဒီမှာ… မင်းသေသေချာချာနားထောင်စမ်း… အန်ကယ် သိချင်တဲ့အချက်အလက်တွေ ပြောပြထားမယ်…



အဲဒါတွေရအောင် စုံစမ်းပေးထားပါ ဟုတ်လား …"

"ဟုတ်…ကဲ့…"

"မောင်ဂင်္ဂါ… မင်းအခု ဘယ်ကပြောနေတာလဲ … အိပ်ရာထဲက ပြောနေတာများလား…"

ကြည့်စမ်း…။ သိသိကြီးနဲ့ တမင်မေးနေတာ။ ဂင်္ဂါအိပ်ရာမထရသေးမှန်းသိလို့ကို အိပ်ရာကနှိုးချင်သည့်သဘောနဲ့ တမင်နှိုးတာဖြစ်ပါလျက် အခုမှ မသိဟန်ဆောင်ပြီး မေးနေပုံကြီးက ဘယ်လောက်အမြင်ကတ်စရာကောင်းထားလိုက်သလဲ။

"မဟုတ်ဘူး ခင်ဗျ… ကျွန်တော် နိုးနေတာကြာပါပြီ"

"ဟုတ်လို့လားကွ…သမီးကို မေးကြည့်တော့ မင်း အိပ်နေတုန်းပဲဆိုလားလို့…"

တွေ့လား…။ ပေါ်ပြီ…။ တမင်သိရဲ့သားနဲ့ မသိဟန်ဆောင်ပြီး ဆက်တာ။ ညညကိုကျ စုံစမ်းပြီးသား။

"သူ မသိလို့ဖြစ်လိမ့်မယ် အန်ကယ်… ကျွန်တော်က သူ့အရင် အိပ်ရာကနိုးပြီး လေ့ကျင့်ခန်း ထလုပ်နေတာ…"

ဂင်္ဂါကလည်း တစ်ချက်မှ အနိုင်မခံ အရှုံးမပေး တမ်း ဖွတ်ငြင်းပစ်လိုက်ပါသည်။ ကိုယ် ဒီမှာ ဘာလုပ်နေသလဲဆိုတာ သူက လာကြည့်လို့ရတာမှတ်လို့။ သူ့မျက်စိနဲ့ ကိုယ်တိုင် မတွေ့နိုင်သမျှတော့ ဂင်္ဂါ ဘာပြောပြော ယောက္ခမကြီး လက်ခံကိုခံရမည်။

"အေးကွာ… ဒါဆိုလည်း မင်း စိုစမ်းစရာရှိတာ စိုစမ်း ပေးထားပေါ့… ဒါပဲဟေ့…"

သူပြောချင်ရာ ပြောပြီးသောအခါ ဦးဇာနည်ကြီးက ဖုန်းကို ခွပ်ခနဲနေအောင် ချသွားတာမို့ ဂင်္ဂါမှာ ရှုံ့မဲ့တွန့်လိမ်ပြီး ကျန်ရစ်ခဲ့ရတော့သည်။

www.foreverspace.com.mm



သဘောမတွေ့ပါဘူးဗျာ။ ဒီခေတ်ကလေးမတွေ နည်းနည်းလေးမှကို သဘောမတွေ့ပါဘူး။ တစ်နေ့တစ်နေ့ တီဗီကြည့်လိုက်၊ ဂျာနယ်ဖတ်လိုက်၊ ကာရာအိုကေဆိုလိုက်၊ အလှပြင်လိုက်၊ လက်သည်းနီဆိုးလိုက်နဲ့။ နောက်ပြီး တစ်ပတ်တစ်ခါလောက် ရုပ်ရှင်အသစ်လဲရင် ကြည့်ချင်တာနဲ့၊ ဈေးသွားချင်ရတာနဲ့ အပြင်မှာ ထွက်စားချင်ရတာနဲ့။

ယောကျ်ားတာဝန်ကို ဘယ်တော့မှ ယူချင်တယ်ကိုမရှိ။ ကိုယ့်ယောကျ်ား အပြင်က ပင်ပင်ပန်းပန်း ပြန်လာတာမြင်လို့မှ ဆီးကြိုပြုစုဖော်မရ။ ကိုယ့်ဝင်ငွေကို စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း ချွေချွေတာတာ သုံးစွဲဖော်မရ။ အိမ်မှုကိစ္စ စိတ်ဝင်စားဖော်မရ။ ဘယ်လိုမှန်း မသိ။

ထမင်းစားတာကအစ ယောကျ်ားပန်းကန်ထဲကောင်းနိုးရာရာ ထည့်ပေးမည်မရှိ။ ဒါကြိုက်တယ်… ဒါစားမယ်ဆိုပြီး သူ့ပန်းကန်ထဲချည်း ခပ်ခပ်ထည့်တာ။ အောင်မယ်တစ်ခါတလေများ သူကြိုက်တာဆို ယောကျ်ားပန်းကန်ထဲက

တောင် တောင်းယူလိုက်သေးဗျာ။

ဒီခေတ်မိန်းကလေးတွေဟာ မယားဝတ္တရား ငါးပါးဆိုတာကိုမှ သိပါလေစ။ သူတို့သိတာက ယောကျ်ား ကို ချုပ်ကိုင်ညှာခိုင်းမည်၊ ကလေးလိုလို ချွေးလိုလို အမူအယာ တွေလုပ်ပြပြီး ချစ်စရာကောင်းအောင် နေပြမည်။ ပိုက်ဆံ တောင်းမည်။ ဒါပဲ။

အိမ်က ချွေးမ ညနေခင်းကိုဖြင့် ဦးမြင့်မြတ်က သဘောကို မကျပါ။ ယောက္ခမအထီးနဲ့ ချွေးမဆိုတာက သိပ် ပြီး ပြောလို့ဆိုလို့မကောင်းသည့်သူတွေ ဖြစ်နေပေရာ ကိုယ့် စိတ်မှာ မကျေနပ်တာမှန်သမျှ အောင့်အီးမျိုသိပ်လို့သာထား ရပါသည်။

"ကိုဂါ... ညညမှာထားတာ ပါလာရဲ့လား..."

"ဘာလဲ..."

"ဟော...လုပ်ပြီ...မနေ့ညကတည်းက သေချာမှာထား တဲ့ဥစ္စာကို... မန်းသီးစားချင်လို့ ဝယ်ခဲ့ပေးပါပြောတဲ့ ဥစ္စာ..."

"ညညကလည်းကွာ... ကိုယ်က အလုပ်တွေများတော့ မေ့သွားတာပေါ့..."

"မရဘူး...မရဘူး... ဘာလို့မေ့ရမှာလဲ... ညညမှာ တာက တစ်ခုတည်း... အဲဒီတစ်ခုကို မေ့တယ်ဆိုတော့ ကိုဂါက ညညကို လုံးဝသတိမရတဲ့သဘောပေါ့..."

"မဟုတ်ရပါဘူးကွာ ... ကိုယ်တကယ် အလုပ်တွေ အရမ်းရှုပ်ပြီး အဆင်မပြေတာလေးတွေလည်း ရှိလာ

www.foreverspace.com.mm



လို့ပါ... ညညကိုတော့ ဘယ်မေ့ပါ့မလဲကွာ... ကိုယ့် ခေါင်းထဲမှာ ညညက အမြဲတမ်းရှိနေတာပါ..."

"ဟင့်အင်း... လုံးဝမကျေနပ်ဘူး... အဲဒီမန်းသီး အခု သွားပြန်ဝယ်ပေး..."

"လုပ်ပြန်ပြီ... နက်ဖြန်မှ စားတော့ရော ဘာဖြစ်မှာ မို့လို့လဲ ညညရယ်... ကိုယ် တကယ်စိတ်ရောလူရော မောလာလို့ပါ..."

ကြည့်စမ်းပါဦး...။ ဘယ်လောက်ရက်စက်တဲ့ မိန်းကလေးလဲလို့။ ယောကျ်ားလုပ်တဲ့လူက မောမောပန်းပန်း ပြန်လာတာကို ကြင်ကြင်နာနာ ဆီးကြိုမယ်မရှိ၊ အမောဆို့ အောင် ဆီးပြီးရန်လုပ်တဲ့အပြင် အပြင်တစ်ခေါက်ထပ်ထွက် ပြီး မန်းသီးအဝယ်ခိုင်းသေးသတဲ့။

အခုပဲ ချွေးမ မကောင်းကြောင်း တွေးနေမိသော ဦးမြင့်မြတ်မှာ အပြင်ကကြားရသည့် အသံတွေကြောင့် ကိုယ့် အခန်းထဲ ကိုယ်နေရင်းထိုင်ရင်း အကုသိုလ်တွေပွားနေရတော့ တာ။

"ဩော်... ကိုဂါက ဒီလိုကြေးပေါ့လေ... ကိုယ့်အိမ် ကိုယ် ပြန်ရောက်တော့ ညညကို ဂရုမစိုက်ချင်တော့ ဘူးပေါ့လေ... အခုမှပဲ... သဘောပေါက်တော့မယ်... ကိုယ်နေချင်သလို နေချင်လို့... ညညကို အိမ်ခေါ်လာ တာကိုး..."

"မဟုတ်တာကွာ... ကဲ... အဲဒီလို ပြောနေမယ်ဆိုရင် တော့... ကိုယ်သွားဝယ်ပေးပါ့မယ်..."

ဦးမြင့်မြတ်က ဘယ်လိုမှ သည်းမခံနိုင်စွာ အခန်းဝကို ဝုန်းခနဲ ရောက်သွားပြီးမှ ဝင်တားလို့လည်း မကောင်းပါဘူးလေဟု ကိုယ့်စိတ်ကိုယ်ထိန်းကာ ပြန်ငြိမ်နေလိုက်ရသည်။

စိတ်ထဲမှာတော့ လုံးဝမကျေနပ်ပါ။ ကိုယ့်သားကို တစိမ်းမိန်းကလေးတစ်ယောက်က ပတ်ချွဲ နတ်ချွဲနှင့် အနိုင်ကျင့် ခိုင်းစားနေတာကို အဖေတစ်ယောက်အနေနဲ့ ဘယ်လိုမှ သည်းမခံနိုင်။

ဟို လူငနွားကလည်း မယားမျက်နှာ မညိုဖို့ တစ်ခုတည်းပဲ ကြည့်ပြီး ဘာမဆို လိုက်လျှောနေလိုက်တာ။ ကြာရင် ဟိုက သူ့ခေါင်းပေါ်တက်တော့မည်။ ဒါလည်း ဘာမှ မသိတတ်။

မဖြစ်သေးပါဘူး။ ဒီအတိုင်းထားလို့တော့ ဘယ်လိုမှမဖြစ်။ အဖေတစ်ယောက်အနေနဲ့ မဖြစ်သင့်တာ မဖြစ်ရအောင် ဆုံးမဦးမှပါပဲ။

www.foreverspace.com.mm



"မုံမုံရေ... ကိုယ့်အင်္ကျီကြယ်သီးနှစ်လုံး ပြုတ်နေတာလေး တပ်ပေးပါလား..."

"ဟာ... ကိုနေ့ကလည်း... ဒီမှာ မုံမုံ့လက်က သံလွင်ဆီသုတ်ထားကာစရှိသေးတယ်... အင်္ကျီကိုင်လိုက်ရင် ပေကုန်မှာပေါ့... တစ်ယောက်ယောက် ခိုင်းလိုက်ပါလား... မိနီရှိသားပဲ..."

သူ့လက်ကို လက်ချောင်းလေးတွေ အဖျားကော့ထောင်ကာ ရှေ့လှည့်လိုက်၊ နောက်လှည့်လိုက်နဲ့ တကြည့်တည်းကြည့်နေသော ယမုံနှာ့ကို ဦးဇာနည်က မျက်စိစပါးမွေးစူးသွားမိပါသည်။

ဘယ်လိုကလေးမလေးပါလိမ့်။ အိမ်ထောင်ရှင်မိန်းမတစ်ယောက်ဟာ ကိုယ့်ယောကျ်ားရဲ့ တာဝန်ကို ကိုယ်တိုင်ပဲ ယူသင့်တာ။ အင်္ကျီကြယ်သီးတပ်ဖို့ကိစ္စဟာ ဘယ်သူမဆို လုပ်နိုင်သည့် အလွန်လွယ်ကူသော ကိစ္စ။ အဲဒီကိစ္စလေးကိုတောင် သူများခိုင်းရလောက်အောင် ယောကျ်ားတာဝန်ကို

ယူချင်စိတ် မရှိဘူးလား။ နောက်ပြီး ကိုယ့်ယောက်ျားရဲ့ အဝတ်အစားကို တစ်မိမ်းမိန်းမတစ်ယောက်ကို ပေးကိုင်ဖို့လည်း သူမက ဝန်မလေးဘူးတဲ့လား။

အင်း… အမြင်တော်လိုက်တာကွာ။ အမြင်မတော်တိုင်း ဝင်ပြောရလျှင်လည်း ဒီအဘိုးကြီးနေရာတကာ ဝင်ပါတယ်ဖြစ်ဦးမည်။

ကိုယ့်သားတော်မောင်ကိုလည်း ဦးဇာနည်က အသည်းယားလှပါသည်။ ဒီကောင်ဟာ ဘာမှမသိတတ်။ ကိုယ့်မိန်းမမျက်နှာ ကြည်လင်ဖို့တစ်ခုတည်းကလွဲလျှင် ကိုယ်ဘယ်ဝရောက်နေပြီလဲဆိုတာကိုလည်း တွေးဖို့သတိမရတော့။

ယောက်ျားတစ်ယောက်ဟာ မိန်းမကို အလိုကိုလိုက်လွန်းအားကြီးရင် အဲဒီအိမ်ထောင်ဟာ အောင်မြင်တဲ့အိမ်ထောင်တစ်ခုမဖြစ်နိုင်။ ယောက်ျားဟာ မိန်းမကို ဦးဆောင်နိုင်စွမ်းရှိရမည်။ ထိန်းချုပ်ပဲ့ကိုင်နိုင်ရမည်။ မိန်းမခိုင်းတိုင်းလိုက်လုပ်သည့် နောက်ဆွဲမဖြစ်စေရ။

အဲဒါတွေကို နေ့သစ်ဟာ သိမှသိပါရဲ့လား။ မသိသေးဘူးဆိုရင်လည်း သိအောင်ပြောပြ သွန်သင်ပေးဖို့ သူ့မှာ တာဝန်ရှိသည်။ ကိုယ်က အဖေလေ။ သားကို ဆုံးမသွန်သင်ပေးရမှာပေါ့။

“သားရေ… ခဏလာဦး…”

နေ့သစ်က တော်တော်နဲ့ ရောက်မလာပါ။ ခဏကြာမှ…

www.foreverspace.com.mm



“ဖေဖေ… ဘာကိစ္စရှိလို့လဲ…”

“သားနဲ့ ပြောစရာရှိလို့ကွ…”

“အဲဒါဆို ခဏလေး ဖေဖေ… မုံမုံက သူ့လက်ရေရွှေးစိမ်ဖို့ ရေနွေးယူခိုင်းထားလို့…”

မြတ်စွာဘုရား…။ ကိုယ့်အလုပ်ကျ လုပ်မပေးဖော်မရသည့် မိန်းမအတွက် ကိုယ်ကျတော့ လုပ်ပေးရသတဲ့။

မလုပ်ပေးနဲ့လို့ တားမည်ပြင်ကာရှိသေး နေ့သစ်တို့က လေမွှေတိုက်သလို အနားကလှစ်ခနဲ ပျောက်သွားတော့သည်။ ပျောက်သွားတာမှ တော်တော်နဲ့ကို ပြန်ရောက်မလာ။

လေးဆယ့်ငါးမိနစ်လောက်ကြာမှ နေ့သစ်က စပ်ဖြဲဖြဲမျက်နှာနဲ့ အနားရောက်လာလေသည်။

“မင်း ဘာလုပ်နေတာလဲ သား…”

“မုံမုံကိစ္စလေး နည်းနည်းကူလုပ်နေတာပါ ဖေဖေရာ”

“ဘာလဲ… သူ့လက်ကို သံလွင်ဆီစိမ်… ရေနွေးစိမ်ပြီး လှအောင်လုပ်တဲ့ကိစ္စမှာ ကူညီနေရတာလား…”

“ဟာ…ရှူး… တိုးတိုးပြောပါ ဖေဖေရဲ့… မုံမုံကြားရင် အားငယ်သွားပါဦးမယ်… သူက ကျွန်တော့်မျက်နှာနဲ့ ကျွန်တော့်အိမ်မှာ လိုက်နေရတာ…”

“ဟေ … မင်းကရော သူ့မျက်နှာနဲ့ သူ့အိမ်မှ လိုက်မနေခဲ့ရဖူးဘူးလား…”

“ဟုတ်တော့ ဟုတ်တာပေါ့… ဒါပေမယ့် အဲဒီတုန်းက ညညတို့ လင်မယားက ဖေဖေ့ဆီမှာရှိတာပဲ…”

"နေစမ်းပါဦး… မင်းဟာ ဟိုလူ့အိမ်မှာ ဘာလို့ ဆက်မနေနိုင်တာလဲ… ဘာလဲ… မင်းကို ဟိုကနှိပ်စက်လို့လား…"

"ဟာ… မနှိပ်စက်ပါဘူး… ဒီခေတ်ကြီးထဲမှာ လူလူချင်း နှိပ်စက်တယ်ဆိုတာ ရှိမှမရှိတော့တာ…"

"နှိပ်စက်တယ်ဆိုတာ တုတ်နဲ့ရိုက် … ခြေနဲ့ကန် … လက်သီးနဲ့ထိုး… မတရားခိုင်းဆိုတာမျိုးကိုပဲ ပြောတာမဟုတ်ဘူးကွ… အနုနည်းနဲ့ နှိပ်စက်တာမျိုးကိုလည်း နှိပ်စက်တယ်ခေါ်တာပဲ… သေချာပါတယ်ကွာ… မင်းကို ဟိုအဘိုးကြီး နှိပ်စက်လွှတ်တာ… ငါ့သားက ငါ့ကို သတိရလို့ ပြန်လာနေတယ်ဆိုတာကို လုံးဝကိုမယုံဘူး"

နေ့သစ်က ရယ်ချင်စိတ်ကို ထိန်းချုပ်ကာ ဇက်ပုပြီး ပြုံးယုံပြုံးနေမိပါသည်။

သိမှာပေါ့။ သူတို့နှစ်ယောက် မုလင်းတူ ဘူးဆို့ဖြစ်နေကြတဲ့ဥစ္စာ။ ဦးမြင့်မြတ်ကြီး သူ့သားကို နှိပ်စက်သလို သူကိုယ်တိုင်ကလည်း ဂင်္ဂါကို နှိပ်စက်နေတာမို့သာ မြွေမြွေချင်း ခြေမြင်တာ။

ဦးမြင့်မြတ်ကိုများ ဟိုအဘိုးကြီးတဲ့။ ရယ်စရာကောင်းပါပေ့။ သူကိုယ်တိုင်ကျတော့ လူငယ်၊ လူပျိုပေါက်ကလေးကျနေတာပဲ။

"အင်း … ဒီအတိုင်းဆိုရင်တော့ ဟိုလူကြီးလက်ထဲရောက်နေတဲ့ ငါ့သမီးလေးကို စိတ်ပူဖို့ဖြစ်လာပြီ … မင်းကိုနှိပ်စက်သလို ငါ့သမီးလေးကို နှိပ်စက်နေရင်

www.foreverspace.com.mm



ဘယ်လိုလုပ်မလဲ…"

"မပူစမ်းပါနဲ့ ဖေဖေရာ … ရာဇဝင်မှာ မတည့်ကြတာ ယောက္ခမနဲ့ ချွေးမ … ယောက္ခထီးနဲ့ သားမက်ပဲရှိပါတယ်… ယောက္ခထီးနဲ့ ချွေးမကတော့ တည့်ကြမြဲပါ"

"မသေချာပါဘူးကွာ…ဒီလူ့ရုပ်ကြည့်ရတာလည်း သိပ်တော့ ဟန်ဟန်ပန်ပန် မရှိဘူး… ရန်များမဲ့ရုပ်… ပစိပစပ်နိုင်မယ့်ရုပ်… မိန်းမကြီးတစ်ယောက်လိုပဲ နေရာတကာ ဟိုစပ်စပ် ဒီစပ်စပ် ဝင်ပါမယ့်ရုပ်မျိုး…ငါ့သမီးတော့ ဒုက္ခပါပဲ…"

သားကိုခေါ်ဆုံးမမည် ကြံကာမှ သမီးအတွက် မှုပင်သောကတွေ ဝင်လာရပြန်ပြီ။ ဒီပြဿနာကိုတော့ ချက်ချင်း ရှင်းလို့မဖြစ်။ ဟိုကောင် ဂင်္ဂါဆီ ဖုန်းဆက်တာ ကိုယ့်သမီးထိလို့ကတော့ မခံနိုင်ဘူးဆိုသည့်အကြောင်း ဖိဖိစီးစီးလေး ပြောထားနိုင်မှ ဖြစ်မည်။

ကဲ… သမီးကိစ္စ ခဏထား။ သားဘက်ပြန်လှည့်ရအောင်။

"မင်းကရော ဘာလို့ မိန်းမနိုင်စားတာ… ဒီလောက်ခံနေရတာလဲ…"

"ဗျာ…မိန်းမနိုင်စားတာ…မနိုင်ပါဘူး…မုံမုံက ကျွန်တော့်ကို မနိုင်ပါဘူး…"

"ဒါဖြင့်… မင်းက နိုင်ရတယ်ပေါ့…"

"ဒီလိုလည်း မဟုတ်သေးဘူးလေ… သူမနိုင်… ကိုယ်မနိုင် မှုခြေပါပဲ… လင်နဲ့မယားကြားမှာ တစ်ယောက်

မဟုတ်တစ်ယောက်ကပဲ အမြဲတစ်ဖက်သတ် နိုင်နေရမယ်လို့ ဥပဒေမရှိပါဘူးဗျာ…”

“ဟော့ကောင်… လျှာမရှည်နဲ့… မင်းတို့ ငါ့အိမ်ပြောင်းလာတာ နှစ်ပတ်ပဲ ရှိသေးပေမယ့် မင်းအချိုးကြည့်ပြီး ငါသိတယ်… မင်းက အနိုင်ခံရမယ့်အကောင်…”

“အဲဒီတော့ရော… ဘာဖြစ်သေးလဲဗျာ… အားနွဲ့သူကို ဦးစားပေးတာပဲ … ကမ္ဘာပေါ်က ယောကျ်ားအများစုဟာ မိန်းမကြောက်ရတာ ထုံးစံပဲမဟုတ်လား…ဟဲ…ဟဲ…မိန်းမကြောက်ရတယ်ဆိုတာများ တစ်ခါတလေ ဂုဏ်ယူစရာကောင်းတဲ့ စတိုင်လ်တစ်မျိုးတောင်ဖြစ်နေသေး…”

“ဘာ… မင်း… ဟာကွာ… ငါနားအုပ်လိုက်ရ…ဒီလို အရှက်မရှိ… သိက္ခာမရှိ… ကိုယ့်ထမင်းကိုယ်စားပြီး သူများခိုင်းဖတ် လုပ်ချင်တာကိုများ ဂုဏ်ယူဦးမတဲ့… ငါ့သားလုပ်မနေပါနဲ့တော့ကွာ…”

“ဖေဖေကလည်း ဒီလောက်ဒေါသမကြီးပါနဲ့… ကျွန်တော်က သဘောပြောပြတာပါ … တကယ်တမ်းကျတော့ မုံမုံကလည်း အဲဒီလို မတရားနိုင်ထက်စီးနင်းဆိုတာမျိုး မရှိပါဘူး… လင်နဲ့မယားပဲဗျာ… တစ်ခါတလေချစ်စနိုးအနိုင်ယူတာ… ချစ်လို့ အလျှော့ပေးလိုက်တာမျိုးတော့ ရှိမှာပေါ့… ဖေဖေလည်း ကြုံဖူးမှာပဲဟာ…”

“တော်စမ်းကွာ… နားရှက်စရာတွေ… အံ့သြဖို့ကောင်း

www.foreverspace.com.mm



လိုက်တာ… သမီးနဲ့သား မွေးထားမိပါတယ်… နှစ်ယောက်စလုံး နွားတွေဖြစ်နေတာကိုး… သမီးကျတော့လည်း ယောကျ်ားကို ရေချိုးပြီး ဝတ်ဖို့အင်္ကျီကအစ ထုတ်ပေးရတယ်… သားကျပြန်တော့လည်း မယားလက်အလှပြင်တာကအစ ကူညီပေးရတယ်… ရှက်ဖို့ကောင်းလိုက်တာကွာ…”

“ဒီလောက်ကြီးတော့လည်း မဟုတ်ပါဘူး ဖေဖေရာ”

“ဘာလို့ မဟုတ်ရမှာလဲ… သိပ်ဟုတ်တာပေါ့… မင်းမိန်းမက မင်းကို လုံးဝဂရုမစိုက်တာရော… မင်းသိရဲ့လား… မင်းတာဝန်… မင်းအလုပ် သူ ဘာလုပ်ပေးဖူးတာရှိလို့လဲ… အံ့ပါရဲ့ဗျာ… မယားလုပ်ပြီး လင့်တာဝန်မကျေ… လင်ကို ဂရုမစိုက်ဘဲနေရဲ့တာ…”

အားရပါးရ မဲ့ကာရွဲ့ကာ ပြောနေသော ဖခင်ဖြစ်သူကိုကြည့်ကာ နေ့သစ်က ရယ်ချင်နေသည်။

ဂင်္ဂါပြောတုန်းကတော့ ညညက သူ့ကိုပြုစုလို့ဆိုပြီး ဖေဖေက မကျေနပ်တာဆိုပဲ ကိုယ့်ထမင်းကိုယ်စားနိုင်တဲ့မိန်းမတစ်ယောက်ဟာ ဘယ်ယောကျ်ားကိုမှ အောက်ကျပြီး ပြုစုစရာမလိုဘူးတဲ့။

အခုကျတော့တစ်မျိုး။ မယားဝတ္တရားတွေ ဘာတွေ ပြောလာပြီ။ မယားဆိုတာ လင်ကိုဂရုစိုက်ရမတဲ့။ ဇကန္တ ဖေဖေ့ကြည့်ရတာ ယမုံနှာကို ကိုယ့်ထမင်းကိုယ်မစားနိုင်ဘူး များ ထင်နေသလားမသိ။

“မုံမုံလည်း ကိုယ့်ထမင်း ကိုယ်စားနိုင်ပါတယ် ဖေဖေ”

"ဟေ… ဘာကွ…"

"သြော်… ဖေဖေပဲ ကိုယ့်ထမင်း ကိုယ်စားနိုင်တဲ့ခေတ်မှာ သားကိုသခင် လင်ကိုဘုရားဆိုတဲ့ အစဉ်အလာကို ထိန်းစရာမလိုပါဘူးဆို … မုံမုံ့ရဲ့ အဆင့်အတန်းနဲ့ဆို ယောကျ်ားတစ်ယောက်ကို အောက်ကျနောက်ကျခံပြီး ပြုစုစရာမလိုတဲ့ အထဲမှာ ပါပါတယ်…"

ဂင်္ဂါ မကျေမနပ်နဲ့ ပြန်ပြောခဲ့သည့်စကားလုံးတွေအတိုင်း နွေသစ်က ပြန်ပြောလိုက်တော့ ဖေဖေ မျက်လုံးပြူးလျက် ခဏငြိမ်သွားပြီးမှ

"သြော်… ဒါ… ဟိုကောင် မင်းကို ပြန်ပြောတာပေါ့လေ… အံ့ပါ့ကွာ… မင်းမို့လို့ ဒီလိုကောင်စားမျိုးကို လက်ခံပေါင်းနေတာ… ကိုယ့်ညီကိုလည်း နိုင်စားဦးမယ်… သူ့အစ်မကလည်း ကိုယ့်ကို လာနိုင်ဦးမယ်… ကိုယ့်အဖေ အတင်းကိုလည်း ပြောသေးတယ်… ငါသာ မင်းနေရာမှာဆို အဲဒီအကောင်မျိုးမျက်ခွက်ကို ဟုတ်ပြတ်သွားအောင်ဆွဲထိုးခဲ့ပြီး…"

ဟား… ဟား… ဘယ့်နှယ့်ရှိစ။ ဖေဖေတို့များ သူခံရသည့်အလှည့်ကျတော့ ဂူးဂူးဝါးဝါး၊ ရှူးရှူးရှဲရှဲ ဖြစ်နေလိုက်တာ ကိုယ့်သမီးအလှည့်တုန်းကတော့ ယောကျ်ားကို ပြုစုစရာမလိုဘူးလို့ မိန့်ခွန်းတွေချွေခဲ့ပြီး၊ ကိုယ့်သားအလှည့်ကျတော့ ချွေးမက မပြုစု၊ ဂရုမစိုက်လို့ အပြစ်တင်တယ်ဆိုတာ ဖြစ်သင့်ရဲ့လား။


"တော်ပြီသား…မင်းကို ဖေဖေ ဘာမှမပြောဘူး…မင်း

www.foreverspace.com.mm



ထိုက်နဲ့မင်းကံခံ… ငါ့သမီးကိုသာ ဂရုစိုက်ရမယ်… မနက်ဖြန်ကျ ဟိုကောင့်ဆီ ဖုန်းဆက်ပြီး ငါ့သမီးကို မနှိပ်စက်ဖို့ သတိပေးရမှာပဲ…"

မြားဦးကတော့ ဂင်္ဂါဘက်လှည့်သွားချေပြီ။ ဂင်္ဂါခမျာယောက္ခမလက်က လွတ်ချင်လို့ သူ့အိမ်သူပြန်ပြေးတာတောင် နားမှုမလွတ်ဖြစ်ဦးတော့မှာကို တွေးလျက် နွေသစ်က စိတ်လည်းရှုပ်၊ ရယ်လည်းရယ်ချင်နေလေသည်။



www.foreverspace.com.mm



တယ်လီဖုန်းခွက်ကို ခွပ်ခနဲဆောင့်ချလိုက်ပြီး ဂဂ်ါက မျက်နှာပုပ်ပုပ်နဲ့ပဲ ဆက်ထိုင်နေမိလေသည်။

ယောက္ခမ စက်ကွင်းက လွတ်ကင်းနိုင်သော အရပ်ဆိုတာ ကမ္ဘာပေါ်မှာ ရှိပါသေးရဲ့လား။

သူ့အိမ်မှာတုန်းက သူ့အမိန့်၊ သူ့ဩဇာ သူ့ရဲ့ခြယ်လှယ်မှုကို ခံရတာကတော့ ထားပါတော့။ အခုလို လွတ်ရာလွတ်ကြောင်း နေရာမျိုးမှာနေသည့် အချိန်မှာတော့ သူ့ရဲ့ စက်ကွင်းက လွတ်ကင်းသင့်ပြီ။

ဒါတောင်မှ ယောက္ခမဟာ ကိုယ့်ကိစ္စကိုလိုက်ပြီး မတ်သက်စွက်ဖက်ချင်နေတုန်း။ ကိုယ်က လူဆိုးလူကြမ်း တစ်ယောက်မှ မဟုတ်ဘဲနဲ့။ ကိုယ်ချစ်လို့ ယူထားသည့်မိန်းမကို နှိပ်စက်ကလူ၊ နိုင်ထက်စီးနင်းလုပ်စရာအကြောင်းဘာမှ မရှိ။ အဲဒါကို သူက ဘာလို့မှုမှုမပင်ပင်တွေ ဖြစ်နေရတာလဲ။

သူ့သမီးကို ရွှေလိုဥ၊ ပိုးလိုမွေးထားရတာဆိုတာကိုလည်း ပြောလိုက်တာမှ တဖွဖွ။ အန်ကယ့်သမီးကို အန်

ကယ် ချစ်တာထက် မလျော့တဲ့အချစ်မျိုးနဲ့ ကျွန်တော်ကလည်း ချစ်တာပါပဲလို့ ပြန်ပြောချင်ပေမယ့် လူကြီးကို ကမျက်ကချော်လုပ်ရာကျမှာစိုးလို့ မပြောလိုက်ရတာ။

"ကိုဂါ… ဘာတွေဖြစ်နေတာလဲ… ဖေဖေ့ဆီက ဖုန်းလား…"

ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ်ထိုင်ကာ မျက်နှာကြီးမှပ်နေသော ဂဂ်ါနားသို့ ညနေခင်းက ညင်ညင်သာသာလေးဝင်ထိုင်လိုက်ရင်း စိုးရိမ်မကင်းသော မျက်နှာဖြင့် မေးလိုက်တာဖြစ်ပါသည်။

"ဟုတ်တယ်…"

"ဘာတွေဖြစ်ကြပြန်ပြီလဲ… စိတ်ညစ်ရပါလား"

"စိတ်ညစ်ရမှာပေါ့ … ညညအဖေလုပ်ပုံက ဟုတ်မှမဟုတ်တာပဲ…"

"သူက ဘာတဲ့လဲ…"

"ညညကို လုံးဝမနှိပ်စက်ရဘူးတဲ့…သူ့သမီးအကြောင်း တစ်ခုခုကြောင့် စိတ်ဆင်းရဲစရာဖြစ်ရင်… ကိုယ့်ဘက်က အနိုင်ကျင့်တာရှိရင် သူနဲ့တွေ့မယ်တဲ့…"

"အဲဒါ ဘာဖြစ်လဲကွယ်…အဖေပဲ…သူ့သမီးသူ စိတ်ပူလို့ ပြောတာပေါ့…"

"စိတ်ပူစရာလား… ကိုယ်တို့လည်း သူ့အိမ်မှာနေလာတာပဲ… ကိုယ် ညညကို ဘယ်လိုဆက်ဆံသလဲ သူသိရမှာပေါ့… စဉ်းစားကြည့်ကွာ… အဲဒီလို ပြောလိုက်ပုံကြီးက ကိုယ့်ကို လူကွယ်တာနဲ့ မိန်းမကို နှိပ်စက်

www.foreverspace.com.mm



တတ်တဲ့ လူကြမ်းကြီးလို့ စွပ်စွဲလိုက်တာနဲ့ မတူဘူးလား…"

"တကယ်က ဟုတ်မှမဟုတ်တဲ…ဖေဖေကလည်း နှိပ်စက်နေတယ်လို့ တပ်အပ်စွပ်စွဲတာမှ မဟုတ်တာ … မနှိပ်စက်နဲ့နော်လို့ ကြိုကြိုတင်တင်တားထားယုံပဲဟာ… ကိုယ် မဟုတ်မနာနဲ့ပေါ့…"

"ကျွတ်…ညည မသိပါဘူးကွာ…သူ ပြောပုံက ကိုယ့်ကို တိုက်ခိုက်နေသလိုပဲကွ… ကိုယ် မပြောတတ်တော့ဘူး… ကိုယ်တို့အချင်းချင်းပဲ သိတယ်…"

"ကိုဂါက စိတ်ကိုက ဖြစ်နေတာ … ဖေဖေ့အပေါ် သံသယများလွန်းတာ ဖြစ်မယ်…"

"မဟုတ်ပါဘူးကွာ…လုံးဝကိုမဟုတ်ဘူး… သူနှိပ်စက်လို့ ကိုယ်တို့အိမ်ပြောင်းလာရတာကိုပဲ ကိုယ်က ညညကို စိတ်ကြိုက်အနိုင်ကျင့်လို့ရအောင် ကိုယ့်လက်ကိုယ့်ခြေရှိတဲ့ ကိုယ့်အိမ်ကိုပြောင်းလာတယ်ပေါ့လေ … သူ့အိမ်မှာဆို ကိုယ်က ညညကို နိုင်စားလို့မရလို့ပေါ့… အဲဒီသဘောနဲ့ ပြောတာကွ…"

ညနေခင်းမှာ ကိုယ့်အတွေးနဲ့ကိုယ် နာလုံးဆို့နေသော ဂဂ်ါကို ဘယ်လိုမှ ဖြေသိမ့်လို့မရနိုင်မှန်းလည်း သိနေကာ ဒီအထိလိုက်ပြီးစိတ်ပူ၊ ဝင်စွက်ဖက်နေသည့် ဖေဖေ့ကိုလည်း စိတ်ညစ်ညစ်နဲ့ပဲ ရယ်ချယ်နေရပါသည်။

"နောက်ပြီးတော့ကွာ… ပြောလို့လည်း မကောင်းပါဘူး… သူက ကိုယ့်ဖေဖေကိုလည်း ဆွဲထည့်လိုက်သေး

တယ်… ညညကို ကိုယ်တစ်ယောက်တည်းတင် မကဘူး… ဖေဖေကပါ ပေါင်းပြီးနှိပ်စက်ဦးမှာတဲ့…”

“ဟား…ဟား…”

ဒီတစ်ခါတော့ ညနေခင်းက ဘယ်လိုမှမအောင့်နိုင်တော့ဘဲ ရယ်ချလိုက်မိပါသည် ဖေဖေ… ဖေဖေ။ သူများသားသမီးတွန်းကတော့ အနိုင်လိုချင်ပြီး ကိုယ့်သမီးအလှည့်ကျ စိတ်မှုတတ်လိုက်ပုံများ မဟုတ်တမ်းတရားတွေ လျှောက်တွေးနေတော့သည်အထိ ပါပဲလား။

“ပြောလိုက်သေးတယ် … ကိုနေ့ ဒီအိမ်မှာရှိတုန်းကလည်း ဖေဖေက နှိပ်စက်ခဲ့မှာပဲတဲ့… သူ့သားက သူ့ကိုပြန်သာ မပြောတာ… သားအရိပ်အခြေကြည့်ပြီး သူသိတယ်တဲ့… သိမှာပေါ့… ကိုယ့်ကို သူ အနိုင်ကျင့်သလိုမျိုး… ဖေဖေက သူ့သားကို အနိုင်ကျင့်လိမ့်မယ်ဆိုတာ မြွေမြွေချင်း ခြေမြင်သလို သိနေမှာပေါ့…”

“တော်ပါတော့ ကိုဂါရယ်…ဖေဖေ့ကို အဲဒီလောက်ကြီးလည်း စိတ်တိုမနေပါနဲ့တော့… ယောက္ခမနဲ့ သမက်ဆိုတာ ကင်းနိုင်ကြတဲ့လူတွေမှ မဟုတ်တာ … တစ်ယောက်ကိုတစ်ယောက် အခုလို မြင်နေ… မကျေမနပ်ဖြစ်နေကြရင် ဘယ်ကောင်းမလဲ…”

“သွား… အဲဒီစကား ညည အဖေကြီးကိုသွားပြော”

ဂင်္ါက စူပုပ်ပုပ်နဲ့ အော်ဟစ်လိုက်ပါသည်။ သူအတော်စိတ်ထွက်နေမိတာတော့ အမှန်ပင်။ ယောက္ခမနဲ့ သားမက်ဆိုတာ အသူရာနဲ့ သိကြားမင်းလက်ထက်ကတည်း

www.foreverspace.com.mm



က မတည့်ကြသည့် ထုံးစံရှိသည်ဆိုပေမယ့် သိကြားမင်းကမှ သူ့ထက်သာသေးသည်ဟု ဂင်္ါက ပေါက်ပေါက်ရှာရှာ တွေးနေမိလေသည်။

ဟုတ်တယ်လေ…။ အသူရာနတ်မင်းကြီးက သမက်တော်သည့် သိကြားမင်းကို မကျေမနပ်နဲ့ စစ်တက်တိုက်တာဟာ သူတို့တိုင်းပြည်မှာ သခွန်မန်းပွင့်သည့်အချိန်ကျမှ။ ကျန်အချိန်တစ်လျှောက်လုံးမှာတော့ ကိုယ့်တိုင်းပြည်မှာပဲ ဇိမ်ကျကျ ယစ်မူးပျော်ရွှင်နေကြတာ။ ကိုယ့်ယောက္ခမကြီးကတော့ ဟုတ်ပါရိုးလား၊ တစ်နှစ်မှာ သုံးရာခြောက်ဆယ့်ငါးရက်ရှိလျှင် သုံးရာခြောက်ဆယ့်ငါးရက်လုံးလုံး တိုက်ခိုက်ရန်လိုချင်နေတာ။

နောက်ပြီး အသူရာနတ်ပြည်နဲ့ တာဝတိံသာနတ်ပြည်မှာ အဝေးကလှမ်းဆက်သွယ်စရာ တယ်လီဖုန်းမရှိ။ နတ်ပြည်မှာ လူ့ပြည်လို သိပ္ပံပညာမထွန်းကားတာဟာ ဘယ်လောက် ကျေးဇူးတင်စရာကောင်းလိုက်သလဲ။

တကယ်လို့သာ နတ်ပြည်မှာ တယ်လီဖုန်းသာရှိလျှင် သိကြားမင်းဟာလည်း ကိုယ့်လိုပဲ ယောက္ခမကြီးရဲ့ ဖုန်းနဲ့ အဝေးရောက် ခြိမ်းခြောက်ရန်လိုမှုတွေကို ခံရမှာ။ အခုတော့ သူက နားအေးပါးအေးနေနိုင်သည်။ ဒါကြောင့် သိကြားမင်းရဲ့ အဖြစ်ဟာ သူ့လောက်မဆိုးသေးဘူးဟု ဂင်္ါက ဆိုချင်တာ။

“တော်ပြီ… ဘာမှစဉ်းစားမနေနဲ့… ညည ဗီစီဒီအသစ်တစ်ခွေ ဝယ်လာတယ်…စုံတွဲသီချင်းတွေ… လာ ဗိုင်း

ဆိုချေ…"

ညနေခင်းက အတင်းဆွဲခေါ်သွားတာမို့ပါသွားရသော်လည်း ဂင်္ဂါစိတ်ထဲမှာတော့ ဘယ်လိုမှ မကြည်လင်နိုင်တာ အမှန်ပဲ ဖြစ်လေသည်။

www.foreverspace.com.mm



အားအားယားယား တစ်နေကုန် ကာရာအိုကေပဲ ဆိုနိုင်လွန်းသော ချွေးမတော်ကို ဦးမြင့်မြတ်က အတော်ကြည့်မရဖြစ်နေပါပြီ။

သူ့ဘာသာ အချိန်တွေအားလပ်လို့ သီချင်းပဲထိုင်ဆိုနေတာက အရေးမကြီး၊ ကိုယ့်သားကိုပါ အတင်းဆွဲခေါ်ပြီး ပိုင်းဆိုခိုင်းတာတို့၊ အနားက နားထောင်ပေးခိုင်းတာတို့ လုပ်နေတာကတော့ မနိပ်လှသေးဘူး ထင်သည်။

သားက အခုလို လိမ္မာသိတတ်စွာနဲ့ သူ့ရဲ့ပွဲရုံမှာ ဝင်လုပ်နေပြီ။ ပညာသင်ဘဝလောက်ပဲ ရှိသေးတာမို့ တာဝန်ကြီးကြီးမားမား ယူစရာမလိုသေးသော်လည်း အလုပ်တစ်ခုကို စလုပ်ပြီဆိုကတည်းက ဒီအလုပ်ထဲမှာပဲ အချိန်ပြည့်အာရုံစိုက်ထားသင့်တာ။ အထူးသဖြင့် အလုပ်ကို သင်ယူကာစ ကာလမို့ ပိုပြီး အချိန်ယူ လေ့လာသင့်တာ။

အခုတော့ မဟုတ်ပေါင်ဗျာ။ ပွဲရုံမှာ စာရင်းစာအုပ်လေးတကိုင်ကိုင်နဲ့ သူများလုပ်သမျှ ကြောင်တောင်

ေး လိုက်ကြည့်၊ သူများပြောသမျှ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်၊ အလုပ်ကို ဘာမှန်းရေရေရာရာမသိ။ အိမ်လည်း ပြန်ရောက်ရော ကိုယ်မသိတာလေးတွေသိအောင် ကြိုးစား လေ့လာချိန်မရတော့ဘဲ မယားနားကပ်ကာ အရည်မရ အဖတ်မရ အလုပ်တွေဘဲ လုပ်နေတော့တာ။

ချွေးမလေးဟာ စိတ်သဘောထားကောင်းပြီး ကိုယ့်သားအပေါ် သစ္စာရှိရှိ ချစ်ချစ်ခင်ခင်ရှိသည်ဆိုတာကို တော့ ဦးမြင့်မြတ်က သိပါရဲ့။ ရိုးရိုးဖြောင့်ဖြောင့်နှင့် ကလေး လို အပြစ်ကင်းတာလေးကိုလည်း အမှတ်ပေးမိပါရဲ့။ ဒါပေ မယ့် သူမဟာ တကယ့်ကလေးတော့ မဟုတ်တော့ပြီလေ။ ယောကျ်ားတောင် ယူတတ်သည့်အရွယ်ကို ရောက်နေမှတော့ တကယ့်အိမ်ထောင်သည် မိန်းကလေးတစ်ယောက်ရဲ့ ဝတ္တရား ကို နားလည်သင့်ပြီပေါ့။

မဖြစ်သေးပါဘူး။ သားကိုပြောမည် ပြောမည် နဲ့ အခွင့်အခါမကြုံလို့ ပစ်ပစ်ထားခဲ့တာ။ ဒီအတိုင်းသာ ရေ ရှည်ဆက်နေမည်ဆိုလျှင် ကိုယ့်သားခေါင်းမှာ တစ်နေ့ ချိုပေါက်လာတော့မည်။

"သားရေ... ခဏလောက်..."

တီဗီကြည့်သည့်အခန်းထဲ စွပ်ခနဲဖွင့်ဝင်သွား ကာ ဂင်္ဂါကို လှမ်းခေါ်လိုက်သော ဦးမြင့်မြတ်မှာ အခန်းတွင်း က ပူးပူးကပ်ကပ်ထိုင်ကာ သီချင်းဆိုနေသော မြင်ကွင်းကြောင့် မျက်နှာတွေ ထူအမ်းနီရဲသွားရပါသည်။

သူများ လင်မယား အေးအေးဆေးဆေး ရှိနေ

www.foreverspace.com.mm



ခိုက် တံခါးမခေါက် ဘာမခေါက် ဖြန်းစားကြီးရောက်လာ သော ယောက္ခမကြီးကို ညနေခင်းက အနည်းငယ်စိတ်ခုသွား မိပါသည်။

သူပဲ ကိုဂင်္ဂါကို တစ်နေ့လုံး အလုပ်ထဲခေါ်ခိုင်း ပြီးပြီ။ အလုပ်အားချိန်လေး သူများလင်မယား တွေ့ရဆုံရ တာကိုလည်း လိုက်ပြီး နှောင့်ယှက်ချင်သေးသည်။

တကယ့်ကို အဆင်မပြေတာပါပဲ။ ကိုယ့်အိမ် မှာနေတုန်းကလည်း ဖေဖေက နေရာတကာကိုလိုက်ကြည့်၊ လိုက်ပြောလွန်းလို့ စိတ်ညစ်ခဲ့ရသည်။ အခု ကိုဂင်္ဂါတို့အိမ် ရောက်ပြန်တော့လည်း ဖေဖေနဲ့ပုံစံတူလူကြီးတစ်ယောက် က ရှိနေပြန်ရော။

"သား... မင်းကောင်မလေးက ဘယ်လိုလဲကွာ...သား ကို အရည်မရ အဖတ်မရတွေ တယ်ခိုင်းပါလား..."

ဂင်္ဂါကို စာကြည့်ခန်းထဲခေါ်ခဲ့ပြီး၊ တံခါးပိတ် လိုက်တာနှင့် ဦးမြင့်မြတ်က စပြောတော့တာ ဖြစ်သည်။

စောစောကလေးတင် ယောက္ခမကြီးရဲ့ အဆူ အကြိမ်းကို ခံခဲ့ရပြီးဖြစ်သော ဂင်္ဂါမှာ သဗ္ဗတ်အုပြဿနာ တစ်ခုကို ထပ်ကြုံရတော့မည်ဟု သဘောပေါက်စွာ မျက်နှာ ရှုံ့မဲ့သွားရလေသည်။

"ဒါကတော့ ဖေဖေရာ... အားလပ်ချိန်မှာ ပျော်ပျော် ရွှင်ရွှင်နေဦးမှပေါ့ ... အလုပ်ချိန်မှာ အလုပ်လုပ်ခဲ့ပြီး ပြီပဲ..."

"မင်းလုပ်သလောက်နဲ့ကတော့ တကယ်တိုးတက်

ကြီးပွားမယ့်လမ်းကိုရောက်မှာ မဟုတ်သေးပါဘူး ကွာ… တကယ်ကြီးပွားချင်တဲ့လူဆိုရင် အလုပ်ဝင်ကာစ အချိန်မှာ အနားမယူဘဲ ကိုယ်သိသင့်သိထိုက်တာတွေ အားလုံးကို လေ့လာရဦးမှာ…”

“ကျွန်တော်က တစ်ရက်တစ်မနက်ဘဲ အလုပ်လုပ်မယ့်သူမှ မဟုတ်ဘဲ ဖေဖေရဲ့… ဒီအလုပ်ကို အခန့်သင့်ရင် တစ်သက်လုံး လုပ်ရမှာ … အေးအေးဆေးဆေး သင့်ပါလေ့ … အချိန်တွေအများကြီး … ဖေဖေပြောသလောက် အလောတကြီးဖြစ်နေစရာ မလိုပါဘူး”

တစ်ခွန်းမခံ ပြန်ချေပနေသော သားဖြစ်သူကို ဦးမြင့်မြတ်က မျက်စောင်းခဲကာ ကြည့်လိုက်ပါသည်။

အလုပ်အပေါ်မှာ လောဘမရှိသော၊ တက်ကြွစိတ်ပါမှု မရှိလှသော သားတော်မောင်ရဲ့ သဘောထားကို သူက သဘောမကျလှ။ ဒါပေမယ့် အဲဒါက ခဏဖယ်ထား။ လောလောဆယ် ချွေးမကိစ္စက ပိုအရေးကြီးသည်။

“ထားတော့ကွာ… အလုပ်ကိစ္စ နောက်မှပြောမယ်… လောလောဆယ် ပြောချင်တာက မင်းမိန်းမ… ကလေးမလေးက မင်းကို သိပ်နိုင်လွန်းအားကြီးတယ်… နောက်ပြီး ကိုယ့်ယောကျ်ားရယ်လို့ ပြုစုဂရုစိုက်ဖော်လည်း မရဘူး… အဲဒါကို ဖေဖေ မကြိုက်ဘူး…”

ဩော်… ဒုက္ခ… ဒုက္ခ…။ ညညတို့ အိမ်မှာနေတုန်းကတော့ သူ့ကို ဂရုစိုက်ပြုစုရလို့ဆိုပြီး ညည အဖေကြီးက ရန်လုပ်အပြစ်တင်တာခံခဲ့ရဖူးသည်။ သူတို့အိမ်ရောက်

www.foreverspace.com.mm



တော့ သူ့ကိုဂရုမစိုက်လို့ဆိုပြီး ဖေဖေက အပြစ်တင်သည်။

နောက်ပြီး ကိုနေနဲ့ မုံမုံတို့ ဒီမှာနေကြစဉ်က ကျတော့ မုံမုံဟာ ကိုနေ့ကို အလိုက်သိလွန်းလို့၊ ဂရုစိုက်လွန်းလို့ဆိုပြီး ဖေဖေက မကျေနပ်ခဲ့။

ကိုယ့်သမီး သူများကို ဂရုစိုက်တုန်းက မကျေနပ်ခဲ့သည့်သူက ကိုယ့်သားကို သူများသမီးက ဂရုမစိုက်သည့်အခါကျတော့လည်း အပြစ်တင်ပြန်သည်ဆိုတော့ ဒါဟာ စိတ်သဘောထား မဖြောင့်မှန်တာ၊ တရားမျှတသော တစ်ပြေးညီမရှိတာကိုပြတာ။

“ဖေဖေနဲ့ ဦးဇာနည်ကတော့ တခြားစီပဲ… ဦးဇာနည်ကပြောတော့ ညညက ကျွန်တော့်ကို အောက်ကျနောက်ကျခံပြီး ပြုစုလွန်းလို့တဲ့ … မကျေမနပ်ဖြစ်နေတာလေ…”

“ဘာ… ကိုယ့်ယောကျ်ားကို မိန်းမက ပြုစုတာများ မကျေနပ်ဖြစ်စရာလား … သူ့သမီး ဘော်ကြော့မကငါ့သားကို ဘယ်လောက်များ လုပ်ပေးမှာလို့လဲ … လုပ်ပေးလည်း ပေးစမ်းပါစေဦး…”

“အဲဒီလိုတော့ မပြောနဲ့လေ… မုံမုံက သူ့ယောကျ်ားကို ဂရုစိုက်တဲ့အခါကျတော့ ဖေဖေပဲ အပြစ်တင်တယ် မဟုတ်ဘူးလား…”

“ဘာကွ… မင်းကို အဲဒီစကား ဘယ်သူပြောလဲ…”

“ဘယ်သူရှိရဦးမလဲ… ဦးဇာနည်ကြီး ကျွန်တော့်ကို နှိပ်စက်သလိုပဲ … ဖေဖေ နှိပ်စက်တာကို ခံလိုက်ရတဲ့

ကိုနေ့က ပြန်ပြောတာပေါ့ . . .''

''တောက် . . . အယုတ်တမာကောင် . . . ဒီကောင်က မင်းလိုမိန်းမကြောက်ရတဲ့ကောင် မဟုတ်ဘူး . . . ငါ့သမီးကို နိုင်စားနေတဲ့အကောင် . . .''

''ကျွန်တော် သိသလောက်တော့ ကိုနေ့နဲ့မုံမုံမှာ ဘယ်သူက ဘယ်သူ့ကို နိုင်တယ်ဆိုတာမျိုး မရှိပါဘူး . . . နှစ်ယောက် အပေးအယူမျှမျှနေကြတာပဲ . . .''

''မင်းမသိပါဘူးကွာ . . . ငါကအဖေ . . . ငါ သိတာပေါ့ . . . သူ့အိမ် သူ့ယာမှာဆို ငါ့သမီးကို ဘယ်လိုများဆက်ဆံနေမလဲ မသိဘူး . . . ငါ့အိမ်မှာတောင် ပြုံးပြုံးဝပ်အောင် လုပ်ပေးနေရတဲ့ သမီးတော့ . . . သူ့အိမ်မှာသာဆို အရမ်းမျက်နှာငယ်နေတော့မှာပဲ . . .''

ပြောရင်းနဲ့ သူ့သမီးကိုတွေးကာ စိုးရိမ်သောကတွေ မွှားနေသော ဖေဖေ့ကို ဂဂ်ါက တော်တော်ပဲ စိတ်ပျက်စွာနဲ့ ကြည့်နေမိပါသည်။

ဖေဖေတစ်ယောက်ဟာ မိုကို မိုလှတာ။ ကိုနေ့ဟာ ဖေဖေပြောသည့်ပုံစံမျိုးရှိမည့် လူတစ်ယောက် မဟုတ်ဘူးဆိုတာ ဒီလောက်သေချာနေပါလျက် သူမို့ မြင်ပဲမြင်တတ်သည်။

လူကြီးတွေများ ဘယ်လောက်ရယ်ဖို့ကောင်းလိုက်သလဲ၊ ကိုယ်က အဖေနေရာမှာနေရတော့ အမြင်ကတစ်မျိုး၊ ယောက္ခမနေရာမှာနေကြည့်တော့ အမြင်ကတစ်မျိုး၊ အဲဒီနှစ်မျိုးဟာလည်း ချက်ချင်းလက်ငင်း အပြောင်းအလဲ

www.foreverspace.com.mm



ဖြစ်ချင်ဖြစ်ကြပြန်ရော။

ဖေဖေနဲ့ ကိုယ့်ယောက္ခမဦးဇာနည်ကြီးဟာ လက်စသတ်တော့ တစ်ပုံစံတည်း တူညီနေသည့် ဘက်လိုက်တတ်သော တရားမမျှတသော ယောက္ခမကြီးတွေ ဖြစ်နေတာပါပဲလား။





www.foreverspace.com.mm

"ဟဲလို… ဩော်… အန်ကယ်လား… ခဏကိုင်ထား ပါနော်… ကျွန်တော် မုံမုံ့ကို သွားခေါ်ပေးမယ်…"

အဝေးရောက်နေပြီဖြစ်သော ယောက္ခမကြီးကို (သူလည်း ဘာမှမတတ်နိုင်တော့ဘူးလို့ ထင်ထားတာမို့) နွေ့သစ်က ဖော်ဖော်ရွှေရွှေ ချိုချိုသာသာမင် ဆက်ဆံလိုက်ပါသည်။

"ဟော့… နေဦး… မခေါ်နဲ့… မခေါ်နဲ့… သမီးနဲ့ပြောချင်တာ မဟုတ်ဘူး… မင်းနဲ့ပြောချင်တာ…"

"ခင်ဗျာ… ကျွန်တော်နဲ့…"

သူ့သမီးနဲ့ ပြောချင်တာ မဟုတ်ဘဲ ကိုယ်နဲ့မှ ပြောချင်ပါသည်ဆိုသည့်အတွက် နွေ့သစ်က အံ့ဩသွားရလေသည်။ သူတို့နှစ်ယောက်ကြားမှာ ဘာများပြောစရာရှိလာမှာမို့လို့လဲ။

"ဟုတ်ကဲ့… ပြောပါ ခင်ဗျ…"

"အေး… အခုတလော အန်ကယ် သမီးအတွက် စိတ်ပူနေတယ်ကွ… မင်းတို့အိမ်မှာ သမီး နေရထိုင်ရတာ အဆင်ပြေရဲ့လား… ပျော်ရော ပျော်ရဲ့လား…"

"အဆင်မပြေစရာ မရှိပါဘူး ခင်ဗျာ…ကျွန်တော် မုံမုံ့ကို သူ့အိမ်မှာနေသလိုပဲ အစစပြည့်စုံအောင် ထားပါတယ်… ပိုပြီးတော့တောင် ဂရုစိုက်ပါတယ် … ကျွန်တော့် စိတ်ထင်တော့… ဒီမှာတောင်မှ မုံမုံက ပိုပျော်နေသေးသလိုပဲ…"

ဟုတ်တာ မဟုတ်တာ အသာထား ယောက္ခမကြီးကို စကားနိုင်ရအောင် နွေသစ်က စွတ်တင်လိုက်တာ ဖြစ်ပါသည်။ ဦးမြင့်မြတ်ကြီးဟာ ဒီလောက်ဖိထားနိုင်မှ တန်ကာကျမှာ။ ကိုယ့်ဘက်က နည်းနည်းအားလျော့သွားလို့ကတော့ သူ့ရဲ့ ဖိထောင်းခြင်းဒဏ်ကို ခံရတော့မှာ။

"ဟုတ်ရော ဟုတ်ရဲ့လားကွာ… ငါ့သမီးစိတ်ညစ်နေရတယ်လို့… ငါ မကြာခဏ အိပ်မက်မက်နေတယ်"

"ဟာ… အန်ကယ်ကလည်း လူကြီးဖြစ်နေပြီးတော့… အိပ်မက်ကို ယုံရသလား… နောက်ပြီး အိပ်မက်ထဲမှာ မက်တာကို ပြောင်းပြန်ယူရတယ်ဆိုတာလည်း ရှိသေးတယ်မို့လား… မုံမုံက ဒီမှာ တကယ်ပျော်နေတာ … မယုံရင် အန်ကယ်ကိုယ်တိုင် လာကြည့်ပါခင်ဗျာ"

"မလိုပါဘူးကွာ… ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ်



သမီးဆီက မင်းကို ကာကွယ်တဲ့စကားပဲ ကြားရမယ်ဆိုတာ အန်ကယ် မျှော်လင့်ပြီးသားပါ … တကယ်အရေးကြီးတာက မင်းပဲ… မင်းကို တင်းတင်းကျပ်ကျပ် သတိပေးထားမယ်နော်… ငါ့သမီးကို လုံးဝမထိခိုက်မနစ်နာပါစေနဲ့… အို… ကုန်ကုန်ပြောမယ်ကွာ … မျက်မွေးထော် မော်လို့တောင် မကြည့်ပါနဲ့ … သမီးအပေါ် ငြူစူတာ… အခွင့်အရေးယူတာ… ဂရုမစိုက်တာမျိုး လုံးဝမရှိစေနဲ့… မင်းတင်မကဘူး… မင်းအဖေကိုပါမှာထား… သူ့ကိုလည်း ငါက သိပ်ယုံတာ မဟုတ်ဘူး… ငါ့သား သူ့အိမ်မှာနေတုန်းက စိတ်ဆင်းရဲအောင် ဘာတွေ နှိပ်စက်လိုက်သေးလဲ မသိဘူး…"

ဒါတော့ အန်ကယ်လည်း ကျွန်တော့်တုန်းက နှိပ်စက်ခဲ့သေးတာပဲလို့ ပြန်ပြောချင်စိတ်ကို နွေသစ်က မနည်းထိန်းထားလိုက်ရပါသည်။

"ငါ့သမီးကိုတော့ အဲဒီနည်းတွေနဲ့ နှိပ်စက်မှာ မခံနိုင်ဘူးနော်… ငါ အချိန်မရွေး မျက်စိဒေါက်ထောက်ကြည့်နေမှာ … သမီးကိုယ်ပေါ်က ဆံတစ်မင်လျော့တာနဲ့… ဆူးခြစ်ရာတစ်ခု ထင်တာနဲ့ ငါ့သမီး ငါပြန်လာခေါ်သွားမှာ…"

ဒါကတော့ လွန်လွန်းပြီထင်သည်။ အဖေ တစ်ယောက်အနေနဲ့ ဒီစကားမျိုး ပြောလိုက်ခြင်းဟာ ကိုယ့်သမီးကို အိမ်ထောင်ကွဲ၊ အိမ်ထောင်ပျက်ဖြစ်စေလိုသည့် သဘော၊

www.foreverspace.com.mm

အဆင်ပြေနေသည့် အိမ်ထောင်တစ်ခုကို အတင်းဓမ္မ လိုက်လံဖြိုခွင်းမည့်သဘောကို ဆောင်နေသည်။

ဒါဟာ အဖေတစ်ယောက်၊ လူကြီးတစ်ယောက် အနေနဲ့ ပြောသင့်သည့်စကားလား။ သူ့သမီး သူချစ်တာ၊ စိုးရိမ်တာကို အပြစ်မဆိုချင်ပေမယ့် ဘာတစ်ခုမှ အမှား မလုပ်သေးသူတစ်ယောက်ကို ကြိုတင်နိမိတ်ဖတ် ရန်ရှာနေတာကတော့ တရားလွန်လွန်းသည်။

"အေး…ဒါပဲ… မင်း ဆင်ခြင်နိုင်အောင်လို့ ပြောထားတာ… ငါ့သမီးထိလို့ကတော့ မခံဘူးဆိုတာပဲ…ဖုန်းချလိုက်ပြီဟေ့…"

သူ ပြောချင်တာတွေလည်း ပြောပြီးရော နေ့သစ်ကို ဘာမှပေးမပြောဘဲ ခွပ်ခနဲ ဖုန်းချသွားရော။

ရင်ထဲမှာ ပြောစရာတွေ တစ်ပုံတစ်ပင်ရှိနေသော်လည်း နေ့သစ်က ဘာမှပြောခွင့်မသာလိုက်ပါ။ ကိုယ်က လူငယ်လည်းဖြစ်၊ သူ့သမက်လည်း ဖြစ်နေတော့ကာ ကိုယ့်ဘက်က အရှုံးချည်းသာပင်။

ယောက္ခမနဲ့ သမက်ဆိုတာ ခေတ်အဆက်ဆက်က မတည့်ခဲ့ကြသည့် ရာဇဝင်တွေရှိရာမှာ ဇစ်မြစ်ကို သေသေချာချာ လိုက်ကြည့်လျှင် သမက်တွေဘက်က အပြစ်မဟုတ်ဘဲ ယောက္ခမတွေဘက်က စတင်လို့သာ ဖြစ်ရတာ။

ဒါတောင်… ရာဇဝင်မှာ နာမည်အကြီးဆုံး ယောက္ခမသမက်စုံတွဲဖြစ်သည့် အသူရာနဲ့ သိကြားမင်းတို့ဟာ

www.foreverspace.com.mm



သခွတ်ပန်းပွင့်ချိန်ကျမှ စစ်မက်ဖြစ်နေတာ။

သူ့ယောက္ခမဦးမြင့်မြတ်နဲ့သူသာဆိုရင်တော့ မြကွဒိန်ပေါ်က နေ့တိုင်း ရက်တိုင်းဟာ သခွတ်ပန်းပွင့်ရက်ချည်းသာ ဖြစ်နေတော့မည်ဟု နေ့သစ်က တွေးမိလေသည်။

www.foreverspace.com.mm



"မဖြစ်တော့ဘူးကွာ... လုံးဝကို မဖြစ်တော့ဘူး..."

"ဘာဖြစ်မြန်ပြီလဲ ကိုနေ့ရာ ... ဒီမှာ စိတ်ညစ်ရတဲ့ကြားထဲ... ကိုနေ့က ကိုယ့်အိမ်ကိုယ်မြန်နေရတဲ့လူပဲ.. ဘာတွေမဖြစ်စရာရှိလို့လဲ..."

ဘုရင့်နောင်က မွဲရုံအထိ လိုက်လာကာ လူတွေ့လိုက်တာနဲ့ ဂူးဂူးဝါးဝါး အော်ချလိုက်သော နေ့သစ်ကြောင့် နဂိုတည်းက စိတ်ညစ်နေသော ဂင်္ဂါက ခပ်ညည်းညည်းလေး မြန်ပြောလိုက်မိလေသည်။

"ဘာတွေ မဖြစ်တာလဲဆိုတော့ မင်းအဖေကြောင့်ပေါ့ကွ... သူ့အနိုးကပ်နှိပ်စက်တဲ့ဒဏ်ကို မခံနိုင်လို့...ပြေးတာတောင်မှ ငါ့ကို အဝေးရောက် အကြောပိတ်သိုင်းနဲ့ လိုက်ဆော်နေသေးတာလေ..."

"ဗျာ...ဘာလဲ...ငါ့သမီးကို မခိုင်းရ... မနှိပ်စက်ရ...သားအဖနှစ်ယောက်ပေါင်းပြီး အနိုင်မကျင့်ရဆိုတာမျိုးလား..."

“ဟော… မင်း ဘယ်လိုလုပ်သိလဲ…”

“သိတာ မဟုတ်ပါဘူး…မှန်းကြည့်တာပါ… ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လည်း ထိုနည်းအတိုင်း … အသူရာကြီး…အဲ…ယောက္ခမကြီးရဲ့ ပညာပေးခြင်းကို ခံထားရတာကိုး…”

“မင်းယောက္ခမနဲ့ ငါ့ယောက္ခမကတော့ တူပါ့ကွာ… တကယ်လို့ ငါ့ယောက္ခမသာ မင်းမဖေမဟုတ်ဘဲ … မင်းယောက္ခမကလည်း ငါ့အဖေသာ မဟုတ်ရင် … အတင်းပြောလို့ တော်တော်ကောင်းမှာကွ…”

“အခုလည်း မထူးပါဘူးဗျာ… ကျွန်တော့်အဖေ ကိုယ်တိုင်ကလည်း အလုပ်မှမဟုတ်တာ … အခုဆို ဘယ်လောက် ရယ်ရသလဲသိလား… ကိုနေ့တုန်းကလေ… မုံမုံက ကိုနေ့ကို ပြုစုလို့ ဂရုစိုက်လို့ဆိုပြီး ဖေဖေက တဖျစ်တောက်တောက် ပြောခဲ့ပါရောလား … အခု ညညကျတော့ ကျွန်တော့်တာဝန် ဘာမှမယူလို့တဲ့ဗျာ… ကျွန်တော့်ကို အနိုင်ကျင့်လို့တဲ့… ကိုနေ့တို့အိမ်မှာ နေတုန်းကတော့ ညညက ကျွန်တော့်ကို ဂရုစိုက်လို့ဆိုပြီး ယောက္ခမကြီးက အပြစ်ပြောတယ်… အခု ကိုယ့်အိမ်ကိုယ် ရောက်ပြန်တော့… ညညက မယားဝတ္တရားမကျေလို့ဆိုပြီး ဖေဖေက အပြစ်တင်ပြန်ရော… အဲဒီလို အပြစ်တင်လို့ မိန်းမတိုင်းဟာ ကိုယ့်ခင်ပွန်းကို ပြုစုရမယ်ဆိုတဲ့ သတ်မှတ်ချက် ဖေဖေ့မှာ ရှိသလားဆိုတော့ မဟုတ်ပြန်ဘူး… သူ့သမီးကျတော့

www.foreverspace.com.mm



ယောကျ်ားအလုပ် လုပ်ပေးတာကို မကြိုက်ပြန်ဘူး… ဒီလူတစ်ယောက်တည်းကပဲ အမြင်တွေ အမျိုးမျိုး ပြောင်း… ဒီလူတွေအပေါ်မှာပဲ သဘောထားချင်းက မတူနဲ့ အတော်စိတ်ညစ်စရာ ကောင်းတာဗျာ…”

“အေး…ငါလည်းဒီအတိုင်းပဲ…တကယ်စိတ်ရှုပ်တာ…နားအေးမလားလို့ ကိုယ့်အိမ်ကိုယ်ပြန်နေမိပါတယ်… အဖေကတစ်ဆ … ယောက္ခမကတစ်ဆ … နှစ်ဆပို အပြောခံနေရတော့တာပဲ…”

သမီးယောက်ဖနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ငိုင်တွေနေမိပါသည်။ သူတို့ပြဿနာက ပထမတစ်ကြိမ်တုန်းက အလွယ်တကူဖြေရှင်းလို့ရခဲ့သော်လည်း ဒုတိယအကြိမ်မှာတော့ အရင်ပုံစံအတိုင်း ဖြေရှင်းလို့ မရနိုင်တော့ချေ။

“ကျွန်တော် တစ်ခုစဉ်းစားမိတာတော့ ရှိတယ်… အဖေတွေ အိမ်မှာ လိုက်မနေဘဲ ကိုယ့်ဘာသာကိုယ်တိုက်ခန်းငှားပြီးတော့ပဲဖြစ်ဖြစ် နေကြရင်ကော…”

“ဟုတ်ပြီ… မင်းအကြံ ဝွတ်တယ်… ဒါဆိုရင် ငါတို့ အနည်းဆုံး လူကြီးတွေရဲ့ ဝေဖန်ရေးတွေကိုရှောင်ပြီး လွတ်လွတ်လပ်လပ်နေနိုင်မှာပဲ…”

“အပြောရတော့ ခက်လိမ့်မယ်ထင်တယ်…”

“မတတ်နိုင်ဘူးကွာ… ငါတော့ မင်းအကြံအစည်ကို သဘောကျတယ်… ငါ့သူငယ်ချင်းတစ်ယောက်ရှိတယ်ကွ… သူက တိုက်တွေဆောက်ပြီ ရောင်းတန်ရောင်း…

ငှားတန်ငှားတာ… သူ့ဆီက အခန်းနှစ်ခန်းကပ်လျက်ယူပြီး နေကြရင်မဆိုးဘူး … တစ်ယောက်ကို တစ်ယောက် အကူအညီလည်း ပေးနိုင်တယ်… မုံမုံနဲ့ ညညလည်း အဖော်ရမယ်ကွ…”

နေ့သစ်က သူ့ဘာသာ စီစဉ်ပြီး တက်ကြွနေသည်။ ဂင်္ဂါကတော့ ဘယ်လိုပဲစီစဉ် စီစဉ် ယောက္ခမလက်က ရာနှုန်းပြည့်လွတ်မြောက်ဖို့ မလွယ်လှကြောင်း သဘောပေါက်နေကာ စိတ်ထဲခပ်လေးလေးပဲ ဖြစ်နေရသေးလေသည်။

www.foreverspace.com.mm



“ကိုနေ့တို့လင်မယား ဘယ်သွားကြမလို့လဲဗျ…”

အောက်ထပ်ကနေ တက်လာသော ဂင်္ဂါတို့လင်မယားနှင့် အပေါ်ထပ်ကနေ ဆင်းလာသော နေ့သစ်တို့ စုံတွဲလှေကားထစ်ဝက်မှာ ဆုံသွားခိုက် ဂင်္ဂါက လှမ်းမေးလိုက်တာ ဖြစ်ပါသည်။

နေ့သစ်က လွတ်လပ်ပေါ့ပါးစွာပြုံးကာ…

“အေးကွ… ညနေစာ မချက်ဘဲ အပြင်မှာ သွားစားကြမလို့… မင်းတို့ရော…”

“ရုပ်ရှင်ကြည့်ပြီး ပြန်လာတာ… ညနေစာတော့ ထွက်မစားတော့ဘူး… ဝက်အူချောင်း ရှိတယ်… ငါးသေတ္တာ ရှိတယ်… ကိုယ့်ဘာသာပဲ ချက်စားကြမလို့…”

“အေးကွာ… ဒီမိပဲ… ကိုယ့်အိမ်ကိုယ့်ယာနဲ့ ကိုယ်နေရတာ… တယ်ကောင်းတာပဲ…”

"ကောင်းမနေနဲ့… မိုးမှောင်လာပြီ… မြန်မြန်သွားကြ
ရအောင်…"

ယမုံနာက စကားဖြတ်ကာ အတင်းဆွဲခေါ်
တော့မှပဲ ကိုယ့်ဘဝကိုယ် ကြည်နူးပီတိဖြစ်နေသော နေ့သစ်
လည်း ကန့်လန့်ကန့်လန့် လိုက်ပါသွားတော့သည်။

"ဟုတ်တယ်နော်… ဘာပဲဖြစ်ဖြစ် ကိုယ့်ဘာသာနေရ
တာကတော့ စိတ်ချမ်းသာဖို့ ကောင်းသား…"

"လာဘ်လည်း ပွင့်သေးတယ်…"

"ဘာရယ်…"

"ဟုတ်တယ်လေ… ညညအဖေနဲ့ ကိုယ့်အဖေ လာဘ်
ပိတ်နေလို့ ဒီမှာလို ပျော်စရာသတင်းမျိုး မကြားရဘူး
မို့လား… ဒီလည်းပြောင်းလာရော … လာဘ်ပွင့်ပြီး
သတင်းထူးတွေ ဘာတွေကြားနေရော…"

ညနေခင်းက သူမရဲ့ ဝမ်းဗိုက်ကလေးကို ငုံ့ကြည့်
လျက် ရက်စနိုးနိုင်သော၊ သို့သော်လည်း ကြည်နူးပီတိတို့ဖြင့်
စိမ့်ဖြာနေသော အပြုံးကလေးကို ပြုံးလိုက်မိပါသည်။

ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီတိုက်
ခန်းကို ပြောင်းလာပြီး မကြာခင်မှာ ညညရော ယမုံနာရော
သားဖွားမီးယပ် ဆရာဝန်ဆီ သွားပြရသည့်အဖြစ်ကို မရေး
မနှောင်း ကြုံလိုက်ရပါသည်။ ဆရာဝန်ဆီက အဖြေပြန်ရ
သည့်အခါမှာတော့ နှစ်ယောက်စလုံး ကိုယ်ဝန်ရှိနေကြပြီ
ဆိုတာ သေချာသွားလေသည်။

www.foreverspace.com.mm



ယောကျ်ားသားနှစ်ယောက်မှာ ထိုသတင်း
ကြောင့် တခုန်ခုန်ပျော်ရွှင်နေရသည့်ကြားထဲက နေ့သစ်က
စတင်သတိရကာ ဒါ အဖေနှစ်ယောက်မရှိတော့လို့ လာဘ်ပွင့်
တာဟု ပြောခဲ့တာဖြစ်ပါသည်။

ယမုံနာနဲ့ ညနေခင်းရဲ့ မူးတွဲကိုယ်ဝန်ကိစ္စ ကိုယ့်
လူလေးယောက်ကြားထဲမှာသာ ကျိတ်ပျော်နေကြတာဖြစ်
သော်လည်း လူကြီးတွေကိုတော့ အသိမပေးရဲကြပါ။

ကိုယ့်သမီးတွေကို လေတစ်ချက်ကလေးမှ
အသလပ်မခံချင်… ဖြုတ်တစ်ကောင်မှ အကိုင်အခံစေချင်
သည့် အဖေကြီးနှစ်ယောက်ဟာ သူတို့သမီးတွေမှာ ပတ္တမြား
ရွှေကြုပ်… နှုတ်ငုံတော်ရှိနေပြီဆိုတာသာ… သိလို့ကတော့
ဝေါယာဉ်အသီးသီးနဲ့ အိမ်ရှေ့ရောက်လာပြီး လူငယ်တွေက
လိုက်ချင်ချင်… မလိုက်ချင်ချင် အတင်းကာရော ခေါ်ချသွား
တော့မှာပင်။

အဲဒါကိုပင် သူတို့တစ်တွေကလည်း ကြောက်နေ
ကြတာ။ အိမ်ခွဲဆင်းကြည့်လိုက်တော့မှ ကိုယ့်သာကိုယ်နေ
ရသည့် လွတ်လပ်စိတ်ချမ်းသာမှုကို သူတို့တစ်တွေက အပြည့်
အဝခံစားလို့ရနေလေသည်။ မနက်အိပ်ရာက ထချင်သည့်
အချိန်မှထ၊ အိမ်ကို ပြန်ချင်သည့်အချိန်မှပြန်၊ အားလပ်ရက်
မှာ လျှောက်လည်ချင်သလို လျှောက်လည်၊ ထမင်းဟင်းကို
အိမ်မှာမချက်ဘဲ စားချင်သည့်အချိန်ကျမှ ကြိုက်ရာဝယ်စား။
ကဲ… ဘယ်လောက် ကောင်းထားလိုက်သလဲ။

အဲဒီထက်ပိုကောင်းတာက အခုမှ လင်မယား လွတ်လွတ်လပ်လပ် ယုယကြင်နာလို့လည်းရနေကာ ရန်ဖြစ်စိတ်ကောက်ချင်လည်း ဘယ်သူဝင်စွက်မှာမှ မကြောက်ရဘဲ စိတ်တိုင်းကျ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်။ အခုမှ အခွင့်အရေးရတာမို့ အခုမှပဲ စိတ်ရှိလက်ရှိ စိတ်ကောက်၊ ပြန်ချော့၊ ပြေလည်နှင့် ပျော်စရာကောင်းနေလိုက်ကြသည်မှာ ညားကာစ လင်မယားတွေအတိုင်း ဖြစ်နေတော့သည်။

"ဟော… မိုးရွာလာပြီ… မိုးကလည်းနော်…ဆောင်းပဲ ဝင်တော့မယ်… ရှာတုန်… ဟိုနှစ်ယောက်ထွက်သွားတာ ထီးမှပါသွားကြရဲ့လား မသိဘူး…"

အဘွားကြီးလေးလို တဖျစ်တောက်တောက် ပြောနေသော ညညကို ဂင်္ဂါက ချစ်စနိုးပြုံးကြည့်မိပါသည်။

သမီးရည်းစားဘဝ သက်တမ်းဘယ်လောက်မှ မကြာလိုက်ဘဲ အိမ်ထောင်ကျလာရကာ အိမ်ထောင်ဦးကာလ တစ်လျှောက်လုံး အဖေနှစ်ယောက်ရဲ့ နှိပ်စက်အုပ်ချုပ်မှုအောက်မှာသာ ပြားပြားဝပ်နေခဲ့ရတာကြောင့် တစ်ယောက်နဲ့တစ်ယောက် စိတ်ရင်းအတိုင်းမြင်အောင် ကြည့်ခွင့်မပင်မရခဲ့ကြပါ။

ညညကိုဆို ဂင်္ဂါက ချစ်စရာကောင်းပြီးကလေးဆန်လွန်းသော ကိုယ့်ဘက်ကသာ ဘာမဆို အလိုလိုက်သိတတ်ပေးရပြီး၊ သူ့ဘက်ကတော့ ဘာဝတ္တရားကိုမှ သိမှာမဟုတ်သော ခပ်ပေါ့ပေါ့ကောင်မလေးပဲလို့ ထင်ထားခဲ့တာ။



အခုလို နှစ်ယောက်တည်း အတူနေခွင့်ရသည့်အချိန်ကျမှ ညညဟာ သူထင်သလောက် ပေါ့ရှန့်ရှန့်ကောင်မလေးမဟုတ်ဘူးဆိုတာ ဂင်္ဂါက ပိုသိလာသည်။ သူ့အရွယ်၊ သူ့အသိဉာဏ်၊ သူ့အတွေ့အကြုံလေးနဲ့ ယောကျ်ားအပေါ် ဂရုတစိုက် ပြုစုလုပ်ကိုင်ပေးရှာသား၊ နောက်ပြီး မယားဝတ္တရားကျေယုံသက်သက် မဟုတ်ဘဲ ကိုယ့်အတွက်ဆို သူလုပ်နိုင်တာထက်တောင်မှ အစွမ်းကုန် ဆောင်ရွက်ပေးဖို့ စေတနာထားရှာတာသည်လည်း သိသာပေါ်လွင်နေသား။ ငယ်ငယ်လေးတည်းက အမေဆုံးသွားလို့ အမိအုပ်ပြီး ကြီးပြင်းခွင့်မရခဲ့တာမို့ တချို့ကိစ္စတွေမှာ မသိတတ်၊ မလုပ်တတ်တာလေးတွေ ရှိပေမယ့် ကိုယ့်ကို ချစ်သည့်စိတ်နဲ့ စေတနာကတော့ အပြည့်ပဲဆိုတာ ဂင်္ဂါက ခံစားလို့ရနေပါသည်။

ဒီလောက်ဆိုရင်ပဲ လုံလောက်ပြီမဟုတ်လား။ ကျန်တာတွေက နောက်မှဖြည့်ဆည်းလို့ရသည်။ အဓိကလိုအပ်တာက စေတနာ။ နောက်ပြီး လင်မယားဆိုတာ ဘဝခရီးကို အပေးအယူမျှမျှ၊ အေးအတူ ပူအမျှ၊ နားလည်မှုအပြည့်အဝနဲ့ ဖြတ်သန်းကြဖို့သာ လိုသည်။ သူသာတယ်၊ ငါနာတယ် တွက်စရာမလို။ ဒါကို လူကြီးတွေကသာ တစ်ကိုယ်ကောင်း အတ္တစိတ်တွေ ဖုံးပြီး မမြင်နိုင်ကြတာ။

အဲဒါတွေကြောင့်ပဲ အဖေတွေအိမ်ကို ပြန်ရောက်သွားမှာများဖြင့် သူတို့အားလုံး ကြောက်နေကြရတာပေါ့။

"တံခါးတွေ လိုက်ပိတ်လိုက်ဦးမယ်..."

ညညက ထိုင်ရာကထကာ မိုးစက်တွေတဖွဲဖွဲ ဝင်ရောက်လာစပြုနေပြီဖြစ်သော ပြတင်းပေါက်တွေကို ပိတ်ဖို့ ထွက်သွားပါသည်။

"ဟာ... မလုပ်နဲ့... မလုပ်နဲ့... ကိုယ်ပဲ ပိတ်မယ်... တော်ကြာ မိုးပက်ပြီး ဖျားနေမှ ဒုက္ခရောက်နေပါဦးမယ်... ညညက အခုဆို မပေါ့မပါးနဲ့... အနေအထိုင်ဆင်ခြင်မှ..."

"ကိုဂါကလည်း... ရယ်စရာပြောနေပြန်ပြီ... ပြတင်းပေါက်ကဝင်တဲ့မိုးစက်လောက်နဲ့တော့ မဖျားပါဘူး... နောက်ပြီး ကိုယ်ဝန်ကလည်း အခုမှရှိကာစလေးဟာကို... ဒီအချိန်တည်းကစပြီး အနေအထိုင်ဆင်ခြင်စရာတော့ မလိုပါဘူး..."

"ဘယ်အချိန်ပဲဖြစ်ဖြစ် လိုတာပေါ့... အစောပိုင်းဆို ပိုတောင်လိုဦးမယ်... လနုသေးတော့ ကိုယ်ဝန်က မခိုင်သေးဘူး... အဲဒီအချိန်မှာ ပိုသတိထားသင့်တာ...လရင့်လို့ခိုင်သွားတဲ့အချိန်ကမှ သတိလစ်လို့ရဦးမယ်..."

လရင့်လာသည့်အခါကျတော့လည်း လကရင့်လာပြီ၊ မွေးကာနီး ဖွားကာနီးဖြစ်နေပြီ။ ပိုပြီးသတိထားရတော့မယ်ဆိုပြီး ပြောဦးမှာပါပဲဟု ညညက ဆက်တွေးနေလိုက်သည်။

ဘာပဲဖြစ်ဖြစ်... ကိုယ့်ယောကျ်ားက ကိုယ့်



အပေါ် သည်းသည်းလှုပ် စိတ်ပူတာကို မိန်းကလေးတိုင်း သဘောကျ ကျေနပ်ကြတာချည်းပဲမို့ ဂင်္ဂါရဲ့ အဖြစ်သည်းမှုကို စိတ်အိုက်သလို မျက်နှာလေးရှုံ့ထားလျက်ပဲ ညညက ကျေနပ်နှစ်သိမ့်နေမိတော့လေသည်။

www.foreverspace.com.mm



www.foreverspace.com.mm



“ညညရေ… ညည… ဘာလုပ်နေသလဲ…”

ညနေ ကိုဂါပြန်လာလျှင် ဖွယ်ဖွယ်ရာရာလေး စားရအောင် စိတ်ကူးတည့်သမျှ စီစဉ်ချက်ပြုတ်နေသော ညနေခင်းက အိမ်ရှေ့ကနေ တံခါးခေါက်ကာ ခေါ်လိုက်သော ယမုံနှာ့အသံကို တော်တော်နဲ့ မကြားပါ။

“ညညရေ…”

ယမုံနှာက ငါးခွန်းမြောက်ခေါ်မှပဲ ညနေခင်းက ကြားသွားကာ လျှပ်စစ်မီးဖိုပေါ်က ငါးခူးငါးဆုပ်ဟင်းအိုးကို မီးပိတ်၊ ဟင်းနံ့ နံ့စော်နေသောလက်ကို ရေမြန်မြန်ဆေး၊ လက်အစိုကို သုတ်ဖို့ လက်သုတ်ပဝါတစ်ထည် ဆွဲယူ ရေသုတ်ရင်း အိမ်ရှေ့သို့ ပြေးထွက်လာခဲ့ရပါသည်။

“ဘာတွေဖြစ်နေတာလဲ ညညရယ်… ခေါ်မကြား… အော်မကြားနဲ့…”

“ဟင်းချက်နေတာ မမမုံမုံရဲ့… ကိုဂါက အမြင်စာတွေပဲ စားရတာကြာလို့… ညည်းငွေ့လာပြီဆိုတာနဲ့လေ…

အိမ်ထမင်း အိမ်ဟင်းလက်ရာကောင်းကောင်းချက်ကျွေးချင်လို့…"

ယမုံနာက ယောက်မလေးကိုကြည့်ကာ ချစ်စနိုး ပြုံးလိုက်မိပါသည်။ ကိုယ့်မောင်အပေါ် ချစ်ခင်အားကိုး စေတနာထားလှတာ တွေ့ရတော့ အစ်မတစ်ယောက်အနေနဲ့ သဘောကျမိတာပဲပေါ့။

"မမတောင် ဒီအခန်းပြောင်းလာပြီးကတည်းက ဘဲဥကြော်..ဝက်အူချောင်း.. ဝက်ပေါက်ခြောက်ကြော်… ငါးသေတ္တာ… ဝက်သားဘူးလောက်ပဲ ချက်ဖြစ်သေးတာ … ဖွယ်ဖွယ်ရာရာ မယ်မယ်ရရ ဟင်းမျိုးမချက်ဖြစ်သေးဘူး…"

"အခု… ငါးခူငါးဆုပ်လုပ်ထားတာလေ… ကိုကိုက အဲဒါကြိုက်တယ်… ချက်ပြီးရင် မမမုံမုံတို့ကိုလည်း တစ်ခွက်လောက်ပေးမလို့… ကိုကို ဘာကြိုက်တတ်တယ်ဆိုတာတွေလည်း မမမုံမုံကို ပြောထားရဦးမယ်… ကိုဂါ ဘာကြိုက်သလဲဆိုတာကို ညညကို ပြောပြဦးနော်…"

ကိုယ့်ထက် အသက်ငယ်ပေမယ့် ကိုယ့်ထက်တောင် ထောင့်စေ့သိတတ်နေပါသေးလားလို့ ယောက်မလေးကို မုံမုံက ပိုပြီး အထင်ကြီးသွားရပါသည်။ ဒီအကြောင်းတွေ သူမဖေနဲ့ ကိုယ့်အဖေ(သူမရဲ့ယောက္ခမ) တို့သိသွားလျှင် ဘယ်လိုနေကြမလဲတော့ မသိချေ။

"မမမုံမုံ ဘာကိစ္စရှိလို့လဲဟင်… ညညကို ဘာခိုင်းစရာရှိလို့လာတာလဲ…"

www.foreverspace.com.mm



"ခိုင်းစရာမရှိပါဘူး… ကိုနေ့ အလုပ်သွားတော့ မမတစ်ယောက်တည်းပျင်းလို့… ပြီးတော့ ကိုနေ့ရောဂါဂါရော မှာထားတယ်လေ… သူတို့မရှိတုန်း…ညညကို စောင့်ရှောက်ပါတဲ့…"

"အောင်မလေး… ညညကိုလည်း မှာထားကြပါရဲ့နော်… သူတို့မရှိတုန်း မမုံမုံ့ကို ကြည့်ထားပါတဲ့… မမမုံမုံက ပေတေတေဖွတ်တရွတ်ရယ်တဲ့… ကိုယ့်မှာကိုယ်ဝန်ကြီးနဲ့ဆိုတာ သတိမထားဘဲ အမြင့်တွေတက်လိုတက်… အမူအစပ်… အချဉ်တွေစားလိုစား… ထိုင်လိုက်ထလိုက် လှုပ်လှုပ်ရှားရှားတွေ လုပ်လိုလုပ်နဲ့… အငြိမ်မနေလွန်းလို့ ကြည့်ပေးထားပါတဲ့…"

"အင်း… အဲဒါပဲ… ယောကျာ်းတွေဟာ သူတို့မိန်းမ မဟုတ်တိုင်း ပါးစပ်လေးတစ်ခုနဲ့ အတော်ပြောချင်ကြတယ်… ညညလည်း နားလည်မှာပါ… မိန်းမတွေဆိုတာ ကိုယ်ဝန်တစ်ခုလွယ်ရတာ ကိုးလကျော်… အဲဒီ တစ်လျှောက်လုံး မလှုပ်မရှား အိပ်ရာထဲပဲ လှဲနေလို့ ရမလား… နဂိုရောဂါရှိတဲ့လူကတော့ တစ်မျိုးပေါ့… ကျန်းကျန်းမာမာ လူကတော့ သွားဟယ်လာဟယ်နဲ့ ကိုယ်လုပ်နေကျအတိုင်း လုပ်မှာပဲ… နောက်ပြီး အစား အသောက်ကိစ္စ… မိန်းမဆိုတာ အချဉ်အငန်… အစပ် အမူ… သိပ်ကြိုက်တာသဘာဝ… ဒီကိုယ်ဝန်ဆောင် နေတဲ့ ကာလအရှည်ကြီးမှာ ကိုယ်ကြိုက်တာတွေ လုံးဝ

မစားဘဲ ရှောင်ရမယ်ဆိုတာ တရားပါဦးတော့မလား"

"အင်းလေ..."

ညညကလည်း ကိုယ်ချင်းစာစွာ သွက်သွက်လက်လက်ကြီး ထောက်ခံလိုက်ပါသည်။ ယောကျ်ားတွေဟာ တကယ်မ ကိုယ်ချင်းမစာတတ်ကြတာတော့ အမှန်ပင်။ မိန်းမတွေရဲ့ ဗိုက်ထဲမှာ သူတို့ရဲ့ ရင်သွေး၊ သူတို့ရဲ့ မျိုးဆက်ကလေး ရှိနေပြီဆိုတာနဲ့ ထိုမျိုးဆက်ကလေးအတွက်ပဲ အာရုံဝင်စားကြတော့တာ ထိုကလေးကို လွယ်ဗိုးထားရသူကိုကျတော့ သက်မဲ့စုဘူးကြီးတစ်ခုလိုပဲ သဘောထားပြီး ကြိုက်သည့်အစာတွေ မစားရလို့ တားလိုတား၊ မကြိုက်သည့်ကြက်ဥ နွားနို့ စတာတွေ၊ အားဆေးတွေ လိုမ့်ကျွေးလိုကျွေး၊ ဟိုဟာမလုပ်ရ ဒီဟာမလုပ်ရ ချုပ်ချယ်လိုချယ်နဲ့ လူတစ်ယောက်လိုကို သဘောထားပြီး မဆက်ဆံတော့ချေ။

"အခု... မုံမုံလာတာက ညညကို အဖော်စပ်မလို့..."

"ဟင်... ဘာလဲ..."

ယမုံနှာ့မျက်နှာက လျှို့ဝှက်လုပ်ကြံမှုကြီးတစ်ခုကို လုပ်တော့မည်ဟန်မျိုးနဲ့ အရေးတကြီးဖြစ်လာလျှင် ညညကလည်း အရမ်းတွေ စိတ်ဝင်စားသွားရလေသည်။

"လမ်းထိပ်က ဒေါ်မိကြီး... အသုပ်ဆိုင်လေ... စားဖူးတယ်မို့လား... သိပ်ကောင်းတာ... အဆာလည်းစုံတယ်... သင်္ဘောသီးခြစ်ရော... ကျောက်ပွင့်ရော... ပဲပြား ပဲပင်ပေါက်... အာလူး အကုန်ရှိတာ... အချဉ်

www.foreverspace.com.mm



ဖျော်တာလည်း သိပ်ကောင်းပဲ... ဟင်းခါးကလည်း ငါးလေးနဲ့ချက်ပြီး ငါးပိပါခပ်ထားတာ... မွှေးနေတာပဲ... အဲဒါ သွားစားကြရအောင်လို့..."

"ကောင်းပါ... ကောင်းတယ်... အခုသွားမလား..."

ကိုဂါရဲ့ မျက်စိအောက်မှာ ဖွယ်ဖွယ်ရာရာ အစားအသောက်တွေနဲ့ ကင်းဝေးနေရတာကြာပြီဖြစ်သော ညညကလည်း သိပ်ပြီးမထောက်ခံရှာ၊ ဝုန်းခနဲထိုင်ရာက ခုန်ထကာ ယမုံနှာ့ထက်တောင်မှ တက်ကြွနေတော့သည်။

"လာလေ... မြန်မြန်သွားထားရအောင်... အချိန်ကတော့ ရတော့ရပါသေးတယ်... ဒါပေမယ့် စောစောပြီးထားတော့ ကောင်းတာပေါ့.... ဟိုနှစ်ယောက်က စိတ်မထင်ရင် မထင်သလို အိမ်ကို စောစောပြန်ရောက်လာတတ်တာမို့လား..."

"ထီးတော့ယူသွားရင် ကောင်းမယ်နော်... မိုးတွင်းကုန်လောက်ပြီဆိုပေမယ့် စိတ်မထင်ရင် ရွာတတ်သေးတာ..."

"အို... မလိုပါဘူးကွယ်...ထီးကြီးကိုင်သွားရမှာ တပင်တပန်းနဲ့... မတော်မှကျန်ခဲ့ရင် တို့ကိစ္စပေါ်သွားဦးမယ်... မိုးရွာတော့လည်း ပြေးကြတာပေါ့..."

သမီးယောက်မနှစ်ယောက် သဘောတူညီချက်ရကာ ထီးမပါ ဘာမပါနဲ့ ဒီအတိုင်းပဲ အသုပ်ဆိုင်သို့ ချီတက်လာလိုက်ကြပါသည်။

စားသောက်ဆိုင်သေးသေးလေးတွေ တော်တော်စုံသော လမ်းထိပ်သို့ရောက်လျှင် အသုပ်တစ်ပွဲစီနဲ့ မတင်းတိမ်ကြဘဲ၊ မန့်ကျည်းဖျော်ရည်ပါ တစ်ယောက် တစ်ခွက်သောက်လျက်၊ ကုလားဗယာကြော်သည်ဆီက ဗယာကြော်ပါ ဝယ်စားခဲ့လိုက်ကြသေးသည်။

အမြင်ရောက်ခိုက်ဆိုကာ လမ်းထိပ်မုန့်ဆိုင်က ဆီးထုပ်၊ မရမ်းပြား စသည့်ယိုစုံတွေပါ ဝယ်ယူလာခဲ့လိုက်သေးသည်။

မုန့်ဆိုင်က ပြန်အထွက်မှာတော့ မိုးကရွာချပြီ။ ပထမတဖွဲဖွဲကျရာက လမ်းတစ်ဝက်လည်းရောက်ရော မိုးကရွာချပြီ။ ပထမတဖွဲဖွဲကျရာက လမ်းတစ်ဝက်လည်းရောက်ရော သဲကြီးမဲကြီး ရွာလေတော့ရာ နှစ်ယောက်သားမှာ အမိုးမပါ၊ အဆောင်းမပါ ကိုယ့်အိမ်ပြန်ရောက်အောင် ခပ်သွက်သွက်ပြေးရလေတော့သည်။

လမ်းကလည်း သေသေချာချာ မခင်းရသေးသော မြေနီလမ်းမို့ ရွှံ့တွေက ချောနေတာမို့ ပြေးရတာ ခြေလှမ်းကိုမတွင်။ အတော်ပြေးလိုက်မှ လှေကားရင်းကိုရောက်သည်။

"ညညု... သတိထားနော်... ချောလဲမယ်..."

သူတို့ရဲ့တိုက်က အပြီးသတ် အချောမကိုင်ရသေးတာမို့ လှေကားကို အကာအရံမတပ်ရသေးပါ။ ပြတင်းပေါက်တွေအတွက် လုပ်ထားသော ဟာလာဟင်းလင်းနေရာ

www.foreverspace.com.mm



တွေကနေ ရေတွေပက်ထားလိုက်သည်မှာ လှေကားတစ်ခုလုံး တုတ်တုတ်ရွှဲ။

ဒီကြားထဲ တစ်ချိန်လုံး လမ်းထဲက မြေမှုန့်၊ ဖုန်မှုန့်တွေ တသောသောနဲ့ တက်လိုက်ဆင်းလိုက် လုပ်ထားသည့်နေရာတွေက ရေထိသည့်အခါ ရွှံ့တွေဖြစ်လျက် ကိုယ့်အရင် လှေကားပေါ်တက်သွားနှင့်ကြသူတွေရဲ့ နင်းအားကြောင့် စီးထန်းနေတော့သည်။

နှစ်ယောက်သား အခုမှပဲ သတိထားမိကြတော့ကာ လှေကားကို တုံ့နှေးတုံ့နှေးနဲ့ ခပ်ကုပ်ကုပ် တက်နေရပါသည်။

သူတို့အခန်းက လေးထပ်မြောက်မှာမို့၊ အပေါ်ရောက်ဖို့ အတော်လေး သတိထားတက်အပြီး သုံးထပ်အရောက်မှာ ယမုံနာက စတင်ခြေချော်သွားပါသည်။

စေးထန်းမျစ်ချွဲနေသော ရွှံ့ပုံကို နင်းလျက် ဟန်ချက်ပျက်သွားသော ယမုံနာက အလန့်တကြားနှင့် ညနေခင်းကို လှမ်းဆွဲလိုက်ပါသည်။ ညနေခင်းကလည်း ယမုံနာ့ကို စိုးရိမ်တကြီးနဲ့ ဖမ်းပြီး ထိန်းတော့ ထိန်းလိုက်တာပါပဲ။

သို့သော် သူမကိုယ်တိုင်ကလည်း ဟန်ချက်ညီလှတာမဟုတ်ချေ။ ကိုယ်ခြေထောက်က ရေတွေ ရွှံ့တွေကြောင့်ရော၊ လှေကားက ရွှံ့တွေကို နင်းမိထားတာကြောင့်ရော ခပ်ချော်ချော်ရှိနေရသည့်ကြားထဲ လူတစ်ယောက်လုံးကို အားနဲ့ ဆွဲထိန်းလိုက်ရသည့်အခါ ဘယ်လိုမှ ဟန်ချက်မငြိမ်

နိုင်တော့ချေ။

နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် ဆွဲ၊ လှေကားလက်ရမ်းတွေကို ဆွဲမိဆွဲရာနဲ့ အတော်ကြာအောင် ဝရုန်းသုန်းကားဖြစ်နေလိုက်ကြပြီးလျှင် နောက်ဆုံးမှာတော့ မထိန်းနိုင်တော့ဘဲ လှေကားထစ်တွေအတိုင်း တဝုန်းဝုန်းမြုတ် ကျကုန်ကြလေတော့သည်။

www.foreverspace.com.mm



"တောက်…နည်းနည်းလေးမှ အသုံးမကျတဲ့ကောင်… ကိုယ့်မိန်းမ ဒီလောက်အထိ ဖြစ်တာတောင်မှ အရပ်ကပြောလို့သိပြီး… ဆေးရုံးလုပ်လာရတဲ့အကောင်တွေ… ရှက်ဖို့ ကောင်းလိုက်တာကွာ…"

အိမ်ကိုပြန်နေကျအတိုင်း ပုံမှန်ပြန်ရောက်လာသော နေ့သစ်မှာ အခန်းနီးနားချင်းတွေပြောပြမှ ယမုံနာ တစ်ယောက် လှေကားက ချော်ကျကာ ဆာကူရာဆေးရုံသို့ အရေးပေါ်တင်လိုက်ရသည့်အကြောင်း သိလိုက်ရပါသည်။

ယမုံနာ့အတွက် စိုးရိမ်သောကတွေ တစ်ပွေ့တစ်ပိုက်နှင့် အမောတကော ဆေးရုံလိုက်လာခဲ့သော နေ့သစ်မှာ အခန်းဝကနေ ဆီးကြိုရန်တွေ့လိုက်သော ယောက္ခမကြီးရဲ့ မျက်နှာကို အရင်ဆုံးမြင်လိုက်ရတာမို့ ပိုလို့ပင် အမောဆို့သွားရပါသည်။

"မုံမုံ… ဘယ်လိုနေသေးလဲ အန်ကယ်… ဟိုကလေးကလေးရော…"

“ဘာမှမေးမနေနဲ့… မင်းကိုလည်း ဘယ်သူမှ လိုက်မလာခိုင်းဘူး… ငါ့သမီးလည်း မင်းသိစရာမလိုဘူး”

ယောက္ခမကြီး ဒီလောက်ဒေါသတွေကြီးကာ ရန်စွယ်နဲ့ ငေါငေါ လုပ်နိုင်သေးသည်ဆိုလျှင်တော့ အခြေအနေက သိပ်ဆိုးဆိုးဝါးဝါးကြီး မဟုတ်နိုင်သေးဘူးဟု နေ့သစ်က ဖြေတွေးတွေးလိုက်ရပါသည်။

သို့သော်လည်း အခန်းထဲမှာရှိနေသည့် လူနာဟာ ကိုယ့်ဇနီး၊ သူမရဲ့ ဗိုက်ထဲက ကလေးဟာ ကိုယ့်ရင်သွေးလေးဖြစ်ပါလျက် ကိုယ့်ကို အခန်းတွင်းလည်း ဝင်ခွင့်မပေး။ သတင်းလည်းမပေးသည့် ယောက္ခမကြီးရဲ့ လုပ်ရပ်ကိုကား နေ့သစ်က ဘယ်လိုမှ မကျေနပ်နိုင်ချေ။

“အန်ကယ်… မုံမုံဟာကျွန်တော့်ဇနီးဗျ… သူဒီလောက်အရေးကြီးနေတဲ့အချိန်မှာ အန်ကယ်မို့ ရန်ဖြစ်တာတို့… အပြစ်တင်တာတို့ လုပ်ချင်သေးတယ်ဗျာ…”

“ဘာ… ဟေ့ကောင်… ဒီအချိန်မှာမှ အပြစ်မတင်ရင် မင်းကို ဘယ်အချိန်သွားပြီး အပြစ်တင်ရမှာလဲ… ဘာလဲ… ငါ့သမီးတစ်ခုခုဖြစ်သွားတဲ့ အချိန်မှလား… ဒါတွေက မင်းကြောင့်ဖြစ်ရတာ… ဟိုအိမ်ပြောင်းလိုက်… ဒီအိမ်ပြောင်းလိုက်နဲ့ လူကြီးသူမအုပ်ထိန်းမှုအောက်မှာ မနေချင်လို့ အခုလိုဖြစ်ရတာ… ငါ့အိမ်မှာသာဆို အခုလို ဖြစ်မလားကွ… မင်းမို့ ဦးနှောက်မရှိတာ… ငါ့သမီး ကိုယ်ဝန်သည်ကိုများ လေးထပ်မှာ ထားရတယ်လို့ကွာ…”

www.foreverspace.com.mm



“ကိုယ်ဝန်သည်လေးထပ်မှာ မနေရဘူးလို့ တားမြစ်ချက် ရှိထားလို့လား… နောက်ပြီး ခါတိုင်း သူ အတက်အဆင်းလုပ်ရင် ကျွန်တော် ဘေးမှာ အမြဲပါတယ်… ကျွန်တော်မရှိဘဲ ဘယ်မှ မသွားရဘူးလို့တောင် တားထားသေးတာ… အခုဟာက ကျွန်တော် မရှိတုန်း သူ့ဘာသာ ဘယ်သွားမှန်းမသိ ဆင်းသွားလို့ ဖြစ်ရတာလေ…”

“ဩော်… မင်းက ဒီစကားနဲ့ အပြစ်ရှောင်ချင်တယ်ပေါ့လေ… အံ့မပါ့ကွာ… ဆေးရုံရောက်နေတဲ့ မိန်းမဘာဖြစ်သလဲတော့ အရင်မမေးဘူး… ကိုယ့်ကိုယ်ကိုယ်အပြစ်မရှိအောင် အရင်ရှောင်တယ်… ဒါမှ မင်းအပြစ်မဟုတ်ရင် ဘာက ဟုတ်ဦးမလဲ… ဒီလိုလေးထပ်တိုက်ပေါ်ကနေ အတက်အဆင်း လုပ်စရာဖြစ်အောင် မင်းပဲလုပ်တာလေ… ငါ့သမီးလေး ကိုယ့်အဖေအိမ်မှာ သူ့ဘာသာ အေးအေးဆေးဆေးနေတာကို မင်းပဲ နှောင့်ယှက်တာ မဟုတ်လား…”

“ဒါကတော့…”

“တော်ပြီ… မင်းဘာမှဆက်မပြောနဲ့… မင်းရဲ့ မဟုတ်ကဟုတ်က လုပ်ရပ်တွေကြောင့် ငါ့သမီးနဲ့ ငါ့မြေးကို အဆုံးရှုံးမခံနိုင်ဘူး…”

ယောက္ခမကြီးရဲ့ သွေးရှူးသွေးတန်းစကားတွေကို နေ့သစ်က နားမထောင်နိုင်တော့ပါ။ ရှေ့ဆက်ပြီး ကလေးရှိနေတာ သူ့ကို အသိမပေးလို့ တဗျစ်တောက်တောက်ပြော

နေသံတွေကို နားမထောင်တော့ဘဲ နေ့သစ်က (ရိုးလိုက ရိုင်းပါစေတော့) သူ့ဘေးကနေ တိုးကပ်ဖြတ်သန်းကာ အခန်းထဲဝင်လိုက်ပါသည်။

“မုံမုံ… ဘာမှမဖြစ်ဘူးနော်… မသေကောင်းမပျောက်ကောင်းကွာ… ကလေးကော…”

“ဟော့ကောင်… အခုမှ လာမေးမနေနဲ့…”

စောစောက သူပဲ ရန်တွေတွေ့နေလို့ အခုမှမေးခွင့်ရတာကိုးဟု နေ့သစ်က စိတ်ထဲကပဲ ပြောပစ်လိုက်ပါသည်။

“ကံကောင်းလို့… မုံမုံရာ ကလေးရော ဘာမှမဖြစ်ဘူး…”

“ဟော… ကိုနေ့ ရောက်လာပြီလား…”

“အေးကွ… ဖိုးဂါ… ညညရော…”

“သူလည်း ကောင်းပါတယ်… ခုနကပဲ အိပ်ဆေးသောက်ပြီး အိပ်ပျော်သွားတယ်…”

“မင်းရော အခြေအနေကောင်းရဲ့လား…”

နေ့သစ်က အခန်းဝကို လှမ်းကြည့်လျက် တီးတိုးမေးလိုက်ပါသည်။ ဂဂ်ါကလည်း နေ့သစ်လိုပဲ အခန်းဝကို ခပ်လှို့လှို့ကြည့်ကာ

“ဘာပြောကောင်းမလဲ ကိုနေ့ရာ… ငရဲပွက်တယ်ဆိုတာ… ဒါပဲလို့ပြောရမလိုပဲ… အသူရာနဲ့ သိကြားမင်းစစ်ဖြစ်တာတောင်မှ ဒီလောက်မဆိုးနိုင်ဘူး ထင်တယ်… အပြင်မှာ မိုးကတဝုန်းဝုန်းရွာ… မိုးကြိုးက

www.foreverspace.com.mm



တခြိမ်းခြိမ်းပစ်… ဆေးရုံထဲမှာလည်း ယောက္ခမကြီးက သောင်းကျန်းနဲ့… ဆေးရုံတစ်ရုံလုံး လျှောင်လှူပ်သလို ခါယမ်းနေတော့တာပဲ…”

“အေး… ငါလည်း ခရီးရောက်မဆိုက် မုံမုံနဲ့တောင် မတွေ့ရသေးဘူး… အဆူအကြိမ်းခံရပြီးပြီ…”

“ဟော့ကောင်တွေ… ဘာအကောက်ကြံနေကြတာလဲ… မင်းတို့တွေ ဘာမှပူးပေါင်းကြံစည်ဖို့ မစဉ်းစားနဲ့… အခု… ငါ့သမီးနေကောင်းသွားရင် သူ့ကို အိမ်ပြန်ခေါ်သွားမယ်… မောင်နေ့သစ်… မင်းလိုက်ချင်လိုက်… မလိုက်ချင် နေလို့ရတယ်…”

မြတ်စွာဘုရား…။ ယောက္ခမက မြတ်မြတ်သားသားကို စစ်ကြေညာတော့တာပါလား။ သူဆိုလိုသည့်သဘောက နေ့သစ်မှာ ရွေးစရာလမ်းနှစ်ခုပဲ ရှိတော့သည်။ တစ်လမ်းက မုံမုံနဲ့အတူ သူ့အဖေကြီးအိမ်မှာ လိုက်နေပြီး ယောက္ခမကြီးရဲ့ (နှစ်ဆတောင်ပိုတိုးလာနိုင်သည့်) နှိပ်စက်အနိုင်ကျင့်မှုကို တစ်သက်တာခံယူဖို့၊ နောက်တစ်လမ်းကတော့ ဇနီးနဲ့ ရင်သွေးလေးကို အပြီးအပိုင် စွန့်လွှတ်လိုက်ဖို့။

“ဟုတ်တယ်…မောင်ဂဂ်ါ…အန်ကယ်လည်း ဒီအတိုင်းပဲ ဆုံးဖြတ်တယ်… မင်းနဲ့လိုက်ပြီးတော့သာ အိမ်ခွဲဆင်းမသွားရင် ငါ့သမီး ဒီလိုအဖြစ်မျိုးနဲ့ ကြုံရမှာမဟုတ်ဘူး… ငါတို့အိမ်မှာသာဆို သမီးမှာ အခြေအရံအပြည့်အစုံနဲ့… သက်သောင့်သက်သာနဲ့ လိုတာမှန်သမျှ ထိုင်ရာမှ မထခိုင်းလို့ရတယ်… အခုတော့ မင်း

ကြောင့် ကိုယ်တိုင်ပင်ပင်ပန်းပန်း သွားလာလုပ်ကိုင်နေရတာ… မဖြစ်ဘူး… ဒီလိုအချိန်မျိုးမှာ သမီးဟာ ဖခင်ရဲ့ ရင်အုပ်မကွာ စောင့်ရှောက်မှုလိုတယ်… ခိုင်းရမယ့်လူတွေ ဝိုင်းဝိုင်းလည်နေဖို့လိုတယ်… ဒီတော့ သမီးကို ဆေးရုံကဆင်းရင် အိမ်ပြန်ခေါ်သွားမယ်… ဒါ… ငါ့ရဲ့ တစ်သက်စာ ဆုံးဖြတ်ချက်ပဲ….”

ဂဂ်ါနဲ့ နေ့သစ်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ဖြိုင်တူလိုပင် သက်ပြင်းချလိုက်မိကြပါသည်။

ဘာများ တတ်နိုင်ပါတော့မည်နည်း။ ကိုယ့်လမ်းကို ကိုယ်တိုင်ရွေးခွင့်မရှိမှတော့ သူများချပေးသည့် လမ်းကိုပဲ (မျက်နှာငယ်စွာ) လျှောက်ရပေတော့မှာပေါ့။

www.foreverspace.com.mm



“မောင်နေ့သစ်ရေ… သမီးအခန်းထဲ ရေနွေးဓာတ်ဘူးတွေယူသွားပြီး… ရေချိုးကန်ထဲမှာ အနေတော် စပ်ထည့်ပေးလိုက်စမ်းပါ… ဟီတာက မျက်နေတာ… မြင်မယ့် ကုလားခေါ်ထားတာလည်း မလာသေးလို့”

ပြောပြောဆိုဆို လက်ထဲ ဗျက်,ဗျက်ဆို ရောက်လာသော ရေနွေးဓာတ်ဘူးနှစ်လုံးကို သယ်မကာ နေ့သစ်က အိမ်ပေါ်ထပ် တက်သွားရပါသည်။

အခုအချိန်မှာ အရင်ခေါက်ကထက် ပိုဆိုးစွာ နေရာတကာ လိုက်ပါ၊ လိုက်စွက်နေပြီဖြစ်သော ယောက္ခမကြီးကို နေ့သစ်က တော်တော်စိတ်မျက်လှပြီဖြစ်သော်လည်း ဘာမှကို ပြောခွင့်မသာတော့ပါ။

ဖြစ်ပျက်ခဲ့သော ပြဿနာအရ ယောက္ခမမှာ ဗီတိုအာဏာအပြည့်အဝရှိသွားလေပြီ။ သူ့ရဲ့အနိုင်ကျင့် စီးပိုးမှု၊ စွက်ဖက်ပါဝင်မှု တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်မိလေတိုင်း သူ့ဘက်က ခပ်ထယ်ထယ်လေသံနှင့် “မင်း မနေချင်

သွားလို့ရတယ်လေ… သမီးကတော့ ဒီအိမ်မှာပဲ နေရမယ်… ကိုယ်ဝန်သည်ဆိုတာ အချိန်ပြည့် ရာနှုန်းပြည့် စောင့်ရှောက်မှုရှိရမယ်…' ဆိုသည့် စကားလုံးမျိုးနဲ့ သူတို့နှစ်ယောက်ကို တသီးတခြားစီ ခွဲခွာဖြစ်ဖို့ချည်း အပြောခံရတော့တာ။

ကြာတော့ သူ့ကိုအပြစ်တင်ချင်တာသည်ပဲ မုံမုံနဲ့ ကွဲကွာချင်လို့၊ ဒီအိမ်ကနေ ဆင်းသွားချင်လို့ အကြောင်းပြချက်ရှာနေသလို ဖြစ်လာသောအခါ နေ့သစ်က ဘာမှ မပြောချင်တော့ချေ။

တစ်ခါတစ်ခါတော့လည်း ကိုယ့်မိန်းမအတွက် ကိုယ့်ဘာသာ သိတတ်ကာ ပြုစုရာမှာတောင် သူက ဝင်ဩဇာပေး နှမ်းဖြူးလေသောအခါ ဘယ်လိုလူမျိုးကမှ သည်းခံနိုင်မှာမဟုတ်ပေ။

ယောက္ခမဆိုသည့် လူတန်းစားဟာ သားမက်တွေကို အနိုင်ကျင့် နှိပ်စက်ဖို့အတွက် သက်သက် လူဖြစ်လာကြသူတွေလားလို့ နေ့သစ်က တစ်ခါတစ်ရံ စဉ်းစားမိလေသည်။

"မောင်နေ့သစ်ရေ… ရေနွေးစပ်ပြီးရင် အောက်ထပ်ခဏပြန်ဆင်းခဲ့ဦးဟေ့… သမီးကို နက်ဖြန် ဆေးခန်းသွားပြရမှာ ဘွတ်ကင်ကြိုလုပ်ဖို့ ကိစ္စလုပ်ဦး…"

"ဟုတ်ကဲ့ပါ…"

ကိုယ့်ဘာသာလည်း လုပ်ကိုလုပ်မှာဖြစ်သော ကိစ္စတွေကို အတင်းပဲလိုက်ပြောနေမတော့တာပဲ။

နေ့သစ်က အောက်ထပ်ဆင်းကာ ဖုန်းဆက်ဖို့

www.foreverspace.com.mm



ကောက်ကိုင်လိုက်ချိန်မှာ ဦးမြင့်မြတ်က အပေါ်ထက်တက်သွားပါသည်။ ယမုံနာရေချိုးဖို့ ရေကို နေ့သစ်ကို အစပ်ခိုင်းလိုက်ပေမယ့် စိတ်မချလို့ ကိုယ်တိုင်သွားကြည့်ခြင်းပင်။

ရေချိုးကန်ထဲမှာ အသင့်စပ်ထားသော ရေနွေးကို လက်နဲ့ နှိုက်စမ်းလိုက်လျှင် ပူလောင်လွန်းသဖြင့် ဖျတ်ခနဲ လက်ကိုပြန်ထုတ်လိုက်ရကာ ဒီလောက်လေးတောင် အချိုးပြေအောင် မစပ်နိုင်သော သားမက် ငနုံငဖျင်းကို အလွန်အမင်း ဒေါသဖြစ်သွားရပါသည်။

ကြည့်စမ်း…။ ဒီကောင်ဟာ ငါ့သမီးကို ဂရုမစိုက်တာများ ဘယ်လောက်ထင်ရှားသလဲ။ သူ့ဘာသာဆို အခုလို မိုးအကုန် ဆောင်းအကူး မိုးလေးတစိမ့်စိမ့်။ ဆောင်းလေတသွေးသွေးနဲ့ အေးမြနေသည့် ရာသီမှာ ရေနွေးလေးစပ်ပြီး ရေချိုးသင့်သည်ဆိုတာကိုတောင် သိမှာမဟုတ်။ မသိလို့ သိတဲ့သူက ခိုင်းတာလည်း အဖြစ်ရှိအောင် လုပ်မလာ။

"မောင်နေ့သစ်…"

သူတို့လင်မယားကိစ္စ ဝင်မပါချင်ပေမယ့်… မဖြစ်တော့။ ဒီလောက် မသိတတ်တာကိုတော့ ပြောပြဆုံးမမှကို ဖြစ်တော့မှာ။

"ကျွန်တော် ဖုန်းဆက်နေတယ် အန်ကယ်…"

"ဖုန်းကို ခဏချထားဦး… ဒီမှာ… မင်းဘယ်လိုလုပ်လိုက်တာလဲကွာ… ရေနွေးစပ်ထားတာ စိတ်မချလို့ သွားကြည့်တာ… ငါ့လက်တောင် အပူလောင်တယ်… ငါ့သမီး အသားနုနုလေးနဲ့ တစ်ကိုယ်လုံးသာ ဝင်စိမ်

လိုက်လို့ကတော့ သေမှာပဲ… မင်းမို့ လုပ်ရက်တယ်ကွာ…”

ကဲ…ကဲ…။ ကိုယ်က ပြဿနာမတက်ချင်လို့ ဘယ်လိုပဲရှောင်ရှောင် ယောက္ခမပြဿနာအိုးကြီးကတော့ အတင်းကို ရန်စထွင်နေပြီ။ သူပြောပုံက နွေသစ်ကပဲ ကိုယ့်မိန်းမ ကိုယ်သေကြောင်းကြံနေသလိုမို့ နွေသစ်က ဘယ်လိုမှ သည်းမခံနိုင်တော့။

“အန်ကယ်…မုံမုံဟာ ကျွန်တော့်မိန်းမပါ… ကျွန်တော့်မိန်းမအတွက် ကျွန်တော့်မှာ စေတနာအပြည့်ရှိတယ်… မကောင်းတဲ့စိတ်မျိုး ဘာမှ ထားစရာမလိုဘူး… မုံမုံက ချက်ချင်း ဝင်ချီးမှာ မဟုတ်သေးလို့ သူချီးမယ့်အချိန်ကျ အနေတော်ဖြစ်အောင်မှန်းပြီး စပ်ပေးထားတာ… အန်ကယ်ပြောပုံက ဘေးလူကြားရင် တစ်မျိုးထင်စရာ ဖြစ်နေလိမ့်မယ်…”

“ဟေ…ဟေ…ဘာကွ…အောင်မယ်… မင်းက ငါ့ကို ခံပြောတယ်… မင်းနဲ့ငါ ဘယ်သူ ယောက္ခမ… ဘယ်သူ သားမက်လဲ… မင်းအခုနေ,နေတာရော… ဘယ်သူ့အိမ်လဲ…”

လာပြီ…။ တဆိတ်ရှိ မစ္စည်းရှင်ကြီးက သူ့မစ္စည်းဥစ္စာဆိုတာတွေနဲ့ချည်း ကိုင်ပေါက်နေတော့တာ။

“ကျွန်တော်က ကိုယ့်အိမ်ကိုယ် မနေနိုင်လို့… အန်ကယ့်အိမ်တက်နေရတာ မဟုတ်ဘူးနော်…”

“ဘာကွ… မင်းပြောပြန်ပြီ…ဒီမှာ မောင်နွေသစ်…

www.foreverspace.com.mm



မင်းကို အန်ကယ် ဘာမှထိန်းချုပ်ထားတာ မဟုတ်ဘူးနော်… မင်းကြိုက်ရာမှာ နေနိုင်တယ်… အန်ကယ့်သမီးကတော့ အန်ကယ်နဲ့ပဲ ရှိနေရမယ်… ဒါပဲ…”

“ဒါတော့ အန်ကယ်မတရားတာပဲ… ကျွန်တော်တို့က လင်မယားဗျ… အတူတူမနေလို့မရဘူး…”

“ဒါကတော့ ငါမသိဘူးကွာ… ငါသိတာက ငါ့သမီးကို ကိုယ့်မိန်းမကို လုံခြုံအောင် မစောင့်ရှောက် မကာကွယ်နိုင်တဲ့ လူမျိုးနဲ့ စိတ်ချမထားနိုင်ဘူး… ဟိုတစ်ခါလို အဖြစ်မျိုး နောက်တစ်ကြိမ်ကြုံမှာ သိပ်စိုးတယ်…”

ဒုက္ခပါပဲ…။ အဲဒီအမှတ်မထင် ပြဿနာကြီးဟာ သူတစ်သက်တာမှာ အနိုင်နဲ့အပိုင်းခံစရာ၊ ကိုင်ကိုင်ပေါက်စရာ အကြောင်းပြချက် ကောင်းကောင်းကြီးကို ဖြစ်နေတော့တာ။

“ကဲ…ကဲ… ဘာမှဆက်ပြောမနေနဲ့… နေတာမနေတာ မင်းသဘော… မင်းပဲဆုံးဖြတ်… အခုတော့ သမီးကို ရေသွားချိုးခိုင်းလိုက်တော့… မိုးအရမ်းအေးလာပြီ… အအေးမိတော့မယ်… ပြီးရင်လည်း နွေးနွေးထွေးထွေး နေခိုင်း…”

နွေသစ်မှာ ဘာမှမတတ်နိုင်ဘဲ အံကြိတ်ကာသာ လှည့်ထွက်ခဲ့ရပါသည်။

ခံပေဦးတော့ နွေသစ်ရေ။ ကိုယ်က သူ့သမီးကိုမှ ချစ်မိပြီး သူ့သမီးနဲ့ သူ့မြေးအလောင်းလျာလေးကိုမှ ခွဲလို့

မဖြစ်တော့တဲ့ဟာ၊ တစ်နှစ်လုံးမှာ သခွတ်ပန်းပွင့်ချိန်လေး တစ်ချိန်တည်း သမက်ကို ရန်တက်လုပ်ရှာသော အသူရာ နတ်မင်းကြီးထက် အဆတစ်ရာကျော်ပိုးဆိုးကာ နေ့စဉ်နေ့တိုင်း သမက်ကို ရန်မရှာရလျှင် စားမဝင်၊ အိပ်မပျော်သော ယောက္ခမ ရဲ့ နှိပ်စက်မှုကို တစ်သက်တာ ခါးစည်းခံပေဦးတော့ပေါ့။

www.foreverspace.com.mm



မိုးက တဝုန်းဝုန်းရွာချကာ အအေးဓာတ်မြင့် လာပြီမို့ ဂင်္ဂါက အလိုက်တသိပင် ဗီရိုထဲက ယုန်မွေးဆွယ် တာအဖြူလေးကိုထုတ်ကာ ညညဆီ ယူလာခဲ့ရပါသည်။

မယူလာလို့လည်း မဖြစ်ဘူးလေ။ ကိုယ်က အမူ မဲ့ အမှတ်မဲ့နေလိုက်မိလျှင် ကိုယ့်လို အမှုမဲ့ အမှတ်မဲ့မနေသော ယောက္ခမကြီးက သူ့သမီးကို ဂရုမစိုက်ဘူးလေး ဘာလေး ပြောဦးမည်။

နောက်ပြီး သူ့သမီးကို မျက်စိအောက်က အပျောက်မခံ၊ ဖြစ်နိုင်လျှင် အသက်တောင်မှ ကူပြီး ရှူပေး တော့မလောက် သည်းသည်းလှုပ်ဖြစ်နေသော ယောက္ခမကြီး နဲ့လည်း ယှဉ်ပြိုင်အနိုင်လုချင်သေးသည်။

ဂင်္ဂါအဖြစ်ကလည်း ရယ်စရာ။ ကိုယ်မိန်းမ ကိုယ် တခြားလူတစ်ယောက်နဲ့လုပြီး ဂရုစိုက်ပြနေရာ ရယ်စရာ လည်း ကောင်း၊ ရှက်စရာလည်းကောင်း၊ စိတ်ပျက်စရာလည်း

ကောင်းလှသည်။

ဂင်္ဂါဘက်မှာ ထောက်ပြစရာ ချို့ယွင်းချက်ကြီး က ရှိနေပြီမို့ ယောက္ခမက အဲဒါကိုပဲ နိုင်ကွက်ယူကာ သူ့ကို မလှန်ရဲအောင် ဖိထားတော့တာ။ ဂင်္ဂါက တစ်ခွန်းပြန်ပြော တာနဲ့ "မင်းမနေချင်ဆင်းသွား... ငါ့သမီးတော့ ထည့်လိုက် မယ် မထင်နဲ့..." လို့ ပိတ်ပိတ်ပြောပစ်တာမို့ အောင့်သက် သက်နဲ့ပဲ ငြိမ်ခံနေရတော့တာ။

ညညနှားရောက်ကာနီး ခြေသုံးလှမ်းစာလောက် အလိုမှာ အခန်းထောင့်ချိုးကွေ့တစ်ခုကနေ ဦးဇာနည်ကြီး ပေါ်လာပြီး

"ရှော့... သမီး...ဒီဂျာကင်လေး ဝတ်ထားလိုက်..."

"နေပါစေ အန်ကယ်... ကျွန်တော် ယူလာပြီးပြီ... ရှော့...ညည ဝတ်လိုက်..."

ဂင်္ဂါက ညညမယူမှာစိုးလို့ အတင်းပဲ ကိုယ့် အနွေးထည်ကို ထုတ်ပေးကာ ဝတ်ဖို့အတွက် လျှာခလုတ် တိုက်မတတ် တိုက်တွန်းလိုက်ရပါသည်။

"မင်းဟာက ယုန်မွေးကြီးပဲ..."

"ဟုတ်ကဲ့... အန်ကယ်... ပိုနွေးအောင်..."

ညညခမျာ အဖေနဲ့ ယောကျ်ား ဘယ်သူ့ဘက် လိုက်ရမလဲလို့ မျက်နှာငယ်ငယ်လေးနဲ့ တောင်ကြည့်မြောက် ကြည့် ကြည့်နေရှာပါသည်။ သူမခမျာ သနားစရာကောင်း စွာ ဘက်သူ့ဘက်မှတော့ မလိုက်ရဲရှာချေ.

"ယုန်မွေးက အပြင်သွားရင် အလှဝတ်ဖို့ပဲကောင်း



တာ... အမွေးတွေက ပွပွနဲ့... ကျွတ်ကကျွတ်နဲ့... အသက်ရှုလမ်းကြောင်းထဲ ရောက်သွားရင်အန္တရာယ် ရှိနိုင်တယ်... အက်(စ်)မာတွေ ဘာတွေ ဖြစ်နိုင်တယ် ကွ..."

"မဟုတ်တာ.. မိုးက ဒီလောက်သည်းပြီးချမ်းနေတာ.. နွေးမှ ဖြစ်မှာပေါ့..."

"ဒီဂျာကင်လည်း နွေးပါတယ်ကွ... မင်းအင်္ကျီက အနွေးလွန်ပြီး မူအိုက်တဲ့အခဆင့် ရောက်တော့မယ်...နေရ တာလည်း မလွတ်မလပ်နဲ့..."

"မဟုတ်..."

"ဒီမှာ မောင်ဂင်္ဂါ... ငါက အဖေပါကွ..."

ဦးဇာနည်က စတင်ဂုဏ်ဖော်လိုက်သောအခါ ဂင်္ဂါကလည်း ဘယ်လိုမှ သည်းမခံနိုင်တော့ချေ။

ဒီအိမ်ရောက်ကတည်းက ကိုယ့်ဘက်က အပြစ် ရှိခဲ့သလို အနေအထားမို့ ဂင်္ဂါက အတတ်နိုင်ဆုံး သည်းခံ ခေါင်းငုံ့နေခဲ့တာ။ အဲဒါကြောင့်ပဲ ယောက္ခမက သူ့ကိုယ်ပေါ် တစ်ဆင့်ပြီးတစ်ဆင့် နင်းတက်လာတာဟာ မကြာခင်မှာ ခေါင်းပေါ်ရောက်တော့မည်။

တော်တော်လည်း ဆိုးနိုင်တဲ့ ယောက္ခမ။ အခု လို မိုးတွေတဖြောင်းဖြောင်းရွာကာ မိုးကြိုးတွေ တချိန်းချိန်း ပစ်နေသည့်အချိန်မျိုးမှာ စိတ်ဓာတ်တက်ကြွတုန်း ကိုယ့်ဘက် က ပြောသင့်တာ ပြောထားရမည်။

"ညညဟာ ကျွန်တော့်ဇနီးပါ.. အန်ကယ်... အန်ကယ်

က အဖေမို့ အခုအချိန်မှာ ညညကို ဆိုင်သာဆိုင်တယ်
မပိုင်တော့ပါဘူး… ညညနဲ့ ပတ်သက်တဲ့ ကိစ္စမှန်သမျှ
ကျွန်တော်ပဲ အဓိကဆုံးဖြတ်ခွင့် ရှိပါတယ်…"

ဂင်္ဂါက ချက်ကျကျ ပြောလိုက်လျှင် ဦးဇာနည်မှာ အကြောဆွဲသလို တဆတ်ဆတ်တွန့်သွားပြီးမှ ဒေါသပေါက်ကွဲသံကြီးနှင့်

"ဘာကွ… ငါ အနှစ်နှစ်ဆယ်ကျော် စောင့်ရှောက်လာတဲ့သမီးကို မင်းက မပိုင်ဘူးလေး ဘာလေး ပြောရဲတယ်… ဟုတ်လား… ဒီမှာ မောင်ဂင်္ဂါ… စည်းမျဉ်းတွေ ကျင့်ထုံးတွေ ငါ့ကို ဘာမှလာမပြောနဲ့… ငါသိတာမင်းက ငါ့သမီးကို လုံခြုံအောင် ကာကွယ်မပေးနိုင်ဘူး… ငါ့သမီး အစစအဆင်ပြေဖို့ ငါပဲ ဖန်တီးပေးနိုင်တယ်… အဲဒါကြောင့် သမီးဟာ ငါနဲ့ပဲ နေရမယ်.. မင်းကတော့ သမီးနဲ့ကပ်နေချင်နေ… တကယ်လို့ မနေချင်ဘူးဆိုလည်း မင်းသဘောပဲ…"

စကားကို အနိုင်နဲ့ပိုင်းကာ လှည့်ထွက်သွားသော ယောက္ခမကြီးရဲ့ ကျောပြင်ကိုကြည့်ကာ (တကယ်တမ်းတော့ ဘာမှလည်း လုပ်ခွင့်မသာသည့်) ဂင်္ဂါမှာ ညည ဘေးထိုင်ခုံပေါ်ပဲ ခြေပစ်လက်ပစ် ကျသွားရပါသည်။

ညညကတော့ ဂင်္ဂါရဲ့ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ အားပေးပြုံးလေး ပြုံးပြရှာပါသေးသည်။ သို့သော်



လည်း သူမ အဲဒီလို ပြုံးပြတာကို မတော်လို့ သူမအဖေကြီး မြင်သွားလျှင် ယောကျ်ားဆီဘက်ပင်းသည်လို့ အထင်ခံရမှာ စိုးလို့လားမသိ အပြုံးက မပီပြင်ရှာချေ။

ဂင်္ဂါကတော့ မျက်မဆုံးတော့သောစိတ်ကို လုံးလုံးလျားလျားကြီး ပစ်ချလိုက်ရပါပြီ။

ဒီယောက္ခမဟာ တစ်သက်လုံး ကိုယ်ချင်းစာ ညာတာတတ်မှာမဟုတ်တော့။ သူ့ဘက်က ပြောရလောက်အောင်လည်း နိုင်ကွက်ကရှိထားသည်လေ။ နိုင်ကွက်က တစ်ခုတည်းတောင်မဟုတ်။ နှစ်ခုကြီးများတောင်မှ။

ဂင်္ဂါ ညညကို သိပ်ချစ်သည်။ ဒီဇနီးနဲ့ တစ်သက်စာခွဲနေဖို့မပြောနဲ့ တစ်နေ့တစ်ရက်လေးတောင်မှ မခွဲနိုင်။ အဲဒီလိုပဲ မကြာခင်မှာမွေးဖွားလာတော့မည့်ရင်သွေးလေးကိုလည်း ကြိုတင်သံယောဇဉ်ကြီးမိပြီ။

ဒီသံယောဇဉ်ကြိုးနှစ်ချောင်းကို ဘယ်လိုမှ မဖြတ်နိုင်သမျှတော့ ဦးဇာနည်ကြီးရဲ့ အနိုင်ကျင့်သမျှကို အောင့်အည်းသည်းခံနေရတော့မှာပင်။

ယောက္ခမကြီးကလည်း ဂင်္ဂါရဲ့ အဲဒီနိုင်ကွက်ကိုပဲ အဓိုင်ကိုင်ကာ သူ့ရဲ့ အခွင့်အရေးကို အပြည့်အဝ အသုံးချတော့မှာပင်။

နတ်ပြည်မှာမှ သခွတ်ပန်းက အချိန်အခါနဲ့ ပွင့်ကာ အသူရာနဲ့ သိကြားမင်းဟာ အချိန်အခါနဲ့ စစ်တိုက်ကြသေးသည်။ လူ့ပြည်မှာ ဒီအိမ်မှာတော့ နေ့တိုင်းဟာ သခွတ်

ပန်းပွင့်ချက်ချည်း ဖြစ်နေသည့်အလား ယောက္ခမကြီးနဲ့ ဂင်္ဂါဟာ ညနေခင်းဆိုသည့် သံယောဇဉ်ကြိုး၊ မမွေးသေးသည့် ကလေးလေးအတွက် သံယောဇဉ်ကြိုးတွေကြောင့်ပဲ စစ်ပွဲပေါင်းများစွာကို နေ့စဉ်နေ့တိုင်း ဆင်နွှဲနေရတော့မှာဖြစ်သည်။

အပြင်မှာတော့ မိုးကအုံ့ကာ လေတသည်းသည်း၊ ရွာလေလေမစဲ။

10:15 PM
18-11-2001
Sunday